www.burmeseclassic.com

# ရန်ငြိုးဝက်ပါနှင့်တိမ်လွှာစား



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၆ ၂၀၄၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၇၀၀၉၀၈

ပုံနှိပ်ခြင်း

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)

တန်ဖိုး - ၂၀၀ ကျပ်

အုပ်ရေ - ၅၀၀

ဦးကျော်ဝမ် (မြ-၀၄၂၁၀)၊ နွေမိုးဆောင်းစာပေ

အမှတ်-၆၅၊ ဌာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်ခင်နွဲ့ (၀၆၅၆၇)၊ နွေမိုးဆောင်းပုံနှိပ်တိုက်

အမှတ်-၈၇၊ အထက်ကြည့်မြင်တိုင်လမ်းမ၊

ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ရဲမာန်အောင် ၈၉၅-၈၃
ရန်ငြိုးဝက်ပါနှင့် တိမ်လွှာစား
နွေမိုးဆောင်းစာပေ၊ ၂၀၀၄။
၁၆၇-စာ၊ ၁၈ × ၁၅ စင်တီ။
(၁) ရန်ငြိုးဝက်ပါနှင့် တိမ်လွှာစား

ရဲမာန်အောင်

# ရန်ငြိုးဝက်ပါနှင့် တိမ်လွှာစား

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

# ပြေးသူနှင့် လိုက်သူ

ကိုယ်ပိုင် တွေးတောဆင်ခြင်မှု၊ လေ့လာစူးစမ်းမှုနှင့် ကိုယ်ပိုင်ယုံကြည်မှု မရှိသူတို့သည် ပတ်ဝန်းကျင် စီမံဖန်တီးသမျှတို့ကို လည်စင်းခံရသည့် ကံကြမ္မာ၏ သားကောင်ဘဝသို့ ရောက်ရှိရလိမ့်မည်။

ထိုသို့ ရှေ့ပညာရှင်များ ဆိုဆုံးမခဲ့သော စကားအတိုင်းပင် စာပေ အထက်တန်းပညာရပ်ကို အောင်မြင်ပြီး 'လိုဟာန်' စာပေတက္ကသိုလ်ကျောင်းတော်ကြီးသို့ တက်ရောက်သင်ကြားနေရသည့် နန်းမြို့စာပေတက္ကသိုလ်ကျောင်းသားကြီး ပေါင်ရင်ကျူ၊ တစ်ယောက် ထိပ်တိုက် တွေ့ကြုံ ခံစားလိုက်ရလေသည်။

ပြောရမည်ဆိုလျှင်... 'ပေါင်ရင်ကျူ' သည် 'လိုဟာန်' နန်းမြို့သားတစ်ဦး မဟုတ်ပါချေ။ 'ဟိုပေပြည်နယ်' ရှိ ကျွမ်ယွမ်ရွာသားတစ်ဦး ဖြစ်လေသည်။

၎င်း 'ကျွမ်ယွမ်ရွာ' ဟု မှည့်တွင်ခေါ်ဝေါ်သော အဝိုဟုယ်ကမူ ပညာတတ် အမြောက်အမြား ပေါ်ထွန်းလာသောရွာဟူ၍ ဖြစ်သည်။

သို့မို့ကြောင့်လည်း... စာပေပညာ ထွန်းချွန်မှုကို အားပေး

www.burmeseclassic.com

www.burmeseclassic.com



ချီးမြှင့်သော ဟိုပေပြည်နယ်စားကြီးက စာပေပညာရှင်များ အမြောက်အများ ပေါ်ထွန်းလာသော 'ကျွမ်းယွမ်ရွာ' ရှိ စာပေသင် ကျောင်းဆရာ၊ ဆရာမများကို လုပ်အားခနှင့် တိုးချီးမြှင့်ပေးသလို၊ စာပေတက္ကသိုလ်၊ ကောလိပ်သို့ ဝင်ခွဲရကြသော ကျောင်းသူ ကျောင်းသားတို့ကို ခြောက်လ တစ်ပါတ်တစ်ကြိမ် လူရည်လူချွန် ငွေကြေးထောက်ပံ့၍ ချီးမြှင့်လေ့ရှိသည်။

ထိုသို့ စာပေထူးချွန်မှုထဲတွင် စာပေ 'ပေါင်ရင်ကျူ' တစ်ယောက်လည်း 'ကျွမ်းယွမ်ရွာ' ကနေ အထက်စာပေပညာတန်းကို ထူးချွန်အောင်မြင်လာခဲ့လေသည်။ ထိုအခါ . . . သူသည် နန်းမြို့တက္ကသိုလ်သို့ ဆက်လက်တက်ရောက်လျှင် နယ်စားကြီး၏ ပညာသင်စရိတ် ထောက်ပံ့ကြေးရသော်လည်း ကျောင်းအိပ်ကျောင်းစား ရက်ရှည်လများ နေထိုင်ရမည်ဖြစ်သဖြင့် ကုန်ကျစရိတ် များစွာ ကုန်ကျမည်ဖြစ်လေသည်။

ဒါကြောင့် . . . မိဘများကို ငဲ့ညှာ၍ စာပေအထက်တန်းအောင်လက်မှတ်ဖြင့် ရရာ အစိုးရဝန်ထမ်း အလုပ်တစ်ခုခုကို ဝင်ရောက်ဖို့ မိဘနှစ်ပါးတို့ကို ရင်ဖွင့် ပြောပြလေသည်။

သည့်တွင် . . . ဖခင်ကြီး 'ပေါင်ဖုန်ကျင်' သည် စာပေပညာထူးချွန်လျက်ရှိနေရသော သားဖြစ်သူကို ရသည့် အခွင့်အရေး မဆုံးရှုံးလို၍ တစ်ကြောင်း။

တက္ကသိုလ်ကျောင်း ဘွဲ့ရပြီး အရာရှိမင်းမှုထမ်းတစ်ဦး ဖြစ်စေပြီး ဂုဏ်ဝင့်ထည်စွာဖြင့် နေထိုင်လိုသော ဆန္ဒရှိသည့်က တစ်ကြောင်း။

ထိုအကြောင်းကြောင်းများကြောင့် သားဖြစ်သူ ပေါင်ရင်ကျူကို နန်းမြို့ တက္ကသိုလ်တော်ကြီး ဆက်လက် တက်ရောက်ရန် တိုက်တွန်းအားပေးခဲ့သည်။



"ဒီမယ် . . . ငါ့သား၊ ဖေဖေတို့မှာ သားကြီး နေပြည်တော် တက္ကသိုလ်တော်ကြီး တက်ရောက်နိုင်ဖို့ ငွေကြေး မပွဲသေးပါဘူး၊ ပြီးတော့ နယ်စားကြီးဆီကလည်း ခြောက်လတစ်ကြိမ် ထောက်ပံ့ကြေးငွေ ရဦးမှာပဲ၊ ပြီးတော့ ဖေဖေ့မှာ လှည်း၊ ရွှေ နွားတွေနဲ့ ငါးဖမ်းလှေနှစ်စင်းလည်း ရှိသေးတာပဲ၊ ငါ့သားတော စာပေဘွဲ့ရ အရာရှိမင်းကြီး ရအောင်သာ ကြိုးစား၊ ဖေဖေ စည်းစိမ်တွေ အားလုံးကုန်ပစေ၊ ဖေဖေ ကုန်ရကြိုးနပ်ပြီ မဟုတ်ဘူးလား 'ညီမ'"

သားဖြစ်သူကို အားပေးလှုံ့ဆော်စကားဆိုရင်းက ဝမ်းသာပီတိရိပ် လွှမ်းခြုံနေရသော နံဘေးရှိ ဇနီးသည်ထံ စစ်ကူတောင်းလိုက်လေသည်။

သည့်တွင် . . . ဇနီး 'ချွေကြာ'က လှိုက်လှိုက်လှဲလှဲ ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီး . . .

"ဟုတ်တယ် သား၊ မေမေတို့ ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာမှန်သမျှဟာ ဟောဒီ စာပေထူးချွန်တဲ့ ငါ့သားလေးတစ်ယောက်အတွက်ပဲ"

မိဘနှစ်ပါးစလုံးက 'သူ့' အိပ်မက်ထဲဝယ် မကြာခဏ မြင်မက်မျှော်မှန်းတမ်းတနေခဲ့ရသော နေပြည်တော် တက္ကသိုလ်တော်ကြီးသို့ တက်ရောက်ရမည်ကို မိဘ နှစ်ပါးစလုံးက အားထက်သန်စွာ ပြိုင်တူတွန်းအားပေးနေကြသဖြင့် 'သူ' ထောက်ခံစွာ ခေါင်းညိတ်လိုက်ရလေသည်။

သည့်တွင် . . . ဖခင်ကြီး ပေါင်ဖုန်ကျင်က လူသန်ကြီးတစ်ဦးပမာ ကိုယ်ကာယ ထွားကြိုင်းကြီးမားနေရသော သား ပေါင်ရင်ကျူထံ သတိပေးစကား ဆိုလိုက်သည်မှာ . . .

"အင်း . . . ငါ့သားကို နေပြည်တော်တက္ကသိုလ်တော်ကြီး

www.burmeseclassic.com



မသွားခင် ကြိုသတိတော့ ပေးပါရစေ"

ပြောတော့... နုတ်မှောင်ထူထည်းလျက်ရှိနေကြသော မျက်နှာ ထူထူကို တစ်ချက် ကြုတ်တွန့်သွားရသည့် ပေါင်ရင်ကျူ၏ အကြည့် ဖခင်ကြီး ပေါင်ဖုန်ကျင်ထံဆီသို့ စူးစိုက်ကျရောက်သွားရပြီး...

"ဖေဖေ... သားကို ဘာ သတိပေးမလို့လဲ"

စူးစမ်းဟန်ဖြင့် လှမ်းမေးလာတော့ ဖခင်ကြီး ပေါင်ဖုန်ကျင်က သက်ပြင်းတစ်ချက် မသိမသာချလိုက်ပြီးမှ...

"တခြားတော့ မဟုတ်ပါဘူး။ ငါ့သားကြီး နန်းမြို့တက္ကသိုလ် တော်ကြီး သွားရောက်ပြီး ပညာဆည်းပူး သင်ကြားရတော့မယ်ဆို တော့ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နယ်လို ပေါ့ပေါ့တန်တန် မနေနဲ့၊ ပြီးတော့ ငါ့သားလေး ရိုးရာနဘန်းပြိုင်ပွဲမှာလည်း အနိုင်ရ ဗိုလ်စွဲချင် စိတ်ရှိပြီး ကိုယ်ကာယဗလ ကြီးမားလှပအောင် အမြဲ လေ့ကျင့်နေတတ် တဲ့သူ မဟုတ်လား"

"အင်း... သား စာပေပညာဘက် ထူးချွန်အောင် ဖိလုံးပန်းနေ ရတော့ ကျွန်တော် ဝါသနာထုံနေရတဲ့ ရိုးရာနဘန်းလုံးပွဲလည်း ဝင် ပြိုင်မယ်၊ ဝင်ပြိုင်မယ် လုပ်လိုက်ရင်း စာပေပွဲနဲ့ သွားတိုးနေတော့ လွဲချော်ခဲ့ရတာပဲ"

ရိုးရာနဘန်းလုံးပွဲတွင် ဆင်နွှဲခွင့် မရခဲ့သောအဖြစ်တို့ကို အား မလိုအားမရဖြစ်စွာ တမ်းတမ်းတတ 'သူ' ရင်ဖွင့်ဆိုလိုက်သည်။

သည်တွင်... ဖခင်ကြီး ပေါင်ဖုန်ကျင်က စိတ်မကောင်းခြင်း ဖြစ်တည် ပြောဆိုနေသော သား ပေါင်ရင်ကျူထံ ဖြောင်းဖြစကား ဆိုလိုက်သည့်မှာ...

"သားရယ်... ဒီ ရိုးရာနဘန်းပွဲကို သား ကြုံတွေ့ခွင့်အချိန် တွေ အများကြီး ရှိပါသေးတယ်၊ အခုက သားဘဝ မြင့်မားတိုးတက်



ရေးအတွက် ပညာရေး ထူးချွန်ဖို့ အဓိကပဲ၊ ငါ့သားဟာ တက္ကသိုလ် တော်ကြီးမှာ ပညာ ထပ်ထူးချွန်မယ်ဆိုရင် ဘုရင်မင်းမြတ်က သူ့ နန်းတွင်းမှာ သင့်မြတ်တဲ့ အရာရှိမင်း တစ်နေရာရာ ချီးမြှင့်မြောက်စား လာမှာပဲ"

ယင်းသို့ သူ့ရှေ့ရေး တိုးတက်တော့မည့် အခြေအနေများကို ဖခင်လုပ်သူက မျှော်ကိုးတွက်ချက်ဆိုလာတော့ ပေါင်ရင်ကျူမှာ နာခံ စွာဖြင့် ခေါင်းအသာညိတ်လိုက်လေသည်။

သို့နှင့်... ဖခင်ကြီး ပေါင်ဖုန်ကျင်သည် သားဖြစ်သူပေါင်ရင်ကျူ ကို နေပြည်တော် တက္ကသိုလ်ကျောင်းတော်ကြီးသို့ ငွေကြေးပြည့်စုံစွာ ဖြင့် တက်ရောက်နိုင်ရေးအတွက် လှည်း၊ နွား အချို့တို့ကို ရောင်းချ လိုက်လေသည်။

သို့ဖြင့်... 'ဟိုပေ' ပြည်နယ် စာပေအထက်တန်းတွင် ထူးချွန် စွာဖြင့် အောင်မြင်ခဲ့ရသော ပေါင်ရင်ကျူတစ်ယောက် နေပြည်တော် တက္ကသိုလ်တည်ရာ ဆီလုံပြည်နယ်ရှိ လိုဟန်နန်းမြို့သို့ မိဘဆွေမျိုး များကို ခွဲခွာ၍ ရောက်ရှိလာခဲ့ရလေတော့သည်။

* * *

သည်ကနေ့ ကျောင်းပိတ်ရက်မို့ ကျောင်းတည်းခိုဆောင်တွင် နေထိုင်ကြသော ကျောင်းသားအချို့သည် အပြင်သို့ ထွက်လည်လျှော့ ရှိကြသည်။

တချို့ ကျောင်းသားများက အခန်းအောင်းကာ စာဖတ်ရှုသူက ဖတ်ကြသည်။

တချို့က... ကိုယ် ဝါသနာထုံရာ စက်မှုလုပ်ငန်းများ လုပ် ဆောင်နေကြသည်။

သည်တွင်... ပေါင်ရင်ကျူတစ်ယောက်ကတော့ သူ့ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



ထိုရော ကိုယ်ကာယ တောင့်တင်းလှမလာစေရန်အတွက် အလေးပြားများ၊ အလေးတုံးများဖြင့် မ,လျက် မမောနိုင်မပန်းနိုင် လေ့ကျင့်နေလေသည်။

သူနှင့် အခန်းကပ်လျက် အခန်းမှာတော့ 'ဝမ်ကျိုစောင်'ဆိုသူ နေထိုင်လျက်ရှိသည်။

သူသည် တက္ကသိုလ်တည်းခိုဆောင်၌ နေထိုင်ရာ၌ ဝါရင့်သူတစ်ဦးဖြစ်သည်။

ဝါရင့်ရသည့်အကြောင်းမှာလည်း သူ့မှာ တက္ကသိုလ်ကျောင်း၌ စာပေသင်ကြားနေသည့်မှာ နှစ်အတန် ကြာခဲ့သော်လည်း စာပေပညာကို ဂရုတစိုက် ကြိုးစားသင်ယူခြင်း မရှိဘဲ ငွေချမ်းသာသူသားတစ်ဦးပီပီ အသောက်အစား၊ အပျော်အပါးနှင့် လောင်းကစားတို့တွင် နစ်မျောနေသူဖြစ်သည်။

ဒါကြောင့်ပဲ တစ်နှစ်တစ်တန်း အောင်ခြင်းမရှိဘဲ ကျဆုံးမှုနှင့် ရင်ဆိုင်နေရသော်လည်း ဝမ်ကျိုစောင်မှာ ဝမ်းနည်းခြင်းမရှိ၊ ခပ်ပေါ့ပေါ့ပင် နေထိုင်လျက်ရှိသည်။

သူ၏ မိဘများသည် နယ်၌ ပွဲရုံတောင်လျက် ကြီးပွားချမ်းသာကြသဖြင့် စာပေထူးချွန်၍ နေပြည်တော် တက္ကသိုလ်သို့ စာပေသင်ကြားနေသော သူ့ကို လစဉ် ငွေကြေးလုံလောက် ပို့လျှံစွာ ပို့ပေးနေသည်။

ဤသည်ကို လောင်းကစားဖက်၍ အပျော်အပါး မက်နေရသော ဝမ်ကျိုစောင်က မိဘများ တစ်လတစ်ခါ ပို့ဆောင်သည့် ငွေနှင့် မလုံမလောက် ဖြစ်လာရလေသည်။

သည့်တော့... ရုပ်ရည်ဖြောင့်၍ စကား ချိုသာသိမ်မွေ့သော ဝမ်ကျိုစောင်သည် အနေကုတ်၍ ရှိသားသည့် အခန်းချင်းကပ်



ပေါင်ရင်ကျူနှင့် ခင်မင်ရင်းနှီးအောင် ပေါင်းသင်းလေသည်။ အပြောညက်ညော၍ အနေအထိုင် သန့်ပြန့်လျက် ရှိနေရသော သူဌေးသား ဝမ်ကျိုစောင်တို့ ပေါင်ရင်ကျူ ခင်မင်သွားရလေသည်။

ပထမတော့ လူပါးလူနပ်တစ်ဦးဖြစ်သော သူဌေးသား ဝမ်ကျိုစောင်သည် ငွေကြေးကုန်ကျခံပြီး ပေါင်ရင်ကျူကို နန်းမြို့လိုဟန်ဝယ် နာမည်ကျော်ကြားလျက်ရှိသော နေရာများအား လိုက်လံပို့ဆောင်သည်။

မြို့... နံနက်စာကို မြို့လယ်ရှိ နာမည်ကျော် စားသောက်ဆိုင်ကြီးတစ်ဆိုင်၌ ဝမ်ကျိုစောင်က အကုန်အကျခံ၍ ပေါင်ရင်ကျူကို တည်ခင်း ဧည့်ခံလေသည်။

ထိုအခါ... ပေါင်ရင်ကျူက ငွေကြေးသုံးဖြုန်းမှု နမျောတွန့်တိုမှု မရှိသော ဝမ်ကျိုစောင်ကို စေတနာတရား ထက်သန်သူဟု ကောင်းချီးပြုမိလိုက်လေသည်။

သိပ်မကြာပါချေ... ဝမ်ကျိုစောင်သည် အရေးအကြီးကိစ္စကြုံနေ၍ ငွေ လိုအပ်နေသဖြင့် ပေါင်ရင်ကျူထံ ငွေချေးလာလေသည်၊ ထို ချေးငွေကို လကုန်၍ သူ့မိဘများထံက ငွေပို့လာလျှင် ပြန်ဆပ်မည်ဟု ဆိုလာလေသည်။

ထိုအခါ... သူ့ ကျွေးမွေးဧည့်ခံမှုကို စားသောက်ခဲ့ရသော ကျေးဇူးမျက်နှာထောက်၍ ကုတ်ကုတ်ကပ်ကပ် ခြိုးခြံချွေတာ စုဆောင်းထားရသော ငွေအသပြာအချို့အား ပေါင်ရင်ကျူ ထုတ်ချေးလိုက်ရလေသည်။

သို့သော်... လကုန်ရက်ရောက်၍ သူ့မိဘများထံက ငွေပို့လာသောအခါ သူဌေးသား ဝမ်ကျိုစောင်မှာ တခြားကြွေးမြီများ ပေးဆပ်လိုက်ရသဖြင့် ပေါင်ရင်ကျူကို နောက်တစ်လကုန် ငွေပို့မှ ဆပ်နိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း တောင်းပန်စကား ဆိုလာလေသည်။

ထိုအခါ . . . ပေါင်ရင်ကျူသည် သူဌေးသား ဝမ်ကျိစောင် တစ်ယောက်မှာ ငွေရေးကြေးရေးဖြင့် စိတ်ချမယုံကြည်ရဟု သတ်မှတ်လိုက်လေသည်။

သို့သော် . . . သူ သူဌေးသား ဝမ်ကျိစောင်နှင့် အခင်မင်မပျက်အောင် နေထိုင်လာခဲ့သည်။

သည့်တွင် . . . လူ့အကဲခတ် ကျွမ်းကျင်ပါးနပ်မိရသော ဝမ်ကျိစောင်က ပေါင်ရင်ကျူမှာ သဘောကောင်း၊ မနောကောင်း၊ လူ့လောက အတွေ့အကြုံ နုနယ်သေးကြောင်း သုံးသပ်မိလိုက်လေသည်။

ဒါကြောင့် . . . သူသည် ပေါင်ရင်ကျူကို သဘောတျနှစ်မြို့က်နိုင်မည့် ဝိသေသထူး နာမည်တစ်ခု ခေါ်ဝေါ်မိလိုက်လေသည်။

"ဗလကြီး" တဲ့။

ထို 'ဗလကြီး' ဟူသော ဝိသေသထူး နာမည်နာမကို ပေါင်ရင်ကျူကလည်း သဘောကျ ခုံမင်မိလေသည်။

သည့်တွင် . . . သူဌေးသား ဝမ်ကျိစောင်က ပြုံးရိပ်ဆောင်နေသော ဗလကြီးပေါင်ရင်ကျူထံ တိုက်တွန်းလှုံ့ဆော်စကား ဆိုလိုက်သည်မှာ . . .

"ကဲ . . . ဗလကြီးလို့ ဘာကြောင့် ဝိသေသပြု ခေါ်ရသလဲဆိုတာ သက်သေ အစွမ်းအစလေး ထုတ်ပြစမ်းပါဦးကွာ"

ပြောတော့ ရှက်ကိုးရှက်တန်းဟန်ဖြင့် ဗလကြီးပေါင်ရင်ကျူက ရယ်ကျဲကျဲလုပ်ကာ ခေါင်းခါလိုက်ရင်း . . .

"ဟာ . . . မလုပ်ပါနဲ့ဗျာ၊ ကျုပ် ဗလ တောင့်တင်းနေတာ လူတိုင်း ဖြစ်နေကြတဲ့ဥစ္စာ"



သူဌေးသားဝမ်ကျိစောင်က စုတ်တစ်ချက်သပ်လိုက်ပြီးမှ . . .

"ဒါတော့ . . . ဒါပေါ့ကွာ၊ မင်း ခန္ဓာကိုယ်ကြီး သူများထက်ကြီးထွားကြောင်း လူတိုင်းသိပေမယ့် ကြွက်သား အမြောင်းလိုက် အကန့်လိုက် သူ့နေရာနဲ့သူ ပွင့်ကျအောင်ရှိမှ ကာယအလှသမားပီတော့မှာပေါ့၊ နို့မို့ဆိုရင် အီးဘောလောကြီး ပြောနေကြမှာပေါ့၊ ကဲပါ . . . ဒီ အိပ်ခန်းထဲမှာ မင်းနဲ့ငါ နှစ်ယောက်တည်း ရှိကြတာပဲ၊ လုပ် . . . လုပ်"

အတင်းအဓမ္မ တိုက်တွန်းနိုင်းစေလာမှုကြောင့် ငြင်းပယ်မှုမသင့်သည့်အတွက် သူ့ပင်ကိုယ်ဗီဇက သူ၏ ကာယအလှကို ထုတ်ဖော်ပြသလိုသောစိတ် ထက်သန်နေသဖြင့် သူ့ အပေါ်အင်္ကျီကိုချွတ်၍ သူ့လက်မောင်းနှစ်ဖက်တို့တွင်ရှိ ကြွက်သား အမြောင်းမြောင်းကို ပေါ်အောင် ဖုစ်ညှစ်ထုတ်ပြလေသည်။

ထို့အပြင် သူ့ဝမ်းခေါင်းကို ရှုပ်၍ ရင်အုံကြွက်သား ဖုဖုထစ်ထစ်မို့မို့မောက်မောက်တို့ကို တအံ့တသြဟန်ဖြင့် စိုက်ကြည့်နေရှာသော သူဌေးသားဝမ်ကျိစောင်ကို ထုတ်ပြလေသည်။

ထိုအခိုက်မှာပင် . . .

"ကျွိ . . . ကျွိ . . ."

"ဘုန်း"

"ရှီ . . . ရှီ"

"ဖြောင်း . . . ဖြောင်း"

"ဟင်"

အခန်း ပြတင်းပေါက်ကရော အခန်းတံခါးမကြီးကပါ လေချွန်သံများ၊ လက်ခုပ်လက်ဝါး တီးခတ်မှုများ ပြုကြကာ အိပ်ခန်းထဲသို့ ဝှန်းသုန်းကား ကျောင်းသားများ ဝင်ရောက်လာကြသည်ကို ပေါင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကျူ ကြုံတွေ့ရပြီး အံ့ဩရှက်ရွံ့သွားရလေသည်။

ဟုတ်သည်လေ . . . သူ့အခန်းထဲတွင် ကာယဗလအလှကို အတင်း တိုက်တွန်းလှုံ့ဆော် နိုးစေနေသော သူ့ဓမ္မေသားဓမ်ကိုစောင်ကို တစ်ယောက်တည်းမို့ အရှက်အကြောက်အား အသာ ဘေးဖယ်၍ ထုတ်ဖော်ပြသနေမိရာက မမျှော်လင့်ဘဲ ပြတင်းပေါက်နှင့် တံခါးမ တို့ဆီက ကျောင်းသားအချို့တို့ ချောင်းကြည့်ရှုနေသည်ကို သိရှိရပြီး ပေါင်ရင်ကျူတစ်ယောက် ရှက်စိတ်မွှန်ထွန်သွားရလေသည်။

သူ့ဆီသို့ အပြုံးရိပ်ကိုယ်စီဖြင့် တည်းခိုဆောင် အတူနေ ကျောင်းသား ငါးယောက် ဝင်းရုံရောက်ရှိလာကြလေသည်။

ထိုသို့ . . . တိဗက်နယ်သားဖြစ်သော ရှီချန်က ကြွက်သား အဖုအထစ်နှင့် မို့မောက်ကြွရွနေသည့် ဗလကြီးပေါင်ရင်ကျူ၏ အထက်ပိုင်း ကာယအလှကို အားကျစွာ စိုက်ကြည့်ရင်း 'ဟန်' စကားသံ မပီကလာနှင့် . . .

"ဟာ . . . ဗလကြီးပေါင်ရဲ့ ကာယအလှကို မိန်းမချောလေး တွေမြင်ပြီး အရမ်း သဘောကျကြမှာပဲနော်"

ချီးကျူးထောပနာပြုစကား ဆိုလာတော့ စကားထစ်ငေါ့စွာ ပြောတတ်လေ့ရှိသော ကျန်ဆီးပြည်နယ်က 'ကျင်ရွှေဖိန်' မှာ ကြားဝင် ပြောဆိုလာသည်မှာ . . .

"သိပ် . . . သိပ် အရမ်းသဘောကျကြမှာပေါ့"

"သူ့ကို ယူ . . . ယူရင် တစ်အိမ်သားလုံး နိုင်းစားကောင်းမယ်၊ ဘာ . . . ဘာကောင်ဆိုလဲ"

"ဟား . . . ဟား . . . ဟီး . . . ဟီး"

ကျန်ရွှေဖိန်၏ ပြက်ရယ်ပြုလိုက်သော စကားကို ကျောင်းသား များက ပွဲကျစွာ ရယ်မောလိုက်ကြလေသည်။ ထိုအခါ ရှက်ဒေါသ



ထွက်သွားရသော ဗလကြီးပေါင်ရင်ကျူ၏မျက်နှာ နီမြန်းသွားရပြီး သူ့ထက် ငယ်မည်ထင်ရသည့် ကျင်ရွှေဖိန်ထံ မကျေမချမ်းလေသံဖြင့် ငေါက်ငမ်းပြောဆိုလိုက်သည်မှာ . . .

"ဘာကောင်လဲဆိုတော့ မင်းနှမယောကျ်ားကောင်ပေါ့ကွာ"

ပြောင်ချော်ချော်နိုင်လှသော ကျင်ရွှေဖိန်က ခပ်ဖြဲဖြဲနှင့် မဆိုင်း မတွပင်-တုန့်ပြန်ပြောဆိုလိုက်သည်မှာ . . .

"အေး . . . ငါ့နှမယောကျ်ားဆိုရင်တော့ မင်းဟာ ငါတို့အိမ်က နိုင်းနွားကြီးတစ်ကောင်ပေါ့၊ လာ . . . အခု လောလောဆယ် ငါ့ကို ကုန်းပိုးစမ်းဟေ့"

"အေး . . . ကုန်းတော့ မပိုးဘူး၊ လက်သီးစာပဲ ကျွေးမယ် ဟေ့"

ထိုသို့ ဗလကြီးပေါင်ရင်ကျူသည် 'ညာ'လက်သီးဆုပ် မြှောက် ၍ပြီး တံခါးပေါက်ဆီသို့ ဦးတည်ထွက်ပြေးသော ကျင်ရွှေဖိန်နောက် ပြေးလိုက်လေသည်။

"ဟား . . . ဟား . . . ဟီး . . . ဟီး"

ထိုတွင် ကျန်ကျောင်းသားများက သူတို့နှစ်ယောက် အခြေ အနေကို ဝိုင်းကြည့်ကြပြီး သဘောကျစွာ ဝိုင်းရယ်မောလိုက်ကြလေ သည်။

သို့နှင့် . . . ဗလကြီးပေါင်ရင်ကျူနှင့် ကျင်ရွှေဖိန်တို့ အိပ်ခန်းထဲ က ထွက်ခွာသွားကြသောအခါ ကျန်သူများလည်း ရယ်မောကြရင်း အိပ်ခန်းထဲမှ ထွက်ခွာလာကြလေသည်။

ကျင်ရွှေဖိန်တစ်ယောက် တည်းခိုဆောင်များနှင့် ပန်းခြံတို့ ကြား လှည့်ပတ်ပြေးနေသဖြင့် ကိုယ်ခန္ဓာကြီးမားလေးလံနေရသော မမီနိုင်ဘဲ မောဟိုက်နွမ်းလျှလာရလေသည်။

www.burmeseclassic.com



ပြောရမည်ဆိုလျှင်...

ကျင်ချေ့ဖိန့်မှာ ပိန်ပိန်ပါးပါး ပေါ့ပါးသူမို့ သွက်လက်မြန်ဆန်နေသူဖြစ်သဖြင့် နောက်ဆုံးတော့ ဗလကြီးပေါင်ရင်ကျူတစ်ယောက် လက်မြှောက် အရှုံးပေးကာ သူ့အိပ်ခန်းဆီသို့ တမ်ခေါက်ပြန်လာခဲ့ရလေတော့သည်။

☼☼☼



# အခန်း (၂)

## သူဌေးသားနှင့် ဗလကြီး

တစ်နေ့ ညနေခင်းအချိန်။

ညနေပိုင်း ကျောင်းဆင်းသည်နှင့် ညနေချိန် မြို့ထဲ သွားလာနေနိုင်ကြသော ကျောင်းသားတို့သည် ရေချိုးခန်းဆောင်ဝင်၍ တပျော်တပါး နောက်ပြောင်ကြရင်း ရေမိုးချိုးကြလေသည်။

ထိုအချိန်တွင်... ညနေပိုင်း ကျောင်းအားချိန်တိုင်းတွင် ချစ်သူနှင့် ချိန်းတွေ့ကရင် တွေ့။

မတွေ့ရလျှင် အရက်ဆိုင်ဝင်၍ ယမကာအဖော်ပြုရင်ပြု။ ဒါမှမဟုတ်ရင်တော့...

ဇလောင်းကစားဝိုင်းသို့ ဝင်ရောက်ပြီး သူတစ်ပါးဆီက လှည့်ပတ်ချေးငှားရှာရသော ငွေကြေးများနှင့် ဝင်ရောက် ကစားလေ့ရှိတတ်သော သူဌေးသား ဝမ်ကျိုဧစာင်တစ်ယောက်လည်း ရေချိုးခန်းဝင်ရန် ရေလဲဘတ်စုံနှင့် မွေးပွသဘက်ရှည်ကြီးတစ်ထည်ကို သူ့ပခုံးထက်ဝယ် တင်ဆောင်ရင်း အိပ်ဆောင်တန်း ခြေရင်းဘက်ရှိ ရေချိုးခန်းဆောင်သို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်း ရေချိုးခန်းဆောင်နှင့် မျက်စောင်းထိုးနေရာတွင် တည်းခို ဆောင်တွင် နေထိုင်ကြသော ရပ်ဝေးကျောင်းသားများအား ချက်ပြုတ် ကျွေးမွေးရန်အတွက် စားဖိုဆောင်ကြီးတစ်ခု တည်ရှိလေသည်။

ရေချိုးခန်းဆောင်သို့ ပေါက်ရောက်သော အုတ်ကျွတ်အမိုး တောက်လျှောက်မိုးထားသည့် ကျောက်ပြားခင်း စင်္ကြံလမ်းအတိုင်း သူဌေးသားဝမ်ကျိုစောင် လျှောက်လှမ်းလာရင်းက စင်္ကြံလမ်းဆုံ တစ်ခုသို့ ရောက်ရှိလာလေသည်။

ဒါကြောင့်... သူ့အကြည့် စားဖိုဆောင်ဆီသို့ လမ်းခွဲထွက်သွား သော စင်္ကြံလမ်းအတိုင်း ရွေ့လျားရောက်ရှိ သွားရလေသည်။

ထိုအခါ... စားဖိုဆောင်ကြီးနံဘေးရှိ မြေကွက်လပ်တွင် ဆန် အိတ်များ အစီအရီ တင်ဆောင်ထားကြသော ဝန်တင်လှည်း သုံးစီးတို့ ရင်ဘောင်တန်းလျက် ရပ်နေကြသည်။

ထိုစဉ်... အထမ်းသမား သုံးယောက်တို့က ငှင်းလှည်းများပေါ် က ဆန်အိတ်များကို ထမ်းပိုးကြလျက် စားဖိုဆောင်ကြီးအတွင်းရှိ ရိက္ခာ သိုလှောင်သော အခန်းဆီသို့ ပို့ဆောင်နေကြသည်ကို သူဌေးသားဝမ်ကျိုစောင် လှမ်းမြင်တွေ့လိုက်ရလေသည်။

ထိုသို့... သူ တခဏ ရပ်ကြည့်ရှုနေရင်းက သူ့ခေါင်းထဲသို့ အကြံတစ်ခု ဖျပ်ခနဲ ဝင်ရောက်လာလေသည်။

"ဟုတ်ပြီ"

ဟုဆိုကာ သူ အားရဟန်ဖြင့် တစ်ချက်ရေရွတ် ပြောဆိုလိုက် ပြီးနောက် သူ့လာရာလမ်းကြောင်းအတိုင်း ခပ်သုတ်သုတ် ပြန် လျှောက်လာခဲ့လေသည်။

ထို့ဖြင့်... သူ့အိပ်ခန်းဆောင်သို့ရောက်သောအခါ တစ်ဘက် ခန်းတွင် ကိုယ်ကာယကြီးထွားလှပအောင် မေ့ ကျင့်နေလျက်ရှိသော



ဗလကြီးပေါင်ရင်ကျူ၏ လေ့ကျင့်လှုပ်ရှားမှု အသံဗလံများကို ကြား လိုက်ရပြီး သူ သဘောကျစွာဖြင့် အလိုလို ပြုံးရယ်မိလိုက်လေသည်။

ပြီးလျှင်... သူ့အရယ်ကို ရပ်ကာ တည်တည်မျက်နှာပြောင်း ပစ်လိုက်ပြီးမှ ဗလကြီး၏ အိပ်ခန်းဆောင်တံခါးကို သုံးလေးချက် ဆက်တိုက်ပုတ်လိုက်လေသည်။

"ဘုန်း... ဘုန်း... ဘုန်း"

"ဘယ်သူလဲကွ"

သူ့လေ့ကျင့်မှုကို ရုတ်တရက် အနှောင့်အယှက်ခံလိုက်ရသဖြင့် စိတ်တိုစွာဖြင့် ဗလကြီးပေါင်ရင်ကျူ ငေါက်ငမ်း လှမ်းမေးလာလေ သည်။

သည်တွင်... သူဌေးသားဝမ်ကျိုစောင်က ချက်ချင်း တုန့်ပြန် ဖြေလိုက်သည်မှာ...

"ငါ ကျိုစောင်ပါ ဗလကြီးရ"

"ဩော်... ဘာကိစ္စရှိလို့လဲ၊ အစ်ကိုကျိုစောင်"

သူ့ထက် အသက် သုံးနှစ်ကျော်ကြီးနေသူဖြစ်သဖြင့် ဝမ်ကျို စောင်အား အစ်ကိုဟု ဗလကြီးပေါင်ရင်ကျူက ရိုသေသမှုပြု ခေါ်လိုက် ခြင်း ဖြစ်လေသည်။

သည်တော့... သူဌေးသားဝမ်ကျိုစောင်က လာခေါ်ရရင်း အကြောင်းကိစ္စကို ထုတ်ဖော်ပြောဆိုလိုက်ရာ...

"မင်းကို ရိက္ခာတာဝန်ခံ ဆရာကြင်ဝူက စားဖိုဆောင်ကို လာခဲ့ ပါလို့ ခေါ်ခိုင်းလိုက်လို့၊ ငါ ရေချိုးဆောင် ရောက်ခါနီးမှ တစ်ခေါက် ဒီကို ပြန်လှည့်လာခဲ့ရတာ"

ယင်းသို့... သူဆိုလိုက်သည့်စကားကို လက်ခံယုံကြည်စွာဖြင့် ဗလကြီးပေါင်ရင်ကျူ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ဟုတ်ကဲ့၊ ဒါဆို ကျွန်တော် ဝတ်စုံလဲပြီး စားဖိုဆောင်ကို အခု သွားလိုက်ပါမယ်"

"ဝတ်စုံလဲစရာ မလိုပါဘူး၊ မင်းကို ဘာအကူအညီ တောင်းခံမလို့လဲမှ မသိတာ၊ အခု ဝတ်စုံအတိုင်း သွားလိုက်ပါ"

"ဟုတ်ပြီ"

သည်နောက်... ဗလကြီးပေါင်ရင်ကျူသည် အလေးမနေသော ဝတ်စုံ ခပ်နွမ်းနွမ်းနှင့်သာ အိပ်ခန်းဆောင်ထဲက ဖဲကြဦးပြီး စားဖိုဆောင် အဆောက်အဦဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့တော့သည်။

သို့ဖြင့်... စကြံန်လမ်းခွဲအတိုင်း စားဖိုဆောင်အနားရောက်တော့ ဆန်အိပ်ထမ်းနေသော ဝန်ထမ်းများ လုပ်ဆောင်မှု အခြေအနေကို စောင့်ကြည့်နေသည့် ရိက္ခာတာဝန်ခံ ဆရာကြင်ဝူက ဝတ်စုံနွမ်းနွမ်း ဖတ်ဖတ်နှင့် ဗလကြီးပေါင်ရင်ကျူကို လှမ်းမြင်တွေ့လိုက်ရလေသည်။

"လာဟေ့... လူလိုနေတာနဲ့ အတော်ပဲ၊ မင်းဗလကြီးနဲ့ဆိုရင် လှည်းပေါ်က ဆန်အိတ်တွေ မြန်မြန် သယ်ပြီးလိမ့်မယ်"

ထို ဆိုစကားကြောင့် သူ့ခေါ်၍ အကူအညီတောင်းခံသည် ထင်ပြီး အထမ်းသမားများနှင့်အတူ လှည်းပေါ်က ဆန်အိတ်များကို တစ်အိတ်ပြီးတစ်အိတ် ထမ်းလျက် ရိက္ခာသိုလှောင်ရုံထဲသို့ သယ်ပို့ပေးလိုက်လေသည်။

ထိုသို့... ဗလကြီးပေါင်ရင်ကျူတစ်ယောက် ဆန်အိတ်များ ထမ်းပိုး ပို့ဆောင်နေသည်ကို သူရှေးသား ဝမ်ကျိုစောင်တစ်ယောက် အခြား ကျောင်းသားများထံ လိုက်လံ အကြောင်းကြားလိုက်လေသည်။

သို့မို့ကြောင့်... ကျောင်းသားတစ်စု စကြံန်လမ်းဆုံနေရာသို့ စုပြုံရောက်ရှိလာကြပြီး အထမ်းသမားများနှင့်အတူ ဆန်အိတ် ထမ်းပိုး



ပို့ဆောင်နေသော ဗလကြီးပေါင်ရင်ကျူအဖြစ်ကို ဝိုင်းကြည့်ကြပြီး သဘောကျကြစွာဖြင့် ခိုးခိုးခစ်ခစ် ရယ်မောကြလေသည်။

ထိုစဉ် ပါးစပ်အငြိမ်မနေတတ်သော တိဗက်နယ်သား 'ရှိချန်' က ဆန်အိတ်ထမ်းနေသည့် ဗလကြီးပေါင်ရင်ကျူထံ မကြားတကြားလေသံဖြင့် လှမ်းအော်ပြောလိုက်သည်မှာ...

"ဗလကောင်းကောင်းနဲ့ ထမ်းပေးတော့"

"ဟင်"

ရှိချန်၏ လှမ်းနောက်ပြောင်သံကို ဆန်အိတ်မဲထမ်းနေရသော ဗလကြီးပေါင်ရင်ကျူ ကြားမိလိုက်ရပြီး ပြောင်စပ်စပ်မျက်နှာထားနှင့် ရှိချန်ကို လှမ်းမြင်တွေ့လိုက်ရလေသည်။

သူ့ရင်ထဲ မကျေမချမ်း ဖြစ်သွားရပြီး...

"ရိက္ခာတာဝန်ခံဆရာက ကျောင်းသားချင်းတူပါလျက်နဲ့ သူတို့ကြတော့ ခေါ်မခိုင်းဘဲ ငါ့ကို ဗလကောင်းတယ်ဆိုပြီး ရွေးခိုင်းတာတော့ မညီမျှဘူး၊ ရိက္ခာရုံထဲရောက်မှ ဆရာကြင်ဝူကို မေးရမယ်"

သို့ဖြင့်... သူ့ရင်ထဲ ခိုးလိုးခုလုဖြစ်စွာဖြင့် ဆန်အိတ်ကြီးကို ထမ်းလျက် ရိက္ခာရုံထဲ ဝင်ရောက်သွားလေသည်။

သူ ရိက္ခာရုံထဲ ဆန်အိတ်ချပြီးသည်နှင့် တံခါးပေါက်ဝတွင် ဆန်အိတ်အရေအတွက်ကို စာရွက်တစ်ရွက်ဖြင့် စာရင်းမှတ်နေသော ရိက္ခာတာဝန်ခံ ဆရာကြင်ဝူအပါး ချဉ်းကပ်ရောက်ရှိသွားလေသည်။

"ဆရာကြင်ဝူ၊ ဆန်အိတ်ထမ်းတာကို ကျောင်းသားချင်းတူပါလျက်နဲ့ ကျွန်တော့်ကျရွေးခိုင်းပြီး ဟို စကြံန်လမ်းစုံမှာ ရပ်နေတဲ့ ကျောင်းသားတွေကျတော့ ခေါ်မခိုင်းဘူးလား"

"ဟေ"

သူ့ မကျေမနပ်စကားကို ကြားလိုက်ရသော ဆရာကြင်ဝူ

www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြဖြစ်စွာဖြင့် 'ဟေ' သော စကားတစ်ခွန်း လွှတ်ခနဲ ရေရွတ်မိလိုက်ရလေသည်။

ပြီးမှ... ရိက္ခာတာဝန်ခံ ဆရာကြင်ဝှက တောင်းတောင်းပန်ပန် လေသံဖြင့်...

"ဟာ... ငါ့... ငါ့... မင်း ဝတ်စုံဟောင်းဟောင်းနွမ်းနွမ်းနဲ့ ငါ့ဆီရောက်လာတော့ ကျောင်းသားမှန်း လုံးဝ မထင်မှတ်ဘဲ ဆန်အိတ်ထမ်းချင်လို့လာတဲ့ အလုပ်သမား အောက်မေ့ပြီး ခေါ်ခိုင်းမိတာပါ"

"ဗျာ"

ဗလကြီးပေါင်ရင်ကျူသည် ရိက္ခာတာဝန်ခံ ဆရာကြင်ဝှ၏ တုန့်ပြန်ရှင်းလင်းချက်စကား ကြားမိပြီး အံ့သြတကြီးဖြစ်စွာဖြင့် 'ဗျာ' ဟူသော စကားတစ်ခွန်းကို ရေရွတ်မိလိုက်ရလေတော့သည်။

* * *

"ကဲပါ တပည့်ရာ၊ လှည်းသုံးစီးပေါ်က ဆန်အိတ်တွေ ကုန်လုတော့မှာပါ။ ကူညီလက်စနဲ့ ပြီးအောင် ကူညီလိုက်ပါတော့၊ ငါ့တပည့်ကို ဒီညလက်ဖက်ရည်နဲ့မုန့် ဂုဏ်ပြုပါ့မယ်"

ထိုသို့... ရိက္ခာတာဝန်ခံ ဆရာကြင်ဝှ၏ အပြောကောင်းမှုကြောင့် ဗလကြီးပေါင်ရင်ကျူတစ်ယောက် ရင်တွင်း အောင့်သက်သက်နှင့်သာ လှည်းပေါ်က ဆန်အိတ်များ ကုန်စင်အောင် သိုလှောင်ရုံထဲသို့ ဆက်လက်ထမ်းပို့ ပေးလိုက်ရလေသည်။

အလုပ်ပြီးသွားတော့မှ ဗလကြီးပေါင်ရင်ကျူက ဆရာကြင်ဝှကို သူ့အခေါ်ခိုင်းလိုက်ခြင်း ရှိ၊ မရှိ မေးမြန်းမိလေသည်။

ထိုအခါကျမှ... သူ ဆန်အိတ်ထမ်းသမားဘဝရောက်အောင် သူ့ဧည့်သားဝမ်ကျိုစောင် ချောက်တွန်းလိုက်ကြောင်း ခံပြင်းစွာ သိရှိလိုက်ရလေသည်။



ဒါကြောင့်... သူ ဒေါသဖြစ်စွာဖြင့် အိပ်ခန်းရောက်တော့ တစ်ဖက်ခန်းရှိ သူ့ဧည့်သားဝမ်ကျိုစောင်မှာ အလျှင်ဦးစွာပင် အပြင်သို့ ထွက်လည်သွားပြီဖြစ်ကြောင်း ခံပြင်းစွာ သိရှိလိုက်ရလေသည်။

သူ ရေမိုးချိုးပြီး ညစာ စားသောက်ပြီးသောအခါ ကတိအတိုင်းပင် ရိက္ခာတာဝန်ခံဖြစ်သူ လာခေါ်ပြီး ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်နှင့် မုန့်ချိုတို့ဖြင့် ညှော်ခံကျွေးမွေးလေသည်။

သည်တော့လည်း သူ့ရင်ထဲက ချောက်တွန်းကိုစယ်သွားသော သူ့ဧည့်သားဝမ်ကျိုစောင်ပေါ် ငြိုငြင်မှုများ လျော့ပါးသွားရလေသည်။

သည်တွင်... ဆရာကြင်ဝှက ရိုးသားနုံချာလွန်းရသော ဗလကြီးပေါင်ရင်ကျူကို လူလည်လူတေဖြစ်သည့် သူ့ဧည့်သားဝမ်ကျိုစောင်နှင့် ရောနှောဆက်ဆံ မပေါင်းသင်းဖို့ သတိပေး ပြောကြားလာလေသည်။

ဒါကြောင့်... သူ သူ့ဧည့်သား ဝမ်ကျိုစောင်နှင့် ခပ်ကင်းကင်းနေထိုင်ဖို့ ဆုံးဖြတ်လိုက်လေသည်။

နောက်တစ်နေ့ မိုးလင်းတော့ ဗလကြီးပေါင်ရင်ကျူတစ်ယောက် မျက်နှာသစ်သပ်ပြီး နံနက်ခင်း အစာပြေ စားသောက်ရန်အတွက် စားသောက်ဆောင်သွားရောက်ရန်အတွက် အခန်းတံခါး ဖွင့်ထွက်လိုက်လေသည်။

"ကျွီ"

"ဟင်"

သူ့အိပ်ခန်းအပြင် ရောက်ရှိပြီး အိပ်ခန်းတံခါး ပြန်ပိတ်လိုက်ချိန်တွင် မထင်မှတ်စွာပင် တံခါးလက်ကိုင်းကွင်း၌ ကြိုးတစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တွဲလွဲချိတ်ဆွဲထားသော လေးထောင့်စက္ကူချပ်တစ်ခု၊ ဆိုင်းဘုတ်အဖြစ် ကြုံတွေ့လိုက်ရခြင်း ဖြစ်လေသည်။

၎င်း စက္ကူချပ်အပေါ်တွင် အနက်ရောင်မင်ဖြင့် စာလုံးခပ်ကြီးကြီး ရေးသားထားသည်က...

"ဗလကြီး ဆန်အိတ်ထမ်းသည်" ဟူ၍ပင်။

"တောက်... ငါ့... ငါ့ကို စာချိတ်ပြီး လှောင်ပြောင်ထားပါလား။ အေး ငါကလည်း မင်းတို့ကို မှတ်လောက်သားလောက်အောင် ပြန်ဆော်ရေးလိုက်ရမယ်"

ယင်းသို့... သူ စိတ်တိုတောင်းစွာ ရေရွတ်ပြောဆိုပြီးနောက် အိပ်ခန်းထဲဝင်၍ စာရေးစားပွဲပေါ်က မင်အိုးနှင့် စုတ်တံတစ်ချောင်း ယူပြီး အခန်းအပြင်သို့ ထွက်လာလေသည်။

ပြီး... သူ ချိတ်ထားသော စာတန်း၏အောက်၌ စုတ်တံဖြင့် စာလုံးကြီးကြီး အချို့တို့ကို ရေးခြစ်လိုက်လေသည်။

"မင်း... အခုမနဲ့ ညီမတွေပါရအောင် ထမ်းမည့် ဗလကြီး"

"ဟိုး... ဟီး၊ ဒါမှ စာရေးတဲ့ကောင် ကောင်းကောင်းထိပြီမှတ်"

ထိုသို့... ဗလကြီးပေါင်ရင်ကျူသည် စက္ကူချပ်ပေါ်တွင် သူ ရေးသားလိုက်သော စာတန်းကို ပြန်ဖတ်ရှုကြည့်ပြီး သဘောကျစွာ ရေရွတ်ပြောဆိုမိလိုက်လေသည်။

ပြီးလျှင် အခန်းထဲသို့ မင်အိုးနှင့် စုတ်တံတို့ကို ဝင်ထားလိုက်ပြီးနောက် စားသောက်ဆောင်ဆီသို့ သူ ဦးတည်လျှောက်လှမ်းလာခဲ့လေသည်။

သူ စားသောက်ခန်းဆောင်ရောက်တော့ နံနက်စာ အစာပြေ စားသောက်နေသော သူဌေးသားဝမ်ကျိုစောင်နှင့် တန်းဆုံဆည်းမိလေသည်။



ထိုအခါ... သူသည် မကျေမနပ်ဖြစ်စွာဖြင့် ခေါင်းငုံ့ စားသောက်နေသော သူဌေးသားဝမ်ကျိုစောင်ကို လှမ်းစကားဆိုလိုက်သည်မှာ...

"အစ်ကိုကျိုစောင် မနေ့က ရိက္ခာတာဝန်ခံ ဆရာကြင်ဝူ ကျွန်တော့်ကို ခေါ်မနိုင်းဘဲ ဘာလို့ ခေါ်နိုင်းတယ်ဆိုပြီး လီစယ် ပြောရတာလဲ"

အပြစ်တင်လိုက်သောစကားကြောင့် သူဌေးသားဝမ်ကျိုစောင် တအံ့တဩဟန်ဖြင့်...

"ဟာ... မင်း... မင်းကို ဆရာကြင်ဝူ ခေါ်နိုင်းတာ မဟုတ်ဘူးလား"

"မဟုတ်ဘူးဗျာ"

"ဒါ... ဒါဆို သတ်သတ် ငါ့ကို ကျောင်းသားတစ်ယောက် ဆရာကြင်ဝူ ခေါ်နိုင်းတယ်ဆိုပြီး ငါ့ကို တဆင့် ပြောခိုင်းလိုက်တာပဲ"

"ဟင်... အဲဒီ ခေါ်နိုင်းတယ်ပြောတဲ့ ကျောင်းသားဟာ ဘယ်သူလဲ၊ အစ်ကိုကျိုစောင် ပြောစမ်းပါ၊ လူတစ်ဖက်သား ချောက်ကျအောင်လုပ်တဲ့ကောင် မှတ်လောက်သားလောက်အောင် ဆုံးမရမယ်"

ကြိမ်းဝါးစကား ဆိုလာတော့ ခံပြင်းဒေါသရိပ် ဆိုင်းထင်နေရသော သူဌေးသားဝမ်ကျိုစောင်မှာ တောက်တစ်ချက် မြည်တွန်ခတ်လိုက်ပြီးမှ...

"ကဲပါ... ဒီကောင်ကို ငါပဲ နောက်မစရဲအောင် ဆုံးမလိုက်ပါ့မယ်၊ ဘယ်သူဘယ်ဝါဆိုတာ မသိချင်ပါနဲ့တော့ ဗလကြီးရာ၊ အချင်းချင်း နိုက်ရန်ဒေါသဖြစ်နေကြဦးမယ်"

"ဘာလဲ... တိဗက်သား ရှုံ့ချန်လား၊ ဒါမှမဟုတ် ဗကားထစ်

www.burmeseclassic.com

www.burmeseclassic.com



ငေါ့နေတဲ့ ကျင်ချွေဖိန်လား"

"သူတို့ မဟုတ်ပါဘူးကွာ၊ ဒါနဲ့ မနက်ဖြန် ကျောင်းပိတ်ရက် မဟုတ်လား"

မေးတော့ ဖလကြီးပေါင်ရင်ကျူက ခေါင်း ဆတ်ခနဲ ညိတ်လိုက်ကာ...

"ဟုတ်ပါတယ်"

"ဒါဆို... ဖလကြီး မနက်ဖြန် ဘယ်သွားစရာ ရှိသလဲ"

"မရှိပါဘူး"

"ဟုတ်ပြီ မနက်ဖြန် ငါ့အသိမိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့ မင်း ငါနဲ့ အဖော်လိုက်ခဲ့ပါလား"

အဖော်လိုက်ရန် တောင်းဆိုလာတော့ ဖလကြီးပေါင်ရင်ကျူက ခေါင်းတစ်ချက် ခါယမ်းလိုက်ရင်း...

"ဟာ... ကျွန်... ကျွန်တော်လိုက်လို့ ခင်ဗျားအတွက် အနှောင့်အယှက် ဖြစ်နေမှာပေါ့"

အားတုံ့အားနာစကား ဆိုလာသဖြင့် သူဌေးသားဝမ်ကျိုစောင်က အပြုံးယဲ့ယဲ့ ပြုံးလိုက်သည်။

"ဟင်း... ဟင်း၊ မင်း လိုက်လာတော့ ငါ့အတွက် အနှောက်အယှက် မဖြစ်တဲ့အပြင် အဖော်တောင် ရသေးတယ်၊ မင်းလိုက်သာ လိုက်ခဲ့ပါ၊ မင်း... ငါ့အသိမိတ်ဆွေကို ကြုံတွေ့ရရင် တအား စိတ်ဝင်စားသွားမှာပါ"

"ဟာ... မဟုတ်တာဘဲ၊ ခင်ဗျား အသိမိတ်ဆွေတစ်ယောက်ကို ကျုပ် တစိမ်းက ဘာလို့ စိတ်ဝင်တစား ရှိနိုင်ရမှာလဲ"

"အေး... ဒါဆို ဟုတ်မဟုတ် အကဲစမ်းတဲ့အနေနဲ့ မနက်ဖြန် မင်း ငါနဲ့ အဖော်လိုက်ခဲ့ပေတော့"



ဖိတ်ခေါ်စကားဆိုလာတော့ ခေါင်းခါငြင်းဆန်နေမိရသော ဖလကြီးပေါင်ရင်ကျူတစ်ယောက် စိတ်ဝင်စားဟန် ရှိသွားရလေသည်။

သူ လိုက်လည်းလိုက်ချင်၊ အားတုံ့အားနာလည်း ဖြစ်နေမိပြီ။ ဆိတ်ငြိမ်စွာဖြင့် လက်ဖက်ရည်ခွက်ကို ပင့်မြှောက်ကာ လက်ဖက်ရည် တစ်ကျိုက်သာ မော့သောက်ဖြစ်လိုက်လေသည်။

အကဲပါးနပ်လွန်းရသော သူဌေးသားဝမ်ကျိုစောင်က ဆိတ်ငြိမ်ခြင်းသည် လိုက်လျောခြင်းဟု မှတ်ယူမိကာ သူ့ဘယ်လက်ဝါးဖြင့် ဖလကြီးပေါင်ရင်ကျူ၏ ညာပခုံးစွန်းကို ခင်မင်ရင်းနှီးလွန်းဟန်ဖြင့် အသာ ဆုပ်ကိုင်လိုက်ပြီး...

"မင်း... လိုက်ခဲ့ကွာ၊ ကဲ... ငါ ဒီမှာ ထိုင်သောက်စားနေတာ ကြာပြီ၊ ငါ့အခန်း ပြန်လိုက်ဦးမယ်"

နှုတ်ဆက်စကား ဆိုလာတော့ ဖလကြီးပေါင်ရင်ကျူသည် ခေါင်း အသာညိတ်မိလိုက်ကာ...

"ကောင်းပြီ... အစ်ကိုကျိုစောင်"

သည့်နောက်တော့... သူဌေးသားဝမ်ကျိုစောင်တစ်ယောက် စားသောက်ဆောင်ထဲက ကျောခိုင်းထွက်ခွာသွားလေတော့သည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

# နဂါးဖြူကန်က သံယောဇဉ်ကြီး

နောက်တစ်နေ့ မနက်ပိုင်းရောက်တော့ နံနက်ခင်း အစာပြေစားသောက်ပြီးလျှင် ဗလကြီးပေါင်ရင်ကျူတစ်ယောက် ဖိတ်ခေါ်သူ သူဌေးသား ဝမ်ကျိစောင်နှင့်အတူ တက္ကသိုလ်ကျောင်းသားများ တည်းခိုဆောင်က ထွက်လာခဲ့ကြလေသည်။

သူဌေးသားဝမ်ကျိစောင်သည် ဗလကြီးပေါင်ရင်ကျူကို စိမ်းလန်းစိုပြေ အေးချမ်းသာယာလှပလျက်ရှိနေရသော လိုဟာန်မြို့ မြောက်ဘက်စွန်းရှိ နဂါးဖြူကန်တော်ကြီးဆီသို့ အငှားရထားလုံးဖြင့် ခေါ်ဆောင်သွားလေသည်။

လိုဟာန်နန်းမြို့တော်ကြီး၌ နဂါးဖြူကန်တော်ကြီးတည်ရာ ဝန်းကျင်တစ်ဝိုက်မှာလည်း မြို့ကြီးရှိ နာမည်ကျော် ရှုခင်းသာရပ်ကွက် ငါးခုတို့တွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ဗလကြီးပေါင်ရင်ကျူ လေ့လာ သိရှိထားသော်လည်း (ကျောင်းပိတ်ရက်-တစ်ရက်ရက်တို့တွင် ရောက်အောင် သွားလည်ပတ်မည်ဟု ရည်ရွယ်ထားသော်လည်း) အကြောင်းအမျိုးမျိုးကြောင့် မရောက်ရှိနိုင်ခဲ့ပေ။



ဟော... အခုတော့ မထင်မှတ်တဲ့ ကျောင်းပိတ်ရက် တစ်ရက်တွင် သူဌေးသားဝမ်ကျိစောင် အကုန်ကျခံ ခေါ်ဆောင်မှုကြောင့် နာမည်ကျော် ရှုခင်းသာရပ်ကွက် ငါးခုထဲက တစ်ခုဖြစ်သော နဂါးဖြူကန်တော်ကြီးရပ်ဆီသို့ ရောက်ရှိလာရလေသည်။

တကယ်လည်း နာမည်ကျော် စာရင်းဝင်ဖြစ်သော နဂါးဖြူကန်တော်ကြီး ဝန်းကျင်တစ်ဝိုက်၌ ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံပန်းများ ဝေဝေဆာဆာ ပွင့်ဖူးလျက် ရောင်စုံကော်ဇောကြီး ဖြန့်ခင်းထားသကဲ့သို့ လှပကြည်နူးစရာ ကောင်းနေရလေသည်။

ပြီး... စိမ်းလဲ့သော ရေကန်ကြီး၏ အလယ်ဗဟိုဝယ် ကောင်းကင်ယံသို့ ခုန်ပျံတက်တော့မည့် ကျောက်ဖြူနဂါးပျံကြီး တစ်ကောင်ကို လက်ရာမြောက်စွာ ထုဆစ်ဖော်ကျူးထားလေသည်။

ပြီး... ၎င်း ကျောက်ဖြူနဂါးပျံကြီးအနားတွင် နဂါးလေးကောင်တို့ ပါးပျဉ်းကိုယ်စီ ထောင်ထနေကြသည့် ရေပန်းကန်ကြီး တစ်ခု ပြုလုပ်ထားလေသည်။

နေ့စဉ်လို ၎င်း ကျောက်ဖြူနဂါးလေးကောင် ရေပန်းကန်မှ ရေပန်းများ လှပစွာ ဖြန့်ပန်းလျက် ရှိနေလေသည်။

ဒီကနေ့... ကျောင်းပိတ်ရက် လုပ်ငန်းအချို့ နားရက်မို့ထင် သာယာအေးချမ်းသော နဂါးဖြူကန်တော်ကြီး ဝန်းကျင်တစ်ဝိုက်၌ လူသွားလူလာ စည်ကားနေလျက် ရှိသည်။

သူတို့နှစ်ယောက် နဂါးဖြူကန်တော်ကြီး၏ မြောက်ဘက်ကန်တော်ရှိ နဂါးဖြူစားတော်ဆက်ဆိုင်သို့ ရောက်ရှိလာကြလေသည်။ သူတို့နှစ်ယောက် နဂါးဖြူကန်တော်ကြီးဘက်ဆီ ဖွင့်ထားသော ပြတင်းပေါက်နံဘေးရှိ စားပွဲဝိုင်းတွင် တစ်ယောက်တည်းထိုင်နေသည့် မိန်းမပျိုချောလေးဆီသို့ ဦးတည်ရောက်ရှိသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမျှ မမြင်ဘူး၊ မတွေ့ဘူးခဲ့ရသော မျက်နှာစိမ်း မိန်းမပျိုချောဆီသို့ သူဌေးသား ဝမ်ကျိုစောင် ဦးတည်လျှောက်လှမ်းသွားသည်ကို ကြုံတွေ့လိုက်ရသည့် ဗလကြီးပေါင်ရင်ကျူခမျာ နောက်ကထပ်ကြပ်မခွာ လိုက်လံဖို့အရေး ခြေလှမ်းတုံ့ဝံ့နေရလေသည်။

ထိုအခြေအနေကို ရိပ်စားမိသွားရသော သူဌေးသား ဝမ်ကျိုစောင်သည် နောက်သို့ ခေါင်းလှည့်ကြည့်မိလာရပြီး...

"ဟာ... ဗလကြီး၊ ဘာ.. တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေရတာလဲ၊ လာ မင်းကို ငါ့ညီမဝမ်းကွဲနဲ့ မိတ်ဆက်ပေးမလို့ ခေါ်တာ"

ထိုသို့ ထုတ်ဖော် ကြေငြာလာတော့မှ သူ ဦးတည်သွားနေသော ပြတင်းပေါက်နံဘေးရှိ စားပွဲဝိုင်းတွင် ထိုင်နေသည့် မိန်းမချောလေးမှာ တခြားသူ မဟုတ်ဘဲ၊ သူဌေးသားဝမ်ကျိုစောင်၏ နှမဝမ်းကွဲဖြစ်ကြောင်း သိရှိလိုက်ရလေသည်။

သူတို့ စားပွဲနားရောက်တော့ စွဲမက်ဖွယ်ရာ အပြုံးဆောင်လျက် လိုက်လှဲစွာ ဖိတ်ဖော်လာသည်မှာ...

"အစ်ကိုတို့ ရောက်လာကြပြီကိုး... ထိုင်"

"ညီမ ကျူးမေ ရောက်နေတာ ကြာပြီလား"

"သိပ် မကြာသေးပါဘူး အစ်ကို"

"ဪ... ညီမ ကျူးမေ သူက အစ်ကိုတို့ တက္ကသိုလ်က ဗလကြီးပေါင်ရင်ကျူပဲ၊ ညီမကို အစ်ကို ပြောပြောနေတဲ့သူပေါ့"

"ဪ... ဟုတ်ကဲ့.. ဟုတ်ကဲ့"

ပြီး... သူဌေးသားဝမ်ကျိုစောင်က ဗလကြီးပေါင်ရင်ကျူထံ မျက်နှာလှည့်ပြောင်း ရောက်ရှိသွားရကာ...

"ဗလကြီး... ဒါ ငါ့ညီမ ကျူးမေပဲ"

"ဟုတ်ကဲ့... တွေ့.. တွေ့ရတာ ဝမ်းသာပါတယ်"



လှိုက်လှဲသော အပြုံးဆောင်လျက် ဗလကြီးပေါင်ရင်ကျူမှာ ဦးညွှတ်နှုတ်ဆက်လိုက်သည်။

သူတို့သုံးယောက် စားပွဲဝိုင်းတွင် ဖိုခနောင့်ဆိုင် ထိုင်ပြီး စားသောက်ကြသည်။

ထိုစဉ် ဗလကြီးပေါင်ရင်ကျူသည် ကျူးမေ၏ အလှဝယ် ငြိတွယ်သွားမိရလေသည်။

စားသောက်နေရင်းက ကျူးမေသည် ဗလကြီးပေါင်ရင်ကျူထံ တစ်ချက်တစ်ချက် အသည်းဘဝင်ခိုက်စေမည့်အပြုံး လှစ်ခနဲ လှစ်ခနဲ ပြုံးပြလေသည်။

တစ်ခါမျှ တစိမ်းမိန်းမလှလေးများနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိခဲ့ပါချေ။ သူ့မှာ စာပေ ထူးချွန်စွာ အောင်မြင်ဖို့ စူးနစ်စွာ လုံးပမ်းကြိုးစားခဲ့ရသလို အားလပ်ချိန်တွင်မူ သူ့ကာယဗလ လှပထွားကြိုင်းအောင် လေ့ကျင့်လာခဲ့သူဖြစ်လေသည်။ ဒါကြောင့်... သူ အချစ်ရေး အချစ်ရာကို လုံးဝ စိတ်ဝင်စားနိုင်ခြင်း မရှိခဲ့ပါချေ။

ဟော... အခု သူ၏ အိပ်မောကျနေသာ နှလုံးသားကို မိန်းမချော မိန်းမကောင်းလေး ကျူးမေက ရုတ်တရက် ပုတ်နှိုးလာချေပြီကော။

သူ ချိုသာသိမ်မွေ့စွာ ပြောဆိုနေသော ကျူးမေ၏ စကားသံကို ကြားမိရပြီး သူ့ရင်ဝယ် နတ်စောင်းခတ်သံ ကြားရသလို ချိမိန်လွှန်းလျက် ရှိနေရသည်။ တစ်ချက်တစ်ချက် ဗလကြီးပေါင်ရင်ကျူသည် ရွှေဝါရောင်တောက်ရှိန်း လှပနေရသော ကျူးမေ၏ မျက်နှာလှလေးထံ မှင်သက်မိစွာ ငေးစိုက်ကြည့်မိသွားရလေသည်။

ဤသည်ကို မသိမသာ ခိုးချောင်းခိုးဝှက် လှမ်းအကဲခတ်နေမိရသော သူဌေးသားဝမ်ကျိုစောင် သိရှိသွားရပြီး သူ့စိတ်ထဲဝယ် ကြိတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်မိလေသည်။

သူတို့ သုံးယောက် စားသောက်ပြီးနောက် ရောင်စုံပန်းများ ဝေဆာခြံရဲ ဖူးပွင့်လှပနေကြသော နဂါးဖြူကန်တော်ကြီး ဝန်းကျင် တစ်လျှောက် လှမ်းလျှောက်ကြသည်။

ပြီး... သူတို့ နဂါးဖြူကန်တော်ကြီး၏ တစ်ဖက်ရှိ လှပခန့် ထည်မြင့်မားသော မှန်ဦးကြီးနှင့် ဖွင့်လှစ်ထားသော နဂါးဖြူကန်တော် ဥယျာဉ်ကြီးထဲအနှံ့ တပျော်တပါး လျှောက်လည်ကြတော့သည်။ ထိုအခါ... တစ်ဖက်သတ် စွဲလန်းမိသွားရသော ဗလကြီးပေါင်ရင်ကျူ နှင့် သွဲ့နွဲ့ခယာလွန်းတတ်သည့် ကျူးမေနှင့် ခင်မင်ရင်းနှီးသွားရလေ သည်။

သူတို့ နေဝင်ရီတရောအချိန်ရောက်တော့မှ တက္ကသိုလ် တည်းခိုဆောင်သို့ ကျူးမေနှင့် လမ်းခွဲ ပြန်လာခဲ့ကြလေသည်။

နောက်တစ်နေ့ မနက်ခင်းပိုင်း၌ သူတို့ စားသောက်ဆောင်၌ နံနက်ခင်း အဆာပြေ စားသောက်ကြလေသည်။

ထိုစဉ်... သူဌေးသားဝမ်ကျိုစောင်က ဗလကြီးပေါင်ရင်ကျူထံ သွေးတိုးစမ်းလေသံဖြင့် လှမ်းမေးလိုက်သည်မှာ...

"ဗလကြီး... မနေ့က နဂါးဖြူကန်မှာတွေ့တဲ့ ငါ့ညီမဝမ်းကွဲကို စိတ်မဝင်စားမိဘူးလား။ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

ထိုအမေးစကားက သူ့ရင်တွင်း အသဲနှလုံးတို့ကို ဒန်းလွှဲလိုက် သလို ယိမ်းထိုးလှုပ်ခါယမ်းသွားရတော့သည်။ တကယ်တော့ သူ အပြစ်ဆိုဖွယ်ရာ မရှိဟု ထင်ရသော ကျူးမေကို စိတ်ဝင်စားရုံမကဘဲ စွဲလန်းခုံမင်သွားရလေသည်။

သို့သော် သူမ၏အချစ်ကို အရယူဖို့ အစွမ်းအစ သူ့မှာ မရှိပါချေ။



ဒါကြောင့်... သူ စိတ်ပျက်အားလျော့စွာပင် သက်ပြင်း တစ်ချက် မသိမသာ ချလိုက်မိရလေတော့သည်။

* * *

ထိုသို့ သူ သက်ပြင်းချလိုက်သည်ကို လှမ်းရိပ်မိလိုက်ရသော သူဌေးသားဝမ်ကျိုစောင်က စိတ်ထဲ ကြိတ်ပြုံးလိုက်မိပြီးမှ...

"ဗလကြီး... ငါမေးတာကို ဖြေစမ်းပါကွာ"

တိုက်တွန်းလှုံ့ဆော်လိုက်တော့ ဗလကြီးပေါင်ကျူရင်သည် သူဌေးသားဝမ်ကျိုစောင်ထံ အားကိုးတကြီးပြုဟန်နှင့် စိုက်ကြည့်မိရင်း။

"ဒီလောက်လှတဲ့ ကျူးမေရဲ့အချစ်ကို မမျှော်လင့်ဝံ့ပါဘူး အစ်ကိုကြီးကျိုစောင်"

အားမလိုအားမရ ဖြစ်သွားရဟန်ဖြင့် သူဌေးသားဝမ်ကျိုစောင် မှာ ခေါင်းတစ်ချက် ဆတ်ခနဲ ခါယမ်းလိုက်ကာ...

"ဟာ... ဘာမှတောင် မစရသေးဘူး။ အားလျော့တဲ့စကားက အရင်ဆိုလာတယ်၊ ငါမေးတာက မင်း သူ့ကို စိတ်ဝင်စားသလား၊ မစားဘူးလားဆိုတာကိုပဲ သိချင်တယ်"

ပြတ်သားစွာ မေးလာတော့ ဗလကြီးပေါင်ကျူရင်သည် တိုးတိုး လေသံဖြင့် တုန့်ပြန်စကား ဆိုလာသည်မှာ...

"ကျွန်... ကျွန်တော် သူ့ကို စိတ်ဝင်စားပါတယ်"

"အေး... ဒါပဲ ငါ သိချင်တယ်၊ ဒီတော့ မင်းနဲ့သူ နီးစပ် အောင် ငါ အောင်သွယ်ပေးမယ်၊ ဒီတော့ ပထမဦးဆုံးအနေနဲ့ ရိုးစား စာတစ်စောင် မင်းရေးဖို့ လိုတယ်"

တိုက်တွန်း အကြံပြုစကားဆိုလာတော့ တက်ကြွစိတ် မင်းမူ သွားရသော ဗလကြီးပေါင်ကျူရင်မှာ ခေါင်း ဆတ်ခနဲညိတ်လိုက်ပြီး၊

"ဟုတ်ကဲ့... ကျွန်တော် ဒီကအပြန် ရေးမယ်၊ ကိုကြီးရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



"ဟ.. မင်းရေးပြီးတဲ့ စာလွှာကို ငါ့ညီမဝမ်းကွဲဆီ မျက်နှာပူပူနဲ့ ပေးရမှာပေါ့၊ အိမ်း... ဒီကိစ္စသာ အောင်မြင်သွားရင်သာ မင်းငါ့ကို စားသောက်ဆိုင်ကြီးမှာ ကောင်းကောင်းပြုစုရမယ်၊ ဘယ့်နှယ်လဲ"

"စိတ်ချပါ... ဒီကိစ္စသာ အောင်မြင်သွားရင် အစ်ကိုကျိုစောင်တောင်းဆိုတဲ့အတိုင်း ပြုစုပါ့မယ်"

"ဟုတ်ပြီ"

သို့နှင့် စိတ်ပျော် တက်ကြွသွားရသော ဗလကြီးပေါင်ကျိုးရင်သည် နံနက်ခင်း အစာပြေစားသောက်ပြီးသည်နှင့် ကျောင်းစာပင်မလုပ်နိုင်ဘဲ ကျူးမေကို ပေးရမည့်စာကို ရှိသမျှ ဦးနှောက်ဉာဏ်အားလုံးတို့ကို ထုတ်သုံးပြီး တဖွဲ့တနွဲ့ ရေးလေသည်။

သူ ရီးစားစာကို အဆုံးသတ်ရေးပြီးသောအခါ သူ အစအဆုံးတစ်ခေါက် ပြန်ဖတ်ရှုလိုက်လေသည်။ ထိုအခါ သူ အစွမ်းကုန်ကွန့်ညွှန့်ရေးထားသော စာလွှာကို ဖတ်ရှုပြီး သဘောကျ နှစ်ခြိုက်နေမိရလေသည်။ ခက်သည်က ၎င်းစာလွှာ အရေးအသားကို သူ ကိုယ်ကိုယ်ဖြင့် မလုံလောက်သေးချေ။

တခြားတစ်ယောက်၏ ဝေဖန်သုံးသပ်ချက် ရယူမှ သူ့အရေးအသား ကောင်းမကောင်း နိုင်ကျဉ်စွာ ဆုံးဖြတ်ရချေမည်။

သူ ရေးသားပြီးထားသော ရီးစားစာကို မည်သူ့ကို လှို့ဝှက်ပြ၍ အကြံဉာဏ်တောင်းခံရရင် ကောင်းမလဲဟု တွေးတောနေမိက်မှာပင်။

"ဗလကြီး... ဗလကြီး"

အခန်းတံခါး အပြင်ဘက်က ရင်းနှီးကျွမ်းဝင်နေရသော ကျောင်းသားတစ်ဦး၏ တကြော်ကြော်ခေါ်သံ ကြားလိုက်ရသဖြင့် ဗလကြီးပေါင်ကျိုးရင်က...

"အ,ထစ် ကျင်ချွေဖိန်လား"



အတတ်သိစွာ လှမ်းမေးလိုက်တော့ အပြင်ဘက်ကလူမှာ မဆိုင်းမတွပင် တုန့်ပြန်ပြောလာသည်မှာ...

"ဟုတ်တယ်"

"ဝင်ခဲ့လေကွာ"

"အေး... အေး"

"ကျွီ"

သို့နှင့် အ,ထစ် ကျင်ချွေဖိန်တစ်ယောက် တံခါးကို တွန်းဖွင့်၍ အခန်းထဲသို့ ဝင်ရောက်လာလေသည်။

"ထိုင်ကွာ၊ မင်း ဘာကိစ္စရှိလို့လဲ"

ထိုင်လည်း ထိုင်ခိုင်း၊ မေးလည်း မေးလာတော့ အ,ထစ် ကျင်ချွေဖိန်မှာ အရင်ဆုံး စားပွဲနံဘေးရှိ ထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်လေသည်။ ပြီးမှ သူ လာရင်းကိစ္စကို တုန့်ပြန်ဖြေလိုက်သည်မှာ...

"မင်းဆီက မနေ့က သင်လိုက်တဲ့ ကျောင်းစာကူးဖို့ စာအုပ်ခဏ လာငှားတာ သူငယ်ချင်း"

ပြောတော့ မနေ့က စာသင်ခန်း ပျက်ကွက်ခဲ့သော အ,ထစ် ကျင်ချွေဖိန်အဖြစ်ကို သတိရမိလိုက်သည့် ဗလကြီးပေါင်ကျိုးရင်က...

"အေး... မနေ့က မင်း ဘာကြောင့် စာသင်ခန်း ပျက်ခဲ့ရတာလဲ"

သိလိုဇောနှင့် လှမ်းမေးလိုက်တော့ အ,ထစ် ကျင်ချွေဖိန်က ချက်ချင်း တုန့်ပြန်ဖြေလာသည်မှာ...

"ငါ... ငါ မနေ့က မြို့ထဲမှာ ငါ... ငါ့ကောင်မလေးနဲ့ ချိန်းထားလို့ပါ၊ အဲ... ဆရာကိုတော့... တစ်မျိုးလည့်လိမ်ညာထားရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... မင်းက ရီးစားနဲ့ သွားချိန်းတွေ့တာကိုး"

"ဟုတ်တယ်လေ... အဲဒီလို မလွတ်မလပ်အချိန်မျိုးမှာ ကိုယ့်ကိုယ့်ချစ်သူနဲ့ ချိန်းတွေ့ရတဲ့ အရသာမျိုးဟာ ဘာအရသာမှ မီမယ် မထင်ဘူး၊ ဗလကြီးမှာ ချစ်သူ မရှိတော့ ပြော... ပြောရတာ သိပ် အာမတွေ့သလိုတဲ"

ဟာကွက်ထောက်၍ ပြောဆိုလာတော့ ဗလကြီးပေါင်ကျူရင်၏ ရင်ထဲ မခံချိမခံသာ ဖြစ်တည်သွားရပြီး 'အေးပါ အ,ထစ် ပြောထား ဦးပေါ့၊ ကျူးမေသော ငါ့ချစ်သူဖြစ်ခဲ့ရင် ချစ်သူချင်း အလှချင်း ယှဉ်ပြိုင် လိုက်ချင်တယ်'။

ယင်းသို့ သူ့စိတ်ထဲက ကျူးမေကို တမ်းတစွာဖြင့် ရေရွတ်ပြော ဆိုမိလိုက်သည်။

သည့်တွင် သူ့ဦးနှောက်ထဲသို့ အတွေးတစ်ခု ဖျတ်ခနဲ ဝင်ရောက် လာရလေသည်။ ထိုအတွေးက တခြားမဟုတ်ပါချေ။

သူ ရေးသားထားပြီးသော ရီးစားစာရွက်ကို ချစ်သူရှိနေပြီးသော အ,ထစ်ကျင်ချွေဖိန့်အား ထုတ်ပြ အကြံဉာဏ်တောင်းဖို့ဟူသော အတွေးပင် ဖြစ်လေသည်။ ဒါကြောင့် သူသည် ရွှင်ရွှင်ပျပျ ဖြစ်တည် နေသော အ,ထစ်ကျင်ချွေဖိန့်ထံ အကြည့်စူးစိုက်ရောက်ကာ...

"ချွေဖိန့်... ငါ... ငါ့မှာလည်း ငါသဘောကျနေတဲ့ မိန်းမချော လေးတစ်ယောက် တွေ့ခဲ့ရတယ်၊ အဲ... အဲဒါ သူ့ကိုပေးဖို့စာ ရေး ပြီးပြီ၊ ကောင်းမကောင်း မင်းဖတ်ကြည့်ပြီး ဝေဖန်ပေးစမ်းပါ"

မထင်မှတ်သော ဆိုစကားကို ကြားလိုက်ရသည့် အ,ထစ် ကျင်ချွေဖိန့်တစ်ယောက် အံ့သြတကြီး ဖြစ်သွားရလေတော့သည်။

✿ ✿ ✿

## အခန်း (၄)

## ကျော်ကြားသွားရသော စာတစ်စောင်

"ဟာ... ဗလကြီး တယ်ဟုတ်နေပါလား၊ ကဲ ခင်ဗျားရေးထား တဲ့စာ ပြစမ်းပါဦး"

ထိုသို့ အ,ထစ်ကျင်ချွေဖိန့်က ဗလကြီးပေါင်ရင်ကျူထံသိက ရီးစားစာကို တောင်းယူလိုက်လေသည်။

ထိုအခါ ထုတ်ပြချင်လွန်းရှာနေရသော ဗလကြီးပေါင်ရင်ကျူ မှာ ကပျာကယာပင် စားပွဲပေါ်က စာရွက်ကိုယူ၍ အ,ထစ်ကျင်ချွေဖိန့် ထံ လှမ်းပေးလိုက်လေသည်။ ထိုစဉ် ကျင်ချွေဖိန့်သည် ဗလကြီး ပေါင်ရင်ကျူ ကမ်းပေးလာသော စာရွက်တစ်ရွက်ကို လှမ်းယူလိုက် လေသည်။

သည့်တွင် ကျင်ချွေဖိန့်သည် ဗလကြီးပေါင်ရင်ကျူ ရေးသား ထားသော စာရွက်ကို စိတ်ဝင်တစား ဖတ်ရှုကြည့်လိုက်လေသည်။

ထိုအခါ အ,ထစ်ကျင်ချွေဖိန့်သည် ဗလကြီးပေါင်ရင်ကျူ၏ အဖွဲ့အနွဲ့ ပိုလွန်နေရသော ကဗျာလိုလို ရေးသားထားသည့်စာကို ဖတ်ရှုမိရင်းက ဝမ်းရွှင်ကာ ကြိတ်ရယ်နေမိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော ဗလကြီးပေါင်ရင်ကျူ၏ ရီးစားစာကို လူအများ မြင်ကွင်းတွင် ကပ်ပြလိုက်လျှင် အားလုံး အူတက်အောင် ရယ်ကြ တော့မည်ဟု အ,ထစ်ကျင်ချွေဖိန့် တွေးမိလိုက်လေသည်။

သို့သော် ရယ်ချင်စိတ်ကို ရင်တွင်းမှနည်းမျိုသိပ်ထားပြီး အ,ထစ်ကျင်ချွေဖိန့်က သုံးသပ်ချက်ကို ငံ့လင့်နေရသော ဗလကြီး ပေါင်ရင်ကျူထံ ရေးသားထားသည့်စာနှင့်ပတ်သက်၍ ချီးကျူး ထောပနာပြုစကား ဆိုလိုက်သည်မှာ...

"အာ... ဗလကြီး ရီးစားစာအရေးအသားက ဘယ်သူမှ ယှဉ်မရအောင် ကောင်းနေတယ်၊ အဲဒါ စာထဲမှာပါတဲ့ ကျူးမေဆိုတဲ့ အမျိုးသမီးဆီ ဘယ်သူ သွားပေးမှာလဲ"

စူးစမ်းဟန်ဖြင့် လှမ်းမေးလာတော့ ဗလကြီးပေါင်ရင်ကျူက မဆိုင်းမတွပင် တုန့်ပြန်ဖြေလိုက်သည်မှာ...

"သူဌေးသား ဝမ်ကျိုစောင် ပေးပေးမှာပေါ့"

"ဟင် သူနဲ့ အဲဒီ ကျူးမေနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ညီမဝမ်းကွဲတော်တယ်တဲ့"

"ဟား... ဟား... ဟား"

ထိုသို့ အ,ထစ်ကျင်ချွေဖိန့်က သဘောကျစွာဖြင့် ဟားတိုက် ရယ်မောလိုက်လေသည်။

ထိုစဉ် ပြူးတိပြူးကြောင် ဖြစ်တည်သွားရသော ဗလကြီး ပေါင်ရင်ကျူက အ,ထစ်ကျင်ချွေဖိန့်ထံ လှမ်းမေးလိုက်သည်က...

"ဟေ့ကောင် အ,ထစ်၊ ဘာသဘောကျလို့ ရယ်ရတာလဲ"

မေးတော့ အ,ထစ်ကျင်ချွေဖိန့်သည် အရယ်ရပ်ပစ်လိုက်ပြီး

"ဗလကြီး... ငါ ရယ်မိတာ တခြားကြောင့် မဟုတ်ပါဘူး မိန်းမ ရုပ်ချောလှန်းတဲ့ သူဌေးသား ဝမ်ကျိုစောင်မှာ ညီမဝမ်းကွဲ ရှိနေ



တယ်လို့ တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ ကြည့်လည်းလုပ်ဦး၊ သူ တွဲနေတဲ့ မိန်းကလေးများ ဖြစ်နေမလား"

"ဟာ... မဖြစ်နိုင်တာတော့ သေချာတယ်"

"ဒါဆိုလည်းပြီးရော"

သည်နောက် အ,ထစ်ကျင်ချွေဖိန့်သည် ဗလကြီးပေါင်ရင်ကျူထံ က စာအုပ်တစ်အုပ် ငှားယူပြီး အိပ်ခန်းထဲမှ ကျောခိုင်းထွက်ခွာသွား လေသည်။

ညပိုင်းရောက်တော့ သူ့အခန်းဆီသို့ အပြင်ထွက်ရာက ပြန် ရောက်လာတော့ သူဌေးသားဝမ်ကျိုစောင် ဗလကြီးပေါင်ရင်ကျူ အိပ်ခန်းသို့ ရောက်ရှိလာလေသည်။ ထိုစဉ်...

သူဌေးသားဝမ်ကျိုစောင်က စားပွဲခုံတွင် ဝင်ရောက်ထိုင်လိုက်ပြီး မှ အပြုံးရိပ်ဆောင်လျက် ဗလကြီးပေါင်ရင်ကျူထံ ဝမ်းသာစကား တစ်ခွန်း လှမ်းဆိုလိုက်သည်မှာ...

"ဗလကြီး မင်းတော့ ငါ့ကို စားသောက်ဆိုင်ကောင်းကောင်းမှာ ပြုစုဖို့ နီးကပ်လာပြီနော်"

ယင်းဆိုစကားကြောင့် ဗလကြီးပေါင်ရင်ကျူ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး...

"ဘယ်လို အကြောင်းကြောင့် ပြောနေတာလဲ အစ်ကို ကျိုစောင်"

သူဌေးသားဝမ်ကျိုစောင်က ဟက်ခနဲ ရယ်မောလိုက်ကာ...

"ဟင်း... ဘယ်လိုအကြောင်းကြောင့်လဲဆိုတော့ကာ အခု ညနေပိုင်းမှာ ကျူးမေနဲ့ငါ မြို့လယ်လမ်းမ သွားဆုံမိကြတယ်"

"ဟုတ်လား"

တဖတ်သတ် စွဲလန်းခုံမင်နေရသော ကျူးမေသတင်း ကြား

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ရသည့် ဗလကြီးပေါင်ရင်ကျူ ဣန္ဒြေပျက်လောက်အောင် သူ့ထိုင်ခုံကို မရွှေ့၍ သူဌေးသားဝမ်ကျိုစောင်အနား ချဉ်းကပ်လိုက်သည်။

ပြီး... သူ စကားတစ်ဝက်တပျက် ဖြတ်ကာ ရေနွေးကြမ်းငုံသောက်နေမိရသော သူဌေးသားဝမ်ကျိုစောင်ထံမှ ဆက်လက်ပြောဆိုလာမည့်စကားကိုသာ ငံ့လင့်နေမိရလေသည်။

သူ အဖြစ်သည်းလာမှုနှင့် အကဲခတ်မိလိုက်ရသော သူဌေးသားဝမ်ကျိုစောင်က ရွှံ့လျက် လက်ဖက်ရည်ကြမ်းကို အချိန်ဆွဲ မော့သောက်နေလေသည်။

နောက်ဆုံး... မအောင့်အီးနိုင်တော့သော ဗလကြီးပေါင်ရင်ကျူ သူဌေးသားဝမ်ကျိုစောင်ကို လှမ်းမေးလိုက်သည်မှာ...

"အစ်.. အစ်ကိုကျိုစောင် ဆက်ပြောလေ"

လောဆော်လှုံ့ဆော်လာတော့ သူဌေးသားဝမ်ကျိုစောင်သည် လက်ထဲက လက်ဖက်ရည်ကြွေပန်းကန်လုံးလေးကို စားပွဲပေါ်သို့ အသံမြည်အောင် ချလိုက်လေသည်။

"ခွပ်"

ပြီးမှ သူ့အကြည့် ငံ့လင့်စူးစိုက်နေရသော ဗလကြီးပေါင်ရင်ကျူထံ ရွေ့ပြောင်းရောက်ရှိသွားကာ...

"သူက ထူးထူးခြားခြား မင်းအကြောင်း မေးလာတယ်"

"ဟုတ်လား... ဘာတွေ.. ဘာတွေ ကျုပ်မေက ထူးထူးခြားခြား မေးလာသလဲ"

"ဩော်... မင်းရဲ့ ကာယဗလဟာ ထုထည်ပြီး ခရာချင်စရာကောင်းတဲ့အကြောင်း၊ ပြီးတော့ မင်း ဘယ်နယ်က ကျောင်းလာတတ်တဲ့အကြောင်း၊ သူကြည့်ရတာ မင်းကို စိတ်ဝင်စားနေပုံပဲ"

"ဩော်... "



"ဒါနဲ့... ကျုပ်မေကို ပေးဖို့စာကော ရေးပြီးပြီလား"

"ရေး.. ရေးပြီးပြီ"

ဟုဆိုကာ ဗလကြီးပေါင်ရင်ကျူမှာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးနောက် စာအုပ်တစ်အုပ်ထဲတွင် ခေါက်ထားသော စာရွက်ကို သွက်လက်စွာ လှမ်းယူလိုက်လေသည်။

ပြီး... သူ လှမ်းမျှော်ကြည့်နေရသော သူဌေးသားဝမ်ကျိုစောင်ကို သူ့လက်ထဲကစာလွှာအား လှမ်းပေးလိုက်လေသည်။

"ရော့... အစ်ကိုကျိုစောင်"

"အင်း"

ဟုဆိုကာ သူဌေးသား ဝမ်ကျိုစောင်မှာ ဗလကြီးပေါင်ရင်ကျူထံ စာလွှာကို လှမ်းယူပြီး ဖတ်ချင်ဇောဖြင့် ကပျာကယာ စာရွက်ခေါက်အား ဖြန့်၍ ဖတ်ရှုကြည့်မိလိုက်သောအခါ...

"ဟာ... "

* * *

ရုတ်တရက် အံ့ဩတကြီး ကျယ်လောင်စွာ သူဌေးသားဝမ်ကျိုစောင် ရေရွတ်လိုက်သည်ကို ထိပ်တိုက်ကြုံတွေ့လိုက်ရသော ဗလကြီးပေါင်ရင်ကျူက နားမလည်နိုင်စွာဖြင့် လှမ်းမေးလိုက်ရာ...

"ဘာ... ဘာဖြစ်လို့လဲ၊ အစ်ကို... ကျိုဆောင်"

သည်တွင်... မျက်နှာ မကြည်မလင် ဖြစ်တည်သွားရသော သူဌေးသား ဝမ်ကျိုစောင်က သူ့လက်ထဲက စာရွက်ကို ဗလကြီးပေါင်ရင်ကျူထံ ပြန်ထိုးပေးလိုက်ရင်း...

"ဒါ.. ဒါကို မင်း နောက်ပြောင်လိုက်တာလား... ဗလကြီး"

ထိုအခါ ဗလကြီး ပေါင်ရင်ကျူသည် သူဌေးသားဝမ်ကျိုစောင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကမ်းပေးလာသော စာရွက်ကို လှမ်းယူ၍ ကြည့်လိုက်မိတော့...

"ဟင်... စာ.. စာရွက်အလွတ်ကြီးပါလား၊ ဟာ... ဒါ ဒါဆို မဟုတ်.. မဟုတ်သေးဘူး၊ ကျွန်.. ကျွန်တော် ကျကျနန ရေးထားတဲ့ စာရွက် ဘယ်ရောက်သွားသလဲ မသိဘူး၊ ဒါ.. ဒါ လူတစ်ယောက် ကျွန်တော့်အိပ်ခန်းထဲ အလစ်ဝင်ရောက်ပြီး စာရွက်အလွတ်ကြီးနဲ့ လဲလှယ်သွားတာ ဖြစ်ရမယ်"

မကျေမချမ်းဖြစ်စွာ ထုတ်ဖော်ပြောလာတော့ သူဌေးသား ဝမ်ကျိစောင် သဘောပေါက်နားလည်သွားမိရပြီး...

"ဪ... ဒါဆို မင်းရေးထားတဲ့စာကို တခြားတစ်ယောက်က အလစ်ဝင်ရောက် လဲလှယ်သွားဆယ် ဆိုပါတော့"

"ဆိုပါတော့ မဟုတ်ဘူး၊ ဒီ.. ဒီကောင်တွေ သက်သက် ကျွန်တော့်ကို ဗရုတ်ကျသွားတာ"

"ဒါဆို မင်း ဒီစာရေးတဲ့အကြောင်း ဘယ်သူ သိသေးသလဲ"

မေးတော့ ဗလကြီး ပေါင်ရင်ကျူသည် နေ့လယ်ပိုင်းတွင် အ,ထစ် ကျင်ချွေဖိန် လာရောက်၍ စာအုပ်လာငှားရမ်းသွားကြောင်း ထုတ်ဖော်ပြောပြလိုက်လေသည်။

ထိုအခါ သူဌေးသား ဝမ်ကျိစောင်က စာရွက်ပျောက်သွားသည်မှာ 'အ'ထစ် ကျင်ချွေဖိန် ဖြစ်နိုင်ကြောင်း ခန့်မှန်း ပြောဆိုလိုက်သည်။

သည်တော့... ဗလကြီး ပေါင်ရင်ကျူက ခေါင်းတွင်တွင် ခါယမ်းလိုက်ကာ...

"သူ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူထွက်သွားတုန်းက ကျွန်တော်ရေးတဲ့စာရွက် စားပွဲပေါ်မှာ ရှိနေတုန်းပဲ၊ ကျွန်တော့် အထင်ပြောရရင် ကျွန်တော် အပြင်ခဏထွက်တုန်း ပြတင်းပေါက်က



ကျော်ဝင်ပြီး စာရွက်အလွတ်နဲ့ လဲလှယ်ယူသွားတာ ဖြစ်နိုင်တယ်။

"မင်း... ပြတင်းပေါက်ကို ဖွင့်ပြီး အောက်ဆင်းသွားလို့လား"

"ဖွင့်တော့ မဖွင့်ခဲ့ဘူး၊ စေ့ထားခဲ့တာ"

"မင်း... ပြတင်းပေါက်တံခါး စေ့ထားတယ်ဆိုတော့ ကျောင်းသားတစ်ယောက်ယောက်က ဝင်နှောက်သွားတာ ဖြစ်ရမယ်"

"ဟုတ်ပါတယ်"

သူတို့ စကားကောင်းနေခိုက်တွင် အိပ်ခန်းထဲသို့ 'အ'ထစ် ကျင်ချွေဖိန်တစ်ယောက် ရေးကြီးသုတ်ပြာဟန်ဖြင့် ဝင်ရောက်လာလေသည်။

"ဗလကြီး... ဗလကြီး"

အလောတကြီး ခေါ်လာသဖြင့် သူတို့နှစ်ယောက်စလုံး 'အ'ထစ် ကျင်ချွေဖိန်ထံ စိုးရိမ်ပူပန်ကြစွာ ပြိုင်တူကြည့်မိလိုက်ကြလေသည်။

သည်တွင် ဗလကြီး ပေါင်ရင်ကျူက သိလိုဇောဖြင့် ပြာလောင်ခတ်စွာ ဝင်ရောက်လာသော 'အ'ထစ် ကျင်ချွေဖိန်ကို လှမ်းမေးလိုက်ရာ...

"'အ'ထစ်... ဘာဖြစ်လာတာလဲ"

'အ'ထစ် ကျင်ချွေဖိန်က သူ့အကျင့်အတိုင်း 'အ'ထစ်စွာဖြင့်။

"ဗ.. ဗလကြီး စာ.. စာသင်ခန်းမှာ ကျောင်းသားတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေတယ်"

ထိုအဖြေစကား ကြားလိုက်ရတော့ သူနှင့်တိုက်ရိုက် ပတ်သက်သောကိစ္စမို့ စိတ်အနှောက်အယှက်ဖြစ်စွာဖြင့် ဗလကြီး ပေါင်ရင်ကျူ မျက်မှောင်ကြီးတစ်ချက် ကြုတ်မိသွားပြီး...

"အဲဒါ... ငါနဲ့ ဘာပတ်သက်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကား လေသံ မာကြောကြောရှိသွားသဖြင့် 'အ'ထစ် ကျောင်းချုပ်ဖိုးနီ၏မျက်နှာ မကြည်မလင် ဖြစ်သွားရပြီး...

"ဟာ... ငါ... ငါ မင်းနဲ့ မပတ်သက်ရင် မင်းဆီ လာပြောစရာ မလိုဘူးကွ၊ ဒါဆို ငါ ပြန်မယ်"

စိတ်ကောက်စွာဖြင့် 'အ'ထစ် ကျောင်းချုပ်ဖိုးနီ အိပ်ခန်းဆောင်ထဲက ချာခနဲ လှည့်ပြန်ထွက်မည် အလှည့်၌၊ ထွက်ခွာ မဆောင်နိုင်တော့ဘဲ ဗလကြီး ပေါင်ရင်ကျော်မှာ ကျောင်းချုပ်ဖိုးနီ၏ ဘယ်လက်မောင်းရင်းကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ရင်း...

"နေ... နေပါဦး 'အ'ထစ်ရာ ငါနဲ့ မပတ်သက်ဘူး ထင်နေမိလို့ပါ၊ အခု စာသင်ခန်းမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေတာ ငါနဲ့ ဘာပတ်သက်လို့လဲ"

စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်တော့ စိတ်တိုနေစဲ ဖြစ်တည်နေရသော 'အ'ထစ်ကျောင်းချုပ်ဖိုးနီမှာ ဗလကြီး ပေါင်ရင်ကျော် ဆုပ်ဖမ်းထားမှုမှ ရုတ်တရက် ရုန်းဆန့်လိုက်ပြီး...

"လွှတ်ကွာ... မင်းနဲ့ ဘယ်လိုပတ်သက်နေတာ သိချင်ရင် အခုပဲ စာသင်ခန်းမှာ သွားကြည့်ပေတော့၊ ငါ သွားမယ်"

မကျေမနပ် ပြောဆိုပြီး 'အ'ထစ် ကျောင်းချုပ်ဖိုးနီတစ်ယောက် ကျွဲမြီးတိုစွာဖြင့် အိပ်ခန်းဆောင်ထဲက ကျောခိုင်းထွက်ခွာသွားလေသည်။

ထိုစဉ် အသာငြိမ်ကုပ်၍ နားစွင့်ထောင်နေမိရသော သူငွေသားဝမ်ကျီစောင်က စိတ်ပျက်စွာဖြင့် ခေါင်းကုတ်ဖွနေမိရသည်။ ဗလကြီး ပေါင်ရင်ကျော်ထံ အကြံပြု ပြောဆိုလိုက်သည်မှာ...

"ကဲ... အခြေအနေမှန်သိရအောင် ငါတို့ စာသင်ခန်းထဲ သွားကြည့်ကြရအောင်"



ထိုအကြံကို ဗလကြီး ပေါင်ရင်ကျော်က လက်ခံစွာဖြင့် ခေါင်းဆတ်ခနဲ ညိတ်လိုက်ရပြီး...

"ဟုတ်ကဲ့"

သည့်နောက် သူတို့နှစ်ယောက် အိပ်ခန်းထဲမှ ကျောခိုင်းထွက်လာကြပြီး စာသင်ခန်းဆီသို့ ရောက်ရှိလာကြလေသည်။ ထိုအခါ ကျောင်းသားတစ်စု စာသင်ခန်းရှေ့ရှိ စာသင်ကျောက်ပြားချပ်ကြီးနားတွင် တရုန်းရုန်း စုဝေးနေကြပြီး ဆူဆူညံညံ ဖြစ်နေကြသည်ကို သူတို့ ကြုံတွေ့လိုက်ကြသည်။

ဒါကြောင့် သူတို့ စိတ်ဝင်တစားရှိသွားကြဟန်ဖြင့် ထိုကျွတ်ကျွတ်ဆူညံနေကြသော ကျောင်းသားများထံ ချဉ်းကပ်ရောက်ရှိသွားကြလေသည်။

"ဟီး... ဟီး... ဟား... ဟား၊ တို့ ဗလကြီးကတော့ ရီးစားစာရေးတဲ့နေရာမှာ စံနမူနာ ယူထိုက်တယ်ဟေ့"

"ဟား... ဟား၊ ဟုတ်တယ်ဟေ့၊ သို့... မနေနိုင် မထိုင်နိုင်အောင် သိပ်... သိပ်ချစ်ရပါတဲ့ ပုလဲဒေဝီ နတ်မိမယ်လေးရယ်၊ မင်းအချစ်ကိုရရင် မင်းကို ဗလကြီးအနေနဲ့ ထမိန်ထုတ်ပဲ ထမ်းရ၊ ဆမ်းရ၊ နွားတစ်ကောင်လို တပိုးတပ်ပြီး ခိုင်းရင် ခိုင်းစေတော့၊ အစ်ကို လုပ်ပါ့မယ်"

"ဟီး... ဟီး၊ ဒီလို ယောက်ဖမျိုး ငါတို့ တော်စပ်ရရင် ဘာမှမလုပ်ဘဲ ဖိမ်ခပ်နေလို့ရပြီ"

ထိုသို့ ကျောင်းသားတစ်ဦး၏ အာဘောင်အာရင်းသန်သန်ဖြင့် ကျောက်သင်ပုန်းနက်ကြောကြီးပေါ်ဝယ် ရေးကပ်ထားသော စာရွက်ကို ကြည့်ရင်း ဗလကြီး၏ ဖွဲ့နွဲ့ရေးသားထားသည့် ရီးစားစာကို အမင် ပြက်ရယ်ပြုအော်ဟစ် ပြောဆိုနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို ကျန်ကျောင်းသားများက ပွဲကျစွာဖြင့် ဟားတိုက်ရယ်မောကြလေသည်။

ထိုအဖြစ်အပျက်ကို ကြုံတွေ့လိုက်ရသော ဗလကြီးပေါင်ရင်ကျူ ရှက်ဒေါသထွက်ကာ ကြုံးဝါးအော်ဟစ်ရင်း စုပြုံနေသည့် ကျောင်းသားများကြားထဲ အတင်းတိုးဝေ့ဝင်ရောက်ကာ ကျောက်သင်ပုန်းကြီးအနားသို့ ချဉ်းကပ်ရောက်ရှိသွားလေသည်။

"ဟိတ်ကောင်တွေ၊ ပေါက်ကရတွေ အော်ဟစ်မနေကြနဲ့၊ မင်းတို့ ငါ့လက်ချက် အကုန်မိကုန်ကြမယ်"

ထိုသို့ အော်ဟစ်ကြုံးဝါး တိုးဝေ့ဝင်ရောက်လာသော ဗလကြီးပေါင်ရင်ကျူကို တွေ့မြင်လိုက်ကြရသည့် ကျောင်းသားများ မီးခဲများအား ရေနှင့် ပက်ဖျန်းငြိမ်းသက်သကဲ့သို့ ရှဲခနဲ တိတ်ဆိတ်သွားကြလေသည်။

သည်တွင် ရှက်ဒေါသ မိုးမွှန်နေရသော ဗလကြီး ပေါင်ရင်ကျူသည် ကျောက်သင်ပုန်းကြီးပေါ်ဝယ် ကပ်ထားသော စာရွက်ကို ဆွဲခွာယူလိုက်ရလေတော့သည်။

☼☼☼

## အခန်း (၅)

## ထံကြွမှာ၏သားကောင်

နောက်တစ်နေ့ မနက်ပိုင်း စာသင်ချိန်တော့ သူတို့ အတန်းပိုင်ဆရာသည် မနေ့ ညနေပိုင်းက စာသင်ခန်းထဲတွင် ဗလကြီးပေါင်ရင်ကျူ၏ နီးစားစာနှင့်ပတ်သက်၍ ရုတ်ရုတ်သဲသဲ ဆူဆူညံညံဖြစ်ပျက်ခဲ့ကြသောကိစ္စကို ဆူလေသည်။

ထိုအချိန်တွင် ရှက်လွန်းရှာ၍ ဗလကြီး ပေါင်ရင်ကျူခမျာ မျက်နှာကြီး နီမြန်းလျက် စာသင်ခုံပေါ်ဝယ် ခေါင်းကြီး တွင်တွင်ငုပ်လျှိုးနေရသည်။

ကျန် ကျောင်းသားများကတော့ သဘောကျကြစွာ ပြုံးစိပြုံးစိလုပ်နေကြလေသည်။

သည်နောက်. . . ကျောင်းဆင်း၊ အားလပ်ချိန်တို့တွင် အရှက်ကြီးရှက်နေမိရသော ဗလကြီး ပေါင်ရင်ကျူတစ်ယောက် အိပ်ခန်းထဲအောင်းကာ နေလေတော့သည်။

သည်တွင် ကျောင်းသားများကိုလည်း တရင်းတနှီး မဆက်ဆံဘဲ ခပ်တန်းတန်းနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူ့ရင်ထဲမှာတော့ နှမင်စွဲမက်နေမရသော 'ကျူးမေ'ကို တမ်းတလွမ်းဆွတ်နေမိရသည်။

သည်တော့... ကျူးမေနှင့် ဆက်နွယ်နေရသော သူဌေးသား ဝမ်ကျိုစောင်ထံက ကျူးမေနှင့် ပတ်သက်ရသည့်သတင်းကို ကြားချင်နေမိသည်။

သူ... ညနေခင်း အားလပ်ချိန်၌ ကာယလေ့ကျင့်မှု လုပ်ဆောင်ပြီး၍ ရေမိုးချိုးလိုက်သည်။

နောက်... သူ အိပ်ခန်းထဲရှိ စားပွဲခုံတွင်ထိုင်ကာ ကျူးမေ၏ ရုပ်သွင်ချောချောကို တမ်းတ မြင်ယောင်နေမိရလေသည်။

ထိုအခိုက်မှာပင်...

"ဘုန်း... ဘုန်း"

တံခါးနှစ်ချပ် 'ဘုန်း'သံတို့ စဉ်ဆက်မပြတ် ပေါ်လာသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားဒရသော ဗလကြီး ပေါင်ရင်ကျူက...

"ဘယ်သူလဲ"

"ငါပါကွ ဗလကြီးရ"

ပြန်ထူးသံက သူ မျှော်လင့်နေမိရသော သူဌေးသားဝမ်ကျိုစောင် ဖြစ်နေကြောင်း သိလိုက်ရ၍ သူ့စိတ် အလိုလို လှုပ်ရှားသွားရပြီ။

"လာပြီ.. အစ်ကို ကျိုစောင်ရေ"

"အေး"

သည်နောက် ဗလကြီး ပေါင်ရင်ကျူသည် ထိုင်နေရာမှ ထကာ ပိတ်ထားသော အခန်းတံခါး ကလန့်ကို ဖြုတ်၍ တံခါးဆွဲဖွင့်ပေးလိုက်လေသည်။

"ကျွီ"

အပြုံးရိပ်ဆောင်လျက် သူဌေးသား ဝမ်ကျိုစောင်တစ်ယောက်



အိပ်ခန်းဆောင်ထဲ ဝင်ရောက်လာသည်။

"မင်းစာနဲ့ပတ်သက်ပြီး ရက်စိတ်မှန် အခန်းထဲ အောင်းနေတာလား"

ပြောသည့်အတိုင်း ဟုတ်နေသော်လည်း သူ ခေါင်းခါယမ်း၍ ငြင်းဆန်လိုက်သည်။

"မဟုတ်ပါဘူး... အစ်ကိုရာ"

သည်နောက်... သူတို့နှစ်ယောက် စားပွဲဝိုင်းတွင် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြသည်။

ထိုစဉ် သူဌေးသား ဝမ်ကျိုစောင်သည် ညှိုးနွမ်းကျနေရသော ဗလကြီး ပေါင်ရင်ကျူ၏ မျက်နှာထံ အကြည့်ရှုးစိုက်ရောက်ကာ...

"ဗလကြီး မင်း စိတ်ထိခိုက်ခံစားနေတာ ငါ နားလည်ပါတယ်၊ ရော့... ငါကိုယ်တိုင် ရေးထားတဲ့စာ"

ပြောပြောဆိုဆိုနှင့်ပင် စာရွက်ခေါက်တစ်ခု ကမ်းပေးလာတော့ အံ့တသြဖြစ်ဟန်နှင့် ဗလကြီး ပေါင်ရင်ကျူက...

"ဘာစာလဲ အစ်ကိုကျိုစောင်"

ရိုးစင်းစွာ မေးလာတော့ သူဌေးသား ဝမ်ကျိုစောင်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်ရင်း...

"ဟင်း... ဟင်း။ ဘာစာရမှာလဲ၊ ကျူးမေကိုပေးဖို့ စာလေ၊ မင်း ရက်စိတ်မှန်ပြီး စာမရေးနိုင်မှန်းသိပြီး ငါရေးခဲ့တာ၊ မင်း ဖတ်ကြည့်၊ မင်းကြိုက်တယ်ဆိုရင် ဒီစာကို မင်းလက်ရေးနဲ့ကူးပြီး ငါ့ ပြန်ပေး၊ ငါ ကျူးမေကို သွားပေးမယ်"

"ဟုတ်ကဲ့"

ဟုဆိုကာ ဗလကြီး ပေါင်ရင်ကျူမှာ သူဌေးသား ဝမ်ကျိုစောင် ကမ်းပေးလာသော စာရွက်ခေါက်ကို လှမ်းယူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တဲ... ငါလည်း အပြင်ထွက်စရာရှိတယ်၊ မင်းကြိုက်ရင် ဒီည ပြီးအောင်ရေးထား၊ မနက်ဖြန် ကျောင်းပိတ်ရက်ဆိုတော့ ငါ ကျူးမေဆီ သွားပို့ပေးမယ်"

"ဟုတ်ကဲ့"

သည့်နောက်တော့... သူဌေးသားဝမ်ကျိုစောင်သည် ဗလကြီး ပေါင်ရင်ကျူကို နှုတ်ဆက်ပြီး အိပ်ခန်းဆောင်ထဲက ကျောခိုင်းထွက်သွားလေသည်။

ထိုအခါ... ကျွန်ခြေဆောင်နေမိရသော ဗလကြီး ပေါင်ရင်ကျူသည် သူဌေးသားဝမ်ကျိုစောင် ပေးခဲ့သော ရီးစားစာကို ကပျာကယာ ဖြန့်၍ ဖတ်ရှုမိလိုက်လေသည်။

တကယ်လည်း... အတွေ့အကြုံ ရင့်ကျက်သူပီပီ စာအရေးအသား ကောင်းနေရသော သူဌေးသားဝမ်ကျိုစောင်၏ ရီးစားစာကို လွန်စွာ သဘောကျနှစ်ခြိုက်သွားရလေသည်။

"ဟာ... အစ်ကိုကျိုစောင်ရဲ့ စာအရေးအသား တယ်ကောင်းပါလား၊ အပြောကောင်း အရေးကောင်း ရုပ်ရည်ချောတဲ့သူမို့ ရီးစားတွေ မိုလိုပေါ်နေရတယ်ထင်တယ်၊ ဟင်း... ဟင်း"

ယင်းသို့... ဗလကြီး ပေါင်ရင်ကျူသည် သူဌေးသား ဝမ်ကျိုစောင်ကို အံ့ကျူးထောပနာ ပြုလိုက်မိလေသည်။

သည့်နောက်...

သူ တက်ကြွစွာဖြင့် သူဌေးသားဝမ်ကျိုစောင်ပေးခဲ့သော ရီးစားစာကို လက်ရေးလက်သားလှလှဖြင့် စာရွက်ဖြူတစ်ခုပေါ်ဝယ် ကူးလေသည်။

ပြီးလျှင်... သူ ကူးရေးပြီးသောစာကို တစ်ဖန် ဖတ်ရှုပြီးနောက် အလိုလို ကြည်နူးပီတိပွားနေမိရလေသည်။



နောက်... သူ့အိပ်ရုံထဲဝယ် လှပတောက်ပြောင်နေရသော အပြုံးတစ်ပွင့် ဆင်မြန်းနေရသော ကျူးမေ၏ မျက်နှာလေး ထင်ပေါ်လာရလေသည်။

နောက်တစ်နေ့မနက်ရောက်တော့ သူဌေးသား ဝမ်ကျိုစောင် ရောက်ရှိလာပြီး ဗလကြီး ပေါင်ရင်ကျူ ကူးပေးသော စာရွက်ကိုယူ၍ ထုံးစံအတိုင်း ဗလကြီးထံ လကုန်တွင် ပြန်ပေးမည်ဟု အကြောင်းပြကာ ငွေအချို့ ချေးသွားပြန်လေသည်။

အရင်အချိန်ကဆိုလျှင် ဗလကြီး ပေါင်ရင်ကျူတစ်ယောက် သူဌေးသား ဝမ်ကျိုစောင်ကို ငွေချေးချင်မှ ချေးမည်ဖြစ်လေသည်။ အခု သူ ကျူးမေအချစ်ကို မျှော်လင့်နေသူဖြစ်သဖြင့် ထိုအရေးကို ထောက်ရှုလျက် တွန့်ဆုတ်နေရသော ချေးငွေအား လျော့လျော့လျူလျူ ထုတ်ချေးမိလိုက်ရလေသည်။

ထိုနေ့ တစ်နေ့လုံး ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ကျူးမေကို တမ်းတမြှင်ယောင်မိရင်း အတွေးဝင်္ကဘာထဲမှာ ကျူးမေနှင့် လက်တွဲလျက် ချစ်ပွဲနွှဲနေမိရလေသည်။

သို့နှင့်... ည မှောင်ရီပျိုးစအချိန်သို့ ရောက်သောအခါ သူ့အိပ်ခန်းဆီသို့ လေတချွန်ချွန်ပြုကာ သူဌေးသား ဝမ်ကျိုစောင် တစ်ယောက် ဝင်ရောက်လာလေသည်။

ထိုအခါ... ကြိတ်မှိတ်မျိုသိပ်နိုင်စွမ်းမရှိတော့သော ဗလကြီး ပေါင်ရင်ကျူက ကျေနပ်ရိပ်ဆိုင်းထင်လာပုံရသည့် သူဌေးသားဝမ်ကျိုစောင်ထံ ရောက်မဆိုက်ပင် လှမ်းမေးလိုက်သည်မှာ...

"အစ်ကိုကျိုစောင်... အဆင်ပြေခဲ့ရဲ့လား"

သည်တွင်... သူဌေးသား ဝမ်ကျိုစောင်က အပြုံးမှိုလိုက်ဝေစွာဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အေး... မင်းတော့ ငါ့ကို စားသောက်ဆိုင်ကောင်းကောင်းမှာ ကျွေးမွေးပြုစုရမယ့်အချိန် ရောက်လာတော့မယ်"

ယင်းအဖြေစကား ကြားလိုက်ရတော့ ဗလကြီး ပေါင်ရင်ကျူး တစ်ယောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရပြီး...

"ဘာလဲ အစ်ကိုကျိုစောင် ကျူး.. ကျူးမေက တဖတ်ပြီး ကျွန်.. ကျွန်တော့်အတွက် အဖြေပြန်ပေးလိုက်လို့လား"

ပြောလိုက်တော့... မိန်းမတို့သဘော နောမကျေသေးသော စကား ကြားလိုက်ရသည့် သူ့မေးသား ဝမ်ကျိုစောင်က စိတ်တိုသွားရဟန် ဆောင်လိုက်ရင်း...

"ဟာ... ဗလကြီး ဘယ်မိန်းကလေးမျိုးက ရီးစားစာကို ချက်ချင်းဖတ်ပြီး ချက်ချင်း ချစ်အဖြေပေးခဲ့တာ ရှိဖူးလို့လဲ"

"ဟုတ်.. မှုတ်ပါတယ်၊ ငါ.. ငါ့ကို အစ်ကိုကျိုစောင်က စားသောက်ဆိုင်ကောင်းကောင်းမှာ ကျွေးမွေးပြုစုရတော့မယ်လို့ ပြောရတာလဲ"

"ဟာ.. မင်းရဲ့အခြေအနေ ကောင်းလာမယ့်အရေး အကဲခတ်မိလို့ ငါ ကြိုနိမိတ်ဖတ် ပြောလိုက်ရတာပဲ၊ မင်းကို အဖြေပေးဖို့အတွက် နောက်အပါတ် ကျောင်းပိတ်ချိန် နံနက်ပိုင်းကို နဂါးဖြူကန်တော်ကြီးက စားတော်ဆက်မှာ ကျူးမေတစ်ယောက် စောင့်နေမယ့်အကြောင်း မှာထားတယ်"

"ဟာ... ဟုတ်လား"

"မဟုတ်ဘဲ ငါ ပြောပါ့မလား၊ ဒါကြောင့် နိမိတ်ကောင်းကြောင်း စကားထုတ်ဖော်ပြောရတာပဲ၊ မင်းရင်ထဲမှာ နှစ်ကူးပွဲတော် လှည့်မနေဘူးလား"

"ဟာ... သိပ် လှည့်နေတာပေါ့၊ ကျွန်တော် အရမ်းပျော်တယ်၊ အစ်ကိုကျိုစောင်"



"ဟား... ဟား၊ မင်း နောက်ကို ဒီထက် ပျော်စရာတွေ ကြုံတွေ့လာရဦးမှာပါ"

"အဲဒီတော့... အစ်ကိုကျိုစောင်ကို စားသောက်ဆိုင်ကောင်းကောင်းမှာ ညှော်ခံကျွေးမွေးပြုစုရတာပေါ့"

"ဟုတ်ပြီ"

"ဟီး.. ဟီး.. ဟား.. ဟား.. ဟား"

သူတို့နှစ်ယောက်၏ ဟားတိုက်ရယ်မောသံတို့ ဆူညံစွာ ဖြန့်ကျက် လွှမ်းခြုံသွားရလေတော့သည်။

* * *

နေ့ ရက်၊ လ ဆိုသောအရာသည် အမြဲရွေ့ပြောင်းနေသော အရာမို့ တစ်နေ့နံနက် ကျူးမေ ချိန်းဆိုထားသည့် အချိန်သို့ မလွဲမသွေ ရောက်ရှိလာရလေသည်။

သို့နှင့်... ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် ရှိုးအပြည့် ပြင်ဆင်ပြီး နဂါးဖြူကန်တော်ကြီးသို့ ပျော်လင့်ကြီးစွာ ရောက်ရှိလာခဲ့ရလေသည်။

သူ... ကျူးမေ အချိန်းအချက်ပြုထားသော စားသောက်ဆိုင်ရှိ ယခင်က ထိုင်ခဲ့ဖူးကြသည့် ကန်ဘက် မျက်နှာပြု ဖွင့်ထားသော ပြတင်းပေါက်နားရှိ စားပွဲတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်လေသည်။

သူ စားသောက်ဖွယ်အချို့ကို မှာယူစားသောက်ပြီး ကျူးမေ အလာကို လည်တဆန့်ဆန့်ဖြင့် မျှော်လင့်နေမိသည်။

ထိုသို့... သူ မျှော်လင့်ကြီးစွာ စောင့်ဆိုင်းရင်းက တစ်နာရီခွဲ နေဝင်မိုးချုပ်သွားသည့်တိုင် ကျူးမေတစ်ယောက် အရိပ်အယောင် ဝင် လုံးဝ ပေါ်မလာပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူ ထိုင်စားသောက်နေသော စားတော်ဆက်လည်း ပိတ်မို့ တံခါးချပ်များ ရွှေလျှားပိတ်စပြုနေသောကြောင့် ဆက်လက်နေထိုင်ရန် အခွင့်အရေးမရှိတော့သဖြင့် ကျသင့်ငွေကို ရှင်းလင်းပြီး ညလေ တဖြူးဖြူး တိုက်ခိုက်နေသည့် နဂါးမြို့ကန်တော်ဘောင်လမ်းအတိုင်း လျှောက်လှမ်းလာခဲ့လေသည်။

"အင်း... ကျူးမေ ချိန်းထားတဲ့ ကာတီအတိုင်းတော့ ဒီကို ရောက်လာမှာပဲ၊ ငါ ဘာပဲဖြစ်ဖြစ် စောင့်ရမယ့်တာဝန်က ငါ့တာဝန်ပဲ"

ယင်းသို့... သူ ရေရွတ်ပြောဆိုပြီးနောက် သစ်ပင်ကြီးအောက်ဘက်တွင်ရှိသော ကျောက်မိုကျောက်ထိုင်ခုံတစ်လုံးမှာ ဝင်ရောက် ထိုင်လိုက်လေသည်။

မြို့... သူ ရွှေအိုရောင် ဆည်းဆာအလင်းရောင်အောက်တွင် တမူ ထူးခြားစွာ လှပလျက်ရှိသော ကျောက်ဖြူနဂါးပုံကြီးနှင့် နဂါးများ ရေပန်းဆီသို့ တမေ့တမော ကြည့်ရှုနေမိလေသည်။

သို့သော်... သူ့အာရုံထဲမှာတော့ မိန်းမချောလေး ကျူးမေ၏ အလှကွန့်ယက်က လွှမ်းခြုံလျက်ရှိနေလေသည်။

သူ မျှော်လင့်ကြီးစွာဖြင့် စောင့်စားရင်း နောက်ဆုံးတော့ အချိန်သာ ကုန်ဆုံးပြီး ညဉ့်နက်သန်းခေါင်အချိန်သို့တိုင် ရောက်ရှိသွားရလေသည်။

သည့်နောက်... သူ လက်လျှော့ကာ ကျောင်းတည်းခိုဆောင်သို့ ပြန်လာခဲ့လေသည်။

နောက်တစ်နေ့... မိုးလင်း၍ နံနက်ခင်း အစာပြေ စားသောက်ရန်အတွက် စားသောက်ဆိုင်ဆောင်သို့ ရောက်တော့ ဗလကြီးတစ်ယောက် ချစ်သူချိန်းဆို၍ နဂါးမြို့ကန်တော်ကြီးတွင် သွားရောက်စောင့်ဆိုင်းခဲ့သည်မှာ ညဉ့်နက်သန်းခေါင်တိုင်ခဲ့သည့်သတင်း ပြန့်နှံ့



ထင်ပေါ်နေကြောင်း သိရှိလိုက်ရလေသည်။

တချို့က သူ့ကို နောက်ပြောင်ကျီစယ်ကြလေသည်။ တကယ်လည်း ဟုတ်နေသဖြင့် ဗလကြီးသည် မည်သည့်စကားမျှ မပြောတော့ဘဲ လျစ်လျူရှုကာ အိပ်ခန်းဆောင်သို့ ပြန်လာခဲ့လေသည်။

သူ ချိန်းဆိုထားလျက်နှင့် ကတိမတည်စွာ ရောက်မရှိလာသော ကျူးမေအပေါ် မကျေမနပ်ဖြစ်နေရလေသည်။

ထိုစဉ်... သူ့ထံဆီသို့ အောင်သွယ်တော် သူဌေးသား ဝမ်ကျိုစောင် ရောက်ရှိလာလေသည်။

"ဗလကြီး... မနေ့က ကျူးမေနဲ့ တွေ့ခဲ့လား"

မေးလာတော့ ခံပြင်းစိတ် ဘွားခနဲ ပေါ်ပေါက်သွားရသော ဗလကြီး ပေါင်ရင်ကျူတာ...

"ဘယ်ကလာ ကျွန်တော် နဂါးမြို့ကန်တော်ကြီးမှာ ညဉ့်နက်သန်းခေါင်ကျော် ထိုင်စောင့်ခဲ့တာတောင် ကျူးမေ သူ ချိန်းဆိုတဲ့ ကာတီအတိုင်း မလာခဲ့ပါဘူး"

"ဟင်... အို... ဒါဆို သူ ဘာကြောင့် ချိန်းဆိုပြီး မလာတဲ့ အကြောင်းကို ငါ သွားမေးပေးပါမယ်"

"မေးမနေပါနဲ့တော့ အစ်ကိုကျိုစောင်ရယ်၊ သူ မလာချင်လို့ မလာတာဖြစ်မှာပေါ့"

"မဟုတ်ဘူးလေကွာ၊ သူများ ကောက်ခါငင်ခါ ဖျားနာနေသလား၊ ကျန်းမာရေး တစ်ခုခု ချို့ယွင်းသလားဆိုတာတော့ စုံစမ်းမေးမြန်းကြည့်ဦးမှပေါ့"

"ဒါတော့လည်း အစ်ကိုသဘော"

"ဘာလဲ... ချိန်းတဲ့အတိုင်း ကျူးမေ မလာလို့ စိတ်ကုန်သွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



မေးတော့ ဗလကြီး ပေါင်ရင်ကျူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ...

"စိတ်တော့ မကောက်ပါဘူး သံသယဝင်မိရတာပါ"

"ဟော... ဘယ်လို သံသယဝင်မိရတာလဲ"

"သံသယ ဝင်မိတာ တခြားမဟုတ်ပါဘူး။ ကျူးမေ ကျွန်တော့် အပေါ် သံယောဇဉ် ရှိ မရှိ ဆိုတာပဲ"

"အေးလေ... ဒါကြောင့် သူ ချိန်းတဲ့ရက်က ဘာကြောင့် မလာနိုင်သလဲဆိုတာ မေးကြည့်အော့ မင်း သံသယဝင်နေတာ ကွက်ကွက်ကွင်းကွင်းကြီး သိလာရတာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ကဲ.. ဗလကြီး ဘာမှ စိတ်ဓာတ်ကျမနေနဲ့၊ ငါ ညနေ ကျောင်းချိန်ပြီးရင် သွားမေးပေးမယ်"

"ဟုတ်ကဲ့"

သည်နောက် သူဌေးသား ဝမ်ကျိုစောင် သူ့ကို နှုတ်ဆက်ပြီး အိပ်ခန်းဆောင်က ကျောနိုင်း ထွက်ခွာသွားလေသည်။

သိပ်မကြာပါချေ... သူ့ဆီသို့ တီဗက်နယ်ကျောင်းသား ရှိချန် တစ်ယောက် မဖိတ်ခေါ်ဘဲ ရောက်ရှိလာလေသည်။

ထိုစဉ် ရှိချန်က စိတ်မကောင်းသည့်လေသံဖြင့် ဗလကြီး ပေါင်ရင်ကျူထံ စကားဆိုလာသည်မှာ...

"ဗလကြီး... ငါ ကြားရတဲ့ သတင်းအတိုင်းဆိုရင် မင်းဟာ ကျူးမေအတွက် တော်တော် ဒုက္ခခံနေရပါလား"

ဗလကြီး ပေါင်ရင်ကျူက သက်ပြင်းတစ်ချက် လျှို့ဝှက်ချလိုက်ပြီးမှ...

"အေး... ငါ.. ငါ သူ့ကိုမှ တန်းတန်းစွဲ သံယောဇဉ်ရှိနေမိ



တာကိုး"

"အင်း... မင်း အဲဒီလို သဲသဲမဲမဲ စွဲရစ်အောင် ကျူးမေက လည်း အတော် ချောလှနေတာကိုး။ ဒါပေမယ့် ငါတစ်ခု သတိပေးချင် တယ်"

ယင်းဆိုစကားကြောင့် ဗလကြီး ပေါင်ရင်ကျူ၏ မျက်လုံးအစုံ တို့ ဝင့်ကျယ်သွားရပြီး...

"မင်း... ဘာ သတိတစ်ခု ပေးချင်တာလဲ"

သိလိုစောဖြင့် လှမ်းမေးလိုက်တော့ ရှိချန်က သက်ပြင်း ခပ်မှုန်း မှုန်း ချလိုက်ပြီးမှ...

"မင်း... သူဌေးသား ဝမ်ကျိုစောင်ကို သိပ်ယုံကြည်၊ စိတ်မချ နဲ့ဆိုတဲ့ သတိတစ်ခု ပေးချင်တာပဲ"

"အေးဝါ"

"အခု... ကျူးမေဟာလည်း သူ့ညီမဝမ်းကွဲဆိုတာကော သေချာလို့လား"

"သူပြောတာပဲလေ"

"ဟုတ်ရဲ့လားကွာ၊ ငါ ကြားကြားနေတာတော့ အဲဒီ ကျူးမေ ဟာ သူဌေးသား ဝမ်ကျိုစောင်ရဲ့ အပျော်တွဲတွဲနေတဲ့ မိန်းမတွေက တစ်ယောက်လို့ ပြောနေတယ်"

"ဟာ... တကယ် ဟုတ်ရင် သူ့ချစ်သူကို ငါနဲ့ လက်လွှတ်ခံ အောင်သွယ်ပေးမလား"

"ဒီမယ် ဗလကြီး သူဌေးသား ဝမ်ကျိုစောင်ဆိုတဲ့ကောင်ဟာ မိန်းမတွေ မှိုလိုပေါက်နေတဲ့ အကောင်ပဲ၊ သူ့မှာ နှစ်နှစ်ကာကာ ဘယ်ရှိပါ့မလဲ၊ အဲဒီတစ်ယောက် ခွာထုတ်ချင်လို့ မင်းဆီ လှည့်တိုး ထည့်တာကော မဖြစ်နိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မဖြစ်နိုင်ဘူးလို့ ငါထင်တယ်"

"ဘာကြောင့် ထင်တာလဲ"

"ကျူးမေဟာ သိပ်ချောသိပ်လှနေတော့ သူ့ လက်လွှတ်ခံမှာ တော့ မဟုတ်ဘူး"

ဖယ်င်းဆိုစကားကြောင့် ရှိချုန်သည် တစ်ချက် ရယ်သွမ်းသွေး လိုက်ရင်း...

"ဟင်း... ဟင်း၊ ဗလကြီး သူဌေးသားမှာက ကျူးမေလို ချောလှလွန်းတဲ့ မိန်းကလေးတွ ထုနဲ့ဒေး ရှိနေရင်ကော"

"ဒါတော့ မသိဘူးကွ"

စိတ်ညစ်စိတ်ရှုပ်ထွေးသွားရသော ဗလကြီး ပေါ်ရင်ကျူ တစ်ယောက် စိတ်ပျက်စွာ ရေရွတ်ပြောဆိုမိလိုက်သည်။

"ငါ ကြိုတင် သတိပေးတာပါ၊ တစ်နေ့ ရှိုးသားနုံချာတဲ့ မင်း လည်စင်းခံရတဲ့ ကံကြမ္မာရဲ့သားကောင်ဘဝ ရောက်မသွားအောင်လို့ ပါ"

"မင်း... မင်း သတိပေးသလို သားကောင်ဘဝမျိုး လုံးဝ မရောက်စေရဘူး"

"အေး... အဲဒါပဲ ငါ ကြားချင်ပါတယ်၊ ငါ သွားမယ်"

"အေး"

ဟုဆိုကာ ဗလကြီး ပေါ်ရင်ကျူမှာ မကျေမနပ်ဖြစ်တည်စွာဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်မိသည်။

သည်နောက်... တိဗက်နယ်သား-ရှိချုန်တစ်ယောက် နှုတ် ဆက်ပြီး ဗလကြီး၏ အိပ်ခန်းဆောင်ထဲက ကျောခိုင်းထွက်ခွာသွား လေသည်။

သည်တွင်... ဗလကြီး ပေါ်ရင်ကျူသည် ကျောခိုင်းထွက်ခွာ



သွားသော ရှိချုန်၏ကျောပြင်ကို ငေးစိုက်ကြည့်ရင်း သက်ပြင်းမောကြီး တစ်ချက် ရှည်ရှည်လျားလျား ချလိုက်လေသည်။

ရှိချုန်ပြောသလို ကျူးမေဟာ သူဌေးသားရဲ့ချစ်သူတစ်ယောက် မဖြစ်ပါစေနဲ့လို့ မိုးနတ်မင်းကြီးထံ လှမ်းဆုတောင်းမိလိုက်ပါသည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

# ဝဒူမှာကြားနှင့် အစည်မာ

"ဗလကြီး မင်း ဘာမှ စိတ်မပျက်နဲ့တော့၊ သူချိန်တာ မလာနိုင်တာ ကောက်ခါငင်ခါ ခေါင်းအရမ်းကိုက်လို့တဲ့၊ အဲဒီအတွက် သူ စိတ်မကောင်းဘူးတဲ့"

ထိုသို့ အိပ်ခန်းဆောင်ထဲ ဝင်ရောက်လာသော သူဌေးသား ဝမ်ကျိုစောင်သည် ကျူးမေယောက်က ချိုယွင်းသွားရသည့်အကြောင်းကို ဗလကြီးပေါင်ရင်ကျူထံ ထုတ်ဖော်ပြောပြလာလေသည်။

သည်တော့ . . . ရင်ထဲက အဖုအထစ်ဖြစ်တည်နေရသော မကျေနပ်မှုတို့ နေထိသည့်နှင်းသဖွယ် ဗလကြီးပေါင်ရင်ကျူ၏ရင်ထဲမှ ရုတ်ချည်း လွင့်စင်ပျောက်ကွယ်သွားရလေသည်။ ပြီး . . . ဗလကြီး ပေါင်ရင်ကျူသည် အပြုံးရိပ် ဖြတ်သန်းနေရသော သူဌေးသား ဝမ်ကျိုစောင်ထံ အကြည့်ရှူးစိုက်ရောက်ကာ . . .

"ကျွန်တော် နဂါးဖြူကန်တော်ကြီးမှာ ကျူးမေ ရောက်လာနိုး၊ ရောက်လာနိုးနဲ့ ညဦးနက်သန်းခေါင်အထိ စောင့်ဆိုင်းခဲ့ရတဲ့ကိစ္စ အကြောင်း ဘာပြောသလဲ"



မေးတော့ သူဌေးသား ဝမ်ကျိုစောင်က အားပါးတာ စကားဆိုလာသည်မှာ . . .

"ဟာ . . . အဲဒီလို မင်း အနှစ်နာခံပြီး ညဦးနက်သန်းခေါင်ထိ နဂါးဖြူကန်တော်ကြီးမှာ စောင့်ဆိုင်းနေတဲ့အကြောင်း ကြားသိလိုက်ရတဲ့ ကျူးမေမှာ မင်းအပေါ် ပိုပြီး ဇာရဏာသက်သွားရတယ်၊ အဲဒီအတွက်တဲ့ သူ စိတ်ထိခိုက်စွာ ခံစားနေရတယ်၊ ဒါကြောင့်လည်း မင်း သူနဲ့ အတူနီးစပ်ဖို့ အခြေအနေတစ်ခု ပေါ်ပေါက်လာရတယ်"

ယင်းဆိုစကားကြောင့် ဗလကြီး ပေါင်ရင်ကျူတစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး . . .

"အတူနီးစပ်ဖို့ အခြေအနေတစ်ခု ဘယ်လိုပေါ်ပေါက်လာရသလဲ"

ရှုးစမ်းဟန်ဖြင့် လှမ်းမေးလိုက်တော့ သူဌေးသားဝမ်ကျိုစောင်က တက်ကြွဟန်ဖြင့် ဆိုလာသည်မှာ . . .

"လာမယ့်လထဲမှာ ကျောင်းသုံးရက် ဆက်ပိတ်ဖို့ ရှိတယ်၊ မင်း ဂရုထားမိသလား"

မေးတော့ ပြက္ခဒိန် ကြည့်လေ့အကျင့်ရှိသော ဗလကြီး ပေါင်ရင်ကျူမှာ လာမည့်လထဲတွင် ကျောင်းပိတ်ရက် သုံးရက် ဆက်တိုက် ရှိနေသည်ကို ကြိုတင်သိရှိပြီး ဖြစ်လေသည်။

ဒါကြောင့် . . . သူ ဂရုထားမိကြောင်း ခေါင်း ဆိတ်ခနဲ ညိတ်မိလိုက်ရပြီး . . .

"ထားမိပါတယ် အစ်ကိုကျိုစောင်"

"အေး . . . အဲဒီ ကျောင်းပိတ်ရက်တွေမှာ ကျူးမေက သူတို့ရွာ ပွဲတော်ကို အတူလိုက်ခဲ့ဖို့ မင်းကို ခေါ်နေတယ်"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဗလကြီး ပေါင်ရင်ကျူ စိတ်လှုပ်ရှားစွာဖြင့် ဆိုလိုက်မိသည်။

သူဌေးသား ဝမ်ကျိုစောင်က ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်ကာ...

"ဟုတ်တယ်... အဲဒီအချိန်ကျရင် မင်း သူနဲ့ နီးကပ်စွာနေရတော့၊ မင်း ချစ်ခွင့်ပန်ဖို့ အခွင့်အရေး အများကြီးရတာပေါ့"

ထိုသို့ အခွင့်အရေးစကား ကြားလိုက်ရသော ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ဖော်မပြနိုင်အောင် ဝမ်းမြောက်ဝမ်းသာဖြစ်တည်သွားရလေသည်။

"အေးဗျာ... အဲဒီ ကျောင်းပိတ်ရက် မြန်မြန်ရောက်ပါစေလို့ မိုးနတ်မင်းကြီးထံ ဆုတောင်းနေရမှာပဲ"

"ဟား... ဟား ဗလကြီးရာ ဆုတောင်းစရာ မလိုပါဘူး။ အချိန်ပဲ ရောက်ရှိတန်ရင် ရောက်လာရမှာပေါ့"

တကယ်လည်း... တရွေ့ရွေ့ ကုန်ဆုံးနေရသောအချိန်ကြောင့် ဗလကြီး ပေါင်ရင်ကျူ တက်ကြွမျှော်လင့်နေရသည့် ကျောင်းပိတ်ရက်ရှည်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာရလေသည်။

သို့နှင့်... သူဌေးသားဝမ်ကျိုစောင် ဗလကြီး ပေါင်ရင်ကျူတို့သည် ရှင်မြူ့လုပနေရသော ကျူးမေနှင့်အတူ လိုဟန်မြို့ကြီးနှင့် (၁၀)လီမျှဝေးသော ကျေးရွာတစ်ရွာသို့ ရောက်ရှိလာခဲ့ကြလေသည်။

စင်စစ်တော့... ကျူးမေ၏ မိခင်ဘက်က အမျိုးအနွယ်တို့သည် ထိုကျေးရွာသူရွာသားများ ဖြစ်ကြလေသည်။

ပြောရမည်ဆိုလျှင်... ၎င်းကျေးရွာသည် အများစုမှာ 'ယီ' တိုင်းရင်းသားများ အများဆုံး နေထိုင်ကြသည်။

'ယီ'တိုင်းရင်းသား ကျေးရွာဟူ၍ပင် ခေါ်ဆိုနိုင်လေသည်။

သူတို့ ၎င်း 'ယီ'တိုင်းရင်းသားကျေးရွာ ရောက်မိကြတော့မှ



ရှုခင်းရှုကွက် ထူးဆန်းလျက်ရှိနေရသော ကျောက်ဆောင်ပေါ်သို့ လှေလာကြည့်ရှုခွင့်ရလေသည်။

၎င်း 'ယီ'ကျေးရွာ၏ အောက်ဘက်တွင်ရှိသော ကျောက်ဆောင်တော ရှုခင်းမှာ သဘာဝဖန်တီးရှင်၏ ထူးချွန်ပြောင်မြောက်လွန်းရသည့် အနုပညာ လက်ရာများပင် ဖြစ်လေသည်။

ထိုကျေးရွာ၏ မျိုးဆက်နွယ်ဖြစ်သော ကျူးမေက ညွှန်ပြသည့်တော်အဖြစ် လိုက်ပါလာကြသည့် သူဌေးသား ဝမ်ကျိုစောင်နှင့် ဗလကြီး ပေါင်ရင်ကျူတို့ကို ထူးဆန်းစွာ သဘာဝဖန်တီးရှင်၏ လက်ရာမြောက်စွာ ဆုဆစ်ထားသည့် မိန်းမပျိုပုံ တစ်ကိုယ်လုံးဖြစ်တည်နေရသည့် ကျောက်တောင်ထွတ်တစ်ခုထံ လက်ညှိုးထိုးညွှန်ပြရင်း...

"အစ်ကိုတို့ အဲဒီတောင်ထွတ်ဟာ မိန်းမပျိုတစ်ဦး ကန့်ကာယလမ်းလျှောက်နေတဲ့ပုံနဲ့ မတူဘူးလား"

ပြောမှတော့ မိန်းမပျိုပုံသဏ္ဍာန် လက်ရာမြောက်စွာ သဘာဝဖြစ်တည်နေရသော တောင်ထွတ်ကို စိတ်ဝင်စားစွာ ငေးစိုက်ကြည့်နေမိကြသည့် သူဌေးသား ဝမ်ကျိုစောင်နှင့် ဗလကြီး ပေါင်ရင်ကျူတို့ ပြိုင်တူ ခေါင်းညိတ်မိလိုက်ကြလေသည်။

"ဟုတ်တယ်"

"ဟုတ်တယ်... တစ်ကယ် ပန်းပုအကျော်အမော်တစ်ယောက်က ထုဆစ်ထားသလား အောင်းမေ့ရတယ်"

"ဟုတ်တယ် အစ်ကိုကျိုစောင်၊ အဲဒီတောင်ထွတ်နာမည်ကို 'အစဲ့ည်မာ' လို့ ခေါ်ကြတယ်"

သည့်တွင်... သူမနှင့် စကားပြောချင်လွန်းရသော အာသာငမ်းနေရသည့် ဗလကြီး ပေါင်ရင်ကျူက ကြားဝင်၍ ကျူးမေထံ မေးလိုက်သည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



"ကျူးမေ . . . ဘာလို့ အဲဒီတောင်ထွတ်ကို အစည်မာလို့ မိန်းကလေးနာမည် မှည့်ခေါ်ကြရတာလဲ"

ထိုအမေးကြောင့် ကျူးမေက ဗလကြီး ပေါင်ရင်ကျူထံ အပြုံးပန်းလှလှတစ်ပွင့် လှစ်ချေပြလိုက်ရင်း . . .

"ဘာလို့ အစည်မာလို့ အဲဒီတောင်ထွတ်ကို မှည့်ခေါ်ရသလဲဆိုတော့ တစ်ချိန်က ဒီကျေးရွာမှာ နတ်သမီးမယ်ရှုံးလောက်အောင် လှပလွန်းခဲ့တဲ့ အစည်မာဆိုတဲ့ မိန်းမချောမိန်းမလှလေးတစ်ဦး ပေါ်ပေါက်ခဲ့တယ်၊ သူ့ကြောင့်ပဲ သုံးပြည်ထောင် မင်းသားသုံးပါးတို့ သူ့ကို လက်ဝယ်ရယူဖို့ လုယက်ကြရင်း စစ်မက်ဖြစ်ပွားခဲ့ရတယ်၊ ဒါကို သံဝေဂလည်းရ အထုံဗီဇလည်း ပါလာပုံရပါတယ်၊ နောက်ဆုံးတော့ အစည်မာတ သီလရှင်ဘဝ ကူးပြောင်းသွားတယ်"

"ဟင်" "ဟာ"

စိတ်ဝင်တစား စူးစိုက်နားစွင့်ထောင်နေကြသော သူဌေးသား ဝမ်ကျိုစောင်နှင့် ဗလကြီး ပေါင်ရင်ကျူတို့ နှုတ်အသီးသီးမှ နှမျောအံ့ဩမှု အာမေဋိတ်ကိုယ်စီ ရေရွတ်မိလိုက်ကြလေသည်။

သူဌေးသား ဝမ်ကျိုစောင်က ဝေဖန်သုံးသပ်စကား ဆိုလိုက်သည်မှာ . . .

"ကော့ဒ္ဒ အဲဒီအစည်မာဆိုတဲ့ နတ်သမီးရှုံးလောက်အောင်လှတဲ့ မိန်းမချောလေးဟာ မင်းသားတွေရဲ့ လောဘဇော ထက်သန်ကြပြီး စစ်မက်ကြီး ဖြစ်ပွားကြတာကို ကြုံတွေ့ပြီး ထိတ်လန့်ကြောက်ရွံ့ပြီး သူ့အလှကြောင့် အများဒုက္ခရောက်ကြတာကို သံဝေဂတရား ရသွားပုံရတယ်"

ကျူးမေက အသာအယာ ပြုံးလိုက်ရင်း . . .

"အစ်ကိုကျိုစောင် ပြောသလို ဟုတ်မှာပေါ့၊ အဲဒီ အစည်မာရဲ့



ရုပ်ပုံသဏ္ဌာန်နဲ့ တောင်ထွတ်ဟာ သွားတူနေတဲ့အတွက် အစည်မာတောင်ထွတ်လို့ မှည့်ခေါ်ခေါ်ကြတယ်လို့ ရှေးအစဉ်အဆက် လူကြီးတွေ လက်ဆင့်ကမ်းပြောလာတဲ့စကားပါပဲ"

"ဩော်"

ဟု သူဌေးသား ဝမ်ကျိုစောင်၏နှုတ်က ရေရွတ်မိလိုက်လေသည်။

ထိုအခိုက် . . . ဗလကြီး ပေါင်ရင်ကျူသည် ထူးဆန်း ပြောင်မြောက်စွာ သဘာဝဖြစ်တည်နေသော တောင်ထွတ်တစ်ခုထံ လက်ညှိုးထိုး ညွှန်ပြလိုက်ရင်း . . .

"ကျူးမေ . . . ဟို ကြာပွင့်လို အထပ်ထပ်ဖြစ်နေတဲ့ တောင်ထွတ်ကလည်း တကယ်ကို အံ့ဩစရာပဲနော်"

ထိုအခါ ကျူးမေ၏အကြည့် ဗလကြီး ပေါင်ရင်ကျူ ညွှန်ထိုးပြနေသော တောင်ထွတ်ထံ ရွှေ့ပြောင်းရောက်ရှိသွားရလေသည်။

ထိုစဉ် . . . သူဌေးသား ဝမ်ကျိုစောင်က သူမထံ သိလိုဇောဖြင့် လှမ်းမေးလာသည်က . . .

"ညီမ . . . အဲဒီတောင်ထွတ်ကြည့်ရတာ ကြာပွင့်ကြီးတစ်ပွင့် ပွင့်အာလှပနေသလိုပဲနော်"

ထိုဆိုစကားကြောင့် သူမ သဘောကျစွာ ပြုံးလိုက်ရင်း . . .

"ဟုတ်တယ် . . . အဲဒီလို ကြာပန်းပွင့်နဲ့တူတဲ့အတွက် သူ့ကို ပဒုမ္မာကြာတောင်ထွတ်လို့ အမည်မှည့်ခေါ်ပေးထားတာပေါ့"

သည်တွင် . . . သူဌေးသား ဝမ်ကျိုစောင်နှင့် ဗလကြီး ပေါင်ရင်ကျူတို့ ပြိုင်တူခေါင်းညိတ်မိလိုက်ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်... သူတို့သုံးယောက် ထူးဆန်းလှပစွာ ဖြစ်တည်နေကြသော ကျောက်ဆောင်တောကို ဖြတ်သန်းကြရင်း ကျောက်ဆောင်များ ဝိုင်းရံလျက်ရှိသည့် ရေကန်ကြီးတစ်ကန်သို့ ရောက်ရှိလာကြလေသည်။

ရေကန်ကြီးအတွင်းရှိ ရေပြင်မှာလည်း ဖန်သားသဖွယ် ကြည်လင်လွန်းလျက်ရှိနေရသောကြောင့် ရေကန်အတွင်း အောက်ပိုင်း အခြေအနေကို ပီပြင်စွာ လှမ်းမြင်တွေ့နေရလေသည်။

၎င်း ကျောက်ရေကန်ကြီးအတွင်းဝယ် ရွှေဝါရောင် ငါးကြီးများ ကူးခတ်ဆော့ကစားနေသည်ကို သူတို့ ကြည်နူးစွာ လှမ်းမြင်တွေ့နေရလေသည်။

ပြီး... ၎င်း ကျောက်ရေကန် အောက်ခုံးတွင်လည်း ကျောက်ချွန်၊ ကျောက်စွယ်များနှင့် စိမ်းညို့သော သစ်ပင်များတို့ကို လှပစွာ လှမ်းမြင်တွေ့နေရလေသည်။

ထိုစဉ်... စကားတတ်လွန်းရသော သူဌေးသားဝမ်ကျိုစောင်က ချီးကျူးခိုင်းနှိုင်းစကား ထုတ်ဖော်လိုက်ရသည်မှာ...

"အင်း ကျောက်ဆောင်တောနဲ့ ရှုခင်းရှုကွက်တွေကလည်း ထူးထူးခြားခြား လှပသလို ဟောဒီ ရေကန်ကြီးကလည်းလှ၊ ဒီတော ကျောက်ဆောင်တောမှာ နေထိုင်ကြတဲ့ 'ယီ' တိုင်းရင်းသားကျေးရွာက ရွာသူရွာသားတွေလည်း အားလုံးလှနေကြတယ်လို့ အစ်ကို တင်စားပြောရင် မှားမယ်မထင်ဘူးနော် ဗလကြီး"

ထိုအဆိုကို ဗလကြီး ပေါင်ရင်ကျူက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်... ဟုတ်တယ်"

ထိုအခါ 'ယီ' ကျေးရွာ အဆက်နွယ်ဖြစ်သော ကျူးမေက သူဌေးသားဝမ်ကျိုစောင်၏ ချီးမြှောက်စကား ကြားလိုက်ရသည်နှင့်



သဘောကျစွာဖြင့် တလွင်လွင် ရယ်မောလိုက်လေသည်။

သည်နောက်... သူတို့သုံးယောက် ရေကန်ကြီးမှ ဖဲကြဉ်ကြပြီး ရွာအတွင်းသို့ ပေါက်ရောက်သော တောလမ်းအတိုင်း ဦးတည်လျှောက်လှမ်းလာကြလေသည်။

ထိုစဉ်... ဗလကြီး ပေါင်ရင်ကျူသည် ရှင်မြူးကျော့ရှင်းလှပနေရသော ကျူးမေထံ အကြည့်ရောက်ရင်း...

"ကျူးမေ ဒီနေ့ ကျင်းပမယ့်ပွဲတော်က ဘာပွဲတော်လဲ"

လှမ်းမေးလိုက်တော့ ကျူးမေ၏ ရှင်လဲ့သောအကြည့် ဗလကြီး ပေါင်ရင်ကျူထံ ဝေ့ဝဲရောက်ရှိလာပြီး...

"နှစ်စဉ် ကျင်းပလေ့ရှိတဲ့ မီးတုတ်ပွဲတော်ပါ"

သူဌေးသား ဝမ်ကျိုစောင်၏ မျက်မှောင်တစ်ချက် တွန့်ကြုတ်သွားရပြီး...

"မီးတုတ်ပွဲတော်ဆိုတာက..."

စူးစမ်းဟန်ဖြင့် လှမ်းမေးလာတော့ သူမက အပြုံးရိပ်ဆောင်သျက် ချက်ချင်း တုန့်ပြန်စကားဆိုလာသည်မှာ...

"မီးတုတ်ပွဲတော်ဆိုတာက ကျွန်မတို့ 'ယီ' တိုင်းရင်းသားတွေ အားလုံး မီးကို ကိုးကွယ်ကြတယ်လေ၊ အဲဒီ ပွဲတော်မှာ မီးနဂါးငင်သားထံ မီးပူဇော်ပွဲ၊ မီးနတ်ပူဇော်ပွဲဆိုပြီး ပွဲတော် ကျင်းပပါတယ်"

ဗလကြီး ပေါင်ရင်ကျူက...

"ကျူးမေ ဘယ်လို ပူဇော်ပွဲ ကျင်းပကြတာလဲ"

ကျူးမေက...

"မီးနတ်ပူဇော်ပွဲ ကျင်းပတာကို ကျွန်မ အရင်ရှင်းပြပါ့မယ်"

"ဟုတ်ကဲ့"

စိမ်းစိမ်းညို့ညို့ ရွာဘက်ဆီက တိုက်ခိုက်လာသော လေ

www.burmeseclassic.com

www.burmeseclassic.com



တသုန်သုန်က လမ်းကြောတလျှောက် ရင်ဘောင်တန်းလျှောက်လှမ်းလာကြသည့် သူတို့သုံးဦးတို့ကို တိုးဝှေ့တိုက်ခတ်လာလေသည်။

ဒါကြောင့် သူတို့ စိတ်စုံအနားစများ အလံသဖွယ် တဖျပ်ဖျပ် လှုပ်ခတ်လာလေသည်။

ထိုစဉ်... ကျူးမေက 'ယီ' တိုင်းရင်းသားတို့ မီးနတ်ပူဇော်ပွဲကျင်းပပုံအကြောင်းအား ခရေစေ့တွင်းကျ ထုတ်ဖော်ပြောဆိုလာသည်မှာ...

"ကျွန်မတို့ ဒီနယ်မှာ နေထိုင်ကြတဲ့ 'ယီ' တိုင်းရင်းသားတွေက မီးမွှေးထားတဲ့ မြေတွင်းကို မီးပူဇော်လေ့ရှိတယ်၊ အဲဒီ မီးပူဇော်ပွဲကျင်းပတဲ့ မီးမြေတွင်းထဲကို အဆီတဝင်းဝင်းရှိတဲ့ ဝက်သားတစ်တုံးကို အိမ်ရှင်မက ပစ်ထည့်ရလေ့ရှိတယ်"

သူဌေးသား ဝမ်ကျိုစောင်က...

"ဘာရည်ရွယ်ချက်နဲ့ မီးမြေတွင်းထဲကို အဆီဝင်းတဲ့ ဝက်စားတစ်တုံး ပစ်သွင်းရတာလဲ"

ကျူးမေက မဆိုင်းမတွပင် တုန့်ပြန်ဖြေလိုက်သည်က...

"ရည်ရွယ်ချက်ကတော့ မီးနတ် စောင်မစေဖို့ပါပဲ"

"ဪ..."

"လှျံဆန်းတောင်မှာ နေထိုင်ကြတဲ့ 'ယီ' တိုင်းရင်းသားတွေက မီးမြေတွင်းကို မီးနတ်ရှိရာနေရာသတ်မှတ်ပြီး အဲဒီနေရာကို လူ့တိရစ္ဆာန်များ မနင်းရဘူး၊ မကျော်လွှားရဘူး၊ ပြီးတော့ မီးတွင်းထဲက အမှိုက်သရိုက် မလွှင့်ပစ်ရ ပညတ်ထားပါတယ်"

ထိုစဉ် ဝင်မေးဖို့ အကွက်ချောင်း ငြိမ်နေမိရသော ဗလကြီး ပေါင်ရင်ကျူက...

"ဒါနဲ့... ကျူးမေ မီးနဂါးကိုးကွယ်မှုကတော့... "



စိတ်ဝင်တစားဟန်ဖြင့် လှမ်းမေးလာတော့...

"ကိုယ့်ရိုးရာ ကိုယ့်ဓလေ့ကို စိတ်ပါလက်ပါ ရှင်းပြဖို့ စိတ်ထက်သန်နေရသော ကျူးမေ၏အကြည့်က ဗလကြီး ပေါင်ရင်ကျူထံ ရွှေပြောင်းရောက်ရှိသွားရပြီး...

"မီးနဂါးကို ပူဇော်ပသရတဲ့အကြောင်းကတော့ ပါးစပ်ရာဇဝင်အရဆိုကြတာက ရှေးအခါက ကောင်းကင်ဘုံပေါ်မှာ အင်အားဗလကောင်း "စရေအာပီက..."

စကားဆုံးအောင်ပင် မပြောလိုက်ရချေ။

ကျီစယ်လိုအားသန်နေရသော သူဌေးသား ဝမ်ကျိုစောင်က ကြားဖြတ်ဝင်ရောက် ပြောဆိုလာသည်မှာ...

"အင်အားဗလကောင်းကောင်းဆိုတော့ ဟောဒီက ဗလကြီးလို သူမျိုးလား"

"ဟယ်... ဟုတ်တယ်၊ ဟုတ်တယ်၊ ဟင်း... ဟင်း"

"ဟာဗျာ.. အစ်ကိုကျိုစောင်ကလည်း ကျူးမေအကောင်းပြောနေတဲ့ဥစ္စာ မနှောက်ပါနဲ့"

"အေးပါကွာ"

မကျေမချမ်း ဖြစ်သွားရဟန်ပုံပေါ်သော ဗလကြီး ပေါင်ရင်ကျူ၏ အခြေအနေကြောင့် သူဌေးသား ဝမ်ကျိုစောင်တစ်ယောက် တောင်းပန်သောအကြည့်ဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

ဆက်လက်၍ ကျူးမေက အဆက်ပြတ်သွားရသော စကားကို ဆိုလာသည်မှာ...

"အဲဒီ ကောင်းကင်ဘုံက စရေအာဖီက လူပြည်မှာလည်း ဟောဒီက အစ်ကို ဗလကြီးလိုပေါ့"

"ဟာဗျာ... ကျူးမေက လုပ်ချလိုက်ပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း... ဟင်း။ ဟုတ်တယ်လေ အဲဒီအချိန်တုန်းကလည်း လူ့ပြည်မှာ အင်အားပလကောင်းသူ 'အထီလာပါ' ရှိကြောင်း သတင်း ရရှိသွားတယ်၊ ဒါကြောင့် အင်အားစမ်းရဆိုပြီး 'စရေအာပီ' ဟာ ကောင်းကင်ဘုံကနေ လူ့ပြည်ကို သက်ဆင်းလေရော"

✺✺✺

## အခန်း (၇)

## နဂါးဆေးနှင့် ဗလကြီး

စိတ်ဝင်စားစရာကောင်းလွန်းရသော ရှေးဟောင်း ရာဇဝင်တစ်ခု ကို စာပေပညာတတ်များဖြစ်ကြသော သူဌေးသားဝမ်ကျိစောင်နှင့် ဗလကြီး ပေါင်ရင်ကျူးတို့ သူမထံ အာရုံစူးစိုက်ကြစွာဖြင့် နားစွင့် ထောင်နေမိကြလေသည်။ 'အာ' ညောင်း၍လော၊ ပြောချင်လွန်းလို့ တံတွေးသီးသွားသည်လော မသိပါချေ။

ကျူးမေ အားပါးတရ ပြောဆိုနေမိသော စကားကြော တစ်ခဏ ပြတ်တောက်သွားမိရလေသည်။

သည့်တွင် အရှိန်ကောင်းနေမှ ဆက်တင့်ငံ့ ဖြစ်သွားရသော သူဌေးသား ဝမ်ကျိစောင်နှင့် ဗလကြီး ပေါင်ရင်ကျူးတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြရလေသည်။

ထိုစဉ်... ဗလကြီး ပေါင်ရင်ကျူးက အလျှင်စလို မေးဖြစ်လိုက် သည်မှာ...

"ကျူး.. ကျူးမေ့ လူ့ပြည်သက်ဆင်းလာတော့ သူတို့ ဘာ လုပ်ကြသလဲ"

www.burmeseclassic.com

www.burmeseclassic.com



စူးစမ်းဟန်ဖြင့် မေးလာတော့ ကျူးမေက ကြည်လဲ့သော အပြုံး တစ်ချက် လှစ်ခနဲ ပြုံးလိုက်မိရင်း...

"သူတို့နှစ်ယောက် အိမ်ခေါ်ပြီး နပန်းလုံး ပြိုင်ကြတယ်"

"ဟင်"

ဟု ဗလကြီး ပေါင်ရင်ကျူး စိတ်ကြွစွာ ရေရွတ်မိလိုက်လေသည်။ တကယ်တော့... သူသည် နပန်းလုံးပြိုင်ပွဲ၌ စိတ်အားထက်သန်သူတစ်ဦးဖြစ်သဖြင့် စိတ်အလိုလို ပါဝင်တက်ကြွမိခြင်း ဖြစ်လေသည်။

ဆက်လက်၍ ကျူးမေက စကားဆိုလာသည်မှာ...

"အဲဒီလို သူတို့နှစ်ယောက် စိန်ခေါ်ပြီး နပန်းလုံးပြိုင်ကြတော့ ကောင်းကင်ဘုံက စရေအာပီ ရှုံးသွားတယ်"

"ဟင်" "ဟာ"

မထင်မှတ်စွာအဖြစ်ကို ကြားလိုက်ကြရသော သူဌေးသား ဝမ်ကျိုးစောင်နှင့် ဗလကြီး ပေါင်ရင်ကျူးတို့ တအံ့တသြဖြစ်ကြစွာဖြင့် အာမေဋိတ်ကိုယ်စီ ပြိုင်တူရေရွတ်မိလိုက်ကြလေသည်။

ဟုတ်သည်လေ... သူတို့နှစ်ယောက်အထင်သည် ကောင်းကင်ဘုံက စရေအာပီ အနိုင်ရမည်ဟု ကြိုတင်ထင်မိနေကြသူများ ဖြစ်ကြလေသည်။ အခုတော့...

သူတို့ အထင်နှင့်အမြင် ပါစင်အောင် လွဲချော်သွားရမှုကြောင့် အံ့သြတကြီး ရေရွတ်မိလိုက်ရခြင်း ဖြစ်လေသည်။ ဆက်ပြီး... ကျူးမေက စကားဆိုလာသည်မှာ...

"အဲဒီလို စရေအာပီ ရှုံးသွားရတဲ့သတင်းကို ကောင်းကင်နတ်ဘစတ်ပါးက သိရှိသွားရပြီး စိတ်ဆိုးမာန်ဆိုးနဲ့ သီးနှံဖျက်ပိုးကောင်တွေကို လူပြည်ပေါ် ဖြန့်ချ ဖျက်ဆီးစေတယ်"



"ဪ... ကောင်းကင်နတ်တွေလည်း သူ့လူ ရှုံးနိမ့်သွားရတော့ ခံပြင်းဒေါသထွက်ပြီး သီးနှံဖျက်ပိုးတွေ ဖြန့်ချပစ်တာ ဖြစ်မှာပေါ့"

ထိုသို့ သူဌေးသား ဝမ်ကျိုးစောင်က ဝေဖန်သုံးသပ် ပြောဆိုလိုက်လေသည်။

သည့်တွင်... ဇာတ်လမ်းဆုံးခန်းတိုင်အောင် နားထောင်ချင်မိရသော ဗလကြီး ပေါင်ရင်ကျူးက တိုက်တွန်းစကား ဆိုလိုက်သည်မှာ...

"ကျူးမေ... အဲဒီလို လူပြည်အပေါ် သီးနှံဖျက်ပိုးတွေ ဖြန့်ကျဲချတော့ လူပြည် လူတွေအားလုံး ဒုက္ခရောက်ကုန်မှာပေါ့"

မေးတော့ ကျူးမေက အပြုံးလှလှ ပြုံးလိုက်ရင်း...

"ဟင်း... ဟင်း လူပြည်ကလူတွေကလည်း ဘယ်အညံ့ခံမလဲ၊ နပန်းလုံးမှာ အနိုင်ရရှိသွားတဲ့ 'အထီလာပါ' က လူထုကို ဦးဆောင်ပြီး ထင်းရှူးမီးတုတ်တွေ ထွန်းညှိပြီး ကောင်းကင်က ဖြန့်ကျဲကျရောက်လာတဲ့ ပိုးကောင်တွေကို အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့တယ်၊ အဲဒီအချိန်ကစ အောင်မြင်မှုကို အထိမ်းအမှတ်ပြုပြီး 'ယီ' တိုင်းရင်းသားတို့ ခေတ်အဆက်ဆက် မီးတုတ်ပွဲတော် ကျင်းပလာကြတာပါပဲ"

"ဪ... ဒါနဲ့ မီးနှင်းဆိုတာက နပန်းလုံးမှာ အနိုင်ရရှိတဲ့ 'အထီလာပါ' ကို ကိုးကွယ်တာလား"

ထိုသို့ ဗလကြီး ပေါင်ရင်ကျူးက အတိအကျ သိလိုချင်၍ ကျူးမေထံ လှမ်းမေးလာလေသည်။

သည်တော့... ကျူးမေက မဆိုင်းမတွပင် တုန့်ပြန် ပြောကြားသည်က...

"မီးတုတ်ပွဲဖြစ်ပေါ်လာရတဲ့ ပါးစပ်ရာဇဝင်ကို ကျွန်မ ပြောပြ

www.burmeseclassic.com



တာပါ။ မီးနဂါးဆိုတာက မီးနဂါးနတ်မင်း ရာဇဝင်တော့ ရှိမယ့်ထင်ပါတယ်၊ ဒါတော့ ကျွန်မ မေးမြန်း မကြည့်ရသေးပါဘူး''

''ဪ... ဪ''

''မီးတုတ်ပွဲတော် ကျင်းပတဲ့ညရောက်ရင် 'ယီ'တိုင်းရင်းသားတွေဟာ မီးတုတ်ကိုယ်စီဆွဲကိုင်ပြီး နေအိမ်များနဲ့ လယ်ခင်းယာခင်းများကို ဝိုင်းပတ်လှည့်ကြပါတယ်၊ ပြီးတော့ လယ်ကန်သင်းရိုးတစ်လျှောက်မှာ ထင်းရှူးမီးတုတ်တွေ ထိုးစိုက်ထားပြီး ပိုးကောင်တွေကို နှင်ထုတ်ကြပါတယ်၊ အဲဒီလို စီတန်းလှည့်လည်ပွဲ ပြီးဆုံးတဲ့အခါ ရွာသူရွာသားတစ်ရပ်လုံးက မီးပုံဘေးမှာ ဝိုင်းပါတ်ကြပြီး ဗျပ်စောင်းတီးကြရင်း ႏွဲပြားမှုတ်ကြတယ်''

''ဪ... ပျော်စရာကောင်းမှာပဲနော်''

ထိုသို့ သူဌေးသားဝမ်ကျိုစောင်က ကောက်ချက်ချ ပြောဆိုလိုက်လေသည်။

ကျူးမေက ဆက်၍...

''အဲဒီပွဲတော်မှာ နှပန်းလုံးပွဲ ကျင်းပတယ်''

ထိုဆိုစကား ကြားလိုက်ရတော့ နှပန်းလုံးဝါသနာထုံလွှမ်းနေရသော ဗလကြီး ပေါင်ရင်ကျူ၏မျက်လုံးအစုံတို့ ဝင်းလက်သွားရလေသည်။

သည်တွင်... 'ယီ'တိုင်းရင်းသားတို့၏ မီးတုတ်ပွဲတော်အကြောင်း မကုန်စင်သေးသဖြင့် ကျူးမေက-တက်ကြွစွာဖြင့် ဆက်လက် ပြောဆိုလာသည်မှာ...

''ပြီးတော့... 'ယီ'လူမျိုးတို့ဟာ သုံးကြိုးတပ်စောင်းကြီးတွေ တီးခတ်ကြပြီး 'ယီ'မိန်းမပျိုတွေက 'စောင်းတီးချက်အတိုင်းလိုက်ပြီး ပေါ့ပါးဖျတ်လတ် မြူးတူးစွာ ကခုန်ကြတယ်''



ယင်းသို့... ကျူးမေ၏ ထုတ်ဖော်ရှင်းချက်စကားကို ကြားရပြီး သူဌေးသားဝမ်ကျိုစောင်နှင့် ဗလကြီး ပေါင်ရင်ကျူတို့ ယီတိုင်းရင်းသားတို့၏ မီးတုတ်ပွဲတော်၏ ကျင်းပမှုကို တွေးမိကြပြီး အတိုင်းမသိ အလိုလို ပျော်ရွှင်သွားမိကြလေတော့သည်။

* * *

တကယ်လည်း ကျူးမေ ပြောပြသကဲ့သို့ ယီတိုင်းရင်းသားတို့၏ မီးတုတ်ပွဲတော်များ စည်ကားသိုက်မြိုက်လျက် ပျော်ရွှင်စရာ အလွန်ကောင်းကြောင်း တစိမ့်စိမ့်သည်တော်များ ဖြစ်ကြသော သူဌေးသားဝမ်ကျိုစောင်နှင့် ဗလကြီး ပေါင်ရင်ကျူတို့ ကိုယ်တွေ့ကြုံမိကြလေသည်။ ညနေပိုင်းသို့ ရောက်သောအခါ နပန်းစိမ်ခေါ်ပွဲ ကျင်းပလေသည်။

ထိုစဉ်... နပန်းဝါသနာထုံလွှမ်းရသော ဗလကြီး ပေါင်ရင်ကျူ စိတ်ဓာတ် အလိုလို ဖောက်ကြွနေမိရသည်။ ထိုအချင်းအရာကို လှမ်းအကဲခတ်မိရသော သူဌေးသား ဝမ်ကျိုစောင်စိတ်ထဲက ကြိတ်ပြုံးမိလိုက်ရလေသည်။

ထိုစဉ်အခိုက်... ဝါသနာဝါလွှမ်းရသော ရွာသားများ အရင်ဆုံး စိမ်ခေါ် ယှဉ်ပြိုင်ကြလေသည်။

ပြီးလျှင်... ထို ယှဉ်ပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲလာသော လူရွယ်က ကြိုးဝိုင်းပတ်ပတ်လည်၌ ဝိုင်းရံကြည့်ရှုအားပေးနေကြသည့် ပရိသတ်များထံ လှည့်လည်ပြီး ယှဉ်ပြိုင်မည့်သူကို စိမ်ခေါ်လိုက်လေသည်။

ထိုသို့... စိမ်ခေါ်ချိန်၌ နပန်းပြိုင်ပွဲ ကြိုးဝိုင်းဆီသို့ လူသုံးယောက်တို့ ဝင်ရောက်လာကြလေသည်။ ယင်း လူသုံးယောက်တို့မှာ တခြားသူများ မဟုတ်ကြပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျူးမေ၊ သူဌေးသားဝမ်ကျိုစောင်နှင့် ဗလကြီး ပေါင်ရှင်ကျူးတို့ ဖြစ်ကြလေသည်။

ထိုအချိန်တွင် ကြိုးဝိုင်းအတွင်းဝယ် လက်ခမောင်းခတ်၍ စိမ်ခေါ်နေသောသူက ဗလတွားကြိုင်းခြင်း မရှိဘဲ ကိုယ်ကာယသေးသိမ်သူ ဖြစ်လေသည်။

အရပ်ကလည်း ပုပျပ်ဖျပ်ပင်။

ပြောရလျှင် ဗိုလ်စွဲထားသူ လူရွယ်မှာ အထင်ကြီးစရာ တစ်ချက်လေးမျှ မရှိပါချေ။

ထိုစဉ်... သူဌေးသား ဝမ်ကျိုစောင်က သွေးကြွနေရသော ဗလကြီး ပေါင်ရှင်ကျူးထံ အကြည့်ရောက်ရင်း...

"ဗလကြီး... စိမ်ခေါ်နေတဲ့ကောင်က မင်းနဲ့ယှဉ်ရင် ချေးပစ်တဲ့ တုတ်လောက်ပဲ ရှိတယ်"

သူ့ဆိုစကားက ဗလကြီး ပေါင်ရှင်ကျူးကို ထိုးဆွလိုက် ဖြစ်သွားရသည်။

သည်တွင်... ကျူးမေက ဝင်ရောက်၍ လှုံ့ဆော်စကားဆိုလာသည်မှာ...

"အစ်ကို ဗလကြီး၊ ဝင်ပြိုင်လိုက်ရင် သိပ်ကြည့်ကောင်းမှာပဲ"

သည်တော့ သူဌေးသား ဝမ်ကျိုစောင်က အားတက်သရော ထောက်ခံစကား ဆိုလိုက်သည်က...

"တုတ်တယ်ကွ... မင်းလည်း နပန်းမှာ ကျွမ်းကျင်မှန်းသိအောင် မင်းအကြောင်း ပြလိုက်စမ်းပါ"

အတူပါသူနှစ်ဦးတို့က တက်ညီလက်ညီ ထောက်ခံလာသဖြင့် နဂိုကမှ သွေးကြွနေရသော ဗလကြီး ပေါင်ရှင်ကျူးက ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီး...



"ကောင်းပြီ... ကျုပ် ဒီကောင်နဲ့ ဝင်ယှဉ်ပြိုင်မယ်"

ယင်းသို့... သူ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကြေငြာလိုက်သော ဆိုစကားကို ကြားလိုက်ကြရသည့် ကျူးမေနှင့် သူဌေးသားဝမ်ကျိုစောင်တို့ ကျေနပ်စွာ ပြိုင်တူ ပြုံးလိုက်မိကြလေသည်။

ထိုအခါ... ကျူးမေက ဗလကြီး ပေါင်ရှင်ကျူ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အော်ဟစ်ကြေငြာလိုက်လေသည်။

သည်တွင်... ဝင်ရောက်ယှဉ်ပြိုင်မည့်သူကို မျှော်လင့်နေမိကြသော ပရိသတ်အားလုံးတို့၏ အကြည့်များ ဗလကြီး ပေါင်ရှင်ကျူထံ စုပြုံကျရောက်လာကြလေသည်။

သည်နောက်... ဗလကြီး ပေါင်ရှင်ကျူးသည် ကြိုးဝိုင်းထဲသို့ ခုန်ဝင်လိုက်လေသည်။

ထိုစဉ်... ကျူးမေနှင့် သူဌေးသားဝမ်ကျိုစောင်တို့က ပြိုင်တူ အော်ဟစ်အားပေးလိုက်ကြသည်။

"ဗလကြီး... ဗလကြီး"

သည်နောက်... ကြိုးဝိုင်းအလယ်တွင် ယီတိုင်းရှင်းသား လူရွယ်နှင့် ဗလကြီး ပေါင်ရှင်ကျူတို့ မျက်နှာချင်းဆိုင်မိကြလေသည်။

သည်တွင်... ဆင်နှင့် ဆိတ်ပမာ ကာယဗလခြင်း ကွာခြားနေရသည်မို့ ဗလ သာလွန်နေရသော ဗလကြီး ပေါင်ရှင်ကျူက အထင်မြင်သေးစွာဖြင့် ယီလူရွယ်ကို အရှင်ဖမ်းချုပ်ပြီး ဗလအားကိုးဖြင့် ကြမ်းပြင်ပေါ်သို့ ဖိလှဲပစ်လိုက်သည်။

"ယား"

"ဝို"

"ဘုန်း"

"အွန်"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူ ဖိလှဲ့ပစ်လိုက်သော်လည်း ယီလူရှယ်က မထင်မှတ်စွာ တစ်ဖက်ကို ရှောင်တိမ်းလိုက်ပြီး ဗလကြီးကို တွန်းပြန်၍ သူ့ကိုယ်ရှိန်နှင့်သူ အသုံးပြု၍ ကြမ်းပြင်ပေါ် ဆွဲလှဲချလိုက်လေသည်။

ထိုအခါ ... မည်သို့မျှ ဟန့်တားနိုင်ခြင်း မရှိတော့သော ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် ကြမ်းပြင်ပေါ်သို့ အရှိန်ပြင်းစွာ ဘုန်းခနဲ ကျရောက်သွားရလေသည်။

"နဂါးလေးကွ"

"ဖြောင်း... ဖြောင်း... ဖြောင်း... ရှီ"

အောင်မြင်မှု ရရှိသွားတော့ ပွဲကြည့်ပရိသတ်များက ချီးကျူး ဩဘာသံများ စီညံစွာ ထွက်ပေါ်လာလေသည်။ ဗလကြီး ပေါင်ရင်ကျူး တစ်ယောက် ညည်းတွားသံပြုရင်း ကြမ်းပြင်ပေါ်က အားယူထရပ် လာလေသည်။ ကိုယ်တိုင်တွေ့ကြုံ ခံစားလိုက်ရတော့မှ အကောင် သေးပေမင့် ... မြွေပွေးမှန်း ဗလကြီး ပေါင်ရင်ကျူး ကောင်းစွာ သဘောပေါက်နားလည်မိလိုက်ရလေသည်။

ဒါကြောင့်... သူ နဂါးလေးမည်သော ယီလူရှယ်ကို ပေါ့ပေါ့ တန်တန် ရင်ဆိုင်တိုက်ခိုက်၍ မဖြစ်တော့ကြောင်း တွက်ဆမိလိုက် သည်။

ပြီး... ဗလကြီး ပေါင်ရင်ကျူးနှင့် နဂါးလေး ယီလူရှယ်တို့ ဒုတိယအကြိမ် နပန်းလုံးယှဉ်ပြိုင် တိုက်ခိုက်ကြရန်အတွက် တစ်ယောက် ပခုံးနှစ်ဖက်ရှိ အကျီစတို့ကို ပြိုင်တူဆုပ်ကိုင်မိကြလေ သည်။

"နဂါးလေးတဲ့ကွ"

"ဗလကြီး... လုပ်ထား"

အားပေးသံ အများထဲက စူးရှကျယ်လောင်စွာ အော်ဟစ်အား



ပေးလာသော သူဌေးသားဝမ်ကျိစောင်၏အော်သံ ထူးထူးခြားခြား ပေါ်ထွက်လာလေသည်။

သို့ဖြင့်... သူတို့နှစ်ယောက် တိုက်ခိုက်ကြရန် တစ်ယောက် ကို တစ်ယောက် လစ်ဟာကွက်ကို ချောင်းမြောင်း ရှာဖွေနေကြလေ တော့သည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## မိုးနဂါးနှင့် မိုးနတ်

ထိုအခိုက်မှာပင်...

နဂါးလေး ယီလူရှယ်သည် မထင်မှတ်စွာပင် သူ့ဘယ်လက်တစ်ဖက်က ဗလကြီး ပခုံးစွန်းအကျီတစ်ဖက် ဆုပ်ကိုင်ရင်း ဖျတ်ခနဲ ဆောင့်ကြောင့်ထိုင်လိုက်သည်။

ပြီး... သူ့ညာဘက်လက်တစ်ဖက်က ဗလကြီး ပေါင်ရင်ကျူ၏ ညာခြေတခေါက်ခွက်ကို ပွေ့ပိုက်ချုပ်လိုက်သည်။

သည့်နောက်... နဂါးလေးယီသည် ဗလကြီး ပေါင်ရင်ကျူ၏ ခါးစောင်းအလယ်မှနေ၍ ပခုံးဖြင့် ထမ်းမလိုက်လေသည်။

"ဟိုင်း... ယား"

"ဝို"

"ဘုန်း"

"အူး"

နဂါးလေးယီ၏ လှုပ်ရှားမှုက သွက်လက်လျှင်မြန်လွန်းသောကြောင့် ဗလကြီး ပေါင်ရင်ကျူ လုံးဝ မတုန့်ပြန်နိုင်ဘဲ ကြမ်းပြင်ပေါ်သို့



ကိုင်ပေါက်ခံလိုက်ရလေသည်။ ကြမ်းပြင်ပေါ်သို့ အရှိန်အဟုန်ပြင်းထန်စွာ ကျရောက်သွားရသော ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ကြမ်းပြင်ပြေါ်ဝယ် ညည်းတွားလူးလွန့်နေရလေသည်။

"နဂါးလေးကွ"

"ရှိ... ဖြောင်း... ဖြောင်း... ဖြောင်း"

ထိုအချိန့်တွင်... သူဌေးသား ဝမ်ကျိုစောင်နှင့် ကျူးမေတို့ နဂါးလေးယီ လက်ချက်ကြောင့် ကြမ်းပြင်ပေါ်ဝယ် မသက်မသာ ခံစားနေရသော ဗလကြီး ပေါင်ရင်ကျူ ကြည့်ပြီး ကြိတ်ပြုံး ပြုံးလိုက်မိကြလေသည်။ သို့သော်... လှေခွက်ကြီးကျန် အလံမလဲ စိတ်ဓာတ်ရှိဟန်တူသော ဗလကြီး ပေါင်ရင်ကျူတစ်ယောက် လူးလိမ့်နေရာက အံတင်းကာ ထလာလေသည်။

ထိုစဉ်... ဝင့်ကြွားမာန်တက်နေရသော နဂါးလေးယီက ကုန်းရုန်းထလာသည့် ဗလကြီး ပေါင်ရင်ကျူထံ ခုန်ပျံတိုက်နိုက်လာလေသည်။

"ဟိုင်း... ယား"

"ဝို... ဝို"

"ဖောင်း ဖောင်း"

"အီး အူး"

"ဘုန်း"

နဂါးလေးယီလူရှယ်၏ ဘယ်ညာခြေစုံ စကြာတိုက်ကွက်ကို မိမိရရ ထိမှန်သွားရသော ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ညည်းတွားသံကြီးနှင့်အတူ ချာလပတ်လည်ကာ ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျရောက်သွားရလေသည်။ အခြေအနေ မလှမှန်းသွက်ဆမိလိုက်ရသဖြင့် ကျူးမေသည် လက်ထဲက အသင့်ပါလာသော ပုဝါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ထည်ကို ကြိုးဝိုင်းအတွင်းသို့ မြှောက်ပစ်သွင်းလိုက်လေသည်။

"ဂွး"

"ဖလပ် ဖလပ်"

အရှုံးပေးလိုက်ပြီဟူသော ကျူးမေ၏ သင်္ကေတကို လှမ်းမြင်တွေ့လိုက်ရသည့် ဒိုင်လူကြီးလုပ်သူက နဂါးလေးယီလူရွယ်ကို လက်တစ်ဖက် မြှောက်ကာ အနိုင်ပေးလိုက်လေသည်။

"နဂါးလေးကွ"

"ပြိုင်ဘက်ကင်း နပန်းသမား နဂါးလေးဟေ့"

"ဝိုး ဖြောင်း ဖြောင်း ဖြောင်း"

ဗလကြီးကို အနိုင်ရရှိသွားသော နဂါးလေးယီကို ဝိုင်းဝန်းချီးကျူးသြဘာပေးကြသည့်အသံများ မိုးပြိုခမန်း ဆူညံဟိန်းစွာ ထွက်ပေါ်လာလေသည်။

သည်နောက်. . . ကျူးမေနှင့် သူဌေးသားဝမ်ကျိုစောင်တို့သည် ကြိုးဝိုင်းအတွင်းရှိ ကြမ်းပြင်ပေါ်ဝယ် သတိလစ်တစ်ချက် မလစ်တစ်ချက် ရှိနေရသော ဗလကြီး ပေါင်ရင်ကျူကို မနိုင်မနင်း သယ်မကာ အပြင်သို့ ထုတ်လိုက်ကြသည်။ ကျူးမေသည် ဗလကြီး ပေါင်ရင်ကျူ၏ မျက်နှာနှစ်ဖက်ရှိ ဒဏ်ရာဒဏ်ချက်တို့ကို ဒဏ်ကြေလိမ်းဆေး ထုတ်လိမ်းပေးရင်း စိတ်မကောင်းခြင်း လေသံဖြင့်. . .

"အစ်ကို ဗလကြီးရယ် ဖြစ်မှဖြစ်ရလေ။ ကျွန်မတော့ နဂါးလေးအကောင်သေးသေးကို ရှင့်ဗလကြီးနဲ့ အသာစားကြည့် နိုင်မယ်ထင်နေတာ၊ အခုလို ဖြစ်မယ်ဆိုရင် ဝင်မပြိုင်နိုင်းပါဘူးရှင်"

သူဌေးသား ဝမ်ကျိုစောင်က မခံချိမခံသာ လေသံဖြင့်. . .

"နို့မို့ဆိုရင် ငါ့ဗလကြီးက နဂါးလေးကို နိုင်နိုင်ဖိတယ်၊ သူ လေ့ကျင့်မှု အခုတလော ပြတ်တောက်သွားလို့ပါ"



မည်သို့ပင်ဆိုစေ. . .

ဗလကြီး ပေါင်ရင်ကျူသည် နဂါးလေးယီလက်ချက်ကြောင့် ရှုံးနိမ့်၍ ဒဏ်ရာရရှိခဲ့သော်လည်း အမြတ်တစ်ခု ထွက်လာသည်ဟု ယူဆကာ ဖြေသာ ကြည်နူးနေမိမည်။

ထို အမြတ်တစ်ခုဆိုသည်ကတော့ တခြားမဟုတ်ပါချေ။ သူရရှိနေသော ဒဏ်ရာဒဏ်ချက်တို့ကို သူ စွဲလန်းခုံမင် မြတ်နိုးနေရသည့် ကျူးမေ၏ ပြုစုယုယမှုကို ခံယူနေရသည်ကို အမြတ်တစ်ခုဟု ယူဆကာ ဗလကြီး သာယာကြည်နူးနေမိရခြင်း ဖြစ်လေသည်။

သို့နှင့်. . . သူတို့ ယီကျေးရွာတွင် တစ်ညအိပ်စက် အနားယူခဲ့ကြပြီး လိုဟန် နန်းမြို့ကြီးသို့ ပြန်လာခဲ့ကြလေသည်။

သူဌေးသား ဝမ်ကျိုစောင်နှင့် ဗလကြီး ပေါင်ရင်ကျူတို့ တက္ကသိုလ်ရိပ်သာ တည်းခိုဆောင်သို့ ပြန်ရောက်လာခဲ့ကြသောအခါ ရောင်းရင်းအပေါင်းသင်တို့ ဒဏ်ရာဒဏ်ချက်များနှင့် ပြန်ရောက်လာသည့် ဗလကြီး၏ အခြေအနေဆိုးကို ကြုံတွေ့ကြရပြီး တအံ့တသြ ဖြစ်ကြကာ ဝိုင်းဝန်းမေးစုလာကြလေသည်။

ထိုအခါ ယီကျေးရွာပွဲတော်၌ ကျင်းပသော နပန်းပွဲတွင် ဗလကြီး ပေါင်ရင်ကျူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့၍ ရှုံးနိမ့်ဒဏ်ရာရခဲ့ကြောင်း ရောင်းရင်းအပေါင်းတို့ ကြားသိကြရပြီး ဗဟိဒ္ဓရုပ်သွင်က စိတ်မကောင်း ပြုကြသော်လည်း သူတို့ဝမ်းတွင်းမှာ ကြိတ်ပြုံးပြုံးနေမိကြလေသည်။

ထိုစနက်သည် သူဌေးသားဝမ်ကျိုစောင်နှင့် ကျူးမေတို့ဖြစ်ကြောင်း ကျောင်းသားများ ကောင်းစွာ သဘောပေါက်နားလည်မိကြလေသည်။

သည်တွင် အစသန်လွန်းလှသော ကျောင်းသားတစ်ဦးက ဗလကြီး ပေါင်ရင်ကျူကို စကားတစ်ခွန်း ဆိုလိုက်သည်မှာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဗလကြီးရာ... နေရာတကာမှာ မင်းဗလအားကိုးနဲ့ အနိုင်ရမယ် မထင်နဲ့၊ မင်း ယှဉ်ပြိုင်ခဲ့တဲ့ ယီရှာက နဂါးလေးဆိုတာ နပန်းမှာ ပြိုင်ဘက်ကင်း နပန်းသမားလေးကွ၊ မင်းကို ဒီလောက်ဒဏ်ရာပဲရစေခဲ့တာ တော်သေးတာပေါ့၊ မင်း ဗလကြီးဟာ အလှပြဖို့ပဲ ကောင်းပါတယ်ကွာ"

ထိုသို့... သတိပေးသလိုနှင့် စကားအဆုံးတွင် ပြက်ရယ်ပြုပြီး ထိုကျောင်းသား အိပ်ခန်းဆောင်ထဲက ကျောခိုင်း ထွက်ခွာသွားလေသည်။

ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် နဂါးလေးယီပေးခဲ့သော ဒဏ်ရာဒဏ်ချက်တို့ကို တစ်ပတ်တိတိ ဆေးကုသလိုက်မှ ပျောက်ကင်းသလို ရှိသွားရလေသည်။

ထိုသို့... ဒဏ်ရာဒဏ်ချက် ပျောက်ကင်းသွားသလိုရှိခဲ့ရသော်လည်း သူ့ရင်ထဲက စွဲလန်းမှုက လုံးဝ မကျက်နိုင်ဘဲ သည်းသထက်သည်းထန်လာရလေသည်။

သူ့ရင်ထဲက စွဲလန်းမှုက တခြား ဟုတ်ရိုးလား၊ သူ ဒဏ်ရာရရှိခဲ့စဉ်က ယုယကြင်နာစွာ ပြုစုခဲ့ပေးသော ကျူးမေ၏ မျက်နှာအလှလေးကိုသာ တသသ မြင်ယောင်စွဲလန်းနေမိရလေသည်။

သည်ကနေ့... ကျောင်းပိတ်ရက်မို့ လွမ်းဖျားလွမ်းနာကျနေရသော ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် နံနက်ခင်း အစာပြေစားသောက်ပြီးနောက် သူ့အိပ်ခန်းဆောင်ထဲဝယ် အခန်းအောင်းကာ ကျူးမေကို တမ်းတလွမ်းဆွတ်နေမိသည်။

သူ့အောင်သွယ်တော် သူဌေးသားဝမ်ကျိုစောင်တစ်ယောက်မှာမူ မနေ့က ကျူးမေဆီ ကျောင်းပိတ်ရက်သွားရောက်မည်ဟု အကြောင်းပြကာ သူ့ထံက ငွေချေးသွားခဲ့ချေပြီ။



အခုတော့... သူဌေးသား ဝမ်ကျိုစောင်တစ်ယောက် နံနက်ခင်း အဆာပြေစားသောက်ပြီးနောက် အပြင်သို့ ထွက်ခွာသွားချေပြီကော။

* * *

သူတစ်ယောက်တည်း စားပွဲတစ်လုံးတွင် ထိုင်လျက် လက်ဖက်ရည်သောက်ရင်း ကျူးမေအကြောင်းအား တွေးတောစဉ်းစားနေမိသည်။ ထိုအခိုက်မှာပင်...

"ဘုန်း ဘုန်း"

အတွေးကောင်းနေစဉ် ရုတ်တရက် တံခါးပုတ်သံနှစ်ချက်ဆက်တိုက်ပေါ်လာသဖြင့် ဗလကြီး ပေါင်ရင်ကျူး၏ အတွေးစဉ်များ ပြတ်တောက်သွားရပြီး...

"ဘယ်သူလဲဟေ့"

ဟု စိတ်မပါ့တပါသံဖြင့် တံခါးပုတ်လာသူထံ လှမ်းမေးလိုက်လေသည်။

ထိုအခါ တံခါးပြင်ဘက်က တုန့်ပြန်သံ ပြုလာသည်မှာ...

"အထစ် ကျင်ချွေဖိန်ပါ"

"ဩော်... ဝင်ခဲ့ကွာ တံခါးစေ့ထားတယ်"

"အေး... အေး"

ဟု ဆိုကာ အထစ် ကျင်ချွေဖိန်တစ်ယောက် တံခါးကိုတွန်း၍ အိပ်ခန်းဆောင်ထဲ ဝင်ရောက်လာလေသည်။

သူ ထိုင်နေရာ စားပွဲဝိုင်းဆီသို့ အထစ် ကျင်ချွေဖိန်တစ်ယောက် ဝင်ရောက်ထိုင်လာလေသည်။

"ဘာကိစ္စရှိလဲ အထစ်"

လာရင်းကိစ္စ သိလို၍ လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထိစ် ကျင်ရွှေဖိန့်က မဆိုင်းမတွပင် တုန့်ပြန်စကား ဆိုလိုက်သည်မှာ...

"ငါတော့တာ တခြားကိစ္စကြောင့် မဟုတ်ဘူး၊ မင်း သူဌေးသား လှည့်ဖြားမှုအောက်မှာ နေမြင့်လေ အရှုံးရင့်လေ ဖြစ်လာမှာစိုးလို့ သတိပေးစကား ပြောချင်လို့ ရောက်လာရတာပဲ"

"ဗျာင်"

ဆိုရောက် လေးနက်သောစကားကြောင့် ဗလကြီး ပေါင်ရင်ကျုတစ်ယောက် မခံချိမခံသာ ဖြစ်တည်သွားရပြီး...

"သူဌေးသား ငါ့ကို ဘာတွေ လှည့်စားနေလို့လဲ"

"အိမ်း... မင်းကတော့ ကျူးမေကို စွဲလန်းစိတ်နဲ့ သူဌေးသား ကျူးမေကို ခုတုံးလုပ်ပြီး မင်းဆီက ငွေ မကြာခဏချေးနေတယ်ဆိုတာ တို့သိပါတယ်၊ သူ့ကို ငွေတွေချေးပေးနေတာကို မနာလို ဝန်တိုစိတ်နဲ့ ပြောနေတာမဟုတ်ပါဘူး၊ မင်း ကျူးမေ စွဲလန်းစိတ် ကြီးသထက်ကြီးလာရပြီး နေမြင့်လေ အရှုံးရင့်လေ ဖြစ်လာမှာစိုးလို့ သူငယ်ချင်းကောင်းပီသစွာနဲ့ လာသတိပေးတာပဲ"

"ဘာလဲ... ကျူးမေရဲ့ လှည့်စားမှုကို ငါခံရမှာ စိုးရိမ်လို့လား"

မခံချင်စိတ်၏ မေးသံက ခက်ထန်မာကျောနေသယောင် ရှိသည်။ သည်တွင်...

အထိစ် ကျင်ရွှေဖိန့်ကဲ့ ခေါင်းတစ်ချက်ခါယမ်းလိုက်ကာ...

"ကျူးမေ အလှည့်စားခံရတာထက် အနီးကပ် သူဌေးသား ဝမ်ကျိုစောင် လှည့်စားနေတာမှ မင်း အဖြစ်မှန်သိရင် ရင်နာဖို့ ကောင်းလွန်းတယ် ဗလကြီး"

"သူ ငါ့ကို အယ်လို လှည့်စားနေသလဲ"

"ဟုတ်ပြီ... လောလောလတ်လတ် ဒဏ်ရာကျက်ရှိသေးတဲ့



ကိစ္စတစ်ခု ပြောပြမယ်"

"ဘာလဲ... ယိကျေးရွာက နပန်းကိစ္စလား"

"ဟုတ်တယ်... တကယ်ဆို ကျူးမေက မင်းအပေါ် ကြင်နာမှုရှိခဲ့ရင် နပန်းပွဲကို မင်း ဝင်ယှဉ်ပြိုင် မဆိုင်းသင့်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီ နပန်းမှာ ပြိုင်ဘက်ကင်း နဂါးရှေးယိအကြောင်းကို ရွာမျိုးဆက်ဖြစ်တဲ့ ကျူးမေ သိကိုသိရမယ်၊ ငါတို့ နပန်းလေ့ကျင့်မှု ပြတ်နေတဲ့ ကျောင်းသားတစ်ယောက်ဟာ နပန်းကျော်တစ်ဦးနဲ့ ဖင်ရောက်ယှဉ်ပြိုင်တာဟာ ကျားရှိတဲ့ဂူထဲ ဝင်ရောက်မိတဲ့ သိုးတစ်ကောင်လိုပဲ ဖြစ်တော့မှာပေါ့ မဟုတ်ဘူးလား"

"အင်း"

"အေး... မင်း ဝင်ပြိုင်ရင် ရှုံးမှန်း သေချာသိကြရဲ့နဲ့ သူတို့ အကြံတူညာဏ်တူ မင်းကို အဲဒီနပန်းပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခိုင်းရတာလဲ"

ထိုသို့... အကွက်ထောက် ပြောပြလာတော့ သဘောပေါက်ဆင်ခြင်မိစွာဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်ရပြီး...

"အင်း... ဟုတ်တယ်"

"ဟုတ်ကို ဟုတ်ရမယ်၊ မင်းကို သူတို့နှစ်ယောက် ပေါင်းကြံပြီး ရယ်စရာ အရူးလုပ်နေကြတာပဲ၊ သူဌေးသားက သူသြဇာခံနေတဲ့ ကျူးမေကို ဘန်းပြပြီး သူ သုံးဖြုန်းလို့ ငွေချေးလို့ရအောင် မင်းဆီက ငွေချေးနေတာပဲ၊ ကျူးမေကလည်း သူ့သြဇာခံတစ်ယောက်ဆိုတော့ သူဌေးသား လုပ်ခိုင်းသမျှ လိုက်လုပ်ပေးနေတာပဲ"

ထိုဆိုစကားကြောင့် ဗလကြီး ပေါင်ရင်ကျုတစ်ယောက် မျက်မှောင်အလိုလို ကြုတ်သွားမိရပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကျူးမေဟာ သူ့ညီမဝမ်းကွဲမို့ သူ့အစ်ကို နိုင်းစေတာ ဂိုက်လုပ်ပေးနေတာလား"

ထိုအမေးကြောင့် အထစ်ကျင်ချွေဖိန်တစ်ယောက် သဘောကျစွာဖြင့် တစ်ချက်ရယ်မောမိလိုက်လေသည်။

"ဟတ်. . . ဟား. . . ဟား၊ ဘယ်ကလာ မောင်နှမဝမ်းကွဲ ဟုတ်ရမှာလဲ၊ ကျူးမေဟာ သူ့ဌေးသား ဝမ်ကျိစောင်ရဲ့ တွဲခုတ်နေတဲ့ မိန်းကလေးတွေက တစ်ယောက်ပဲ"

"ဟင်. . မင်း. . မင်း မဟုတ်တာ မပြောပါနဲ့"

မခံချင်စိတ်ဖြင့် ဗလကြီး ပေါင်ရင်ကျူက အထစ် ကျင်ချွေဖိန်ကို ဝေါက်ငမ်းပြောဆိုလိုက်သည်။

သည်တော့ အထစ်ကျင်ချွေဖိန်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်ရင်း. . .

"ဟင်း. . . ဟင်း၊ ငါပြောတာ မယုံကြည်ဘူး မ. . မဟုတ်လား"

"မဖြစ်နိုင်ဘူး"

"ကောင်းပြီ၊ ဒါဆိုရင် ငါ အရေးပေါ်ခေါ်တဲ့တစ်နေ့ မင်း ငါနဲ့ ကောက်ခါငင်ခါ လိုက်နိုင်ဖို့ ကြိုးစားထား၊ အဲဒီအခါကျမှ သူတို့ နှစ်ယောက်အကြောင်း ကောင်းကောင်း သိစေရမယ်"

"အိမ်း . . . ငါ အဲဒီအချိန်ကျရင် အသင့်လိုက်နိုင်အောင် ကြိုးစားပြင်ဆင်ထားမယ်"

"ကောင်းပြီ. . အဲ ဒါပေမယ့် အဲဒီကိစ္စကိုတော့ သူဌေးသားဆီ မပေါက်ရောက်ဖို့ လုံးဝ ကတိပေးရမယ်"

"ပေးတယ် အထစ်"

"ကောင်း. . ကောင်းပြီ ငါ သွားမယ်"



"အေး"

ဟုဆိုကာ ဗလကြီး ပေါင်ရင်ကျူမှာ စိတ်မပါစွာဖြင့် ခေါင်းဆတ်ခနဲ ညိတ်လိုက်မိရလေသည်။

အထစ် ကျင်ချွေဖိန်တစ်ယောက် သူ့အိပ်ခန်းဆောင်ထဲက ကျောခိုင်းထွက်ခွာသွားလေသည်။

ဗလကြီး ပေါင်ရင်ကျူတစ်ယောက် မမျှော်လင့်ဘဲ အထစ် ကျင်ချွေဖိန် ထုတ်ဖော်ပြောဆိုသွားခဲ့သော စကားကြောင့် ကျူးမေနှင့် ပတ်သက်ပြီး အတွေးလုလုပင် မတွေးနိုင်တော့ချေ။

သူ အထစ် ကျင်ချွေဖိန် ပြောဆိုသွားခဲ့သည့် စကားအရ သူဌေးသား ဝမ်ကျိစောင်နှင့် ကျူးမေတို့ ချစ်သူတွေ ဖြစ်နေကြကြောင်းကိစ္စ သူ့ခေါင်းထဲ ဝင်ရောက် စိုးမိုးနေရပြီး ယုံရခက်ခက် မယုံရခက်ခက် ဖြစ်နေရလေသည်။

"အင်း. . . အထစ်ပြောသလို သူတို့နှစ်ယောက် ချစ်သူတွေ ဆိုရင်လည်း သူဌေးသား သူ့ချစ်သူတစ်ယောက်ကို သူများလက်ထဲ ထိုးထည့်လုပ်စားဖို့ ကြံမယ်မထင်ပါဘူး၊ ပြီးတော့ ကျူးမေကလည်း သူဌေးသား အထင်လွဲအောင် နိုင်းတိုင်းလိုက်လုပ်မယ့် လူတန်းစား လား"

ယင်းသို့ သူ သို့လော၊ သို့လော အတွေးပွားများနေစဉ်. . .

"ဘုန်း"

တံခါးတစ်ချက် ဆက်ဆက်ပုတ်လာသဖြင့် အတွေး ရုတ်တရက် ပြတ်တောက်သွားရသော ဗလကြီး ပေါင်ရင်ကျူက. . .

"ဘယ်သူလဲ"

"ငါပါကွ"

"ဩော်. . . တံခါးစေ့ထားတယ် ဝင်ခဲ့ အစ်ကိုကျိစောင်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့အကြောင်း တွေးတောနေမိစဉ်မှာပင် သူဌေးသား ဝမ်ကျိုစောင်တစ်ယောက် မထင်မှတ်ဘဲ သူ့ဆီ ရောက်ရှိလာလေသည်။

"ကျို"

အမြူးရိပ်ဆောင်လျက် သူဌေးသား ဝမ်ကျိုစောင်တစ်ယောက် အိမ်ခန်းဆောင်ထဲသို့ ဝင်ရောက်လာလေတော့သည်။

* * *

ထိုစဉ် သူဌေးသား ဝမ်ကျိုစောင်သည် ဝမ်းသာရွှင်မြူးနေသော မျက်နှာနှင့် အိပ်ခန်းဆောင်ထဲ ဝင်ရောက်လာပြီး အံ့သြမှု ဖျော့လင့်မှု တစ်ချို့တစ်ဝက် ရောယှက်နေရသော အကြည့်လက်လက်နှင့် လှမ်းအကဲခတ်နေရသည့် ဗလကြီး ပေါင်ရင်ကျူထံ လိုက်လံ့စကားကြုံ စွာ စကားဆိုလိုက်သည်မှာ...

"ဗလကြီး... မင်းတော့ မိုးနတ်မင်းကြီး စောင်မကြည့်ရှုလိုက်ပြီ ထင်တယ်"

ထိုဆိုစကားကြောင့် ဗလကြီး ပေါင်ရင်ကျူ အံ့သြလှုပ်ရှားသွားရကာ...

"အစ်.. အစ်ကို ကိုစောင် ကျွန်တော့်ကို မိုး.. မိုးနတ်မင်းကြီးက ဘယ်လို စောင်မကြည့်ရှုလိုက်တာလဲ"

အမေးကို ချက်ချင်း တုန့်ပြန်မဖြေသေးဘဲ သူဌေးသား ဝမ်ကျိုစောင်တစ်ယောက် စားပွဲဝိုင်းရှိ ခုံလွတ်တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်သည်။

သိချင်စိတ်ဖြင့် ပူနေမှန်း လှမ်းအကဲခတ်မိသွားဟန်တူပုံရသော သူဌေးသား ဝမ်ကျိုစောင်က စားပွဲတွင် ဝင်ရောက်ထိုင်ပြီးနောက် စကားဖွင့်ဟမဆိုသေးနိုင်ဘဲ လက်ဖက်ရည်ကြမ်းတစ်ခွက် ငှဲ့သောက်လိုက်လေသည်။



ထိုသို့... သူဌေးသား၏ လှုပ်ရှားမှုကို ဗလကြီး ပေါင်ရင်ကျူမှာ အောင့်သီးအောင့်သက်ဖြစ်ကာ လှမ်းအကဲခတ် ကြည့်ရှုနေမိရသည်။

သို့သော်... ချုပ်တီးနိုင်စွမ်းမရှိတော့ဟန်တူသော ဗလကြီး ပေါင်ရင်ကျူက သူဌေးသား ဝမ်ကျိုစောင်ကို လှမ်းမေးလိုက်သည်မှာ...

"အစ်ကို ကိုစောင် ကျွန်တော့်ကို မိုးနတ်မင်းကြီးက ဘယ်လို စောင်မကြည့်ရှုလိုက်တာလဲ ပြောလေ"

အငမ်းမရ လှမ်းမေးလိုက်တော့ သူဌေးသား ဝမ်ကျိုစောင် အဓိပ္ပာယ်ပါပါ ပြုံးလိုက်ရင်း...

"ဟင်း... ဟင်း။ တခြား မဟုတ်ဘူးဟေ့၊ ဟောဒီမှာ ကျူးမေ့ ကိုယ်တိုင် မင်းကို စာရေးဖိတ်ခေါ်လိုက်တယ်၊ ရော့... ကြည့်၊ မင်းပြန်လာရင်တော့ ငါ့ကို စားသောက်ဆိုင်ကောင်းကောင်းမှာ ညှိခံပြုစုရတော့မယ် ထင်တယ်"

ပြောပြောဆိုဆိုနှင့်ပင် သူဌေးသားဝမ်ကျိုစောင်သည် သူ့လက်ထဲတွင် အသင့်ကိုင်ဆောင်ထားသော စာရွက်ခေါက်တစ်ခုကို ဗလကြီး ပေါင်ရင်ကျူ ကပျာကယာ လှမ်းယူလိုက်လေသည်။

ပြီး... သူ သိချင်ဇောဖြင့် ကြွေးမြဆောင်နိုင်တော့ဘဲ စာရွက်ခေါက်ကို သွက်လက်စွာ ဖြန့်၍ ဖတ်ကြည့်ရှုလိုက်လေသည်။

*အစ်ကို ဗလကြီး ပေါင်ရင်ကျူ...*

*ဒီစာရတာနဲ့ ကျွန်မ နေအိမ်ကို ကြွခဲ့ပါရှင်၊ ကျွန်မ အိမ်လိပ်စာကို အစ်ကိုကိုစောင် ညွှန်ပြပါလိမ့်မယ်။ အကြောင်းကတော့ ကျွန်မကို မေတ္တာတောင်းခံနေတဲ့ အစ်ကို ဗလကြီးအကြောင်းကို ကျွန်မတို့တွေ ထံ ထုတ်ဖော်ပြောပြလိုက်ပါတယ်။ ဒီတော့ အဖေက အစ်ကို့ကို*

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံချင်တဲ့အကြောင်း တောင်းဆိုလာတယ်။ အဲဒါ ဒီညနေပဲ အစ်ကို တိုင်းရင်းသားဝတ်စုံတစ်စုံ ငှားဝတ်ပြီး လာခဲ့ပါ၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်မအဖေဟာ ယီတိုင်းရင်းသားကြီးတစ်ဦးစစ်စစ်မို့ ကိုယ့်တိုင်းရင်းသားဆို ပို သဘောကျ ကြည်ဖြူတတ်လို့ပါ။ ဘယ်တိုင်းရင်းသားမဆိုနော် ရတဲ့ တိုင်းရင်းသားဝတ်စုံကို ဆက်ဆက် ငှားယမ်းဝတ်ခဲ့ပါ''

ဒါပါပဲ...

ကျူးမေ

''ဟာ... ဒါ.. ဒါဆို ဒီ.. ဒီညနေပဲ ကျူးမေအိမ်ကို သွားရတော့မှာပေါ့၊ ခက်နေတာက ကျူးမေပြောသလို တိုင်းရင်းသားဝတ်စုံ အသင့်မရှိတော့ အခက်တွေ့နေရပြီ''

တိုင်းရင်းသားဝတ်စုံကြောင့် ဗလကြီး ပေါင်ရင်ကျူက အခက်ကြုံစွာဖြင့် ရေရွတ်ပြောဆိုလိုက်မိလေသည်။

သည့်တွင်... ချက်ဆို နားခွက်က မီးတောက်မိရသော သူဌေးသားဝမ်ကျိုစောင်က တစ်စုံတစ်ယောက်ကို သတိရမိစွာဖြင့် အကြံအိုက်နေမိရသည့် ဗလကြီး ပေါင်ရင်ကျူထံ လှမ်း အကြံပြုလိုက်သည်မှာ...

''ဒါများ ဘာခက်လို့လဲကွာ၊ မင်း တိဗက်သားဆီက သူ့ရဲ့ တိုင်းရင်းဝတ်စုံ ခဏ ငှားဝတ်လိုက်ရင် ပြီးတာပဲ''

''ဟာ... ဟုတ်တယ်၊ ဒါပေမယ့် အစ်ကိုကျိုစောင် တိဗက်သားဆီမှာ တိုင်းရင်းသားဝတ်စုံကော ပါပါ့မလား''

''ဟ.. ဘာလို့ မပါရမလဲ၊ ကျောင်းပိတ်ရက်တိုင်း သူ့ရဲ့ တိဗက်ဘုရားရှိခိုးကျောင်းကို သူတို့တိဗက်ဝတ်စုံဝတ်ပြီး ဘုရားကျောင်း တက်နေရတာလည်း မင်းအသိပဲ မဟုတ်လား''



''အာ... ဟုတ်တယ်၊ ဟုတ်တယ် အစ်ကိုကျိုစောင် သတိပေးတော့မှ အမှတ်ရလာတော့တယ်''

''ဗလကြီးက ကျူးမေကိစ္စနဲ့ မှန်လွန်းနေတာကိုး''

''ဟာ... အစ်ကိုကျိုစောင် အဲဒီလို မပြောပါနဲ့''

''ဟ.. မဟုတ်လို့လား''

''ဟင်း... ဟင်း... ဟီး... ဟီး''

ထိုအခါ လူကြီးရှက်တော့ ရယ်သည်ဟူသော ဆိုစကားအတိုင်းပင် ရှက်ကိုးရှက်ကန်းဖြစ်တည်သွားရသည့် ဗလကြီး ပေါင်ရင်ကျူ တစ်ယောက် ပြုံးရယ်လိုက်မိလေသည်။

''ကဲ... အချိန်ဆိုတာ လူကို မစောင့်ဘူး၊ မင်း တိဗက်သားဆီက ဝတ်စုံသွားငှားသင့်တာ သွားငှားချေ၊ ငါ သွားပြီး ရေမိုးချိုးလိုက်ဦးမယ်''

မှာကြားပြောဆိုပြီး သူဌေးသားဝမ်ကျိုစောင်တစ်ယောက် စားပွဲဝိုင်းက ထထွက်သွားရာ...

''ဟာ... အစ်ကို နေ.. နေပါဦး''

ဟုဆိုကာ ဗလကြီး ပေါင်ရင်ကျူမှာ သူဌေးသား ဝမ်ကျိုစောင်၏ ဘယ်လက်တစ်ဖက်ကို လှမ်းဖမ်းဆွဲ ဟန့်တားလိုက်လေသည်။

သည်တော့... သူဌေးသား ဝမ်ကျိုစောင်က နောက်ပြန်လှည့်လာရပြီး...

''ဘာလဲ... ဗလကြီး''

မေးတော့ ဗလကြီး ပေါင်ရင်ကျူက...

''အစ်ကိုကျိုစောင် ကျူးမေ နေရပ်လိပ်စာ မပေးသွားတော့ ကျွန်တော် ဒီညနေ ဘယ်လိုသွားရမှာလဲ''

''ဪ.. ဒါလား၊ ဒီအတွက် မင်း မပူနဲ့၊ မင်းသွားမှာ

www.burmeseclassic.com

www.burmeseclassic.com



ညနေမှ အချိန်ရသေးတယ်၊ နံနက်စာစားပြီးရင် ကျူးမေ နေရပ်လိပ်စာ အတိအကျ လာပေးမယ်၊ စိတ်ချ"

"ကောင်းပြီ"

သည့်နောက် သူဌေးသားဝမ်ကျိုးစောင် စိတ်ထဲက ကြိတ်ပြုံးပြုံးပြီး ဗလကြီး၏အိပ်ခန်းဆောင်ထဲမှ ကျောခိုင်းထွက်ခွာသွားလေသည်။

သူလည်း တိဗက်တိုင်းရင်းသားဝတ်စုံ ငှားရမ်းဖို့အတွက် သူ့အိပ်ခန်းဆောင်မှ ဖဲကြဉ်ပြီး တိဗက်သား ရှိချန်ရှိရာ အောက်ထပ်အိပ်ခန်းဆောင်ဆီသို့ ဦးတည်ထွက်လာခဲ့လေသည်။

သူ တိဗက်သားအိပ်ခန်းဆောင်ရောက်တော့ စာဖတ်နေသော တိဗက်သား ရှိချန်ကို အခန့်သင့်စွာ ကြုံတွေ့လိုက်ရလေသည်။

"ဟာ... ဗလကြီး၊ ငါ့ဆီကို မလာစဘူး အလာထူးနေပါလား၊ ဘာကိစ္စလဲ ပြော"

လာရင်းကိစ္စအကြောင်း မေးမြန်းလာတော့ ဗလကြီး ပေါ်ရင်ကျူးက သူ့လိုအပ်ချက်ကို မဆိုင်းမတွပင် ထုတ်ဖော်ပြောလိုက်လေသည်။

"ရှိချန် ဒီညနေ မင်းရဲ့တိဗက်ဝတ်စုံ ခဏ ငှားစမ်းပါကွာ"

မထင်မှတ်သောစကား ကြားလိုက်ရသည့် တိဗက်သား ရှိချန်တစ်ယောက် မျက်လုံး ဝိုင်းစက်စွာ တအံ့တဩ ဖြစ်တည်သွားရှာပြီ။

"ဟာ... ဗ.. ဗလကြီး ကျုပ်ဆီက ဝတ်စုံ ဘာလုပ်ဖို့ ငှားရမ်းရတာလဲ၊ မဆီမဆိုင်"

ယင်းအဖြေစကားကြောင့် မတီးမမြည် မပြောမပြီးစကားအတိုင်း ဗလကြီး ပေါ်ရင်ကျူးမှာ သူ့အဖြစ်သနစ်မှန်ကို တိဗက်သား ရှိချန်ကို ခရေစေ့တွင်းကျ ထုတ်ဖော်ပြောပြလိုက်ရလေသည်။



စိတ်ဝင်တစား ရှုးစိုက်နားစွင့်ထောင်နေရသော တိဗက်သား ရှိချန် စကားအဆုံးတွင် သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ...

"အင်း... ဒီအကြောင်းကြောင့် မင်း ငါ့ဆီက တိုင်းရင်းသားဝတ်စုံ လာရောက် ငှားရမ်းရတာကိုး"

"ဟုတ်ပါတယ် ရှိချန်"

သည့်တွင်... တိဗက်သား ရှိချန်သည် သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ပြီးမှ စိုးရိမ်မကင်းဟန်ဖြင့် ရှုံးသားနုံချာသော ဗလကြီး ပေါ်ရင်ကျူးထံ သတိပေးစကားဆိုလိုက်သည်မှာ...

"ဗလကြီး... သေချာကော သေချာရဲ့လားကွာ၊ လူလည်သူဌေးသားရဲ့ လုပ်ရပ်တွေက သိပ်စိတ်ချယုံကြည်ရတာ မဟုတ်ဘူးနော်၊ ဒီကောင် လုပ်ငန်းပေါင်းစုံလုပ်တဲ့ကောင်"

"သိပ်ဟုတ်ပါတယ်ကွာ၊ ကျူးမေပေးလိုက်တဲ့စာ ငါ့ဆီ ရောက်လာပါတယ်"

"ဟာ... စာဆိုတာ လက်ရေးတုနဲ့ ဘယ်သူမဆို ရေးရတဲ့ ဥစ္စာမျိုး"

"ဒီလို လိမ်ညာမယ် မထင်ပါဘူး"

ထိုသို့... ဗလကြီး ပေါ်ရင်ကျူးက သူဌေးသားဝမ်ကျိုးစောင်အပေါ် စိတ်ချယုံကြည်လွန်းစွာ စကားဆိုလာသဖြင့် တိဗက်သား ရှိချန်တစ်ယောက် မည်သည့်သုံးသပ်ချက်မှ ဆက်မပြောလိုတော့ဘဲ သက်ပြင်းမောကြီးတစ်ချက် ချမိလိုက်လေသည်။

သူ သက်ပြင်းမောကြီး ချလိုက်သည်ကို လှမ်းအကဲခတ်မိလိုက်ရသော ဗလကြီး ပေါ်ရင်ကျူးက...

"ရှိချန်... ဘာလို့ သက်ပြင်းမောကြီးချလိုက်ရတာတုန်း"

ရှုံးစမ်းဟန်ဖြင့် မေးလာတော့ တိဗက်သားရှိချန်၏ ဦးနှောက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



အကွက်တစ်ခု အလိုလို ဝင်ရောက်လာသဖြင့်...

"ငါ သက်ပြင်းမောကြီး ချမိတာ တခြားကြောင့် မဟုတ်ပါဘူး ကွာ၊ ငါ ဒီနေ့ ကျောင်းပိတ်ရက်ဆိုတော့ ဘုရားကျောင်းကို ဝတ်စုံနဲ့ တက်ဖို့ရှိနေတော့"

"ဟင်"

ရှုချန်တစ်ယောက် ကျောင်းပိတ်ရက်တိုင်း တိုင်းရင်းသားဝတ်စုံနှင့် ဘုရားကျောင်းတက်လေ့ရှိကြောင်း ချက်ချင်း သဘောပေါက်သိရှိလိုက်မိရသော ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် သူ့ရင်ထဲ အလိုလို စိုးထိတ်သွားရလေသည်။

ဒါကြောင့်... သူ စိုးထင့်စွာဖြင့်...

"ရှုချန် ဒါ.. ဒါဆို ငါ.. ငါ မင်းဆီက တိုင်းရင်းသားဝတ်စုံ မ.. မရနိုင်တော့ဘူးပေါ့"

☼☼☼

# အခန်း (၉)

## ဝရိယာယ်ထောင်ချောက်

စိုးရွံ့သိမ်ငယ်သွားရသော ဗလကြီး ပေါင်ရင်ကျူး၏မျက်နှာထားကို တိဗက်သား ရှုချန် လှမ်းမြင်တွေ့ရပြီး စိတ်မကောင်းခြင်း ဖြစ်တည်သွားရပြီး...

"ဗလကြီး... မင်း စိတ်ဓာတ်ကျမသွားပါနဲ့ကွာ၊ ငါ ဘုရားကျောင်းကို တိုင်းရင်းသားဝတ်စုံနဲ့ တက်ရပေမယ့်လည်း ငါ့မှာ နောက်ထပ် တိဗက်ဝတ်စုံတစ်ခု ကျန်ပါသေးတယ်၊ မင်း စိတ်ထိခိုက်သွားရအောင် ငါ တမင် ကျီစယ်လိုက်တာပါ"

"ဟာကွာ ရှုချန်ရ အဲဒီလို လုပ်စမ်းပါ၊ ငါ မင်းဆီက ဝတ်စုံမရရင် တခြားလူဆီ ငှားရမ်းဖို့ အခက်ကြီး ကြုံရတော့မှာ"

"ကဲ... ခဏနေဦး ငါ့သေတ္တာထဲက သွားထုတ်ယူလိုက်ဦးမယ်"

"အေး"

တိုင်းရင်းသားဝတ်စုံကိစ္စ အောင်မြင်စိတ်အေးသွားရသဖြင့် ဗလကြီး ပေါင်ရင်ကျူး၏မျက်နှာ အလိုလို ပြုံးရွှင်လာရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါချေ။

တိဗက်သား ရှိချုန်တစ်ယောက် တိဗက်တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ထားသော အိတ်တစ်အိတ်ကို ယူဆောင်၍ မျှော်လင့်စောင့်ဆိုင်းနေမိရသော ဗလကြီး ပေါင်ရင်ကျူထံ ရောက်ရှိလာလေသည်။

သည်နောက် . . . သူ ရှိချုန်ဆီက တိဗက်ဝတ်စုံထည့်ထားသော အိတ်ကိုယူ၍ နှုတ်ဆက်ကာ သူ့အိပ်ခန်းဆောင်သို့ ပြန်ခဲ့လေသည်။

သို့နှင့် . . . ညနေပိုင်းအချိန်ရောက်သည်နှင့် ပွပွယယရှိနေရသော တိဗက်ဝတ်စုံကို ဗလကြီး ပေါင်ရင်ကျူ ဝတ်ဆင်ပြီး သူ့အိပ်ခန်းက ထွက်လာလေသည်။

သည်တွင် . . . တိဗက်သား ရှိချုန်၏ တဆင့် ဖောက်သည်လိုက်ချမှုကြောင့် ဗလကြီး၏ လှုပ်ရှားမှုအခြေအနေကို သိရှိသွားကြသော ကျောင်းသားများ တည်းခိုဆောင် အခန်းတံခါးပေါက်တွင် စုပြုံစောင့်ကြိုနေကြသည်။

ဤသည်ကို . . . ဗလကြီး ပေါင်ရင်ကျူ မရိပ်စားမိပါချေ။ ဒါကြောင့် . . . သူ ကျောင်းသားများ မရိပ်မိအောင် တံခါးပေါက်ဆီသို့ ခပ်သုတ်သုတ် လျှောက်လှမ်းလာရာ မထင်မှတ်စွာပင် တံခါးပေါက်တွင် စုပြုံရောက်ရှိနေကြသည့် ပြုံးဖြီးဖြီးမျက်နှာကိုယ်စီနှင့် ကျောင်းသားတစ်သိုက်ကို ကြုံတွေ့လိုက်ရလေသည်။

"ဟာ ဗလကြီး တိဗက်ဘုရားကျောင်းကို ဘုရားရှိခိုးဖို့ သွားမှာလား"

"မဟုတ်ဘူးဟေ့ . . . ဒီးစားက ဒီဝတ်စုံဝတ်ခဲ့ပါ မှာလို့ မြေဝယ်မကျ နားထောင်ပြီး ဗလကြီးတို့ သွားမလို့ဟေ့"

"ဟီး . . . ဟီး . . . ဟား . . . ဟား။ ရယ်စရာကြီးမဲ့တော့



"ဟိတ်ကောင်တွေ၊ ငါ့ကို ဝိုင်းမလှောင်နဲ့၊ ငါ့ကိုစွနဲ့ငါ"

ထိုသို့ . . . ခံပြင်းဒေါသထွက်ရှိသွားရသော ဗလကြီး ပေါင်ရင်ကျူက ဝန်းဝန်းဖြက်ရယ်ပြု ပြောဆိုနေကြသည့် ကျောင်းသားများကို ငေါက်ငမ်းပြောဆိုပြီး အခန်းပေါက်ကို ကျော်ဖြတ်သန်းခဲ့လေသည်။

ယင်းသို့ . . . မကျေမချမ်းဖြစ်စွာဖြင့် တိဗက်တိုင်းရင်းသားဝတ်စုံ ဖိုရိုဖားလျားနှင့် ဗလကြီး ပေါင်ရင်ကျူတစ်ယောက် တည်းခိုဆောင် ခြံဝန်းအတွင်းမှ ထွက်သွားသည်ကို အပေါ်ထပ် ဝရံတာက သူဌေးသား ဖိုးကျိုစောင်မှာ အူနှိပ်စွာရယ်ရင်း လှမ်းကြည့်နေတော့သည်။

ဤသည်ကိုတော့ ဗလကြီး ပေါင်ရင်ကျူတစ်ယောက် မသိရှိပါချေ။

သို့နှင့် . . . ဗလကြီး ပေါင်ရင်ကျူသည် အငှားရထားလုံးတစ်စင်းဖြင့် မြို့မြောက်ဘက်ရှိ ကျူးမေနေအိမ်ရှိရာ ဂန္ဓမာထမင်းဆိုင်သို့ ရောက်ရှိလာလေသည်။

သူ့လက်ထဲတွင်လည်း ကျူးမေ၏ မိဘနှစ်ပါးကို လက်ဆောင်ပေးရန်အတွက် စားကောင်းသောက်ဖွယ် အထုပ်ကြီးတစ်ထုပ် ပါလာလေသည်။

သူသည် အငှားရထားလုံးကို လမ်းထိပ်ကနေ ပြန်လွှတ်လိုက်လေသည်။

သူ့စားသောက်ဖွယ်ရာ အထုပ်ကြီးကို ကိုင်ဆောင်လျက် တိဗက်ဝတ်စုံ ကိုးယို့ကားယားနှင့် ဂန္ဓမာထမင်းဆိုင်သို့ ဝင်ရောက်လာလေသည်။

"ဝုတ် ဝုတ် ဝူ ဝူ"

www.burmeseclassic.com

www.burmeseclassic.com



သည့်တွင်... လမ်းတွင်းက ခွေးလေခွေးလွင့်များက အမြင်မတော် ဆင်တော်နှင့်ခလောက် ဖြစ်တည်လှုပ်ရှားလာသော ဗလကြီး ပေါင်ရင်ကျူကို မျက်စိနောက်စွာဖြင့် ထိုးဟောင်ကြသည်။ မကောင်းဆိုးဝါးတစ်ယောက်ပမာထင်၍ ဝိုင်းအူကြလေသည်။

"တောက်... အရေးထဲမှာ မင်္ဂလာမရှိ ကျက်သရေယုတ်ယုတ်နဲ့ ဟောင်နေတဲ့၊ အူနေတဲ့ခွေးတွေ ကဲဟာ... ကဲဟာ"

"ဒိုး ဒိုး"

"ဂိန် ဂိန်"

စိတ်မရှည်နိုင်တော့သော ဗလကြီး ပေါင်ရင်ကျူက လမ်းပေါ်တွင် တွေ့ရာ ခဲလုံးများကောက်ကာ ဝိုင်းဟောင်၊ ဝိုင်းအူနေကြသော ခွေးများကို မနားတမ်း ပစ်ပေါက်လိုက်လေသည်။

ထိုအခါကျမှ... ခဲရန် ကြောက်ကုန်ကြပြီး ခွေးလေခွေးလွင့်များ အဝေးသို့ ထွက်ပြေးကြကုန်လေသည်။

သည့်တော့မှ... ဗလကြီး ပေါင်ရင်ကျူတစ်ယောက် လမ်းအလယ်ကြောရှိ ကျူးမေတို့ နေအိမ်ခြံဝန်းပေါက်သို့ ဆိုက်ရောက်လာရလေသည်။

ထိုအချိန်တွင်မူ...

မကျဉ်းမကျယ် ဆီးပင်များ စိမ်းစိမ်းစိုစို အုပ်အုပ်ဆိုင်းဆိုင်း ပေါက်ရောက်နေရသော ခြံဝန်းအတွင်းတွင် ခမ်းနားသေသပ်လှပစွာ တည်ဆောက်ထားသော လုံးချင်းတိုက်အိမ်လေးတစ်လုံး အေးချမ်းငြိမ်သက်စွာ တည်ရှိနေသည်။

၎င်း လုံးချင်းတိုက်အိမ်လေးမှာ အုတ်ကြွပ်မိုးထားသည်။

ပြီး... ၎င်း အုပ်ကြွပ်မိုး အစွန်အဖျားပုံ့တွင် ဘုရားကျောင်းဆန်စွာ စုလစ်မွန်းချွန်းများ၊ ပန်းခက်ပန်းနွယ်များ လက်ရာမြောက်စွာ



ပြုလုပ်ထားလေသည်။ ထိုအချင်းအရာကို ကြည့်ခြင်းအားဖြင့် ၎င်းအိမ်ရှင်ကြီးများ ရှေးရိုးဆန်လွန်းကြောင်း ပေါ်လွင်လျက်ရှိသည်။

ပြောရလျှင်... ထို အဆောက်အဦပုံစံမျိုးမှာ ကျေးရွာကြီးများတွင် ကြွယ်ဝချမ်းသာသော တောသူဌေးများ ဆောက်လုပ်နေထိုင်သည့် အနေအထားပင်။

တကယ်တော့လည်း ကျူးမေဖခင်ကြီးဖြစ်သော ကျူးလွေယုံသည် ယီတိုင်းရင်းသား ခေါင်းဆောင်ဟောင်းကြီးတစ်ဦး ဖြစ်လေသည်။ သူသည် စည်းစနစ်ကြီးပြီး ရှေးယဉ်ကျေးမှုကို မြတ်နိုးခုံမင်သူဖြစ်သည်။

ဒါကြောင့်... ခေတ်ဆန်ချင်သော သမီးဖြစ်သူ ကျူးမေသည်ပင် ဖခင်ကြီးရှေ့တွင် ရိုးရာမပျက်ဝတ်စုံကို တစ်ထပ်ဝတ်ဆင်ပြီး သူငယ်ချင်းအိမ်ရောက်မှ ခေတ်မီဝတ်စုံကို လဲဝတ်ဆင်ရလေသည်။

ပြီး... သူ့သမီးကို အဆင့်မြင့်တိုင်းရင်းသားမျိုးနွယ်ထဲမှ တိုင်းရင်းသားတစ်ဦးဖြ င့် ပေးစားလိုစိတ်ရှိသည်။

အခုလည်း တိုင်းရင်းသားခေါင်းဆောင်ဟောင်းကြီး ကျူးလွေယုံသည် လူတစ်ယောက်၏ ကြိုတင်အကြောင်းကြားမှုကြောင့် ဒေါသအမျက်ချောင်းချောင်းထွက်ကာ သိုင်းတုတ်ရှည်တစ်ချောင်းဖြင့် အိမ်ပေါက်ဝတွင် အသင့်ထိုင်စောင့်နေလေသည်။

ဟုတ်သည်လေ... သူ့ဆီ ကြိုတင်အကြောင်းကြားထားသော စာက တခြားဟုတ်ရိုးလား။

သူ့နေအိမ်သို့ တီဗက်တိုင်းရင်းသားဝတ်စုံဝတ်ဆင်ပြီး သမီးဖြစ်သူ ကျူးမေ့ကို လာရောက်နားဖောက်တောင်းမည့်အကြောင်း။

ထိုသူမှာ တက္ကသိုလ်စာပေပညာတတ်တစ်ဦး ဖြစ်သော်လည်း စိတ်မနှံ့သူတစ်ဦးဖြစ်ကြောင်း သတိပေး ရေးသားထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခု . . . သူ့နေအိမ်တွင်လည်း သမီးဖြစ်သူ ကျူးမေ တစ်ယောက် သူငယ်ချင်းမတစ်ယောက်နှင့် အပြင်ထွက်သွားပြီ ဖြစ်လေသည်။

ထိုသို့ သူ့ထံရောက်ရှိလာသော စာကို သမီးဖြစ်သူထံ ထုတ်ပြ ကြည့်လေသည်။ သမီးကျူးမေက သူ မသိပါကြောင်း ခေါင်းခါ ငြင်းဆန်လိုက်လေသည်။

သည်တော့ . . . တိုင်းရင်းသားခေါင်းဆောင်ဟောင်းကြီး ကျူးလွှေယုံသည် ဒီညနေ ရောက်ရှိလာမည့်သူမှာ သူ့မိသားစုကို လာရောက် နှောက်ယှက်မည့်သူဖြစ်ကြောင်း ကောင်းစွာ တွက်ဆမိ လိုက်လေသည်။

ဒါကြောင့် . . . သူ တကယ် စာထဲအတိုင်းရောက်လာလျှင် ကောင်းကောင်း ပညာပေးဆုံးမရန်အတွက် သိုင်းတုတ်ရှည် တစ်ချောင်း ကိုင်ဆောင်လျက် လမ်းပေါက်ဝတွင် အသင့်ထိုင်စောင့် နေရခြင်း ဖြစ်လေတော့သည်။

* * *

"ကျူးမေ . . . ကျူးမေ"

ထိုသို့ . . . တံခါးမကြီး စေ့ပိတ်ထားသော ခြံပေါက်တံခါးဝသို့ ရောက်ရှိလာရသည့် ဗလကြီး ပေါင်ရင်ကျူးက အားမြှင့်တင်လျက် ကျူးမေဟု တကြော်ကြော် လှမ်းခေါ်လိုက်လေသည်။

ထိုစဉ် . . . ခေါ်သံကြားရ၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသော အဘိုးကြီး ကျူးလွှေယုံက အိမ်ဘောနံရံတွင် ထောင်ထားသည့် သိုင်း တုတ်ရှည် ဖျတ်ခနဲ လှမ်းယူလိုက်လေသည်။

"အင်း . . . စာထဲအတိုင်း ဒီငနဲတော့ ရောက်လာပြီနဲ့ တူတယ်"

ယင်းသို့ . . . အဘိုးကြီးကျူးလွှေယုံ ရေရွတ်ပြောဆိုပြီးနောက်



ထိုင်ရာကထကာ အိမ်၏ လှေကားထစ်အတိုင်း တရွေ့ရွေ့ ဆင်းလာ ရင်းက . . .

"လာပြီတော့"

ဟု အသံပြုလိုက်လေသည်။

အဘိုးကြီး၏ တုန့်ပြန်ထူးသံ ကြားလိုက်ရသော ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် တစ်ချက် စိုးရွံ့တုန်လှုပ်သွားရပြီး . . .

"ဟင် . . ပြန်ထူးလာတဲ့ အဘိုးကြီးသံဟာ ကေန္တ ကျူးမေရဲ့ ရေးရိုးဆန်တဲ့ အဘိုးကြီးနဲ့ တူတယ်"

ယင်းသို့ . . . သူ ကောက်ချက်ချမိရင်း အားတင်း၍ ရပ်စောင့် နေမိသည်။

သိပ်မကြာပါချေ . . . စေ့ထားသော ခြံဝန်းတံခါးချပ်ကြီး နှစ်ချပ် တို့ကို လူတစ်ယောက် ဝင်သာရုံမျှ တွန်းဟပေးလာလေသည်။

"ကျွို"

"ဝင်ခဲ့လေ"

"ဟုတ်ကဲ့ ခင်ဗျာ"

ဖိတ်ခေါ်သံကြားလိုက်ရ၍ ဗလကြီး ပေါင်ရင်ကျူး တက်ကြွသွား ရပြီး အသင့်ဖွင့်ဟလာသော ခြံတံခါးနှစ်ချပ်ကြားထဲသို့ ဖြတ်သန်း ဝင်ရောက်လိုက်လေသည်။

အထဲရောက်တော့ . . . ဆံဝင် အဖြူတစ်ဝက်၊ အနက်တစ်ဝက် ရောယှက်နေသော ဥပမိ ခန့်ညားတည်ကြည်လွန်းနေရသည့် အသက် (၆၀)ကျော်ခန့် အဘိုးကြီးနှင့်သူ ထိပ်တိုက် ကြုံတွေ့လိုက်ရလေသည်။

သည်တွင် . . . အဘိုးကြီး ကျူးလွှေယုံက မျက်နှာချို အသက် မပြတ် သွေးနေရသော ဗလကြီး ပေါင်ရင်ကျူးထံ အကြည့်စူးစိုက် ရောက်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့သမီးကို လာနှားဖောက်တောင်းတဲ့လူလား"

ခက်ထန်မာကြောစွာ မေးလာသဖြင့် ဗလကြီးသော်လည်း အသည်းငယ်တတ်လွန်းရသော ဗလကြီး ပေါင်ရင်ကျူ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်း တဆတ်ဆတ် ညိတ်လိုက်ရင်း...

"ဟုတ်... ဟုတ်ပါတယ်"

"ဘာ ဟုတ်ပါတယ်လဲ၊ မင်းလို စိတ်မနှံ့တဲ့ အရူးက ငါ့သိက္ခာကို စော်ကားပြီး ငါ့သမီးကို လာတောင်းဝံ့သလား၊ ငါ့သမီးတော့ မရဘူးဟေ့၊ ဟောဒီ ငါ့လက်ထဲက တုတ်.. တွတ်ပဲရမယ်၊ ကဲ.. ကဲ"

"ဝို ဝို"

"ဖြောင်း ဖြောင်း"

"အီး အား"

"ကျွန်တော်.. ကျွန်တော် စိတ်မနှံ့သူတစ်ဦး မဟုတ်ပါဘူး။ လူ.. လူကောင်းပါ၊ ရော့.. ရော့ ဦးတို့ကိုပေးဖို့ မုန့်.. မုန့်ထုပ်"

"ဘာ မုန့်ထုပ်လဲ၊ ကဲ.. ကဲ"

"ဝိုး ဝိုး"

"ဖောင်း ဖောင်း"

သိုင်းပညာတတ်ကျွမ်းနေရသော အဘိုးကြီးကျူးလွှေယုံ၏ တုတ်ချက်များအောက်ဝယ် ဗလကြီး ပေါင်ရင်ကျူတစ်ယောက် လူးလိမ့်ခံနေရသည်။

သူ့လက်ထဲက မုန့်ထုပ်အိတ်သည် အဘိုးကြီး၏ တုတ်ရိုက်ချက်ထိမှန်ကာ ဘေးဘီဝန်းကျင်သို့ ဖွာလံကျဲ လွင့်စဉ်ကျရောက်ကုန်ကြရလေသည်။

နောက်ဆုံး... ဗလကြီး ပေါင်ရင်ကျူ ပြင်းထန်သော တုတ်ချက်အဏ်ကို ကြံ့ကြံ့မခံနိုင်တော့ဘဲ ခြံထဲက ကုန်းရုန်းကာ ဖရိုဖရဲ ထွက်ပြေးလာလေသည်။



"ဘကြီး... ဘကြီး၊ ကျုပ်.. ကျုပ် အရူးမဟုတ်ဘူး"

ထိုသို့... ရှင်းလင်းအော်ဟစ်ရင်း ခြံထဲက ပိုသီပတ်သီ ထွက်ပြေးလာသော ဗလကြီး ပေါင်ရင်ကျူကို လမ်းထဲက ခွေးလေခွေးလွင့်များ ဝိုင်းအုံဆွဲလေတော့သည်။

"ဝုတ် ဝုတ် ဂူ ဂူး"

"ဟိတ်.. ခွေး.. ခွေးတွေ"

"ဗျို"

"ဟာ"

ထိုစဉ်... ခွေးများကိုက်ဆွဲမှုကြောင့် ဗလကြီး ပေါင်ရင်ကျူ၏ ဘောင်းဘီလည်း ဗျိုခနဲ ပြဲစုတ်သွားရပြီး ဖင်ပိုင်းတစ်ပိုင်း လှစ်ဟပေါ်သွားရလေသည်။

တစ်ရက်က နှစ်ရက်ဖြစ်လာရသော ဗလကြီး ပေါင်ရင်ကျူ တစ်ယောက် ပြဲကျန်နေသည့် ဖင်ပိုင်းကို သူ့လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ လမ်းထိပ်သို့ ခြေကုန်သုတ် ထွက်ပြေးလာရလေသည်။

သို့နှင့်... ဗလကြီး ပေါင်ရင်ကျူတစ်ယောက် အရက်တကွဲ အကျိုးနဲ့ ရင်ဆိုင်ရပြီး တက္ကသိုလ် တည်းခိုရိပ်သာဆီသို့ ခံပြင်းနာကြည်းစွာဖြင့် ပြန်လာခဲ့ရလေသည်။

သူ ရက်လွန်း၍ စားသောက်၊ ရေမိုးချိုးချိန်ကလွဲ၍ အပြင်မထွက်တော့ဘဲ အခန်းထဲ အောင်းနေမိရလေသည်။

သူ့ကို ကျူးမေကိုယ်တိုင် တနင့် ဖိတ်ခေါ်ထားလျက် ကျူးမေမရှိဘဲ ကျူးမေ၏ဖခင်ကြီးက စိတ်မနှံ့သူဟု စွတ်စွဲကာ ရိုက်နှက်လွှတ်ရကြောင်းကို ခံပြင်းစိတ်နှင့် အဖြေထုတ်စဉ်းစားနေမိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြစ်အောင် ဖန်တီးခဲ့တဲ့ တရားခံက ဘယ်သူလဲ၊ ကျူးမေလား၊ ဒါမှမဟုတ် သူဌေးသားဝမ်ကျိုးစောင်လား၊ ဘယ်သူလဲ"

ထိုသို့ . . . သူ့ အဖြေအတိအကျပေါ်အောင် စဉ်းစားမိရင်း အဖြေရှာမရဘဲ သို့လော၊ သို့လော ဖြစ်တည်နေရလေသည်။

တစ်နေ့ ညနေခင်း၌ သူ့ဆီသို့ မဖိတ်ခေါ်ဘဲ အထစ်ကျင်ချွေဖိန် ရောက်ရှိလာလေသည်။

"ဗလကြီး . . . ကျောင်းပိတ်ရက်တုန်းက မင်း ကျူးမေအိမ်သွားတွေ့တာ ဘယ်လိုအခြေအနေမျိုးနဲ့ ကြုံတွေ့ရလို့ မင်း ရက်ပြီး အခန်းအောင်းနေရတာလဲ၊ ငါကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောပြစမ်းပါ"

စိတ်မကောင်းချင်းဖြစ်စွာဖြင့် လှမ်းမေးလာတော့ ဗလကြီးပေါင်ရင်ကျူး ခံပြင်းဝမ်းနည်းစွာဖြင့် အထစ် ကျင်ချွေဖိန်ကို ရင်ဖွင့်ထုတ်အန်လိုက်လေသည်။

စကားဆုံးသွားတော့ အထစ် ကျင်ချွေဖိန် မကြေမချမ်းဖြစ်စွာဖြင့် . . .

"တောက် . . . ဒါ . . ဒါ မင်း အဲဒီလို အရှက်တကွဲ အကျိုးနဲ့ဖြစ်ခဲ့တာတွေ ဘယ်သူမှ ဖန်တီးခဲ့တာ မဟုတ်ပါဘူး၊ သူဌေးသားဝမ်ကျိုးစောင် လက်ချက်ပါ၊ မင်းကို သူနဲ့ပတ်သက်ပြီး သတိထားဆက်ဆံပါလို့ အကြိမ်ကြိမ် အခါခါ သတိပေးခဲ့ပြီးပြီ၊ မင်းက သူဌေးသားရဲ့ သဘောကောင်းမှုတွေပေါ် ယုံကြည်စွာ နစ်မျောသွားရတာကို၊ တော်သေးတာပေါ့ ကျူးမေအဖေ တော်ရုံတန်ရုံ ပညာပေးလိုက်လို့၊ နို့မို့ဆိုရင် မင်း ရဲလက်ထဲရောက်သွားရပြီ . . ."

"အေး . . . ငါလည်း အဲဒီကိစ္စ ဖြစ်ပျက်ခဲ့တာ ဘယ်သူ့လက်ချက်လဲလို့ တွေးတောစဉ်းစား အဖြေထုတ်နေတာပဲ"



"ဲ . . . ဘယ်လိုမှ စဉ်းစားအဖြေမထုတ်နေနဲ့၊ တစ်ချိန်က မင်းကို ပြောခဲ့တဲ့ စကားတစ်ခွန်းကို မင်း သတိရမိမလားတော့ မသိဘူး၊ ဧါ အရေးပေါ် ခေါ်တဲ့တစ်နေ့ မင်း ငါနဲ့ ကောက်ခါငင်ခါ လိုက်လာဖို့ ကြိုးစားထားဆိုတဲ့ စကားတစ်ခွန်းလေ"

"အေး . . . အမှတ်ရပြီ"

"ဟုတ်ပြီ . . ဒါဆို ဒီအပတ် ကျောင်းပိတ်တဲ့နေ့ကျရင် ငါနဲ့ လိုက်ခဲ့ပေတော့၊ အဲဒီအခါကျရင် ကျောင်းမှန်းကန်မှန်း မင်း ခံစားသိရှိသွားလိမ့်မယ်"

"အေး . . . ငါလိုက်ခဲ့မယ်"

"ကောင်းပြီ"

✿✿✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

## ဆုံးရှုံးသွားရသော အချစ်နှင့် သွားတစ်ချောင်း

သို့နှင့် တစ်ပတ်တာ၏ ကျောင်းပိတ်ရက်သို့ ရောက်ရှိလာလေသည်။ ထိုရက်ရောက်သည့်တိုင်အောင် ဗလကြီး ပေါင်ရင်ကျူ တစ်ယောက် အခန်းချင်းကပ်နေရသော သူဌေးသား ဝမ်ကျိုစောင်နှင့် လုံးဝ မကြုံတွေ့ခဲ့ရပါချေ။

အခုတော့... သူဌေးသားဝမ်ကျိုစောင်တစ်ယောက် ခြေရာပျောက်ကောင်းနေသည်ဟု ဗလကြီး ထင်မိလိုက်လေသည်။

သည့်တွင်... ဗလကြီး ပေါင်ရင်ကျူတစ်ယောက် အထစ်ကျင်ချေဖိနှိပ်ခေါ်ရာ လိုဟန်တိရစ္ဆာန်ဥယျာဉ်ဆီသို့ ရောက်ရှိလာခဲ့လေသည်။

၎င်း လိုဟန်တိရစ္ဆာန်ဥယျာဉ်ကြီးသည် လိုဟန်မြို့ အရှေ့မြောက်ဘက်တွင် ကျယ်ဝန်းလှသောခြံကြီးအဖြစ် တည်ရှိလေသည်။

ဟူချောင်လမ်းဘေးတွင် တည်ရှိသည့် ၎င်း တိရစ္ဆာန်ဥယျာဉ်ကြီးအတွင်း၌ တိရစ္ဆာန် အမျိုးအစားပေါင်း (၃၈၀) ကျော်ရှိလေသည်။



ဟိုအရင်ကလည်း... အုပ်ချုပ်သူ ဘုရင်မင်းမြတ်၏ စုဆောင်းတတ်သော ဝါသနာထုံမှု၊ မြို့တော် အထူးသာယာစည်ပင်အောင် ဆောင်ရွက်လိုသော ရည်ရွယ်ချက်ဖြင့် ၎င်း လိုဟန်တိရစ္ဆာန်ဥယျာဉ်တော်ကြီးကို ခေတ်အဆက်ဆက် အစွန့်ရှည်အောင် ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်း ဖြစ်လေသည်။

၎င်း လိုဟန်တိရစ္ဆာန်ဥယျာဉ်တော်ကြီး၌ ရှားပါးအဖိုးတန်လှသော တိရစ္ဆာန်များ စုဆောင်းရှာဖွေထားရှိသည်။

ဥပမာဆိုရလျှင်မူ ... ပန်ဒါ၊ ရွှေချည်မျှင်မွေး မျောက်၊ အမောက်နီ ကြိုးကြာ၊ အရှေ့မြောက်ပိုင်းဒေသကျား။

ယန်စီမြစ် မိကျောင်း၊ နိုင်ငံခြားမှ တိရစ္ဆာန်ချင်း ဖလှယ်ရရှိခဲ့သော အနောက်တိုင်းက ခြင်္သေ့များနှင့် သစ်ကုလားအုတ် စသည်တို့ ပြသထားလေသည်။

ဒါကြောင့်... ဒါကြောင့်..။

လိုဟန် နန်းမြို့သို့ ရောက်ရှိလာကြသော ရပ်ဝေးရပ်နီးမှ ဧည့်သည်တော်များ ၎င်းနာမည်ကျော် တိရစ္ဆာန်ဥယျာဉ်တော်ကြီးဆီသို့ မဝင်ရောက်ဘဲ မနေနိုင်ပါချေ။

သို့ဖြစ်၍ နေ့တိုင်းပင် ၎င်းတိရစ္ဆာန်ဥယျာဉ်တော်ကြီး၌ လူဝင်လူထွက်မပြတ် ရှိနေကြရလေသည်။ ဟော အခုလည်း...

တစ်နေ့နေ့တော့ ကျောင်းပိတ်ရက်တွင် ၎င်း တိရစ္ဆာန်ဥယျာဉ်တော်ကြီးသို့ သွားရောက်ပြီး နှံ့နှံ့စပ်စပ် လည်ဦးမည်ဟု စိတ်ကူးရှိထားသော်လည်း ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ထွေရာလေးပါး အလုပ်များပြောင်နေသဖြင့် စိတ်ကူးရှိသော်လည်း လုံးဝ မရောက်နိုင်ခဲ့ပါချေ။

ဟော... အခုတော့လည်း မထင်မှတ်သော အထစ်ကျင်ချေ

www.burmeseclassic.com

www.burmeseclassic.com



ဖိန့် ခေါ်ဆောင်မှုကြောင့် ဗလကြီး ပေါင်ရင်ကျူတစ်ယောက် လိုဟာန့် မြို့တွင် နာမည်ကျော်ကြားလျက်ရှိနေရသော လိုဟာန့်တိရစ္ဆာန်ဥယျာဉ် တော်ကြီးဆီသို့ ရောက်ရှိခဲ့ရချေပြီ။

သို့သော်. . . သူ အထစ်ခေါ်ရာနောက်သို့ ကောက်ကောက်ပါ အောင် လိုက်ခဲ့ရသော်လည်း မည်သည့်ကိစ္စကြောင့် ခေါ်ယူကြောင်း လုံးဝ မသိရှိပါချေ။

သို့ဖြင့်. . . အကြံအစည်ရှိနေရသော အထစ်ကျင်ချွေဖိန့်သည် အူအိအူကြောင်ဖြင့် လိုက်ပါလာခဲ့ရသည့် ဗလကြီး ပေါင်ရင်ကျူကို ချစ်သူစုံတွဲများ အောင်းနိုရာ ရောင်စုံပန်းချုံများရှိရာ ဥယျာဉ်ကြီး၏ တောင်ဘက်ခြမ်းဆီသို့ လက်တို့ခေါ်ဆောင်လာတော့သည်။

သူ့ခါးဝက်ကျော်မျှ မြင့်လျက် ရောင်စုံပန်းချုံတို့မှာ ချစ်သူစုံတွဲ တို့၏ ချစ်ရေးလုံးမှုကို အကာအကွယ်ပေးသလို ရှိနေရလေသည်။

ထိုစဉ်. . . အကွက်ကြံဖောင်သိရှိထားဟန်တူသော အထစ် ကျင်ချွေဖိန့်က ဗလကြီး ပေါင်ရင်ကျူကို ညီညာသော ဝါးချုံပင်တန်း နားရှိ ရောင်စုံပန်းချုံတစ်ခုနှင့် မလှမ်းမကမ်း ပန်းခြုံတစ်ခုဆီ ခေါ် ဆောင်သွားလေသည်။

ထိုစဉ်. . . အထစ်ကျင်ချွေဖိန့်က မလှမ်းမကမ်းရှိ ပန်းချုံ အောက်ဝယ် ချစ်ရေးလုံးနေကြသော ချစ်သူစုံတွဲတစ်တွဲကို လက်ညှိုး ထိုး ညွှန်ပြရင်း တီးတိုးလေသံဖြင့် ဗလကြီး ပေါင်ရင်ကျူအား သတိ မေးလိုက်သည်မှာ. . .

"ဗလကြီး. . . ဟို ပန်းချုံအောက်မှာ တွဲခုတ်နေတဲ့ ချစ်သူ စုံတွဲဟာ ဘယ်သူတွေလည်းဆိုတာ ကြည့်လိုက်စမ်း မင်း သေသေ ချာချာချင်ချင်ရင် ဝါးချုံတန်းစစ်ဖက်သွားပြီး နီးချောင်းကြည့်ချည်"

"အေး"



ဟု ဆိုတာ ဗလကြီး ပေါင်ရင်ကျူမှာ အထစ်ကျင်ချွေဖိန့် ထိုးညွှန်ပြရာ ပန်းချုံဆီသို့ လှမ်းအကဲခတ် ကြည့်ရှုလိုက်လေသည်။

"ဟင်. . . သူ. . . သူဌေးသား ဝမ်ကျိစောင်ပါလား၊ သူ့ရင်ခွင် ထဲမှာ မှေးစက်နေတဲ့ မိန်းကလေးတော့ ဘယ်သူမှန်း မမြင်ရဘူး"

ချစ်သူစုံတွဲတွင် ယောကျ်ားသားမှာ တခြားသူမဟုတ်ဘဲ ခြေရာ ပျောက်ကောင်းနေသော သူဌေးသားဝမ်ကျိစောင်ဖြစ်ကြောင်း ဗလကြီး ပေါင်ရင်ကျူ လှမ်းမြင်တွေ့လိုက်ရလေသည်။

သို့သော်. . . သူဌေးသား ဝမ်ကျိစောင်၏ရင်ခွင်ထဲဝယ် ခေါင်း မှေးစက်နေသူမှာ သူဌေးသားကိုယ် ကွယ်နေသဖြင့် ဗလကြီး ကောင်းစွာ မမြင်တွေ့ရချေ။

သည်တော့ အထစ်ကျင်ချွေဖိန့်က အဓိပ္ပာယ်ပါပါ ပြုံးလိုက် ရင်း. . .

"ဒါဆိုလည်း ခုန ငါပြောသလို လူတစ်ရပ်တောင်မရှိတဲ့ ဝါးရုံ တန်းနောက်ဘက်ကနေ သွားချောင်းမြောင်းကြည့်လိုက်ပါလား၊ သူတို့ ဟာ ချစ်စိတ်မွှန်လွှန်းနေကြတော့ ဘေးဘီကို ဂရုစိုက်မိကြမှာ မဟုတ် ဘူး"

တိုက်တွန်းလှို့ဆော်လိုက်တော့ ဗလကြီး ပေါင်ရင်ကျူ ခေါင်း ညိတ်လက်ခံပြီး ရှေ့ဘက်ရှိ ဝါးရုံတန်းနောက်ဘက်သို့ ကွေ့ဝိုက်ဝင် လိုက်လေသည်။

ဗလကြီး ပေါင်ရင်ကျူသည် ရှည်လျားသော ခြံစည်းရိုးသဖွယ် ပတ်စိုက်ထားသည့် ဝါးရုံတန်းကို မျက်ကွယ်ယူ၍ သူဌေးသားဝမ်ကျိ စောင်တို့ ချစ်ရေးလုံးနေကြသော ပန်းချုံနှင့် မျက်နှာချင်းဆိုင်နေရာ ရောက်အောင် ရွေ့လျားလိုက်လေသည်။

ရောက်တော့. . . ဗလကြီး ပေါင်ရင်ကျူမှာ သိချင်ဇောဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဝါးရုံတန်းကိုကျော်၍ ပန်းချုံအောက်ခြေတွင် လွတ်လပ်စွာ ချစ်ရည်လူး နေကြသည့် သူဌေးသားဝမ်ကျိုစောင်တို့စုံတွဲကို လှမ်းအကဲခတ် ကြည့်ရှု မိလိုက်ရလေတော့သည်။

✵ ✵ ✵

ထိုအခါကျမှ...

သူ... သူဌေးသား ဝမ်ကျိုစောင်၏ ရင်ခွင်ထဲဝယ် မှေးစက် နိဝင်နေရသော မိန်းကလေး၏မျက်နှာကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့လိုက်ရလေသည်။

"ဟင်... ကျူး.. ကျူးမေပါလား၊ တောက်.. ဒါ.. ဒါဆို သူ.. သူဌေးသားဟာ ငါ့.. ငါ့ကို အရူး.. အရူးလုပ်နေပါလား၊ ငါ အခု သွားသတ်မယ်"

လုံးဝ မမျှော်လင့်စွာပင် သူဌေးသားဝမ်ကျိုစောင်၏ ရင်ခွင်ထဲက မိန်းကလေးမှာ သူ စွဲလန်းခုံမင်နေခဲ့ရသော ကျူးမေဖြစ်နေသည်ကို မျက်ဝါးထင်ထင် လှမ်းမြင်တွေ့လိုက်ရမှုကြောင့် သူ သူဌေးသား၏ အရူးလုပ်နေခြင်းကို နာကြည်းခံပြင်းစွာ သိရှိလိုက်ရလေသည်။

ရုတ်ချည်း ပေါက်ကွဲလာရသော သူ့ရင်ထဲက အမျက်ဒေါသ များကို သတိလွတ်စွာ မထိန်းသိမ်းနိုင်တော့ဘဲ ရင်ဆိုင်ဖြေရှင်းရန် ဝါးရုံတန်းနောက်က, ထွက်ရန် လှုပ်ရှားလိုက်လေသည်။

"ဝို ဖပ်"

"ဟင်"

ထိုစဉ်... သူ့နောသို့ ရောက်ရှိလာရသော အထစ်ကျင်ချွေ ဖိန်က ဒေါသအမျက်ထွက် လှုပ်ရှားတော့မည့် ဇလကြီး ပေါင်ရင်ကျူး၏ လက်မောင်းရင်းတစ်ဖက်ကို လျှင်မြန်စွာ ဖမ်းဆုပ်လိုက်မိရလေသည်။

"ဇလကြီး... မင်းရင်ထဲမှာ ဘယ်လိုခံစားပေါက်ကွဲနေရတယ်



ဆိုတာ ငါ ကိုယ်ချင်းစာမိပါတယ်၊ ဒါပေမယ့် ဒီနေရာမှာ ဒေါသမာန်ပါ မလုပ်ပါနဲ့၊ မင်း ဘာမဟုတ်တဲ့မိန်းမကိစ္စကြောင့် မင်း ရည်ရွယ်ချက် တွေ ပျက်ပြားသွားနိုင်တယ်၊ လာ... ငါတို့ ပြန်ကြမယ်"

"ဟူး"

ဖျောင်းဖျစကား ဆိုလိုက်မှုကြောင့် သတိပြန်ဝင်သွားရသော ဇလကြီး ပေါင်ရင်ကျူး၏ရင်ထဲက ဒေါသအစုံကို ချုပ်တီးနိုင်မိလိုက်လေ သည်။

သည်နောက်... သူတို့နှစ်ယောက် လိုဟန်တိရစ္ဆာန်ဥယျာဉ် တော်ကြီးက ကျောခိုင်းထွက်လာခဲ့ကြလေသည်။

သို့နှင့်... သူတို့ မြို့လယ်ရောက်တော့ တစ်ခါမျှ မတောင်းဆို ဘူးသော ဇလကြီး ပေါင်ရင်ကျူးက အထစ်ကျင်ချွေဖိန့်ထံ တောင်းဆို လိုက်သည်မှာ...

"အထစ်... ငါ ဒီနေ့ အရက် သိပ်သောက်ချင်တယ်၊ ငါ့ ရင်ထဲမှာ ဇလောင်ဆူနေတယ်ဆိုတာ မင်း သိမှာပါ"

အထစ် ကျင်ချွေဖိန်က သက်ပြင်းတစ်ချက် ဟူးခနဲ မှုတ်လိုက် ပြီး...

"အေး... ငါကတော့ အရက်နဲ့ ယဉ်းပါးနေတဲ့ကောင်ဆိုတော့ အရက်သောက်ဖို့အကြောင်းပြောရင် ခေါင်းခါငြင်းလေ့မရှိတာတော့ အမှန်ပဲ၊ ကဲ... 'တစ်ရက်ပျော်' စားသောက်ဆိုင် ဝင်လိုက်ကြစို့"

"အေး"

သည်နောက် သူတို့နှစ်ယောက် အတွဲညီညီဖြင့် တစ်ရက်ပျော် စားသောက်ဆိုင်သို့ ဝင်ရောက်လိုက်ကြလေသည်။

သူတို့ရောက်ချိန်မှာ မွန်းလွဲချိန်မို့ တစ်ရက်ပျော်စားသောက်ဆိုင် အတွင်းဝယ် စားသောက်သူ နည်းပါးလွန်းလျက် ရှိနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ လေညှင်းတိုက်ခတ်ဝင်ရောက်နေသော မြတင်းပေါက်နံဘေးရှိ စားပွဲတစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်ကြလေသည်။

ထိုစဉ်... အိပ်ချင်မူးတူးရှိနေရသော စားပွဲထိုးလူငယ်လေး တစ်ချက်သမ်းဝေရင်း သူတို့စားပွဲဆီသို့ ချဉ်းကပ် ရောက်ရှိလာလေသည်။

သည်တော့... အထက် ကျင်ချွေဖိန့်က အလျှင်ဦးစွာ စားပွဲထိုးလူငယ်ကို လှမ်းမှာလိုက်လေသည်။

"ညီလေး... တို့ကို အရက်တစ်လုံးနဲ့ အမဲကျော်တစ်ပွဲနဲ့ ငါးခေါင်းဟင်းချိုတစ်ပွဲ လုပ်ခဲ့ပါ"

"ဟုတ်ကဲ့"

ဟုဆိုကာ စားပွဲထိုးလူငယ်လေး သူတို့ကို ဦးတစ်ချက်ညွှတ်ပြီး မင်းလမ်းအတိုင်း မီးဖိုချောင်ဘက်ဆီသို့ ဦးတည့်ထွက်ခွာသွားလေသည်။

သိပ်မကြာပါချေ...။

စားပွဲထိုးလူငယ်လေး ငွေရောင် လင်ဘန်းတစ်ချပ်ဖြင့် မှာကြားထားသော အမြည်းနှင့် အရက်အိုးတို့ကို လာရောက်ပို့ဆောင်တည်ခင်းသွားလေသည်။

သူတို့ စကားတပြောပြောနှင့် အရက်သောက်လိုက်၊ အမြည်းစား လိုက်ဖြင့် ညနေစောင်းသို့ ရောက်လာလေသည်။ သူတို့ ရေ ကိုက်လာကြပြီး ကျသင့်ငွေကို ဗလကြီး ပေါင်ရင့်ကျူး ထုတ်ရှင်း လေသည်။

သူတို့ တက္ကသိုလ် တည်းခိုရိပ်သာဆောင်ရောက် စားသောက်ခန်းထဲ တန်းဝင်ပြီး ညနေစာ စား[illegible]လိုက်ကြ သည်။ သူတို့သည် တက္ကသိုလ်ကျောင်းသားများဖြစ်သဖြင့် အရ



သောက်ခွင့် မရှိသော်လည်း အမူးမလွန်အောင်၊ ဆရာများမသိအောင် ခိုးသောက်ကြခြင်း ဖြစ်လေသည်။

သည်တွင်... ဗလကြီး ပေါင်ရင်ကျူးသည် နှစ်ယောက်ပေါင်း လုပ်ဖာတ်ခင်းပြီး သူ့အသည်းနှလုံးကို အရူးလုပ်ခဲ့ကြသည့် သူဌေးသား ဝမ်ကျိုစောင်နှင့် ကျူးမေတို့ကို နာကြည်းမုန်းတီးနေမိရလေသည်။

ဒါကြောင့်... သူ စားသောက်ခန်းထဲသို့ ကလိန်ကကျစ် လူယုတ်မာ သူဌေးသားဝမ်ကျိုစောင်ကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်သည်။

မတွေ့...

သို့သော် သူစိတ်ဓာတ်မကျပါချေ။ ညရောက်လာ လျှင်တော့ သူဌေးသားဝမ်ကျိုစောင် သူ့အိပ်ဆောင်ကို မချရောက်လာ မည်ကား သေချာလွန်းလှသည်။ အကြောင်းမှာမူ...

သူတို့ စုံတွဲခုတ်နေသည်ကို ဗလကြီး ပေါင်ရင်ကျူး မသိရှိနိုင်ဟု ထင်မှတ်ပြီး သူဌေးသား ဝမ်ကျိုစောင် ဘာသိဘာသာ သူ့အိပ်ခန်း ဆောင်သို့ ပြန်လာမည် မဟုတ်ပါလား။

သူ ကြိုတင်တွက်ဆထားသကဲ့သို့ပင် သူဌေးသား ဝမ်ကျိုစောင် လေလေးတချွန်ချွန်ဖြင့် သူ့အိပ်ခန်းဆောင်ထဲသို့ ဝင်ရောက်လာသည်။

"ဗလကြီး မင်း အခြေအနေမလှ ပြန်သွားရတဲ့အကြောင်း ကျူးမေ ကြားသိရပြီး စိတ်မကောင်းဖြစ်ပြီး တောင်းပန်စာပို့လိုက်တယ်၊ ရော့... ဖတ်ကြည့်"

"ဟုတ်ပြီ"

ဟုဆိုကာ ကြာခြေ့မပျက် စကားဆိုလိုက်ပြီး ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် သူဌေးသား ဝမ်ကျိုစောင်လက်ထဲက စာရွက်ကို လှမ်းယူလိုက်သည်။

www.burmeseclassic.com



ပြီးလျှင် ဗလကြီး ပေါင်ရင်ကျူသည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း...

"ဗို... ဗို"

"ဟာ... ဗ.. ဗလကြီး ဘယ်လိုလုပ်လိုက်တာလဲ"

မထင်မှတ်စွာပင် ဗလကြီး ပေါင်ရင်ကျူ၏ စာရွက် အပိုင်းပိုင်း အစစ ဆွဲဆုတ်လိုက်သည်ကို သူဌေးသားဝမ်ကျိုစောင် ကြုံတွေ့ရင်း စိတ်မကျေမချမ်းဖြစ်စွာ ငေါက်ငမ်း ပြောဆိုလာလေသည်။

သည်တွင်... ဗလကြီး ပေါင်ရင်ကျူက မဆိုးမခန့် ရယ်လိုက်ပြီးနောက်...

"ဒီမယ်... ခင်ဗျားဟာ အတော်အောက်တန်းကျစွာ ယုတ်မာတဲ့ လူတစ်ယောက်ပဲ၊ ခင်ဗျားနဲ့တန်တာ ဟောဒီ လက်သီးပဲ"

"ဗို"

"ခွပ်"

"ဘုတ်"

"ဘုန်း"

"ငါ.. ငါ့ သွားတစ်ချောင်း ကျိုးသွားပြီ မင်း.. မင်း အတော် ရက်စက်တဲ့ကောင်"

"ဒီမယ် !.. ရက်စက်တာ ကျုပ် မဟုတ်ဘူး၊ ခင်ဗျားပဲ၊ ခင်ဗျားတို့လိုတွဲ ဒီနေ့ ပိုဟာန်တိရွှာနည်းယျာဉ်တော်ကြီးမှာ ချစ်ရည်လူး နေတာ ကျုပ်ကိုယ်တိုင် မြင်တွေ့ခဲ့ရတယ်၊ ခင်ဗျားလို ကိုယ့်ချစ်သူ အပေါ် တန်ဘိုးမထားဘဲ ခုတုံးလုပ်ပြီး ကျုပ်ဆီ ငွေချေးရအောင် လုပ်ခဲ့တယ်"

"အေး... ငါ ကျောင်းအုပ်ကြီးကို သွားတိုင်မယ်"

"တိုင်... ကျုပ်လုပ်ရဲရင် ကျုပ်ခံရဲတယ်"



သည်နောက်... ပါးစပ်က သွေးများယိုစီးထွက်စွာဖြင့် သူဌေး သားဝမ်ကျိုစောင်တစ်ယောက် ဗလကြီး ပေါင်ရင်ကျူ၏ အိပ်ခန်း ဆောင်ထဲမှ သုတ်ချေတင် ထွက်သွားလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

## ရွှေကျိုးခြေနှင့် ဗလကြီး

အချင်းဖြစ်ပွားပြီး နောက်တစ်နေ့ နံနက်ခင်း စာသင်ချိန် စာသင်ခန်းသို့ တက္ကသိုလ်ကျောင်းအုပ်ကြီး၏ လက်ရုံးတစ်ဦး ရောက်ရှိလာပြီး စာပေသင်ကြားနေသော ဆရာထံ လှမ်းခွင့်တောင်းလာသည်မှာ...

"ဆရာ... ကျောင်းသား ဗလကြီး ပေါင်ရင်ကျူကို ကျောင်းအုပ်ကြီးထံ စေလွှတ်ပေးဖို့ အမိန့်ပေးလိုက်ပါတယ်"

ထို ဆိုစကားကို ကြားလိုက်ကြရသော စာသင်ခန်းရှိ ကျောင်းသားအားလုံးကို မနေ့က ဗလကြီး ပေါင်ရင်ကျူတစ်ယောက် သူ့ဗွေသား ဝမ်ကျိုစောင်ကို သွားတစ်ချောင်း ကျွတ်ထွက်သွားအောင် ထိုးလိုက်သော အရေးကိစ္စနှင့် ကျောင်းအုပ်ကြီးခေါ်၍ ဗလကြီးအား အပြစ်ပေး စီရင်တော့မည့်အကြောင်း အလိုလို သိရှိကြပြီး စိတ်မကောင်းချင်းကိုယ်စီ ဖြစ်တည်မိကြလေသည်။

သည့်တွင်... စာသင်ဆရာက ဗလကြီး ပေါင်ရင်ကျူထံ အကြည့်စူးစိုက်ရောက်ပြီး...

"ကဲ... တပည့်ဗလကြီး ကျောင်းအုပ်ကြီးရဲ့လက်ရုံး လာခေါ်



နေပြီ လိုက်သွားပေတော့၊ နောက်တဆိုတာ နောင်မှရတော့ ကိုယ့်ရည်မှန်းချက် ထိခိုက်ပျက်စီးရတယ်ဆိုတာ ငါ့တပည့် သင်ခန်းစာယူသွားပေတော့"

အသိပေးဆုံးမစကားဆိုလာတော့ ဗလကြီး ပေါင်ရင်ကျူ သဘောပေါက်စွာဖြင့် ဦးတစ်ချက်ညွှတ်လိုက်ပြီး...

"ဟုတ်ကဲ့ပါ... ဆရာ၊ ကျွန်တော့် အားနည်းချက်ကြောင့် ကျောင်းအုပ်ကြီး ပေးအပ်လာမယ့် အပြစ်ကို ကျေကျေနပ်နပ် ခံယူပါမယ်"

တုန့်ပြန်စကားဆိုပြီးနောက် ဗလကြီး ပေါင်ရင်ကျူတစ်ယောက် လေးလံသော ခြေလှမ်းများနှင့် စာသင်ခန်းထဲမှ ကျောနိုင်းထွက်လာခဲ့လေသည်။

သို့နှင့်... အုတ်ကြွပ်အမိုးကာထားသော ရှည်လျားသည့် စင်္ကြန်လမ်းကို အခန်းဆောင် ထောင့်ချိုးကွေ့ သုံးလေးကွေ့အား ကျော်ဖြတ်သန်းပြီးနောက် သီးသန့်စင်္ကြန်လမ်း အဆုံးသတ်တွင် တည်ရှိနေသည့် အခန်းကြီးတစ်ခုသို့ ဗလကြီး ပေါင်ရင်ကျူ ရောက်ရှိလာလေတော့သည်။

စင်စစ်တော့... ၎င်း အခန်းကြီးက နေပြည်တော်တက္ကသိုလ်တော်ကျောင်းအုပ်ကြီး၏ ရုံးထိုင်ရာ အခန်းငယ်ဖြစ်လေသည်။ အခန်းဝင်တံခါးပေါက်မှာ ဖွင့်ဟထားသော်လည်း ထိုအတွင်းကို လွယ်လင့်တကူ မမြင်ရအောင် ဖက်ဖူးရောင် ခန်းစည်းရှည် ကာရံထားလေသည်။

လေငြိမ်သက်နေသဖြင့် ဖက်ဖူးရောင်ခန်းစည်းများ တံခါးချပ်ပမာ တည်ငြိမ်စွာ ပိတ်ဆို့ကာရံထားလျက်ရှိနေ၏။ ပေးအပ်လာသည့် အပြစ်ဒဏ်ကို လည်စင်းခံယူဖို့ ရောက်ရှိလာရသော ဗလကြီး

www.burmeseclassic.com

www.burmeseclassic.com



ပေါင်ရင်ကျူတစ်ယောက် ဖက်ဖူးရောင်ခန်းစီးရှေ့ဝယ် မြွေဆိုးကြီး တစ်ကောင် ကြုံတွေ့လိုက်ရသည့်ပမာ တုန်ခနဲ ရပ်တန့်သွားရလေသည်။

တကယ်တမ်း... အပြစ်ဒဏ်ခတ်မှုကို ရင်ဆိုင်ကြုံတွေ့လာရမည်ဆိုတော့ ဗလကြီး ပေါင်ရင်ကျူ၏ အသည်းနှလုံးတို့ သိမ့်တုန်စွာ ခံစားမိလိုက်ရလေသည်။

သို့သော်လည်း... ရှောင်လွှဲ၍ မရတော့သည့် အခြေအနေမို့ ဖြစ်သမျှအကြောင်း အကောင်းကြီးပဲဟု ဖျောင်းဖျအားမွေးစိတ် ကိန်းအောင်းလိုက်ပြီး ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ဖက်ဖူးရောင်ခန်းစည်းကို တွန်းဖယ်၍ ကျောင်းအုပ်ကြီးရုံးခန်းထဲသို့ ဝင်ရောက်လိုက်လေသည်။

အထဲရောက်တော့... မဟူရာရောင်တောက်မှိုင်းနေသော စားပွဲခုံကြီး၏ တစ်ဖက်ရှိ ကျောမှီ အမြင့်ထိုင်ခုံတွင် ထိုင်နေသည့် ဥပဓိခန့်သားတည်ကြည်လွန်းရသော ကျောင်းအုပ်ကြီး 'ပေါ့ကျော်ဖိန်' ထိုင်နေသည်ကို ဗလကြီး ပေါင်ရင်ကျူ ရင်ဆိုင်ကြုံတွေ့လိုက်ရသည်နှင့် အလိုလို သိမ့်တုန်စွာ ခံစားလိုက်ရလေသည်။

သည်တွင်... ကျောင်းအုပ်ကြီး ပေါ့ကျော်ဖိန်သည် ကျောင်းစည်းကမ်းကို ဖောက်ဖျက်ပြီး ကျောင်းသားချင်း သွေးထွက်သံယိုထိုးကြိတ်ခဲ့သော ဗလကြီး ပေါင်ရင်ကျူကို မကျေမချမ်း စိုက်ကြည့်ပြီး...

"ဗလကြီး ပေါင်ရင်ကျူ... မင်း သူဌေးသား ဝမ်ကျိုးစောင်ကို သွားတစ်ချောင်း ကျွတ်ထွက်အောင် ထိုးနှက်လိုက်တယ် မဟုတ်လား။ မနေ့က ဇါ့ဆီ ဝမ်ကျိုးစောင် ဝင်တိုင်ကြားသွားတယ်"

"ဟုတ်ပါတယ် ကျောင်းအုပ်ကြီး"



"အေး... ဒါကတော့ ထွေထွေထူးထူး ပြောနေမှာ မဟုတ်ဘူး။ ကျောင်းစည်းကမ်းဖောက်ဖျက်တဲ့သူကို ချမှတ်ထားတဲ့ ကျောင်းစည်းကမ်းဥပဒေအရ အရေးယူရမယ်၊ ဒီတော့ ကျောင်းသားတစ်ယောက်ကို သွေးထွက်သံယို ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့သူကို ကျောင်းစည်းကမ်းဥပဒေအရ ကျောင်းထုတ်ပယ်ပစ်ရမှာပဲ၊ ဒီတော့မှ နောက် ကျောင်းသားတွေ ဒီလို ပြစ်မှု မကျူးလွန်ရဲအောင် စံနမူနာပြု လုပ်ဆောင်ရမှာပဲ"

"ကျွန်... ကျွန်တော့်ကို ကျောင်းထုတ်ပစ်လိုက်ပြီလား၊ ကျောင်းအုပ်ကြီး"

"အေး... မင်း ဒီတစ်ပတ်အတွင်း နေရပ် ပြန်ပေတော့၊ မင်း စာသင်ခန်းသွားစရာ မလိုတော့ဘူး။ ပြန်ဖို့ ပြင်ဆင်သင့်တာ ပြင်ဆင်ပေတော့"

"ဟုတ်ကဲ့"

ဟုဆိုကာ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ရည်ရွယ်ချက်ပန်းတိုင် ရိုက်ချိုးခံလိုက်ရသော ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ကြေကွဲခံပြင်းစွာဖြင့် ကျောင်းအုပ်ကြီးရုံးခန်းက ကျောခိုင်းထွက်လာရတော့သည်။ သူ ထိုသို့ ကျောင်းထုတ်ခံလိုက်ရသည်ကို ကျွမ်ပွယ်မ်ရွာက ဖခင်ကြီး ပေဒါဖုန်ကျင် ကြားသိလိုက်ရလျှင် မည်မျှရင်ကျိုးသွားရမည်နည်း။

ဗလကြီး ပေါင်ရင်ကျူတစ်ယောက် တက္ကသိုလ်ဘွဲ့ရပြီး ဘုရင့်နေပြည်တော်၌ အရာရှိမင်းကြီးရာထူးရတော့မည်ဟု ဂုဏ်ယူဝင့်ကြွားနေသော ဖခင်ကြီး ရွှေကြာတစ်ယောက်လည်း သူ ကျောင်းထုတ်ခံလိုက်ရသည့်သတင်းဆိုးကြီး ကြားသိလိုက်ရလျှင် ရင်ကွဲမတတ်လက်ခံစားရတော့မည်ကို တွေးမိပြီး ဗလကြီး ပေါင်ရင်ကျူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြေမဆည်နိုင်အောင် ကြေကွဲဝမ်းနည်းနေမိရလေသည်။

ညနေပိုင်းရောက်တော့ ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ကျောင်းထုတ်ခံလိုက်ရသည့် သတင်းဆိုးကြီး ကျောင်းဝန်းတစ်ခုလုံး တောမီးပမာ ပျံ့နှံ့သွားရလေသည်။

ထိုအခါ ... ရိုးသားနုံချာလှသော ဗလကြီး ပေါင်ရင်ကျူကို ခင်မင်ရင်းနှီးကြရသည့် ကျောင်းသားများ စိတ်မကောင်းခြင်း ဖြစ်ရတော့သည်။

ထို့အတူ ကျောင်းအုပ်ကြီးထံ အမှုဖွင့်တိုင်ကြားခဲ့ရသော သူဌေးသားဝမ်ကျိုစောင်သည် ဗလကြီး ပေါင်ရင်ကျူ ကျောင်းထုတ်ခံရသည့် သတင်းဆိုးကြီး ကြားမိပြီး တုန်လှုပ်သွားရလေသည်။

တကယ်တော့ ... သူ့ နာကျင်ခံပြင်းမှုကြောင့် အမျက်ဒေါသထွက်ပြီး ကျောင်းအုပ်ကြီးထံ အမှုဖွင့်တိုင်ကြားသော်လည်း ထိုသို့ ကျောင်းထုတ်ပယ်ခံလိမ့်မည်ဟု မထင်မိပါချေ။

အခုတော့ ... သူ့ကြောင့် ဖြူစင်ရိုးသားလွန်းရသော ဗလကြီး ကျောင်းထွက်ရတော့မည်ဖြစ်သဖြင့် သူ့အများသူ နောင်တရနေမိလိုက်လေသည်။

နောက်ဆုံး ... သူဌေးသားဝမ်ကျိုစောင်သည် ကျောင်းအုပ်ကြီး ဟွေကျောင်ဖိန်ထံ သွားရောက်ပြီး ဗလကြီးကို ကျောင်းမထုတ်ရန် အနူးအညွတ် တောင်းဆိုလေသည်။

သည်တွင် ... ကျောင်းအုပ်ကြီး ဟွေကျောင်ဖိန်သည် ပြုံးယဲ့ယဲ့ ပြုံးလိုက်ရင်း ...

"ဟင်း ... ဟင်း ဝမ်ကျိုစောင် ငါဟာ ကျောင်းအုပ်ကြီး တာဝန်ကို ထမ်းရွက်နေတဲ့လူ၊ မင်းက အမှုဖွင့်တိုင်ကြားထားတော့ ဒီအမှုကို ကျောင်းစည်းကမ်းအတိုင်း ထိရောက်စွာ တာဝန်မယူဘူးဆိုရင် ငါ့ကို အထက်က သက်ဆိုင်ရာလူကြီးတွေက အပြစ်တင်ရှုံ့ချတော့မယ်၊ ပြီးတော့ ကျောင်းသူကျောင်းသားတွေကလည်း ငါ့ကို စည်းကမ်းအတိုင်း မဆောင်ရွက်တဲ့အတွက် ဘယ်လေးစားနာခံကြတော့မှာလဲ၊ မင်း တောင်းပန်လို့ မရဘူး"

"ဟာ ... ဒါ .. ဒါဆို ကျောင်း .. ကျောင်းအုပ်ကြီး တကယ်တော့ ဗလကြီး အခုလို အပြစ်ကျူးလွန်ခဲ့ရတာ ကျွန်တော့်အပြစ်တွေ အများကြီး ရှိပါတယ်၊ ကျွန်တော့်ကြောင့် သူ့ဘဝရည်မှန်းချက်ကြီး မပျက်စီးစေချင်ပါဘူး"

"အိမ်း ... ငါလည်း ဟောဒီ နေပြည်တော်တက္ကသိုလ်တော်ကြီးမှာ တက်ရောက်နေကြတဲ့ ကျောင်းသူကျောင်းသားအားလုံး ဘွဲ့ကိုယ်စီရပြီး တိုင်းပြည်တာဝန်ကို အရာရှိ အရာငယ်တွေဖြစ်ပြီး ကျေကျေပွန်ပွန် ချမ်းချမ်းသာသာ ဆောင်ရွက်နေကြတာ သိပ်မြင်စေချင်တာပေါ့၊ ကျောင်းသားတစ်ယောက် ဘဝပျက်ရာပျက်ကြောင်း ကျောင်း ဘယ်ထုတ်ပစ်ချင်ပါ့မလဲ"

"ကျောင်း .. ကျောင်းအုပ်ကြီး ဗ .. ဗလကြီး ကျောင်းမထွက်ရအောင် လုပ်နိုင်ခွင့် မရှိတော့ဘူးလား"

ယင်းသို့ အားကိုးတကြီး တောင်းဆိုလာတော့ ကျောင်းအုပ်ကြီး ဟွေကျောင်ဖိန်တစ်ယောက် သက်ပြင်းကြီးတစ်ချက် ချလိုက်မိရလေတော့သည်။

* * *

စကားပြော ခေတ္တပြတ်တောက်ပြီး ကျောင်းအုပ်ကြီး၏ရုံးခန်း တစ်ခုလုံး ဆိတ်ငြိမ်သွားရသည်။

ကျောင်းအုပ်ကြီး ဟွေကျောင်ဖိန် မျက်မှောင်ကြီးကြုတ်ပြီး တစ်စုံတစ်ခုကို တွေးတောစဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဗလကြီးအတွက် စိုးရိမ်ပူပန်နေမိရသော သူဌေးသား ဝမ်ကျိုစောင်က ငူငူကြီးတွေးတောနေမိရသည့် ကျောင်းအုပ်ကြီး ပေွကျောင်ဖိန့်ထံ တိုက်တွန်းလှူ့တော်စကား ဆိုလိုက်သည်မှာ...

"ကျောင်း... ကျောင်းအုပ်ကြီး ကျွန်တော့်ကို သနားသဖြင့် အကြံပေးပါဦး ခင်ဗျာ၊ ဗလကြီးကို ဒီလို ကျောင်းထုတ်မှန်းသိရင် အမှုဖွင့် မတိုင်ကြားပါဘူး"

ယင်းဆိုစကား ကြားလိုက်ရတော့ ကျောင်းအုပ်ကြီးပေွကျောင် ဖိန့်သည် အပြုံးယဲ့ယဲ့ ပြုံးလိုက်ရင်း...

"ဟင်း... ဟင်း တကယ်တော့ တစ်ယောက်နဲ့တစ်ယောက် စိတ်အခန့်မသင့်လို့ ခိုက်ရန့်ဒေါသဖြစ်ခဲ့ကြပေမယ့်၊ နှစ်ရှည်လများ အတူနေကြတဲ့ ကျောင်းသားချင်းတွေဆိုတော့ သံယောဇဉ် အလိုလို ရစ်တွယ်နေမိကြတယ်ဆိုတာ ဝမ်ကျိုစောင် သဘောပေါက်နားလည်မိ ပြီလား"

"နား... နားလည်ပါပြီ ကျောင်းအုပ်ကြီး"

"အေး... ဒါကြောင့် ပြဿနာတွေကို ငါ့ဆီ မတက်လာကြတဲ့ ကိုယ့်ကျောင်းသားအချင်းချင်း နားလည်မှုကို အတန်းပိုင်ဆရာတွေရဲ့ ကွပ်ကဲဆုံးမနာခံကြပြီး ဖြစ်ပွားလာတဲ့ ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်ကြရင် ငါက ဒီအမိန့်ကို ထုတ်ပြန်စရာ မလိုတော့ဘူးပေါ့ မဟုတ်ဘူးလား"

"ဟုတ်... ဟုတ်ပါတယ် ကျောင်းအုပ်ကြီး"

"ဒီတော့... ဒီအမိန့် မထုတ်ပြန်နိုင်အောင် မင်းသဘော ဆန္ဒအတိုင်း မင်းအမှုဖွင့်တိုင်ကြားထားတဲ့ စာကို မင်းက ရုတ်သိမ်းရင် ငါလည်း ဗလကြီးကို မင်းတောင်းဆိုတဲ့ဆန္ဒအတိုင်း ကျောင်းထုတ်တဲ့ အမိန့်ကို ပြန်ရုပ်သိမ်းလိုက်ရုံပေါ့၊ ဘယ့်နှယ့်လဲ"



ထိုအကြံဉာဏ်ကို ကြားသိလိုက်ရသော သူဌေးသား ဝမ်ကျိုစောင် လှုပ်ရှားတက်ကြွသွားရပြီး...

"ဟုတ်ကဲ့ပါ ကျောင်းအုပ်ကြီး၊ ကျွန်တော် တိုင်ကြားတဲ့ တိုင်စာ ကို ပြန်... ပြန်ရုတ်သိမ်းပါတယ်"

"အေး... နောက်နောင် ဒီလိုပြဿနာမျိုး မပေါ်ပေါက်အောင် အချင်းချင်း ကိုယ့်စည်းကမ်းနဲ့ကိုယ် ထိန်းကျောင်းကြပါ"

"ဟုတ်ကဲ့... ကျောင်းအုပ်ကြီး"

"အခု မင်းတိုင်စာကို ပြန်ယူသွားတော့"

"ဟုတ်ကဲ့ပါ"

ဟုဆိုကာ သူဌေးသား ဝမ်ကျိုစောင်မှာ ကျောင်းအုပ်ကြီး မေွကျောင်ဖိန့်ကမ်းပေးလာသော တိုင်ကြားစာကို တရိုတသေ ပြန်ယူ လိုက်လေသည်။

ထိုသို့ သူဌေးသား ဝမ်ကျိုစောင် ဆောင်ရွက်လိုက်မှုကြောင့် ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ကျောင်းမထွက်ရတော့ဘဲ စိတ်အေးချမ်းသာစွာ တက္ကသိုလ်ပညာကို တက်ရောက်သင်ယူ ဆည်းပူးခွင့်ရလေသည်။

ထိုရက်တွင် ကျောင်းအုပ်ကြီး၏ အမိန့်က သူတို့နှစ်ယောက် ကို အခန်းချင်းကပ် မထားတော့ဘဲ ဗလကြီး ပေါင်ရင်ကျူအား အောက်ထပ်သို့ ရွှေ့ပြောင်းလိုက်တော့သည်။

ထိုသို့... သူတို့နှစ်ယောက် အပေါ်ထပ် အောက်ထပ် ခွဲခြား သွားကြသလို သူတို့၏ ဆက်ဆံရေးမှာလည်း အလိုလို ခွဲခြားပြတ် တောက် သွားရလေသည်။

တစ်ခါသေဖူး ဖျဉ်ပိုးနားလည်ဆိုသည့် ဆိုရိုးစကားအတိုင်း ဗလကြီး ပေါင်ရင်ကျူသည် လူလည်လူရှုပ် သူဌေးသား ဝမ်ကျိုစောင်

www.burmeseclassic.com

www.burmeseclassic.com



ကို လုံးဝ ပေါင်းသင်းဆက်ဆံခြင်း မပြုတော့ပေ။

သို့ရာတွင် သူနှင့်အခန်းကပ်လျက်ရှိသော ငွေကြေးသုံးဖြုန်းနိုင်သည့် ဗိုင်လုံနှင့် ခင်မင်လာရလေသည်။

ဗိုင်လုံသည် အခန်းထဲအောင်းပြီး ကာယဗလလေ့ကျင့်နေသော ဗလကြီး ပေါင်ရင်ကျူကို ပြင်ပဗဟုသုတ တိုးပွားစေရန် ရည်ရွယ်ပြီး သူနှင့် ခင်မင်ရင်းနှီးမိရသည့် ငွေဂျီးဖြူ ရင်ရီချန်၏ဂေဟာသို့ ခေါ်ဆောင်ခဲ့လေသည်။

ထိုအခါကျမှ ဗလကြီး ပေါင်ရင်ကျူတစ်ယောက် တောင့်တင်းလှပ ကျော့ရှင်းဆဲ ရှိနေသေးသော မုဆိုးမ ငွေဂျီးဖြူရင်ရီချန်နှင့် တွေ့ဆုံလာခဲ့ရလေသည်။

ယင်း... မုဆိုးမ ငွေဂျီးဖြူ ရင်ရီချန်သည် အသက် (၃၅)နှစ်ခန့်ရှိသော်လည်း ပုရိသ ယောက်ျားအပေါင်းတို့ကို ဆွဲငင်နိုင်သေးသော အလှများ ပွင့်အာဆဲ ရှိနေရလေသည်။

ပြောရမည်ဆိုလျှင်...

ငွေဂျီးဖြူရင်ရီချန်သည် ရတနာပစ္စည်း အရောင်းအဝယ်လုပ်နေသော ရတနာကုန်သည်တစ်ဦးဖြစ်သည်။

သို့သော်... ရတနာကုန်သည်တစ်ဦးဖြစ်သော်လည်း ငွေကြေးသိပ်ကြွယ်ဝချမ်းသာသူတစ်ဦးတော့ မဟုတ်ပါချေ။ အတင့်အသင့်ရှိသော ငွေကြေးလေးဖြင့် ရတနာများကို တတ်နိုင်သရွေ့ ဝယ်ယူစုဆောင်းပြီး နိုင်ငံခြားမှ ရောက်ရှိလာကြမည့် ရတနာကုန်သည်ကြီးများကို တဆင့် ရောင်းစားနေရသော ပွဲစားတစ်ဦးပင် ဖြစ်လေသည်။

ဒါကြောင့်... သူမလက်ထဲတွင် ဝယ်ယူစုဆောင်းထားသော ရတနာပစ္စည်းတို့ အရောင်းထွက်သည့်အခါ ရင်းနှီးထားသည့် ငွေများနစ်မြုပ်နေပြီး တစ်ခါတစ်ရံ သူမလက်ထဲတွင် သုံးစွဲစရာ ငွေကြေး



ပြတ်တောက်လျက်ရှိတတ်သည်။

ထိုအခါ သူမသည် ခင်မင်ရင်းနှီးနေရသော အရာရှိကြီးများနှင့် အရာရှိကတော်များကို စိတ်ခေါ်ပြီး လောင်းကစား ကြိတ်ထောင်စားရလေသည်။

သို့နှင့် လောင်းကစားဝိုင်းက ရရှိသော အကောက်ဝင်ငွေဖြင့် သူမ၏ မချောင်လည်ဖြစ်တည်နေရသော စီးပွားရေးကို ချောင်လည်အောင် ကြံဆောင်ရလေသည်။

ထို လောင်းကစားဝိုင်းရှိ၍လည်း လောင်းကစားဝါသနာပါလွန်းနေရသော တက္ကသိုလ်ကျောင်းသား ဗိုင်လုံ ငွေဂျီးဖြူဂေဟာသို့ ရောက်ရှိလာရခြင်း ဖြစ်လေသည်။

ဗိုင်လုံသည် ကျောင်းပိတ်ရက်တိုင်းဆိုလျှင် နေ့စဉ် လောင်းကစားဝိုင်းရှိရာ ငွေဂျီးဖြူ ရင်ရီချန်၏ဂေဟာကို တစ်နေကုန်ရောက်ရှိပြီး အနိစ္စဝိုင်းထဲ ဝင်ရောက်ကစားလေသည်။

အဲ... ကျောင်းပိတ်ရက် မဟုတ်သောနေ့ရက်များတွင်ဆိုကျောင်းစာသင်ချိန်ကုန်သည့် ညနေပိုင်းအချိန်တိုင်း ထို ငွေဂျီးဖြူဂေဟာသို့ အမြဲရောက်ရှိပြီး လောင်းကစားလေ့ရှိသည်။

အချိန်အခါမဟုတ် ညဉ့်နက်သန်းခေါင်ကျော်မှ တက္ကသိုလ်တည်းခိုဆောင်သို့ ဗိုင်လုံ မလွယ်ပေါက်ကနေ ဝင်ရောက်လေ့ရှိသည်။

ထိုသို့ ဗိုင်လုံတစ်ယောက် လူမသိသူမသိ လုပ်ရှားနေသည်ကို ဗလကြီး ပေါင်ရင်ကျူတစ်ယောက် အခန်းချင်းကပ်နေတော့မှ သိရှိလာရလေသည်။

အခုတော့... သူလည်း ဗိုင်လုံခေါ်ဆောင်မှုကြောင့် ငွေဂျီးဖြူဂေဟာသို့ ရောက်ရှိလာရင်း ငွေဂျီးဖြူ ရင်ရီချန်နှင့် ဆုံတွေ့ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ငွေကျီးဖြူ ရင်ရီချန်သည် ဗလကြီး ပေါင်ရင်ကျူကို ပိုင်လုံကဲ့သို့ လောင်းကစားရန် ရောက်ရှိလာသည်ဟု ထင်မှတ်ခဲ့သည်။

နောက်မှ . . . ဗလကြီး ပေါင်ရင်ကျူတစ်ယောက် လောင်းကစား ဝါသနာပါခြင်းမရှိဘဲ ပိုင်လုံနှင့် တမင်သက်သက် အဖော်လိုက်လာကြောင်း သူမ သိရှိသွားလေသည်။

သူမနှင့် ဗလကြီး ပေါင်ရင်ကျူတို့ အရောက်အပေါက်များသောအခါ ခင်မင်ရင်းနှီးလာသည်။

သည့်တွင် သူမသည် ရိုးသားဖြောင့်မတ်သော ဗလကြီး ပေါင်ရင်ကျူ၏ အကျင့်စာရိတ္တကို အကဲခတ်မိပြီး သူမ၏ရတနာအရောင်းအဝယ်ကိစ္စတွင် အဖော်လိုက်ဖို့ ဗလကြီးထံ အကြံပြုလာသည်။

သည့်တွင် . . . ရတနာအရောင်းအဝယ်လုပ်ငန်းတွင် အဖော်မဲ့နေရသော မုဆိုးမ ငွေကျီးဖြူ ရင်ရီချန်၏ အခက်အခဲကို ကူညီလိုစိတ်ထက်သန်စွာဖြင့် သူမ၏ အကြံပြုလာမှုကို ခေါင်းညိတ်လိုက်လေသည်။

✵ ✵ ✵

ထိုအခါ ကျောင်းပိတ်ရက်များတွင် ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ကိုယ်ရံတော်ဘဝရောက်ရှိနေရပြီး ငွေကျီးဖြူဂေဟာကို အမြဲမပြတ် ရောက်ရှိနေရသည်။

သည့်တွင် ငွေကျီးဖြူ ရင်ရီချန်သည် ကိုယ်ရံတော် ခန့်အပ်ထားသော ဗလကြီး ပေါင်ရင်ကျူကို သူမသွားလေရာသို့ လိုက်ပို့နိုင်းလေသည်။

ထိုအခါ သူမ၏ နံဘေးတွင် ကိုယ်ကာယဗလ တောင့်တင်းကြံ့ခိုင်လျက်ရှိသော ဗလကြီး ပေါင်ရင်ကျူ ကိုယ်ရံတော်အဖြစ်လိုက်ပါလာခြင်းကြောင့် သူမကို စော်ကားလိုသောသူတို့သည် စိုးရိမ်



သူမနားမကပ်ရဲတော့ချေ။

ဒါကြောင့် ငွေကျီးဖြူ ရင်ရီချန်သည် ရတနာအရောင်းအဝယ်လုပ်ငန်းကို စိတ်အေးစွာ လုပ်ကိုင်နိုင်ခဲ့လေတော့သည်။

အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းညှိ ဆိုရိုးစကားအတိုင်း အတူတွဲသွားလာနေရဖန် များလာတော့ ဗလကြီး ပေါင်ရင်ကျူတစ်ယောက် အပျိုဖြန်းနှင့် ယှဉ်နိုင်စွာ တောင့်တင်းကျော့ရှင်းလှပစွာရှိသော မုဆိုးမ ငွေကျီးဖြူ ရင်ရီချန်ကို ချစ်မိသွားရလေတော့သည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## မဖိတ်ခေါ်ဘဲ ရောက်လာသောဗြုတ်ဆိုး

ထိုအတူ ဗလကြီးကို အားကိုးအားထားရသူတစ်ဦးဖြစ်ကြောင်း ကြုံတွေ့လာရတော့ မုဆိုးမ ငွေကျီးဖြူ ရင်ရီချွန်သည်လည်း ဗလကြီး အပေါ် သံယောဇဉ် လျှို့ဝှက်ငြိတွယ်လာရလေသည်။

တစ်နေ့ . . ငွေကျီးဖြူဂေဟာ အပေါ်ထပ်၌ လောင်းကစားဝိုင်း ဖြစ်နေချိန်တွင် လူရှင်းလင်းနေရသော အောက်ထပ်ထမင်းစားခန်း၌ သူတို့နှစ်ယောက် ဆုံတွေ့မိကြလေသည်။

သည့်တွင် . . . နှလုံးသား၏ စေ့ဆော်တိုက်တွန်းမှုကြောင့် ဗလကြီး ပေါင်ရင်ကျူးသည် မုဆိုးမ ငွေကျီးဖြူ ရင်ရီချွန့်ထံ ချစ်ခွင့်ပန် လေသည်။

မျှော်လင့်နေစဲ၊ မျှော်လင့်သလို လူပျို စာပေတက္ကသိုလ် ကျောင်းသား ဗလကြီး ပေါင်ရင်ကျူး သူမထံ ချစ်ခွင့်တောင်းလာတော့ ဝမ်းသာသိမ့်တုန်စွာ ခံစားလိုက်ရသော်လည်း မိန်းမသား ဣန္ဒြေ ကြောင့် ရှက်ရွံ့ဟန်ဖြင့် ခေါင်းကလေး ငုပ်လျှိုးသွားရလေသည်။

သည့်တွင် . . . မုဆိုးမဘဝမို့ သိမ်ငယ်စိတ်ဖြင့် ငွေကျီးဖြူ



ရင်ရီချွန်က ဗလကြီး ပေါင်ရင်ကျူးထံ တုန့်ပြန်စကား ဆိုလိုက်သည် မှာ. . .

"မောင်လေး ရင်ကျူး. . . သေချာစဉ်းစားပါဦးကွယ်၊ အစ်မ ဘဝက သန့်စင်တဲ့ဘဝ မဟုတ်တော့ဘူး၊ မောင်လေး စာပေပညာ တော်ကြီးကတော် ဖြစ်စေမယ့် မမထက် ချောမောတဲ့ အပျိုလေးကို လက်ထပ်ယူပါကွယ်"

ပြောတော့ ဗလကြီး ပေါင်ရင်ကျူးက မုဆိုးမဘဝမို့ သိမ်ငယ် ဝမ်းနည်းစွာဖြင့် အပျိုစင်ကို လက်ထပ်ယူဖို့ တိုက်တွန်းစကားဆိုလာ တော့ ခေါင်းတစ်ချက် ခါယမ်းလိုက်ကာ. . .

"မမရယ် . . . ကျွန်တော့်အချစ်ဟာ မုဆိုးမရယ်၊ အပျိုစင်ရယ် ခွဲခြားမှု မရှိပါဘူး၊ အပျိုစင်ဖြစ်ပေမယ့်လည်း မမလို ချစ်နိုင်မှာ မဟုတ်ဘူး၊ မမ ကျွန်တော့်အချစ်ကို လက်ခံမယ် မခံဘူးဆိုတာ ပြောပါဗျာ"

ပြောပြောဆိုဆိုနှင့် သွေးကြွလာရသော ဗလကြီး ပေါင်ရင်ကျူး မှာ ထိုင်ခုံမှထကာ ငွေကျီးဖြူ ရင်ရီချွန်ကို နောက်ဖက်က သိမ်းဖက် လိုက်လေသည်။

ပြီးသော် . . . သူ စိတ်မထိန်းနိုင်စွာဖြင့် သူမ၏ ရှက်သွေးဖြာ နီမြန်းနေရသော ပါးပြင်နှစ်ဖက်ပေါ်သို့ အနမ်းမိုးများ တရစပ် ရွာသွန်း ဖြိုးလိုက်လေသည်။

"အို. . . အို. . . မောင်. . မောင်လေး၊ ကဲ. . ကဲလွှန်းပြီ တော်ကြာ အခန်းထဲကို အိမ်စေမလေး ကျောင်းမေနဲ့ ခြံစောင့်ကြီး ခေါင်းဖြူဆိုက်တွဲ ဝင်လာရင် မကောင်းဘူး ဖယ်နော်"

တောင်းပန်စကားဆိုလာသဖြင့် ဗလကြီး ပေါင်ရင်ကျူး နှစ်နှုတ်ခမ်းမှ ကို ရပ်တန့်ပြီး သူ့ထိုင်ခုံတွင် ပြန်သွားထိုင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး… ဗလကြီး ပေါင်ရင်ကျူသည် ရှက်ရွံ့လှုပ်ရှားစိတ်ဖြင့် ခေါင်းငုံ့လျှိုးနေရသော ငွေကျီးဖြူ ရင်ရီချွန်ထံ ချစ်ငွေ့ထန်ထနေသည့် မျက်လုံးအစုံတို့ဖြင့် စူးစိုက်ကြည့်ရင်း…

"မမ… ကျွန်တော့်အချစ်ကို လက်ခံတယ် မဟုတ်လား"

ထိုအမေးကြောင့် ငွေကျီးဖြူ ရင်ရီချွန်သည် ချစ်ရည်ရွှန်းလဲ့သော အကြည့်ဖြင့် ဗလကြီး ပေါင်ရင်ကျူထံ ခေါင်းမော့ကြည့်လာရင်း။

"ဒီ… အဖြေ ဖြေစရာ လိုသေးလို့လား"

"ဟင်… ဘာဖြစ်လို့လဲ လိုတာပေါ့"

"မလိုတော့ဘူး"

"ဗျာ"

မထင်မှတ်နိုင်သော အဖြေစကားကို ကြားလိုက်ရသည့် ဗလကြီး ပေါင်ရင်ကျူ အံ့သြတကြီးဖြစ်က 'ဗျာ' ဟူသော စကားကို လွှတ်ခနဲ ရေရွတ်မိလိုက်ရလေသည်။

ထိုစဉ်… ငွေကျီးဖြူ ရင်ရီချွန်သည် ကြောင်အမ်းအမ်း ဖြစ်တင် နေရသော ရိုးစင်းနုံချာလွန်းရသည့် ဗလကြီး ပေါင်ရင်ကျူထံ ချစ်ပြုံး ယဲ့ယဲ့ ပြုံးပြလိုက်သည်။

"ဟင်း… ဟင်း။ မောင်လေးရဲ့အချစ်ကို မမ လက်မခံခဲ့ဘူး ဆိုရင် စောစောက မောင်လေးရဲ့အနမ်းတွေကို မမ ကြည်ကြည်ဖြူဖြူ လက်ခံနိုင်ပါ့မလား"

ယင်းသို့ ထုတ်ဖော်ရှင်းလင်းပြောပြလာတော့မှ ဗလကြီး ပေါင်ရင်ကျူ တစ်ယောက် သူ့ကိုယ်သူ နုံချာလွန်းမှန်း သဘောပေါက်စွာ သိရှိရပြီး ပီတိဖြစ်စွာ ရယ်မောလိုက်ရလေသည်။

ထိုအခိုက်… သူတို့ရှိရာ စားသောက်ခန်းထဲသို့ အိမ်ဖော်မ လေး ကျောင်းမေတစ်ယောက် လင်ဗန်းတစ်ချပ်ဖြင့် ဟင်းပန်းကန်များ



လာရောက်ပို့ဆောင်သဖြင့် သူတို့ ကြွေခြေကိုယ်စီ ဆောင်နေမိကြ လေသည်။

သည်တွင်… ဗလကြီး ပေါင်ရင်ကျူ၏အကြည့် အိမ်ဖော်မ လေး ကျောင်းမေထံ ရွှေ့ပြောင်းရောက်ရှိသွားရလေသည်။

ထိုအခါကျမှ… အိမ်ဖော်မလေးကျောင်းမေသည်လည်း ဘဝ ပေး ကုသိုလ်ကံ မလှသဖြင့် အိမ်ဖော်ဘဝ ရောက်နေရသော်လည်း သူမမှာ ကိုယ်ကာယ အချိုးအဆစ် ပြေပြစ်လှပသူတစ်ဦးဖြစ်ကြောင်း ဗလကြီး ပေါင်ရင်ကျူ၏ရင်ထဲက ဝေဖန်သုံးသပ်မိလိုက်ရလေတော့ သည်။

ပြီး… အိမ်ဖော်မလေး ကျောင်းမေ၏ ရုပ်ကြန်အင်လက္ခဏာ မှာလည်း မခေသူတစ်ဦးဖြစ်လေသည်။

အကယ်၍သာ သူမကို ဝတ်ကောင်းစားလှများနှင့် ဆင်ယင် လိုက်လျှင် မိန်းမချော၊ လူကုံတန်စာရင်းဝင် ရုပ်ရည်မျိုး ပိုင်ဆိုင်ထား သူ ဖြစ်လေသည်။

အိမ်ဖော်မလေး ကျောင်းမေတစ်ယောက် စားပွဲဝိုင်းပေါ်တွင် လင်ဗန်းပေါ်က ဟင်းပန်းကန်များကို အစီအရီ တည်ခင်းပေးပြီးနောက် သူတို့ကို ခေါင်းငုံ့ညွတ်ပြီး စားသောက်ခန်းထဲက ကျောခိုင်း ထွက် ခွာသွားလေသည်။

ထိုစဉ်… ဗလကြီး ပေါင်ရင်ကျူသည် ငွေကျီးဖြူ ရင်ရီချွန်၏ အရောင်းအဝယ်ကိစ္စတစ်ခုကို သတိတရ ရှိလိုက်မိပြီး…

"အစ်မ ငွေကျီးဖြူ ဟိုတစ်ပတ်က အစ်မဝယ်ယူဖို့ စိန်ရလေသွား ပစ္စည်းကိစ္စ အဆင်ပြေရဲ့လား"

စပ်စုစွာ လှမ်းမေးလိုက်တော့ ငွေကျီးဖြူရင်ရီချွန်က အပြုံးလှလှ တစ်ပွင့် ဆောင်လိုက်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



"အင်း... အဆင်ပြေဖို့များပါတယ်၊ ဒါပေမယ့် မမမှာ တခြား ရတနာပစ္စည်းတွေ မရောင်းထွက်သေးတော့ ငွေမြုပ်နေပြီး အဲဒီ စိန်တွေ ဝယ်ဖို့ ငွေနည်းနည်းလိုနေတယ်"

"ဪ..."

ဟု ဗလကြီး ပေါင်ရင်ကျူး ရေရွတ်လိုက်ရုံသာရှိပြီး သူ့ချစ်သူ မမ၏ အခက်အခဲကိုမူ သူ လုံးဝ မကူညီနိုင်ပါချေ။

ဟုတ်သည်လေ... ငွေကျိုးဖြူ ရင်ရီချွန်မှာ စိန်များ ဝယ်ယူဖို့ ငွေနည်းနည်း လိုအပ်နေသည်ဟုဆိုရာမှာ အနည်းဆုံး သိန်းဂဏန်း အထက်မှာ လိုနေကြောင်း အရောင်းအဝယ်လုပ်ရာ၌ အတွေ့လိုက်ပါနေသူဖြစ်သဖြင့် ထိုသို့ ဗလကြီး ပေါင်ရင်ကျူး တွက်ဆမိလို့ခြင်း ဖြစ်လေသည်။

ဒါကြောင့်... ဒါကြောင့်။

ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် ချစ်ရသူ မမ၏ အခက်အခဲကို လုံးဝ ဝင်ရောက် ကူညီထားနိုင်ခြင်း မရှိသဖြင့် ဪဟုသာ စိတ်မကောင်းခြင်းဖြစ်စွာ ရေရွတ်မိလိုက်ရခြင်း ဖြစ်လေသည်။

သို့နှင့် ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် ငွေကျိုးဖြူ ရင်ရီချွန်၏ အချစ်ကို ရရှိလိုက်သဖြင့် ဝမ်းသာရွှင်မြူးစွာဖြင့် ငွေကျိုးဖြူဂေဟာသို့ ချောင်းပေါက်အောင်ပင် ရောက်ရှိနေရလေသည်။

ယခင်ကဆိုလျှင်... သူ ငွေကျိုးဖြူဂေဟာသို့ လာရောက်ရန် အတွက် ပိုင်လုံ၏အကူအညီ လိုခဲ့ရသော်လည်း အခု သူ ငွေကျိုးဖြူ၏ ချစ်သူဖြစ်လာရသဖြင့် ပိုင်လုံကို အဖော်ခေါ်စရာ မလိုဘဲ အချိန်မရွေး ဝင်ထွက်သွားလာနေလေတော့သည်။

ထိုစဉ်...

ငွေကျိုးဖြူ ရင်ရီချွန်ကလည်း ဗလကြီး ပေါင်ရင်ကျူးကို



နောက်ထပ် အိမ်ထောင်ဘက်အဖြစ် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ကျောင်းပိတ်ရက်တိုင်း သူမ၏အိမ်ဂေဟာသို့ လုပ်ငန်းအကြောင်းပြပြီး ခေါ်သိမ်းလေသည်။

ထို ကျောင်းပိတ်ရက် ညတိုင်း သူတို့နှစ်ယောက် နှဲပျော်ကြလေသည်။

ထိုသို့ အချစ်နှင့် ပြီးပြည့်စုံစွာဖြင့် သာယာနေရသော ငွေကျိုးဖြူ ဂေဟာသို့ ကံကြမ္မာကြိုးဟ်ဆိုးကို ဖန်တီးမည့် ပုဂ္ဂိုလ်တစ်ယောက်အား မထင်မှတ်စွာပင် ပိုင်လုံက ခေါ်ဆောင်လာလေသည်။

စင်စစ်တော့... ထိုပုဂ္ဂိုလ်က တခြားသူမဟုတ်ပါချေ။ တစ်ချိန်က ဗလကြီး ပေါင်ရင်ကျူးကို ထုံးလိုချေ ရေလိုနောက်ခဲ့ရသော စာပေတက္ကသိုလ်ကျောင်းသား သူဌေးသား ဝမ်ကျိုစောင်ပင်ဖြစ်လေသည်။

ပြောရမည်ဆိုလျှင်... ။

ပိုင်လုံသည် လောင်းကစားဝါသနာကြီးလွန်းရသော သူဌေးသား ဝမ်ကျိုစောင်က လောင်းကစားဝိုင်းရှိသည့် ငွေကျိုးဖြူဂေဟာသို့ လိုက်ချင်သည်ဟု တောင်းဆိုသဖြင့် ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

ဗလကြီး ပေါင်ရင်ကျူးသည် ငွေကျိုးဖြူဂေဟာသို့ သူဌေးသား ဝမ်ကျိုစောင် ရောက်လာသည်ကို အကုသိုလ်ကောင်ကြီး ရောက်လာပြီဟု တွက်ဆမိပြီး ခေါ်ဆောင်လာသူ ပိုင်လုံအပေါ် မကျေမချမ်း ဖြစ်မိရလေတော့သည်။

သို့ရာတွင် ဥပဓိရုပ် ချောမောပြီး အပြောဆို သိမ်မွေ့ညက်ညောကောင်းလွန်းရသော သူဌေးသားဝမ်ကျိုစောင်ကို ဂေဟာရှင် ငွေကျိုးဖြူ ရင်ရီချွန်တစ်ယောက် ရင်းနှီးခင်မင်လာရသည်သာမက အိမ်ဖော်မလေး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမေနှင့် ခေါင်းဖြူကြီးဆိုက်တွဲတို့ပင် ခင်မင်ရင်းနှီးလာကြလေသည်။

ထိုစဉ်.. ဗလကြီး ပေါင်ရင်ကျူးသည် အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစား သူဌေးသားဝမ်ကျိုစောင်နှင့် အရောတဝင်မနေဖို့ ချစ်သဝန်ကြောင်စွာဖြင့် ငွေကျိုးဖြူရင်ရီချန်ကို သတိပေးစကား ပြောလေသည်။

သည်တွင်... ငွေကျိုးဖြူရင်ရီချန်က သဝန်တိုစွာ မကျေမနပ်ဖြစ်တည့်နေရသော ဗလကြီး ပေါင်ရင်ကျူးကို ဖျောင်းဖျစကား ဆိုလာရင်း မထင်မှတ်သော ကိစ္စတစ်ခု ထွက်ပေါ်လာရသည်မှာ...

"မောင်လေးရယ် မမကို စိတ်ချ၊ ဝမ်ကျိုစောင်နဲ့ ပြောဆိုဆက်ဆံနေရတာလည်း တခြားကြောင့်မဟုတ်ဘူး။ မမ အရင်းငွေလိုအပ်နေတဲ့ ငွေနှစ်သိန်းကို သူ့အဖေ သူဌေးကြီးရဲ့ သူငယ်ချင်းဆီကလှည့်ချေးပေးမယ်လို့ဆိုပြီး အကူအညီပေးလာလို့ပါ"

ယင်းဆိုစကားကြောင့် သူဌေးသား၏လုပ်ရပ်ဆိုးကို ကိုယ်တွေ့ခံစားလာရသူမို့ မယုံကြည်စွာဖြင့် ဗလကြီး၊ ပေါင်ရင်ကျူးသည် တစ်ချက်ရယ်သွမ်းသွေးလိုက်ရင်း...

"ဟင်း... ဟင်း၊ သူဌေးသားကို သိပ်ယုံချင်နေသလား။ ဒီကောင်ဟာ လောင်းကစားမက်ရုံမကဘူး၊ မိန်းမတွေလည်း မွေလိရှုပ်နေတယ်၊ သူ့ကို တန်းတန်းစွဲလန်းသွားခဲ့တဲ့ သိပ်လှတဲ့ ကျူးမေဆိုတဲ့ ကောင်မလေးဆိုရင်လည်း သူ့လက်ချက်ကြောင့် ဘဝပျက်ကိုယ်ဝန်ရသွားပြီ၊ နောက် မအူမလည် ယီတော်ရွာသားတစ်ဦးကို ကောက်ယူသွားရတယ်"

"ဟုတ်လား... ဒါပေမယ့် မမက ငွေရေးကြေးရေးကိစ္စနဲ့ သူ ငွေရှာပေးရင် ယူလိုက်မယ်၊ မပေးရင် မယူရုံပေါ့၊ မောင်လေး



လက်ထဲ ပုံအပ်ထားတဲ့ မမဘဝကိုတော့ ဘယ်ခုတုံးလုပ်ခံနိုင်မလဲ"

"ကောင်းပါပြီ... ပြီးတော့ မမ သူဌေးသားကို သိပ်အရောတဝင် လုပ်နေတဲ့ အိမ်ဖော်မလေး ကျောင်းမေကိုလည်း အနေအထိုင်ဆင်ခြင်ဖို့ သတိပေးလိုက်ပါဦး"

"ကောင်းပြီ မောင်လေး"

ထကယ်ပဲသည်း ငွေကျိုးဖြူ ရင်ရီချန်သည် ကတိပေးသည့်စကားအတိုင်း နောက်ပိုင်း သူဌေးသား ဝမ်ကျိုစောင်နှင့် ဆက်ဆံရာတွင် တည်တည်ကြည်ကြည်နှင့်ပင် ဖြစ်သည်။

အံ့သြစရာကောင်းနေသည်မှာ သူတို့မထင်မှတ်စွာပင် သူဌေးသား ဝမ်ကျိုစောင်သည် လိုဟန်မြို့တွင်းရှိ သူ့ဖခင်ကြီး၏ ငယ်သူငယ်ချင်းဖြစ်သော သူဌေးကြီးထံက ငွေ (၂)သိန်း ချေးယူပြီး ငွေလိုအပ်နေရသော ငွေကျိုးဖြူ ရင်ရီချန်ကို ထုတ်ချေးလာနိုင်ခြင်းပင် ဖြစ်လေသည်။

ထို ငွေသား (၂)သိန်း ရရှိသည်နှင့် ဗလကြီး ပေါင်ရင်ကျူးသည် ငွေကျိုးဖြူ ရင်ရီချန်ကို စိန်များရောင်းချမည့် မြို့အရှေ့တောင်ထောင့်ရှိ နေအိမ်သို့ ရထားလုံးဖြင့် လိုက်ပို့ဆောင်ပေးရလေသည်။

ပြောရမည်ဆိုလျှင်... ။

ငွေကျိုးဖြူ ရင်ရီချန် ဝယ်ယူမြှုပ်နှံထားသော စိန်တန်ဘိုးငွေမှာ ငွေသား (၆)သိန်းဖြစ်ကြောင်း ဗလကြီး သိရှိလိုက်ရလေသည်။

အကယ်၍ ၎င်း ငွေ (၆)သိန်းတန် စိန်များနှင့် သူမလက်ဝယ်မြှုပ်နှံထားသော ရတနာပစ္စည်းများကို နိုင်ငံခြားရတနာကုန်သည်ကြီးကို ရောင်းချရပါလျှင် ငွေသား (၁၅)သိန်းခန့် ရရှိမည်ဟု ငွေကျိုးဖြူ ရင်ရီချန်က ဗလကြီးကို တက်ကြွဝမ်းသာစွာ ပြောဆိုခဲ့လေသည်။

ထိုစဉ်... ဗလကြီး ပေါင်ရင်ကျူးသည် လောဘရမ္မက်များစွာ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော် ပြောဆိုနေရသော ငွေကျီးဖြူ ရင်ရီချုန်ထံ လှမ်းမေးလိုက်သည်မှာ...

"မမ... ဒီလောက်ငွေတွေရအောင် ဘာရည်ရွယ်ချက်နဲ့ ရှာဖွေနေရတာလဲ၊ အခု မမမှာလည်း အိမ်နဲ့ခြံနဲ့ ငွေလည်း အသင့်အတင့် ရှိနေပြီပဲ"

သည်တွင် ငွေကျီးဖြူ ရင်ရီချုန်က အဓိပ္ပာယ်ပါပါ ပြုံးလိုက်ရင်း...

"ဟင်း... ဟင်း... မမ ဘာကြောင့် အဲဒီငွေတွေ များသထက်များအောင် ရှာဖွေနေရသလဲဆိုတော့ မမနဲ့ မောင်လေး အတူ နေကြရင် အေးအေးလူလူ မပူပင် မကြောင့်ကြအောင်လို့ပေါ့၊ အဲဒါကြောင့် ရှာဖွေနေတာ မောင်လေး၊ ကဲ... သိပြီလား"

ယင်းသို့စကား ကြားလိုက်ရတော့ ဗလကြီး ပေါင်ရင်ကျူးသည် သက်ပြင်းတစ်ချက် လျှို့ဝှက်ချလိုက်ပြီး...

"မမရယ် အဲဒီအချိန်ကျရင်တော့ ကျွန်တော် အိမ်ထောင်ဦးစီးပဲ၊ ကျွန်တော် ဦးဆောင်ရှာဖွေမှာပေါ့"

"မမ မောင်လေးစိတ်ဓာတ်ကို ယုံကြည်အားကိုးပါတယ်"

သို့သော်... ကံကြမ္မာက မျက်နှာသာမပေးရှာတော့ မသိပါချေ။ ငွေကျီးဖြူ ရင်ရီချုန်လက်ထဲ စိန်ရတနာပစ္စည်းများ ဝယ်ယူမြှုပ်နှံထားသည်မှာ (၂)လမျှ ကြာမြင့်ခဲ့သော်လည်း သူမ ဖျိုင်းလည်ပင်းလို တဆန့်ဆန့် မျှော်လင့်နေမိရသော နိုင်ငံခြားရတနာကုန်သည်တို့ လိုဟန်နန်းမြို့သို့ လုံးဝ မရောက်လာပါချေ။

ဒါကြောင့်... ငွေအမြတ်များများရဖို့ မျှော်လင့်နေမိရသော ငွေကျီးဖြူ ရင်ရီချုန်တစ်ယောက် နိုင်ငံခြားရတနာကုန်သည်တို့ တစ်ယောက်မှ မရောက်ရှိလာကြသဖြင့် စိတ်ဓာတ်ကျဆင်းနေမိရ



လေသည်။

ထိုအချိန်တွင် ငွေကျီးဖြူဂေဟာသို့ အါလာစိပ်နေရသော သူဌေးသား ဝမ်ကျိုးစောင်က စိတ်ဓာတ်ကျဆင်းစွာဖြင့် ညည်းညူနေရမိသည့် ငွေကျီးဖြူ ရင်ရီချုန်ကို ဖျောင်းဖျစကား ဆိုလာလေသည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုရိုးစကားအတိုင်း ကံကောင်းခြင်း လုံးဝ မရှိခဲ့သော ငွေကျီးဖြူ ရင်ရီချုန်ထံသို့ ကံဆိုးမိုးမှောင် ထပ်ဆင့် ကျရောက်လာခဲ့သည့် နေ့တစ်နေ့ကတော့... ။

ထိုနေ့က ဗလကြီး ပေါင်ရင်ကျူးတို့၏ ကျောင်းပိတ်ရက် တစ်ရက်ပင်ဖြစ်သည်။

ထုံးစံအတိုင်း ဗလကြီးပေါင်ရင်ကျူးတစ်ယောက် ငွေကျီးဖြူဂေဟာသို့ နံနက်ခင်း အဆာပြေစားသောက်ပြီး ရောက်ရှိလာခဲ့လေသည်။

သည်တွင် ရတနာရောင်းဝယ်မှု အထမမြောက်ရသောကြောင့် မျက်နှာလေး ညှိုးရော်ချုံးကျနေရသော မျက်နှာလေးနှင့် ချစ်သူ ငွေကျီးဖြူ ရင်ရီချုန်ကို ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် စိတ်မချမ်းမြေ့စွာဖြင့် ကြုံတွေ့လိုက်ရလေသည်။

"မမ ကြည့်ရတာ နေမကောင်းဘူးနဲ့ တူတယ်"

အကြင်နာ ကရုဏာသက်စွာဖြင့် လှမ်းမေးလိုက်တော့ ငွေကျီးဖြူ ရင်ရီချုန်က ခေါင်းလေးတွဲ့စွာ ညိတ်လိုက်ရပြီး...

"ဟုတ်တယ် မောင်လေး၊ အား... ကျွတ်.. ကျွတ် မောင်လေး မမ ခေါင်းတွေအုံကိုက်ခဲလာလို့ အောက်ထပ်အိပ်ခန်းမှာ အသာလှဲနေလိုက်ဦးမယ်၊ အပေါ်ထပ် ကစားဝိုင်းမှာ လူစုံလက်စုံ ရောက်မလာသေးဘူး၊ အင်း... ဒီနေ့မှ ထူးထူးခြားခြား သူဌေးသား ဝမ်ကျိုးစောင်တစ်ယောက်တော့ ရောက်မလာဘူး"

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားဝိုင်းသို့ သူဌေးသားဝမ်ကျိုးစောင် ရောက်မလာကြောင်း ငွေကျိုးဖြူ ရှင်ရှိချန် ထုတ်ဖော်စကားဆိုလာတော့.. ဗလကြီးပေါင်ရင်ကျူက သူ ကြားသိခဲ့ရသော သူဌေးသားသတင်းကို ချက်ချင်းပြောဆိုလိုက်သည်မှာ...

"ကျွန်တော် ကျောင်းက ကြားခဲ့ရတာတော့ သူဌေးသားမိန်းကလေးတစ်ယောက်နဲ့ ချိန်းထားလို့ သွားတယ်ပြောတာပဲ"

"ဩော်... ဩော်... ဩော်"

"ဘာလဲ... ကစားဝိုင်းမှာ လူလိုနေလို့လား"

မေးလိုက်တော့ ငွေကျိုးဖြူ ရှင်ရှိချန်က ခေါင်း အသာညိတ်လိုက်ကာ...

"ဟုတ်တယ်... တစ်အိမ်လိုနေလို့ မမကိုယ်တိုင် ဝိုင်းပြည့်အောင် ဝင်ကစားပေးနေရတယ်၊ မမ ခေါင်းတအား အုံကိုက်ခဲလို့ မခံနိုင်တော့ အောက်ထပ်ဆင်းလာခဲ့ရတာပဲ၊ အဲဒါ မမဆီက ပိုက်ဆံယူပြီး ဝိုင်းပြည့်အောင် ဝင်ကစားပေးလိုက်မှ သိပ်မကြာဘူးထင်တယ်၊ ကစားမယ့် လူတစ်ယောက် ထပ်ရောက်လာမှာပါ"

ဟုဆိုကာ ဗလကြီး ပေါင်ရင်ကျူမှာ ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီး... သူမ ကမ်းပေးသော ငွေထုပ်ကို ယူ၍ လောင်းကစားဝိုင်းရှိရာ အပေါ်ထပ်ဆီသို့ မဟူရာတောက်ရှိန်းနေသည့် ကျွန်းလှေကားထစ်တို့ကို နင်းကျော်ဖြတ်သန်းပြီး တက်ရောက်ခဲ့လေသည်။

အပေါ်ထပ်ရောက်တော့ လူတစ်ယောက်လိုနေသဖြင့် ကစားရင်း အားမရဖြစ်နေကြရသော ကစားသမားများက ဗလကြီးပေါင်ရင်ကျူ ရောက်ရှိလာသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"ဗလကြီး... လာကွ၊ ငါတို့ အိမ်မပြည့်တော့ ကစားရတာ



ဟာတာတာကြီးဖြစ်နေလို့"

"ဟုတ်ကဲ့... ဦးလေးရေ"

ဟုဆိုကာ ဗလကြီးပေါင်ရင်ကျူတစ်ယောက် ကစားဝိုင်းထဲသို့ ဝင်ရောက်လိုက်ရလေတော့သည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

# လောဘ၏သားတော်များ

အမှိန့်ရ လောင်းကစားဝိုင်းတစ်ခုမဟုတ်သဖြင့် ငွေဂျိုးဖြူ ဂေဟာ အပေါ်ထပ် လောင်းကစားဝိုင်းမှာမူ ဆူညံစွာ မရှိသော်လည်း အုတ်အုတ်ကျက်ကျက်လေးတော့ ဖြစ်နေရလေသည်။

ထိုအချိန်တွင်မူ... ငွေဂျိုးဖြူဂေဟာ အောက်ထပ်တစ်ခုလုံး မှာပင် အပေါ်ထပ်နှင့် ဆန့်ကျင်လျက် ဆိတ်ငြိမ်လျက်ရှိနေရလေ သည်။ အိပ်ခန်းဆောင်ထဲတွင် ခေါင်းအုံ့ကိုက်နေရသော ငွေဂျိုးဖြူ ရှင်ရှိုချွန်တစ်ယောက် ကုတင်ထက်ဝယ် လဲလျောင်းအိပ်စက်နေသည်။

ထိုအတောအတွင်း၌ ဂေဟာအောက်ထပ် မီးဖိုချောင်အတွင်း ၌ အိမ်ဖော်မလေး ကျောင်းမေတစ်ယောက် တစ်နေ့တာ စားသောက် ရေးအတွက် ချက်ပြုတ်နေရလေသည်။

သို့သော်... သူမ ဒီနေ့ ချက်ပြုတ်ရာ၌ တစ်စုံတစ်ခုကို စွန့်စားလုပ်ဆောင်ဖို့ သူမ ဘဝတစ်ခုလုံးအား ပုံအပ်ထားရသော သူတစ်ယောက်ကို ကတိကဝတ်ပြုထားသဖြင့် စိတ်လွန့်စွာ လုပ်ရှားနေ ရလေသည်။



သူမ.. မလုပ်သင့် မလုပ်အပ်သော လုပ်ရပ်တစ်ခုကို ချစ်သူ၏ အလိုဆန္ဒအရ ရဲရဲစိတ်မွေးမြူပြီး ပထမခြေလှမ်း တစ်ဝက်မျှ ကျူးကျူး လွန်လွန် လုပ်ခဲ့ချေပြီ။

အခု ကျန်ရစ်သော လုပ်ငန်းတစ်ဝက် ဆက်လုပ်ဆောင်ဖို့က ထောက်ထားရမည့် ကျေးဇူးများကြောင့်လော၊ ဒါမှမဟုတ် ချစ်သူ သူ၏ တိုက်တွန်းလှုံ့ဆော်မှုနှင့် မီးဝေးနေရသော ချိပ်ပမာ သွေးအေး တွန့်ရှုံ့နေရသည်လော။

ထိုသို့သော သို့လော သို့လော အတွေးများကြောင့် သူမ စိတ်လှုပ်ရှားစွာဖြင့် မီးဖိုချောင်တာဝန်ကို ထမ်းရွက်နေရခြင်း ဖြစ်ဟန် တူသည်။

သူမ နောက်ဆံတင်းနေရသောစိတ်ကြောင့် မီးဖိုချောင်လုပ်ငန်း ကို ဇဏောမငြိမ် လုပ်ဆောင်နေရမှုကြောင့် သူမကိုင်ဆောင်နေရသည့် လက်တို့ မြဲမြံမှု မရှိရသဖြင့် သူမလက်ထဲက ကြွေပန်းကန်တစ်ချပ် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားရလေသည်။

"ဂွမ်း"

"ချွင်... ချလွင်"

"ဟယ်... ကြွေကန်းကန်ကြီး ကျကွဲသွားရပြီ"

သူမ ယောက်ယက်ခတ်နေရသောစိတ်ကြောင့် သူမလက်ထဲက ကြွေပန်းကန်ချပ်ကြီး ကြမ်းပြင်ပေါ်သို့ လွတ်ကျပြီး အစိတ်စိတ် အမွှာ မွှာ ကျကွဲ လွင့်စဉ်သွားရတော့သည်။

"ဘုရား.. ဘုရား၊ အိပ်ခန်းထဲက သခင်မကြီးတော့ လန့်နိုး သွားပြီလား မသိဘူး၊ အင်း... ငါ.. ငါ တိုက်ထားတဲ့ လက်ဖက်ရည် မွှေးကို သောက်ပြီးရင် လန့်နိုးနိုင်မယ် မထင်ဘူး"

ယင်းသို့ သူမ ပန်းကန်ပြားကျကွဲသံကြောင့် အိပ်ခန်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် အိပ်စက်အနားယူနေရသော ငွေကျီးဖြူ ရင်ရီချန်တစ်ယောက် လန့်ဖျန့်နိုးထသွားရတော့မလား စိုးထိတ်ပူပန်မိသော်လည်း နိုင်ကျည် နေရသည့်အကြောင်းတစ်ခု ပြန်စဉ်းစားမိရတော့ လန့်နိုးနိုင်စရာ အကြောင်းမရှိနိုင်ကြောင်း ပြန်သုံးသပ်မိရင်း သူမစိတ်ကို သူမ ဖြေဆည်မိလိုက်ရလေသည်။

သို့ဖြင့် ... သူမ ကြမ်းပြင်ပေါ်ဝယ် ပြန့်ကျဲနေရသော ကြွေပန်းကန်ကွဲစများကို တံမြက်စည်းတစ်ချောင်းဖြင့် လှဲကျင်းရှင်း လင်းနေလေသည်။

ထိုအခိုက်မှာပင် ...

အရပ်အမောင်းကောင်း၍ ဥပဓိရုပ်မခေလှသော လူတစ်ယောက် ဂေဟာအောက်ထပ်တစ်လျှောက် ဖြတ်သန်းပြီး မီးဖိုချောင်ဆီသို့ ဦးတည်ရောက်ရှိလာလေသည်။

ပြောရမည်ဆိုလျှင် ... ယင်းလူသည် အိမ်ဖော်မလေး ကျောင်းမေနှင့် တိတ်တခိုး မေတ္တာမျှနေသူဖြစ်သည်။

သူတို့နှစ်ယောက် လျှို့ဝှက်မေတ္တာမျှနေကြသည်ကို ကောင်းစွာ ရိပ်စားမိသူတစ်ဦးရှိသည်။

ထိုသူကား တစ်ခြားသူ မဟုတ်ပါချေ။

ခြံစောင့် ခေါင်းဖြူကြီး ဆိုက်တွဲပင် ဖြစ်လေသည်။

သည်တွင် ... ဘဝအဆင့်အတန်းချင်း မညီမျှဘဲ ကွာဟနေရသော သူတို့နှစ်ယောက်ဇာတ်ရေးကို စိုးရိမ်ပူပန်စွာ ကောက်ချက်ချ သုံးသပ်မိရသည့် ခြံစောင့်ခေါင်းဖြူကြီးဆိုက်တွဲက ဘဝနိမ့်ပါးလွန်းရသည့် အိမ်ဖော်မလေး ကျောင်းမေအား ကိုယ့်ချစ်သူအပေါ် ယုံကြည်ပြီး ဘဝကို မပုံအပ်ဖို့ သတိပေးခဲ့လေသည်။

ထိုသို့ ... သူ သတိပေးလိုက်ချိန်တွင် နောက်ကျသွားရပြီ



ဖြစ်ပြီး ကျောင်းမေမှာ သူမချစ်သူအပေါ် ယုံကြည်၍ ဘဝကို ပုံအပ် လိုက်ခဲ့ပြီးချေပြီ။

မည်သို့ဆိုစေ ... ကျောင်းမေသည် သူမချစ်သူမှာ သူမအပေါ် သံယောဇဉ်ရှိသည်ဟု စိတ်ချယုံကြည်နေလေသည်။ ထိုယုံကြည်ချက် ကြောင့်ပင် သူမသည် ချစ်သူခိုင်းစေသည့်ကိစ္စတို့ကို ရဲရဲဝံ့ဝံ့ လုပ်ဆောင် ပေးခဲ့ရလေသည်။

ဟော အခု သူမထံ အသည်းစွဲအောင် ရစ်တွယ်နေရသော ချစ်သူ ရောက်ရှိလာရချေပြီကော ...။

"ညီမ ... အစ်ကို လုပ်ခိုင်းတဲ့အလုပ် လုပ်ပြီးပြီလား"

အလောသုံးဆယ်ဟန်ဖြင့် လှမ်းမေးလာတော့ ကျောင်းမေက ချက်ချင်း တုန့်ပြန်ဖြေလိုက်သည်မှာ ...

"ညီမ တစ်ခုတော့ လုပ်ပြီးပြီ နောက် .. နောက်တစ်ခုတော့ မ .. မလုပ်သင့်လို့ မလုပ်ရဲဘူး"

"ဟာ ... ဆင်ကောင်ကြီး အမြီးကျမှတစ်ဆို့သလို ဖြစ်နေရပြီ ကဲ ... ညီမ ဒါဆို ငွေကျီးဖြူ ရင်ရီချန်တစ်ယောက် ညီမ အိပ်ဆေး ခတ်ထားလို့ အခုအိပ်ခန်းဆောင်ထဲမှာ ကောင်းကောင်းအိပ်ပျော်နေပြီ နဲ့တူတယ်"

"ဟုတ်တယ် ... အစ်ကို"

"ဗလကြီးကော"

"သူက ကစားဝိုင်းမှာ ကစားမယ့်လူမစုံတဲ့အတွက် ဝင်ကစား ပေးနေရတယ်"

"ဟုတ်ပြီ .. ဒါအတွက်ပဲ ... ကဲ .. ညီမ အိမ်ရှေ့ထွက်ပြီး အပေါ်ထပ်က ဆင်းလာမယ့် လူအခြေအနေကို ကြည့်ထား။ အစ်ကို ငွေကျီးဖြူ အိပ်ခန်းထဲဝင်ပြီး လှုပ်ရှားလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့ အစ်ကို"

သည်နောက် သူတို့နှစ်ယောက် နောက်ဖေးမီးဖိုချောင်ကနေ၍ အိမ်ရှေ့ခန်းဆီသို့ ထွက်လာကြလေသည်။

အိမ်ရှေ့ခန်းရှိ ညှပ်ခံစားပွဲဝိုင်းနားလောက်ကျတော့ ထိုလူက ကျောင်းမေကို လှမ်းအမိန့်ပေးလိုက်သည်မှာ. . .

"ညီမ. . . ဒီ စားပွဲဝိုင်းမှာထိုင်ပြီး အပေါ်ထပ်က ဆင်းလာမယ့် အခြေအနေကို စောင့်ကြည့်ထား၊ အခြေအနေထူးရင် အစ်ကို့ဆီလာ အမြန်အကြောင်းကြားနော်၊ ဒီကိစ္စ အောင်မြင်မှ ညီမနဲ့ အစ်ကို တို့ဘဝ အေးငြိမ်းချမ်းသာစွာ စုထောင်နိုင်မယ်"

"ဟုတ်"

မှာကြားစကားဆိုပြီးနောက် ထိုလူမှာ ငွေကျိုးဖြူ ရင်ရီချွန်၏ အိပ်ခန်းဆောင်တံခါးဝဆီသို့ ရောက်ရှိသွားလေသည်။ သည်တွင် သူ အတွင်းတံခါး ကလန့်ချထားသလား သိရှိလို၍ အခန်းတံခါးကို သူ ညာလက်ဝါးဖြင့် အသာတွန်းကြည့်မိလိုက်လေသည်။

"ကျွိ. . . ကျွိ. . . ကျွိ"

"ဟင်. . . တံခါးစေ့ရုံစေ့ထားပါလား၊ အတော်ပဲ"

ယင်းသို့ သူ ကျေနပ်အားရစွာ ရေရွတ်စကားဆိုပြီးနောက် အခန်းတံခါးကို အသာတွန်းဖွင့်၍ အိပ်ခန်းဆောင်ထဲသို့ ဝင်လိုက်လေသည်။

ထိုအချိန်တွင်. . အပေါ်ထပ် ကစားဝိုင်းက အုတ်အုတ်ကျက်ကျက်ကနေ သိသိသာသာ ဆူညံစေစီလာရလေသည်။

ကစားဝိုင်းအခြေအနေကြည့်ရသည်မှာ ထိုးသားများကို ဒိုင်လုပ်သူ လျှော်နေပုံရသည်။

သို့မို့ကြောင့်. . . ထိုးသားတို့ ပျော်ရွှင်မြူးတူးစွာ အော်ဟစ်နေမိ



ကြပုံရသည်။

ထိုသို့ အပေါ်ထပ်က ဆူညံကြတော့ ငွေကျိုးဖြူဂေဟာပိုင်ရှင် သခင်မကြီး၏ အိပ်ခန်းဆောင်ထဲသို့ အကြံနှင့် ရောက်ရှိနေရသော ယင်းလူမှာ လှုပ်ရှားမှု အခွင့်အရေး ပိုမိုရရှိတော့လေပင် မဟုတ်ပါလား။

သို့နှင့် ထိုသူ ကုတင်ပေါ်ဝယ် စောင်တစ်ပိုင်း ခြုံလွှားအိပ်စက်နေရသော ငွေကျိုးဖြူ ရင်ရီချွန်၏ ကုတင်အနားသို့ ချဉ်းကပ်ရောက်ရှိသွားလေသည်။

"အင်း. . . ရင်ရီချွန်တော့ ကျောင်းမေရဲ့အိပ်ဆေးအခတ်ခံထားရလို့ ကောင်းကောင်းအိပ်မောကျနေပြီ ဟင်း. . ဟင်း"

ယင်းသို့ သူ ရေရွတ်ပြောဆိုပြီးနောက် သူ့အကြည့် ခေါင်းရင်းဘက်ရှိ ကျွန်းဘီဒိုကြီးဆီ ရွေ့ပြောင်းရောက်ရှိသွားရလေသည်။

ထိုအခါ အလိုလို ပြုံးကျယ်ဝိုင်းစက်သွားရသော ထိုသူ၏ မျက်လုံးအစုံတို့ဝယ် လောဘအရိပ်အယောင်များ လွှမ်းခြုံကြီးစိုးမင်းမူကာ တောက်လွှဲသွားရလေတော့သည်။

"အင်း. . . အိပ်ဆေးခတ်ခံထားရတဲ့ ငွေကျိုးဖြူဆီက ရတနာသေတ္တာသော့ကို သွားရှာဖွေကြည့်လိုက်ဦးမှ"

ထိုသို့ သပြေသီးမှည့်ရောင်ဝတ်စုံဝတ်ဆင်မြန်းထားရသော ယင်းလူ ရေရွတ်ပြောဆိုပြီးနောက် ငွေကျိုးဖြူ ရင်ရီချွန်၏ ကုတင်အနားသို့ ရောက်ရှိသွားရလေသည်။

ပြီး. . . သူ အားမခံ ရတနာသေတ္တာသော့ကို သူမ၏ ခေါင်းဦးအောက်နှင့် မွေ့ယာရောက်တို့တွင် ဟိုဟိုဒီဒီ စမ်းသပ်၍ ကျူးကာယာ ရှာဖွေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်... သူ လိုချင်မက်မောနေရသော သေတ္တာကို အစအန ပင် ရှာဖွေမတွေ့ရပါချေ။

နောက်ဆုံးတော့ သူ ငွေကျီးဖြူ ရင်ရီချုန်၏ ကိုယ်ပေါ်၌ ရှာဖွေရ ဖို့ ဆုံးဖြတ်ချက်ချမိလိုက်ရလေသည်။

သို့မို့ကြောင့်... သူ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေရသော တစ်ဖက်သို့ ကိုယ်တစ်ခြမ်းစောင်း အိပ်စက်နေသည့် ငွေကျီးဖြူ ရင်ရီချုန်ကို သူ့ဖက်သို့ အသာဆွဲလှန်လိုက်ရလေသည်။

"ဘုတ်"

လုံး၀ အိပ်မောကျနေဟန်ရှိရသော ငွေကျီးဖြူ ရင်ရီချုန် တစ်ယောက် အထိန်းခွဲစွာဖြင့် မွေ့ယာပေါ်သို့ ဘုတ်ခနဲ ပက်လက်လှန် ကျသွားရလေသည်။

ထိုအခါကျမှ သူ အိပ်မောကျနေသည့်တိုင် လှုပစဲရှိနေရသော သူမ၏လည်တိုင်ဝယ် တွဲရွဲခိုဆွဲထားသည့် ကြက်သွေးရောင်ကတ္တီပါ ရှုံ့အိတ်တစ်လုံးကို မှတ်မထင် လှမ်းမြင်တွေ့လိုက်ရလေသည်။

"ဟင်... သူ့လည်တိုင်က ကြက်သွေးရောင်ကတ္တီပါရှုံ့အိတ်ထဲ မှာ ရတနာသေတ္တာသော့ ရှိမယ်နဲ့တူတယ်"

ယင်းသို့ သူ ကောက်ချက်ချလိုက်ပြီးနောက် သူမ၏လည်တိုင် တွင် ဆွဲထားသော ကြက်သွေးရောင်ကတ္တီပါ ရှုံ့အိတ်ကို ဖြုတ်ယူလိုက် လေသည်။

ပြီးလျှင်... သူ ရှုံ့ကြိုးကို ဖြည်လိုက်ကာ တတ္တီပါရှုံ့အိတ် ကို ဇောက်ထိုးလှပ်၍ သူ့ညာလက်ဖဝါးပေါ်သို့ သွန်ထည့်လိုက်လေ သည်။

"ဖပ်"

"ဟာ... ဟုတ်ပြီ လက်စသတ်တော့ ငွေကျီးဖြူဟာ ရတနာ



သေတ္တာသော့ကို ကတ္တီပါရှုံ့အိတ်ထဲမှာ ကိုယ်နဲ့မခွာ ထည့်သိမ်းထား တာကိုး"

ယင်းသို့ သူသည် ညာလက်ဖဝါးပေါ်သို့ အရှိန်နှင့်ကျရောက်လာ သော ရွှေရောင်သော့တစ်ချောင်းကို မြင်တွေ့လိုက်ရပြီး ဝမ်းမြောက် ဝမ်းသာစွာဖြစ်ကာ အားရစွာ ရေရွတ်ပြောဆိုမိလိုက်လေသည်။

ပြီးလျှင်... သူ ရွှေရောင်သော့ကို ကိုင်ဆောင်လျက် မဟော် ဂနီရောင် တဖိတ်ဖိတ် တောက်ရှိန်းနေသော မတ်တပ်ကျွန်းသေတ္တာ ရှည်ဆီသို့ သွက်လက်စွာ ရောက်ရှိသွားလေသည်။

ထိုအတောအတွင်းဝယ် အိပ်ခန်းဆောင်၏ ခေါင်းရင်းဘက်ရှိ ပန်းရောင်ခန်းဆည်း ကာရံထားသည့် ပြတင်းပေါက်နားသို့ လူရိပ် တစ်ရိပ် ပေါ့ပါးစွာ ချဉ်းကပ်ရောက်ရှိလာသေလည်း။

ဤသည်ကို အိပ်ခန်းဆောင်ထဲတွင် လှုပ်ရှားနေသော သပြေသီးမှည့်ရောင်ဝတ်စုံလူတစ်ယောက် လုံး၀ ရိပ်စားမိခြင်း မရှိပါ ချေ။

သို့ဖြစ်၍လည်း... ထိုသူသည် အာရုံစူးစိုက်စွာဖြင့် ရတနာ အာမခံသေတ္တာကို ရွှေသော့ဖြင့် ထိုးလှည့်၍ ဖွင့်လိုက်လေသည်။

"ချက်"

သော့ခလုတ်ဖွင့်သံ လေးလေးနကနက် ပေါ်ထွက်လာသည်ကို ဝိုလူ အတိုင်းသားကြားလိုက်ရလေသည်။

ပြီးသော်... သူ သော့ခလုတ်ဖွင့်သွားရသော ဘီဒိုတံခါးချပ်ကို အသာဆွဲဖွင့်လိုက်သည်။

"ကျွီ"

"ဖုပ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူ ရတနာသေတ္တာတံခါး ဖွင့်ခိုက်မှာပင် အခန်းထဲသို့ ဝင်ရောက်ခြေချသံကို နားပါးလျှပ်စွာရှိနေရသော သပြေသီးမှည့်ရောင် ဝတ်စုံဝတ်လူ ကြားလိုက်ရသည်။

ဒါကြောင့် သူ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်မိစဉ် . .

"ဝှီ ဝှီ"

"ဖွစ် ဖွစ်"

"ဖြောင်း ဖြောင်း"

လျှင်မြန်လွန်းရသော အားလှိုင်းအရှိန်ဖြစ်သော နှစ်ဆင့်ကန် ခြေကန်ချက်ကိုဖြင့် လူရိပ်တစ်ရိပ်၏ ထိုက်ခိုက်ချက်တို့ကို သပြေသီး မှည့်ရောင်ဝတ်စုံက သတိရှင်စွာဖြင့် သူ့ဘယ်ညာလက်ဝါးစောင်းတို့နှင့် သွက်လက်လျှင်မြန်စွာ ဝှေ့ယမ်းခုတ်ပယ်ထုတ်လိုက်လေသည်။

ထိုအခါ . . . လေထုထဲဝယ် လက်ဝါးရိပ်၊ ခြေရိပ်တို့ ပြွမ်းထန်စွာ တွေ့ဆုံကြပြီး တဖြောင်းဖြောင်းအသံများ ဆက်တိုက် ထွက်ပေါ်လာကြလေသည်။

မှန်းချက်မကိုက် ဖြစ်တည်သွားရသော ခြံစောင့်ခေါင်းဖြူကြီး ဆိုက်တွဲ နောက်ခုန်ဆုတ်လိုက်ရလေသည်။

ပြီး အံ့ဩဒေသထွက်လျှံနေရသော ခြံစောင့်ခေါင်းဖြူကြီး ဆိုက်တွဲက သပြေသီးမှည့်ရောင်ဝတ်စုံထံ ငေါက်ငမ်းပြောဆိုလိုက်သည်မှာ . . .

"မင်း . . . မင်း သခင်မလေးရဲ့ ရတနာပစ္စည်းတွေကို နိုး . . နိုးယူဖို့ ကြံရည်နေတာကို။ မင်း သိပ်သစ္စာမဲ့တဲ့လူ၊ လူယုတ်မာကောင်ပဲ"

"ကျုပ် ချမ်းသာဖို့ ကောင်းစားဖို့ဆိုရင် ဘယ်သူမဆို ယုတ်မာရက်စက်ဖို့ ဝန်မလေးဘူး ဦးလေးဆိုက်တွဲ၊ ခင်ဗျားကြီး ကျုပ်ကိစ္စထဲ



ဝင်ရောက်နှောက်ယှက်လာတဲ့အတွက် နောင်တမလွန်မှာ နောင်တကြီးစွာ ရနေပေတော့ ရော့"

"ဖွစ် ဖွစ်"

"ဒုတ် ဒုတ်"

"အွန့် အား"

"ဘုန်း"

သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူသည် ပြောပြောဆိုဆိုနှင့်ပင် ခြံစောင့်ခေါင်းဖြူကြီးဆိုက်တွဲထံ ဓားပျံနှစ်လက်တို့ဖြင့် လျှင်မြန်စွာ ပစ်ခွင်းတိုက်ခိုက်လိုက်လေသည်။

လုံးဝ ခုခံကာကွယ်နိုင်ခြင်း မရှိသော ခြံစောင့်ခေါင်းဖြူကြီး ဆိုက်တွဲတစ်ယောက် ရင်အုံဝယ် ဓားပျံနှစ်လက်တို့ စိုက်ဝင်ပြီး သေမင်းခေါ်သံတို့နှင့်အတူ ချာလပတ်လည်ကာ ကြမ်းပြင်ပေါ်သို့ ဘုန်းခနဲ ပြိုလဲကျသွားရလေသည်။

သည်နောက် . . . ခေါင်းဖြူကြီးဆိုက်တွဲတစ်ယောက် အကြောတစ်ချက်ငင်ပြီး ဘဝနိဂုံးချုပ်ငြိမ်းသွားရလေသည်။

ထိုအခါ သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူသည် ရတနာသေတ္တာထဲက စိန်နှင့် ရတနာများ သီးသန့်ထည့်ထားသော ယွန်းအစ်ရတနာသေတ္တာငယ်လေးတစ်လုံးကို ထုတ်ယူလိုက်လေသည်။

ထိုစဉ် . . . အိပ်ခန်းဆောင်ထဲက အော်ဟစ်လှုပ်ရှားသံများ ကြားရ၍ အပြင်တွင် စောင့်ဆိုင်းနေမိရသော အိမ်ဖော်မလေး ကျော့င်းမြမေ စိတ်လှုပ်ရှားစွာဖြင့် သခင်မအိပ်ခန်းဆောင်ထဲသို့ ဝင်ရောက်လာလေသည်။

"ဟင် . . . ရှင် . . ရှင်၊ ကျွန် . . ကျွန်မရဲ့ဦးလေးကို သတ်သတ်ပစ်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်တွင် သွေးအလူးလူးနှင့် မရှုမလှသေပွဲဝင်နေရသော ဦးလေးတော်စပ်သူ ခေါင်းဖြူကြီးဆိုက်တွဲကို ကြုံတွေ့လိုက်ရသဖြင့် အိမ်ဖော်မလေးကျောင်းမေမှာ ရတနာသေတ္တာကို ဆွဲထွက်လာသည့် သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူအား နာကြည်းခံပြင်းစွာဖြင့် လှမ်းမေးလိုက်သည်။

သည်တွင်... ထိုလူက စိတ်မကောင်းခြင်းဖြစ်ဟန်နှင့်...

"ညီမ... အစ်... အစ်ကို သူ့ကို မသတ်ချင်ပါဘူး။ သူက မမျှော်လင့်ဘဲ အစ်ကိုကိုစွကို ဝင်ရောက်တိုက်ခိုက် နောက်ယှက်လာတော့ လက်လွန်ခြေလွန် ဖြစ်ခဲ့ရတာပဲ၊ ညီမ အချိန်မရှိဘူး။ အပေါ်ကလူတွေ ဆင်းလာမှ ငါတို့ အကုန်ဒုက္ခရောက်ကြလိမ့်မယ်"

ထိုသို့... သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူက အဖြစ်အပျက်ကို ရှင်းပြရင်း အပေါ်ထပ်လသောင်းကစားဝိုင်းမှ လူများရောက်လာမည်ကို စိုးရိမ်ပူပန်စွာ သတိပေးစကားဆိုရင်း တံခါးပေါက်ဝက ဖယ်ပေးရန် တောင်းဆိုလိုက်သည်။

သည်တွင်... ကျောင်းမေမှာ ဦးလေးဖြစ်သူကို လုပ်ကြံသတ်ဖြတ်မှုနှင့်ပတ်သက်၍ ကြေကွဲဒေါသဖြစ်ကာ တံခါးပေါက်ဝက လုံးဝမဖယ်ပေးဘဲ ပိတ်ဆို့ရပ်ထားမြဲ ရပ်နေမိလေတော့သည်။

☼☼☼

အခန်း (၁၄)

# နတ်မျက်စိနှင့် ထိမ်လွှာများ

"ညီမ ဘာလို့ တံခါးပေါက်ပိတ်ရပ်နေရတာလဲ၊ တော်ကြာ အပေါ်ကလူတွေ ဆင်းလာရင် အစ်ကိုတို့ရည်ရွယ်ချက်တွေ ပျက်ပြားကုန်လိမ့်မယ်"

ထိုသို့ သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူက စိတ်ပြောင်းလွှဲကာ အဟန့်အတား ပြုနေသော ကျောင်းမေကို တောင်းပန်ဖယ်ခိုင်းလေသည်။ သည်တွင်... ကျောင်းမေက ထိုလူထံ နာကြည်းခံပြင်းစွာ စိုက်ကြည့်ပြီး..

"ရှင်.. ဘာမှ ရန်ငြိုးရန်စမရှိဘဲနဲ့ ကျွန်မဦးလေးကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တာက ရှင့် တစ်ကိုယ်ကောင်းအတ္တသမားကို ကျွန်မ ယုံကြည်စိတ်ချလို့ ရတော့မှာလား"

"ခြော်... မင်း.. မင်းက ငါ့တောင် မယုံကြည်တော့ဘူးပေါ့ ဒီတော့လည်း မင်းလည်း မင်းဦးလေးနဲ့အတူ တမလွန်ခရီး လိုက်သွားပေတော့"

"ဂွပ်"

www.burmeseclassic.com

www.burmeseclassic.com



"အွန့်... ရှင်... ရှင်.. ရက်.. ရက်စက်"

"ဟီး... တီး... ဟား... ဟား ငါလျှောက်မယ့်လမ်းမှာ ခလုတ်ကန်သင်းမှန်သမျှ ဘယ်သူမှ မတားနိုင်ဘူး၊ ရှင်းပစ်ရမှာပဲ"

ထိုသို့... သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူသည် ကျောင်းမေ ရင်ဝတည့်တည့်ဆီသို့ ထိုးစိုက်ဝင်သွားရသော ဆောင်မားတို့ကို ပြန်နှုတ်ရင်း ပြက်ရယ်ပြုပြောဆိုလိုက်လေသည်။

ထိုအခါ... အိမ်ဖော်မလေးကျောင်းမေသည် ကိုယ့်ချစ်သူအပေါ် ရက်စက်စွာပြုကျင့်ခဲ့သော ထိုသူကို မယုံကြည်နိုင်အောင် စိုက်ကြည့်ရင်း ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွားရလေသည်။

သည်တွင်... သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူသည် ကြမ်းပြင်ပေါ်ဝယ် သွေးသံတရဲရဲဖြင့် သေပွဲဝင်သွားရသော ကျောင်းမေထံ စိုက်ကြည့်ရင်း...

"ကျောင်းမေ.. ငါ နင့်ကို ချစ်လို့မဟုတ်ဘူး၊ ဒီ စိန်ရတနာတွေရဖို့ နင်နဲ့နင့်ဦးလေးတို့ကို တံတားသဖွယ် ခင်းလျှောက်ခဲ့ရတာပဲ နင်တို့ တူဝရီးနှစ်ယောက် တမလွန်မှာ နောင်တရမဆုံး ရှိနေကြပေါ့"

ယင်းသို့... သူ ရေရွတ်ပြောဆိုပြီးနောက် အခန်းတံခါးပေါက်ကို ဖြတ်သန်းလျှောက်လိုက်လေသည်။

ထိုအခိုက်မှာပင်...

"ဝစ် ဝစ် ဝစ် ဝစ်"

"ဗို ဗို"

"ထန် ထန် ဒုတ်"

"အူး ဟူး ဟူး"

သူ့နောက်ကျောဘက်ဆီက လေထုကို အရှိန်အဟုန်ပြင်းစွာ ခွဲထွက်ကြပြီး ပျံသန်းလျှပ်ရှားသံကို သူ နားပါးလျပ်စွာ ကြားသိလိုက်



ရသည်။ သူ့ဆောင်မားတို့ဖြင့် နောက်လှည့်ကာ ဝှေ့ယမ်း ခုခံကာကွယ်လိုက်ရလေသည်။

သို့သော်... သူ ပစ်ခွင်းတိုက်ခိုက်လာသော လက်နက်ပုန်းတို့ကို ခုခံကာကွယ် ထုတ်နိုင်သော်လည်း လက်နက်ပုန်းတစ်ခုကိုတော့ လုံခြုံအောင် မကာကွယ်နိုင်သဖြင့် လစ်ဟာသွားရသော သူ့ဘယ်ရင်အုံဆီသို့ စိုက်ဝင်သွားရလေသည်။

သူ အိပ်ခန်းဆောင်ထဲက တိုက်ခိုက်လာသည်ကို လှမ်းအကဲခတ် ကြည့်မိလိုက်တော့...

"ဟင်... ငွေ.. ငွေကျီးဖြူပါလား"

သိပ်ဟုတ်ပါသည်...။

အိပ်ဆေးပြယ်၍ လန့်နိုးထလာသော ငွေကျီးဖြူ ရင်ရှိချန်က ရတနာသေတ္တာငယ်ကိုယူ၍ အခန်းတံခါးပေါက်မှ ထွက်သွားသော သပြေသီးမှည့်ဝတ်စုံဝတ်လူအား လက်နက်ပုန်းများဖြင့် နတ်သမီးပန်းကြဲဟန်သိုင်းကွက်ကို အသုံးပြု၍ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

သူမသည် သိုင်းပညာကို တတ်မြောက်ထားသူတစ်ဦး ဖြစ်လေသည်။ တကယ်တော့ ထိုထိုင်းပညာရပ်ကို ကွယ်လွန်သွားသူ သူမခင်ပွန်းက လက်ထပ်သင်ပေးသွားခဲ့ခြင်း ဖြစ်လေသည်။

ဟုတ်သည်လေ...။

သူမ၏ခင်ပွန်းက သိုင်းလောကသားတစ်ဦး ဖြစ်လေသည်။ သို့မို့ကြောင့်လည်း သူမခင်ပွန်းမှာ သိုင်းလောက၏ထုံးစံအတိုင်း ကြွင်းကျန်ရစ်သော အတုံ့အလှည့်ကလဲ့စား ဆွေစဉ်မျိုးဆက် လိုက်လံချေခဲ့မှု လက်ချက်ကြောင့်ပင် အရွယ်ကောင်းခဲ့စဉ်မှာ သေဆုံးသွားခဲ့ရခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ... ငွေကျီးဖြူ ရင်ရီချွန်သည် အိမ်ဖော်မလေး ကျောင်းမေ အိပ်ဆေးခတ်၍ တည်ခင်းခဲ့သော လက်ဖက်ရည်မွှေးကို အနည်းငယ်သောက်ပြီး စားပွဲပေါ် တင်ထားခဲ့သည်။

ထိုအခိုက်မှာပင်... ကြွက်ပြေးသည်ကို လိုက်ခဲ့ခုတ်ဖမ်းနေမိရသော ကြောင်ကြီး၏တိုက်ခိုက်မှုကြောင့် စားပွဲဝိုင်းပေါ်က သူမသောက်လက်စ လက်ဖက်ရည်ပန်းကန်လုံးတစ်ခု ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျရောက် ကွဲကြေသွားခဲ့ရလေသည်။

ထိုသို့ အခြေအနေကြောင့် သူမမှာ ကျောင်းမေအကြံနှင့် တည်ခင်းခဲ့သော အိပ်ဆေးခတ် လက်ဖက်ရည်မွှေးကို အနည်းငယ်သာ သောက်ခဲ့မိခြင်း ဖြစ်လေသည်။

ပြီး... သူမ ခေါင်းအုံခဲ၍ သောက်ဆေးများ သောက်ခဲ့မှုကြောင့်လည်း သူမဝမ်းထဲ အနည်းငယ် ဝင်ရောက်သွားရသော အိပ်ဆေးအာနိသင်တို့သည် လျော့ပါးစေခဲ့ဟန်လည်း တူပါသည်။

သို့ဖြစ်၍... သူမ အချိန်တိုတောင်းစွာဖြင့် လန့်ဖျန့်နိုးလာချိန်တွင် တံခါးပေါက်ဝတွင် ကျောင်းမေနှင့် သပြေသီးမှည့်ရောင်ဝတ်စုံဝတ် လူတို့ ပြောဆိုသံများ ကြားလိုက်ရလေသည်။

ဒါကြောင့်... သူမ ကုတင်တွင် လျှို့ဝှက်ထားရှိသော လက်နက်ပုန်းများယူ၍ အခန်းတံခါးပေါက်က ကျော်နင်းထွက်ခွာသော သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူထံ ပစ်ခွင်းတိုက်ခိုက်ခြင်း ဖြစ်လေသည်။

သည်တွင် ငွေကျီးဖြူ ရင်ရီချွန်က ခနဲ့ပြုံး ပြုံးလိုက်ရင်း...

"ဟင်း... ဟင်း၊ ငါ အချိန်မီနိုးလာတာ မင်းအတွက် ကံဆိုးတာပဲ၊ ကဲ... ငါ့ရတနာသေတ္တာကို ပြန်ပေးပါ၊ သူတစ်ပါးပစ္စည်းကို ကိုယ်အဆင့်အတန်း၊ ကိုယ့်ဆွေမျိုးဂုဏ် မထောက်ညှာဘဲ မင်း လုယ်ဖို့



တာ အံ့သြတယ်၊ မင်း သင်ကြားထားတဲ့ တက္ကသိုလ်စာပေ ပညာရပ်တွေဟာ ဘာမှ တန်ဘိုးမရှိသလို ဖြစ်သွားပြီ"

ထိုးနက်ပြောဆိုလာသော စကားကြောင့် သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူမှာ နှောင်တရမိသွားသလိုနှင့်...

"ကျွန်တော် မှားသွားပါတယ် အစ်မ ရင်ရီချွန်၊ ရော့... ခင်ဗျားရတနာသေတ္တာ"

ထိုသို့ အမှားဝန်ခံစကားဆိုပြီးနောက် ထိုသူမှာ သူမအနားချဉ်းကပ်ရောက်ရှိလာလေသည်။

အနားရောက်တော့ သူ့လက်ထဲက ရတနာသေတ္တာငယ်တစ်လုံးကို ငွေကျီးဖြူ ရင်ရီချွန်ထံ လှမ်းပေးလိုက်လေသည်။

ထိုစဉ်... သူမသည် ကမ်းပေးလာသော ထိုလူဆီက ရတနာသေတ္တာငယ်ကို လှမ်းယူလိုက်လေသည်။

"ဗို"

"ဂွပ်"

"အွန့်... မင်း... မင်း"

"ဘုန်း"

"ဟီး... ဟီး... ဟား... ဟား... ဟား"

ထိုစဉ်မှာပင် အကြံသမား သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူက ရတနာသေတ္တာ လှမ်းယူလာသော ငွေကျီးဖြူ ရင်ရီချွန်ထံ မထင်မှတ်စွာပင် ညာခြေဖျားဖြင့် ဝှေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

ထိုအခါ... အာရုံတစ်ချက် ရတနာသေတ္တာငယ်သို့ စူးစိုက်မိသွားရသော ငွေကျီးဖြူ ရင်ရီချွန်တစ်ယောက် ရုတ်တရက် တိုက်ခိုက်လာသည့် သပြေသီးမှည့်ရောင်ဝတ်စုံဝတ်လူ၏ ညာခြေတိုက်ချက်ကို လုံးဝခုခံကာကွယ်နိုင်ခြင်း မရှိတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့မို့ကြောင့် . . . သဖြေသီးမှည့်ရောင်ဝတ်စုံဝတ်လူ၏ ညာခြေ ဖိနပ်ထိပ်တွင် လျှို့ဝှက်တပ်ဆင်ထားသော ဓားချွန်က သူမ၏ လည်တိုင်သို့ မိမိရရ ထိုးဖောက်သွားရလေသည်။

ထိုအခါ သူမ ရှုံ့ရှုံ့နာကျင်ကြီးစွာ ဟစ်အော်ရင်း ကြမ်းပြင်ပေါ် သို့ အရုပ်ကြိုးပြတ်သည့်နှယ် ပြိုလဲကျသွားရလေသည်။ ထိုအခါ သဖြေသီးမှည့်ရောင်ဝတ်စုံဝတ်လူက လည်တိုင်တွင် သွေးစိမ်းရှင်ရှင် စီးထွက်လျက် အရှုမလှ သေပွဲဝင်သွားရသော ငွေဂျိုးဖြူ ရင်ရှိချိန်ကို တစ်ချက်စိုက်ကြည့်ပြီး ပြက်ရယ်ပြု ရယ်မောလိုက်လေသည်။

ထိုစဉ် . . . သူ့ဘယ်ရင်အုံတွင် ထိမှန်ထားရသော အဆိပ် လက်နက်ပုန်းဒဏ်ရာ တဆစ်ဆစ် ကိုက်ခဲမှုပြင်းထန်ရသလို သူ့ မျက်လုံးများလည်း ပြာဝေသလို ရှိလာရလေသည်။ အဆိပ်လက်နက် ပုန်း၏ အဆိပ်တန်ခိုးက အာနိသင် ပြလာချေပြီ။

သူ ထိုအိပ်ခန်းဆောင်၌ အချိန်ခွဲ၍ မနေသင့်ကြောင်း ကောင်း ကောင်း သဘောပေါက် သိရှိလိုက်ရလေသည်။

ထိုစဉ် . . . သူ့ဘယ်ဘက်ရင်အုံတစ်ခုလုံး အဆိပ်သင့်သွေး ညိုမည်းမည်းတို့ စိုရွှဲကပ်နေသည်ကို သတိပြုမိလိုက်လေသည်။

"အင်း . . . ငါ ဒီအတိုင်းသွားရင် ဒီသွေးမည်းတွေ စွန်းထင် နေတာ တစ်ယောက်ယောက်တွေ့ပြီး သံသယဝင်နိုင်တယ်၊ ငါ ကုတင် က မျက်နှာသုတ်ပုဝါတစ်ထည်ယူပြီး"

ထိုသို့ . . . သူ ဆုံးဖြတ်ချက်ချပြီးနောက် ကုတင်အနားသို့ ရောက်ရှိသွားပြီး ခေါင်းရင်းဘက်တွင် ရှိနေသော မျက်နှာသုတ်ပဝါ တစ်ထည်ကို ယူလိုက်လေသည်။

ပြီးလျှင် သူ့အင်္ကျီကို ဘယ်ဘက်တစ်ခြမ်းချွတ်လိုက်ပြီး လက်နက်ပုန်းစိုက်ဝင်နေရသော ဒဏ်ရာတစ်ဝိုက်ရှိ သွေးညိုမည်းတို့



ကို မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် ဝေယမ်းသုတ်သင် ရှင်းလင်းလိုက် လေသည်။

သူ့ကိစ္စ အမြန်ပြီးစီးစေရန်အတွက် သွက်လက်လျှင်မြန်စွာ လှုပ်ရှားလိုက်ရမှုကြောင့် သူ့အင်္ကျီအိတ်ထဲတွင် အမြဲဆောင်ယူသွား လေ့ရှိသော အရာတစ်ခု ကြမ်းပြင်ပေါ်သို့ ကျရောက်သွားလေသည်။

ကျသည်ကို သူ လုံးဝ ဂရုမမူမိပါချေ။

သည့်နောက် . . . သဖြေသီးမှည့်ရောင်ဝတ်စုံဝတ်လူသည် အိပ်ခန်းဆောင်အတွင်းဝယ် မရှုမလှ ပြိုင်တူသေပွဲဝင်နေကြသော အလောင်း (၃)လောင်းကို တစ်ချက်ဝေ့ဝဲ ကြည့်ရှုပြီးနောက် ရတနာ သေတ္တာငယ်တစ်လုံးအား ဆွဲလျက် အိပ်ခန်းထဲက ကျောခိုင်းထွက်လာ ခဲ့လေတော့သည်။

✻ ✻ ✻

အပေါ်ထပ်ရှိ လောင်းကစားဝိုင်းသည် ဆူဆူညံညံ ရှိနေရသော် လည်း စကားပြောသံများ၊ အော်ဟစ်တိုက်ခိုက်သံများကို နားပါးလျှပ် လွန်းရသော ဗလကြီးပေါင်ရင်ကျူ ကြားလိုက်မိရလေသည်။

"အောက်ဘက်က ဆူညံသံတွေ ကြားနေရတယ်၊ ကျွန်တော် ဆင်းကြည့်လိုက်ဦးမယ်"

ယင်းသို့ ဗလကြီးပေါင်ရင်ကျူက ကစားဝိုင်းရှိလူများကို ခွင့် တောင်းစကား ဆိုလိုက်လေသည်။

သည်တော့ . . . ဒိုင်လုပ်သူက တစ်လှည့်ပြီးပြတ်သွားအောင် ဆော့ကစားပြီးမှ အောက်ဆင်းကြည့်ပါရန် ဗလကြီးပေါင်ရင်ကျူအား တောင်းဆိုလာလေသည်။

သို့မို့ကြောင့် . . . သူ ကစားဝိုင်းတစ်လှည့်ပြီးမှ အောက်ထပ်သို့ သက်ဆင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံး သူ အောက်ထပ်ရောက်တော့ လူသူကင်းရှင်း ဆိတ်ငြိမ်နေကြောင်း တွေ့မြင်ရ၍ စိတ်အေးသွားရပြီး တမင် ချုပ်တီး အောင့်ထားရသော အပေါ့သွားရန်အတွက် အိမ်သာဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့ရလေသည်။

"အင်း... စောစောက အောက်ဘက်က ဆူညံသံတွေ ငါ ကြားလိုက်မိသလိုလိုပါပဲ၊ အခုတော့လဲ လူသူကင်းရှင်းနေပြီး တိတ်ဆိတ်နေပါလား၊ အစ်မလည်း ဒီလောက် အနားယူအိပ်စက်လိုက် ရလို့ ခေါင်းအုံကိုက်ခဲ့မှုတွေလည်း သက်သာလောက်ရောပေါ့၊ သူ့တို့ တစ်လှည့် တက်ကစားနိုင်းရဦးမယ်"

ယင်းသို့... သူရေရွတ်ပြောဆိုပြီးနောက် ငွေကျိုးဖြူ ရင်ရီချန် ၏ အိပ်ခန်းဆောင်သို့ ဦးတည်လျှောက်လှမ်းလာခဲ့လေသည်။

သို့နှင့်... သူ အိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်လေသော အခါ...

"ဟာ... အိမ်ဖော်မလေး ကျောင်းမေတစ်ယောက် အသတ်ခံ ထားရပါလား"

ထိုသို့ သူ အခန်းပေါက်နားတွင် သွေးသံတရဲရဲဖြင့် အသက်ခံ ထားရသော ကျောင်းမေကို ကြုံတွေ့လိုက်ရပြီး အံ့သြတုန်လှုပ်စွာ ရေရွတ်မိလိုက်လေသည်။

နောက် သူ့အကြည့် အိပ်ခန်းအတွင်း ဝေ့ဝဲရောက်ရှိသွားမိရတော့ ပြင်တူ လုပ်ကြံခံထားရ၍ သေပွဲဝင်နေကြရသော ငွေကျိုးဖြူ ရင်ရီချန် နှင့် ခြံစောင့်ခေါင်းဖြူကြီး ဆိုက်တွဲတို့၏ အလောင်းများကို တွေ့မြင် ရပြီး ပါးစပ်အဟောင်းသားဖြစ်မှု တုန်လှုပ်ချောက်ချားသွားရလေသည်။

သည်နောက်... သူ သွေးပျက်စွာဖြင့် အပေါ်ထပ်ကစားဝိုင်းရှိ လူများကို ခေါ်ယူပြီး ငွေကျိုးဖြူ ရင်ရီချန်တို့ လူ(၃)ဦး အသတ်ခံထားရ



သည့်ကိစ္စ ခေါ်ပြရလေသည်။

ထိုအခါ... သူတို့ ငွေကျိုးဖြူတို့အိမ်သားတို့ အသတ်ခံရသော ကိစ္စကို ရဲမက်အဖွဲ့တို့ကို တိုင်ကြားလိုက်လေသည်။

သည်တော့... မှုခင်းစစ် ရဲမက်အဖွဲ့ကပဲ အသတ်ခံထားရ သော ငွေကျိုးဖြူ ရင်ရီချန်၊ ခြံစောင့်ခေါင်းဖြူကြီးဆိုက်တွဲနှင့် အိမ်ဖော် မလေးကျောင်းမေတို့ အလောင်းတို့ကို စစ်ဆေးပြီးနောက် ထိုသို့ အသတ်ခံရမှုအား အရင်ဆုံး ကြုံတွေ့လိုက်ရသည့် ဗလကြီး ပေါင်ရင်ကျူအား စစ်ဆေးမေးမြန်းလေသည်။

ထိုအခါ... ဗလကြီး ပေါင်ရင်ကျူကလည်း သူ အောက်ထပ် ဆင်းစဉ် တွေ့မြင်ရသည့် မြင်ကွင်းအတိုင်း မှုခင်းရဲမက်အရာရှိကို ထုတ်ဖော်ပြောပြလိုက်လေသည်။

ပြီး... အမှုစစ်ရဲမက်အရာရှိသည် ကျန်လူများကို စစ်ဆေး လေသည်။

နောက်ဆုံးတော့ အမှုစစ်ရဲမက်အရာရှိသည် ငွေကျိုးဖြူရင်ရီချန် တို့ လုပ်ကြံခံရမှုမှာ (စိန်ရတနာပစ္စည်းသေတ္တာ ပွင့်လျက်သာ တွေ့ရမှု ကြောင့်) စိန်ရတနာပစ္စည်းကြောင့်ဖြစ်ကြောင်း ကောက်ချက်ချလေ သည်။

ပြီး... အိပ်ခန်းဆောင်ထဲတွင် သဲလွန်စ မတွေ့ရှိသဖြင့် အမှု စစ်ရဲမက်အရှိမှာ ငွေကျိုးဖြူရင်ရီချန်နှင့် အိမ်သားစု လုပ်ကြံအသတ်ခံ ရမှုကိစ္စအတွက် ဗလကြီး ပေါင်ရင်ကျူအပေါ် သံသယဝင်မိလေသည်။

နောက်... ငွေကျိုးဖြူ ရင်ရီချန်၏ ရတနာပစ္စည်းအရောင်း အဝယ်ကိစ္စနှင့် ပတ်သက်၍ အတူတွဲသွားလာနေသူမှာ ဗလကြီး ပေါင်ရင်ကျူ ဖြစ်နေသဖြင့် အခု လူသတ်မှုတရားခံမှာ ဗလကြီးသာ ဖြစ်နိုင်ကြောင်း ကောက်ချက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့်... ဗလကြီး ပေါင်ရင်ကျူတစ်ယောက် မဟုတ်မှန်ကြောင်း ငြင်းဆိုသော်လည်း ရဲမက်အရာရှိ၏အမိန့်ကို မလွန်ဆန်နိုင်ဘဲ ရဲမက်စခန်းတွင် အဖမ်းခံလိုက်ရလေသည်။

ထို့နောက် အမှုလိုက်ရဲမင်းအရာရှိသည် လူသတ်မှုတရားခံမဖော်ထုတ်နိုင်လျှင် ဘုရင်မင်းမြတ်က သူ့အပေါ် အမျက်တော်ရှမည်ကို စိုးရိမ်မိပြီး...

ဗလကြီး ပေါင်ရင်ကျူကိုသာ လူသတ်တရားခံအဖြစ် စွဲချက်တင်ပြီး တရားခုံရုံးတော်သို့ တင်လေသည်။

ထိုသင်းဆိုးကို ကြားသိလိုက်ရသော ကျွမ်းယွမ်ရွာက ဖခင်ဖြစ်သူ ပေါင်ဖုန်ကျင်တစ်ယောက် တရားခုံရုံးတော်သို့ ရောက်ရှိလာခဲ့လေသည်။

သည့်တွင်... ဗလကြီး ပေါင်ရင်ကျူသည် စိတ်မကောင်းခြင်းဖြစ်တည်နေရသော ဖခင်ကြီး ပေါင်ဖုန်ကျင်ထံ မျက်ရည်စက်လက်ဖြင့် ရင်ဖွင့်စကား ဆိုလာလေသည်။

"ဖေဖေ... သား.. သား ငွေကျိုးဖြူတို့ အိမ်သားတစ်စုကိုလုံး.. လုံးဝ မသတ်တာ အမှန်ပါ"

ဖခင်ကြီး ပေါင်ဖုန်ကျင်က မချိပြုံး ပြုံးလိုက်ရင်း...

"ငါ့သား မသတ်ဘူးဆိုတာ အဖေ လက်ခံယုံကြည်ပါတယ်၊ ဒါပေမယ့် ကျောင်းသားဟာ ကျောင်းမှာမနေဘဲ လောင်းကစားဝိုင်းထောင်တဲ့ မကောင်းမှုဒုစရိုက်ကို အချိန်မရွေး ဖြစ်ပေါ်စေနိုင်တဲ့နေရာမျိုးမှာနေလာတော့ အခု ဒီအကျိုးတွေ ငါ့သား ကြုံတွေ့ခံစားရတာပဲ၊ ကိုယ်ပိုင်တွေးတောဆင်ခြင်မှု၊ လေ့လာစူးစမ်းမှုနဲ့ ကိုယ့်ကိုယ်ယုံကြည်မှု မရှိတဲ့သူတွေဟာ ပတ်ဝန်းကျင် ဖန်တီးသမျှကို လည်စင်းခံရမယ့် ကံကြမ္မာရဲ့သားကောင်ဘဝ ရောက်ရှိရတာပဲ"



"သား... သား အနေအထိုင် မဆင်ခြင်မိလို့ အ.. အခုလိုစွတ်စွဲခံရတာပါ"

"အိမ်း... နောင်တဆိုတာများဟာ အချိန်လွန်ပြီးမှ ရတတ်တာမျိုးပဲ၊ ဒါပေမယ့် ငါ့သား စိတ်ဓာတ်မကျနဲ့၊ အဖေ ငါ့သားရဲ့ အဖြစ်မှန်ပေါ်ပေါက်လာအောင် အိမ်က ငါးဖမ်းလှေရောင်းချပြီး ငွေကြေးကုန်ကျခံပြီး ကြိုးစားမယ်၊ နောက်နောင် ဒီလို နောင်တမျိုး ထပ်မံမရအောင် ထိန်းသိမ်းစောင့်ကြပ်ဖို့က သားတာဝန်ပဲရှိတော့တယ်"

"ဟုတ်ကဲ့ပါ အဖေ"

"အေး... လောလောဆယ် ဘယ်လိုပဲ အတွေ့ကြုံဆိုးနဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရ ငါ့သား အခုလို သွေးပျက်ထိတ်လန့်နေဖို့ မလိုဘူး၊ အမှန်သမားဟာ စိတ်ဓာတ်တည်ကြည်နိုင်ခန့်နေရမယ်၊ တရားနတ်စောင့်ပါတယ်၊ ကဲ.. တရားရုံးစောင့်က သားကို စစ်ဆေးဖို့ခေါ်နေပြီ"

"ဟုတ်ကဲ့"

ဟုဆိုကာ ဖခင်ကြီး၏ အားပေးစိတ်ဓာတ်မြှင့်တင်ပေးလိုက်မှုကြောင့် ဗလကြီး ပေါင်ရင်ကျူ စိတ်ဓာတ် တည်ငြိမ်သွားရလေသည်။ ထိုနေ့ ခုံရုံးတရားသူကြီးမင်းက ဗလကြီး ပေါင်ရင်ကျူကို ငွေကျိုးဖြူရင်ရီချုန်အိမ်သားစု အသတ်ခံရသည့်ကိစ္စနှင့် စစ်ချက်ယူလေသည်။

ပြီး... ထိုအမှုကို ရှေ့လထဲ၌ အမိန့်ချရန် ခုံရုံးတရားသူကြီးမင်းက ရက်ချိန်းပေးလိုက်လေသည်။ ထိုအချိန်တွင် ဖခင်ဖြစ်သူ ပေါင်ဖုန်ကျင်သည် ငါးဖမ်းလှေ ရောင်းချရငွေကြေးဖြင့် လိုဟန်နန်းမြို့တွင် နာမည်ကျော်ကြားနေရသည့် ဥပဒေအကျိုးဆောင် ကျူပါးခုံးကို သားအမှုအား လိုက်ပေးဖို့ ငှားယမ်းလိုက်လေသည်။

ယင်း ဥပဒေ အကျိုးဆောင်သည် ငွေကြေးယူသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အမှုမှန်ဘက်ကသာ အောင်မြင်အောင် လိုက်လံဆောင်ရွက်ပေးလေ့ရှိသည်။ နန်းမြို့မှာ နတ်မျက်စိ ကျူပါးခုံးဟူ၍ နာမည်ကောင်းဖြင့် ကျော်ကြားနေသူ ဖြစ်လေသည်။ အခု... ဗလကြီး၏ လူသတ်မှုကိစ္စတွင်လည်း ဗလကြီးမှာ မဟုတ်မမှန်ဘဲ တရားခံဘဝရောက်ရှိနေကြောင်း ဥပဒေအကျိုးဆောင် နတ်မျက်စိ ကျူပါးခုံး သုံးသပ်သိရှိမိလေသည်။

ပြီး... နတ်မျက်စိ ကျူပါးခုံးသည် ထိုအမှုကို အဖြစ်မှန်ပေါ်ပေါက်စေရန် ထုတ်ဖော်ဖို့ သူ့လက်ရုံးတစ်ဦးဖြစ်သော အထောက်တော် တိမ်လွှာစား ဟူယုံဖိန်ကိုကို ထိုက်တန်ငွေကြေးပေး၍ တာဝန်ပေးလိုက်လေသည်။

ပြောရမည်ဆိုလျှင်...

အထောက်တော် တိမ်လွှာစား ဟူယုံဖိန်သည် မကောင်းသူပယ်ကောင်းသူကယ်ဝါဒကို ကျင့်သုံးလေ့ရှိသော အဖြူရောင်ကြေးစားသိုင်းသမားတစ်ဦးဖြစ်လေသည်။

သူသည် မမှန်ကန်သောအလုပ်ကို လုံးဝ လက်မခံပါချေ။ ပြီး ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးရေးကိစ္စရပ်ဆိုလျှင် တာဝန်သိစွာ အခမဲ့ ဝင်ရောက်ဆောင်ရွက်ပေးလေ့ရှိသည်။

သို့မို့ကြောင့်လည်း...

အမှန်တရားနှင့် သစ္စာစောင့်တည်မှု အလေးထားသော ဥပဒေအကျိုးဆောင် နတ်မျက်စိကျူပါးခုံးက ဘုရင့်ရဲမက်အဖွဲ့စည်းက လမ်းလွဲနေမိသော မှုခင်းတို့ကို အမှုမှန်ပေါ်ပေါက်စေရန်အတွက် အထောက်တော် တိမ်လွှာစား ဟူယုံဖိန်အား လက်ကိုင်ထား၍ အကူအညီတောင်းလေ့ရှိသည်။

ထိုသို့... သူတို့၏လုပ်ရပ် မှန်ကန်မှုကြောင့် ဘုရင်မင်းမြတ်



ကိုယ်တော်တိုင်က အသိအမှတ်ပြုလက်ခံ မြှောက်စားလျက်ရှိလေသည်။

သို့ဖြစ်၍... လက်ရှိ ဘုရင့်လက်အောက်ခံ မှူးကြီးမတ်ကြီးနှင့် အရာရှိကြီးများအားလုံး သူတို့ကို လေးစားခင်မင်ကြလျက်ရှိသည်။

ထိုသို့... နာမည်ကျော် ဥပဒေအကျိုးဆောင် နတ်မျက်စိ ကျူပါးခုံးတို့ ဝင်ရောက် ဆောင်ကြဉ်းပေးမှုကြောင့် ဗလကြီး ပေါင်ရင်ကျူကို အာမခံဖြင့် တပေတက္ကသိုလ်ကြီးသို့ ဆက်လက်သင်ကြားခွင့်ရရှိလေသည်။

သည်တွင်... သူ့ရင်ဝယ် မြတ်နိုးတွယ်တာခဲ့ရသော အစ်မကြီး ငွေကျိုးဖြူ ရင်ရီချန် အိမ်သားစု အသတ်ခံရသည့်ကိစ္စနှင့် ပတ်သက်၍ လူသတ်သမားကို ဖော်ထုတ်လိုစိတ် ပြင်းပြနေရလေသည်။

ဒါကြောင့်... သူ နှုံ့ရုံ့အမိန့်အရ ချုပ်ပိတ်ထားသော ငွေကျိုးဖြူ ရင်ရီချန်၏ဂေဟာသို့ သွားရောက်နေထိုင်ခွင့် ရရန်အတွက် သူ့အမှု ဥပဒေအကျိုးတော်ဆောင် နတ်မျက်စိ ကျူပါးခုံးထံ သွားရောက်၍ တောင်းဆိုလေသည်။

ထိုအခါကျမှ... ဥပဒေ အကျိုးတော်ဆောင် နတ်မျက်စိ ကျူပါးခုံးက ထုတ်ဖော်ပြောဆိုလာမှုကြောင့် ဗလကြီး ပေါင်ရင်ကျူ တစ်ယောက် အသတ်ခံလိုက်ရသည့် အိမ်ဖော်မလေးကျောင်းမေအကြောင်း စိတ်မကောင်းခြင်းဖြစ်စွာ ကြားသိလိုက်ရလေသည်။

အကြောင်းကတော့ လူသတ်သမားလက်ချက်ကြောင့် သေဆုံးသွားရသော အိမ်ဖော်မလေးကျောင်းမေ၌ ကိုယ်ဝန်ရှိနေကြောင်း သူ ကြားသိလိုက်ရခြင်းပင် ဖြစ်လေသည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

## သဲလွန်စ အပေါ်သွားတစ်ချောင်း

"ဒါ… ဒါဆို အိမ်ဖော်မလေးကျောင်းမေ ရရှိတဲ့ကိုယ်ဝန်ဟာ လူသတ်သမားနဲ့ ဆက်စပ်နေမလား"

ထိုသို့ ဗလကြီး ပေါ်ရင်ကျူသည် လှပ်ကြွခံလိုက်ရသော အိမ်ဖော်မလေးကျူးမေ၌ ရရှိခဲ့သောကိုယ်ဝန်မှာ လူသတ်သမားနှင့် ဆက်စပ်မှုရှိနေမလားဟု ဥပဒေအကျိုးဆောင် နတ်မျက်စိ ကျူပါးခုံးကို မေးမြန်းကြည့်လိုက်လေသည်။

သည်တော့… ဥပဒေအကျိုးဆောင် နတ်မျက်စိ ကျူပါးခုံးက အပြုံးယဲ့ယဲ့ ပြုံးလိုက်ရင်း…

"အင်း… ငါ့ရဲ့လက်ရုံး တိမ်လွှာအေး ဟူယုံဖိန် လေ့လာစုံစမ်းရတဲ့ သတင်းအရဆိုရင် အဲဒီအိမ်ဖော်မလေးကျောင်းမေရတဲ့ကိုယ်ဝန်ဟာ မောင်ရင်တို့ စာပေတက္ကသိုလ်က သူဌေးသား ဝမ်ကျိုစောင်ရဲ့ ကိုယ်ဝန်ဖြစ်နိုင်တယ်တဲ့၊ မင်းတော့ ငွေကျိုးဖြူဂေဟာမှာ နေလာတဲ့လူဆိုတော့ သူတို့နှစ်ယောက် အနေအထိုင်ကို ရိပ်စားမိမှာပေါ့"

မေးတော့ ဗလကြီး ပေါ်ရင်ကျူက ခေါင်းဆတ်ခနဲ ညိတ်



လိုက်ပြီး…

"ဟုတ်ကဲ့… သူဌေးသားနဲ့ ကျောင်းမေတို့ သိပ်အရောတဝင်ရှိနေတာတော့ သတိထားမိပါတယ်၊ ဒါဆို လူသတ်သမားဟာ သူဌေးသား မဖြစ်နိုင်တော့ဘူး"

"ဘာကြောင့် မင်း အဲဒီလို တထစ်ချ ပြောနိုင်ရတာလဲ"

"ဩော်… ကျောင်းမေမှာ သူနဲ့ပတ်သက်ပြီး ကိုယ်ဝန်ရှိနေမှန်း သိနေရင် သူ့ဇနီးနဲ့ ကလေးကို အဲဒီလို ရက်ရက်စက်စက် သတ်ပစ်မယ် မထင်လို့ပါ"

"အေး… မင်း ယူဆချက် မဆိုးပါဘူး၊ ဒါပေမယ့် လောကမှာ အဖောက်ပြန်ဆုံး အရက်စက်ဆုံး သတ္တဝါဟာ လူသတ္တဝါဖြစ်တယ်ဆိုတာတော့ မမေ့နဲ့၊ အခု လောလောဆယ်တော့ ငါတို့ ငွေကျိုးဖြူ အိမ်သားစုသတ်တဲ့ တရားခံကို ခြေရာခံ မမိသေးပါဘူး၊ အခု မင်း ငွေကျိုးဖြူဂေဟာထဲ ဝင်နေချင်တာလည်း အဲဒီ လူသတ်သမားရဲ့ သဲလွန်စကို ရှာဖွေချင်လို့ မဟုတ်လား"

မေးတော့ ဗလကြီး ပေါ်ရင်ကျူက ဝန်ခံစွာဖြင့် ခေါင်းတစ်ချက် ညိတ်မိလိုက်လေသည်။

"ဟုတ်ပါတယ်… အကျိုးဆောင်ကြီး"

"အေး… လူသတ်သမား ဘယ်သူဘယ်ဝါမှန်း အကဲခတ်မရသေးတော့ မင်း သွားလာတဲ့အခါ အထူး သတိထားပေါ့"

"ဟုတ်ကဲ့ပါ အကျိုးဆောင်ကြီး"

"ဒါနဲ့ မင်း စာပေတက္ကသိုလ် တက်တဲ့ကိစ္စကော အဆင်ပြေရဲ့လား"

"ကျွန်တော်မျိုး လူသတ်တရားခံ မပေါ်မချင်း စာပေတက္ကသိုလ်ကျောင်းတက်ဖို့ စိတ်မပါသလို ဖြစ်နေပါတယ်၊ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီအမှုကြီးပြီးမှ ဆက်တက်ဖို့ ခွင့်တင်ထားပါတယ်"

"အေးလေ. . . မင်းအတွက် သိပ်စိတ်အနှောက်အယှက် အဲဒီကိစ္စကြီးဝင်ရောက်နေတော့ စာပေကျောင်းကိစ္စထဲ စိတ်မဝင်စားနိုင်ဘူး ဆိုတာ ငါလည်း တက္ကသိုလ်ကျောင်းသားဘဝ ဖြတ်သန်းလာတော့ ကိုယ်ချင်းစာနားလည်ပါတယ်၊ အဲဒီကိစ္စ အမြန်ပေါ်ပေါက်အောင် ထိမ်လှာစားလည်း တစ်ဖက်တစ်လမ်းက စုံစမ်းနေပါတယ်"

"ဟုတ်ကဲ့"

သည်နောက်. . . ဗလကြီး ပေါင်ရင်ကျူသည် ဥပဒေအကျိုးဆောင် နတ်မျက်စိ ကျူပါးခုံကို နှုတ်ဆက်စကားဆိုပြီးနောက် ဥပဒေအကျိုးဆောင်၏ စံအိမ်တော်က ကျောခိုင်းထွက်လာခဲ့လေသည်။ သို့နှင့် သူ နံနက်စာကို မြို့လည်ရှိ စားသောက်ဆိုင်တွင် ဝင်ရောက်စားသောက်လိုက်သည်။

ပြီးလျှင်. . . လူသတ်သမား၏ သဲလွန်စကိုရှာဖွေဖို့ တအားစိတ်ထက်သန်နေမိရသော ဗလကြီး ပေါင်ရင်ကျူသည် ငွေဂျိုးဖြူ ဂေဟာသို့ ဦးတည် ရွေ့လျားလာခဲ့လေသည်။

သူ ငွေဂျိုးဖြူဂေဟာရောက်တော့ နေ့လည်နာရီမောင်းတစ်ချက်တီးကျော်နေချေပြီ။

သူ ခြံတံခါးကိုဖွင့်၍ ခြံလယ်ရှိ ငွေဂျိုးဖြူဂေဟာ အဆောက်အဦဆီသို့ လျှောက်လှမ်းလာခဲ့လေသည်။

ပြီး သူ ဥပဒေအကျိုးဆောင် နတ်မျက်စိ ကျူပါးခုံထံက ရယူခဲ့သော အိမ်သော့ဖြင့် အိမ်တံခါးမသော့ကို ဖွင့်၍ အိမ်ဂေဟာထဲ ဝင်လိုက်သည်။

အရင်ဆုံး လူများမနေသည်မှာ ရက်လ အတန်ကြာပြီဖြစ်သော ကြောင့်ထင်၏ ဖုန်နံ့ သွေးခြောက်နံ့ စသည်တို့ ဗလကြီး ပေါင်ရင်ကျူ၏



နှာခေါင်းနှစ်ပေါက်ထဲသို့ အလုအယက် တိုးဝင်လာလေသည်။

အခန်းပြတင်းပေါက်များအားလုံး ပိတ်ထားသဖြင့် အမှောင်ရိပ်ကြီးစိုးမင်းမူနေသည်။

ထိုအခါ . . . သူ့အမြင်အာရုံဝယ် သံယောဇဉ်စွဲငြိခဲ့ရသော ငွေဂျိုးဖြူ ရင်ရီချုန်၏ရုပ်သွင်ကို လွမ်းဆွတ်မြင်ယောင်နေမိရလေသည်။

သူ့ရင်ဝယ် ကြေကွဲဝမ်းနည်းမှု၊ နာကြည်းခံပြင်းမှု စသည့် ဝေဒနာများ တလှိုက်လှိုက် ဖြစ်တည်ခံစားလာရတော့သည်။

ပြီး. . . သူ သက်ပြင်းမောကြီးတစ်ချက် ချလိုက်ပြီးနောက် ပြတင်းပေါက်တစ်ခုကို ဖွင့်လိုက်လေသည်။

ထိုအခါ ပြတင်းပေါက်မှ ဝင်ရောက်လာသော နေအလင်းရောင်ကြောင့် လင်းချင်းသွားရလေသည်။

ပြီး. . . သူ လေးလံသောခြေလှမ်းများနှင့် ငွေဂျိုးဖြူ ရင်ရီချုန်၏ အိပ်ခန်းတံခါးဆီသို့ ဦးတည်လျှောက်လှမ်းသွားလေသည်။ သူ သော့ဖြင့် ပိတ်ထားသော အိပ်ခန်းတံခါးဖွင့်၍ ဝင်လိုက်သည်။

နောက် အလင်းရရန်အတွက် ပြတင်းတံခါးကို ဖွင့်လိုက်လေသည်။

ထိုအခါ. . . အိပ်ခန်းတစ်ခုလုံး လင်းချင်းသွားရလေသည်။ သည်တွင် သူ့အမြင်အာရုံဝယ် တစ်ချိန်က စွဲမြဲစွာ မြင်တွေ့ခဲ့ရဖူးသော ငွေဂျိုးဖြူ ရင်ရီချုန်၊ ခြံစောင့်ခေါင်းဖြူကြီး ဆိုက်တွဲ၊ အိမ်ဖော်မလေး ကျောင်းမေတို့ သွေးသံရဲရဲကိုယ်စီတို့ဖြင့် မရှုမလှ သေပွဲဝင်ခဲ့ကြသည့် အနိဋ္ဌာရုံမြင်ကွင်းကို ပြန်လည်ထင်ဟပ်မြင်ယောင်လာရလေသည်။ ပြီး သူ စိတ်မကောင်းခြင်းဖြစ်စွာ အတိတ်အနိဋ္ဌာရုံမြင်ကွင်းတို့ကို ပြန်မြင်ယောင်နေရင်းက သူ့အကြည့် ကုတင်ခြေရင်းဘက်ရှိ တိုင်တစ်ဖက်အခြေဆီသို့ စူးစိုက်ရောက်ရှိသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်စ တစ်ခုပါလား"

ယင်းသို့ . . . သူ တအံ့တသြ ရေရွတ်မိရင်း ကုတင်ခြေရင်းနား ဆီသို့ ချဉ်းကပ်ရောက်ရှိသွားရလေသည်။

အနားရောက်တော့ သူ ကုတင်ခြေရင်းတွင် ဆောင့်ကြောင့် ထိုင်လိုက်ပြီး ကုတင်တိုင်တစ်ဖက်ရှိ ဖုံကပ်ငြိနေမိရသော ကျောက်စ လေးကို သူ ညာလက်ချောင်းများဖြင့် လှမ်းကောက်ယူလိုက်လေ သည်။

"ဟင် . . . လူ . . လူ့သွား . . သွား တစ်ခေါင်းပါလား"

လုံးဝ မမျှော်လင့်စွာဘဲ သူ့လက်သို့ ရောက်ရှိလာသော ကျောက်စလေးမှာ လူတစ်ယောက်၏ အပေါ်သွားတစ်ချောင်းဖြစ်နေ ကြောင်း ဗလကြီး ပေါ်ရင်ကျူ တအံ့တသြ သိရှိလိုက်ရလေသည်။

သူ ညာလက်ဝါးဖြန့်ပေါ် ရောက်ရှိနေရသော လူ့သွားတစ် ချောင်းကို ငေးစိုက်ကြည့်ရင်း သူ့ခေါင်းထဲသို့ ထာဝရ မေ့မပျောက်နိုင် သော အသိတစ်ခု ဖျပ်ခနဲ ရောက်လာလေသည်။

ထိုအသိက တခြား မဟုတ်ပါချေ။

တစ်ချိန်က ဗလကြီး ပေါ်ရင်ကျူသည် စာပေတက္ကသိုလ် တည်းခိုခန်း၌ အသဲစွဲအောင် ချစ်ကြိုက်ခဲ့ရသော ရွှေဝါရောင်မျက်နှာ ရှင် ကျူးမေကိစ္စနှင့်ပတ်သက်၍ ခုတုံးလုပ် လှည့်ကွက်လုပ်ခဲ့သည့် သူဌေးသား ဝမ်ကျိုစောင်ကို ခံပြင်းနာကြည်း ဒေါသထွက်စွာဖြင့် လက်သီးတစ်ချက် ထိုးပစ်ခဲ့လေသည်။

ထိုစဉ် . . သူ၏ဒေါသလက်သီး ပြင်းထန်မှုကြောင့် သူဌေးသား ဝမ်ကျိုစောင်၏ ပါးစပ်ထဲက သွားတစ်ချောင်း ကြမ်းပြင်ပေါ်သို့ ကျွတ် သွားခဲ့ရလေသည်။

ထိုသို့ . . . သူဌေးသား ဝမ်ကျိုစောင်၏ပါးစပ်က ကျွတ်ထွက်ခဲ့



ရသော သွားတစ်ချောင်းမှာ အပေါ်သွားတစ်ချောင်း ဖြစ်ခဲ့လေသည်။ ထိုစဉ်က အမျက်ဒေါသထွက်ရှိခဲ့ရသော သူဌေးသား ဝမ်ကျိုစောင် တစ်ယောက် ကြမ်းပြင်ပေါ်သို့ ကျွတ်ထွက်ခဲ့ရသော သူ့သွားတစ် ချောင်းကို ကောက်ယူ၍ ဗလကြီး ပေါ်ရင်ကျူထံ ထိုးပြကြိမ်းဝါးခဲ့ မှုကြောင့် အပေါ်သွားတစ်ချောင်းဖြစ်ကြောင်း ဗလကြီး ပေါ်ရင်ကျူ မှတ်မှတ်ရရ သိရှိခဲ့ရခြင်း ဖြစ်လေသည်။

ဟော . . . အခုလည်း သူ လုပ်ကြံခံ၍ သေဆုံးခဲ့ရသော ငွေကျိုးဖြူ ရင်ဂီချုန်၏ ကုတင်ခြေရင်းအောက်ဘက်က မမျှော်လင့်ဘဲ သဲလွန်စအဖြစ် ကောက်ယူရရှိခဲ့သောအရာမှာ တစ်ချိန်က သူဌေးသား ဝမ်ကျိုစောင်ကိုယ်တိုင် ထိုးပြခဲ့သည့် အပေါ်သွားတစ်ချောင်းဖြစ် ကြောင်း တွေ့မြင်လိုက်ရသဖြင့် အံ့သြခံပြင်းသွားမိရလေသည်။

"ဟင် . . . ဒီ . . ဒီသွား ဒီအခန်းထဲမှာ သဲလွန်စအဖြစ် ကျန်ရစ် ခဲ့တာ ငွေကျိုးဖြူ ခြံစောင့်ခေါင်းဖြူကြီးဆိုက်တွဲနဲ့ အိမ်ဖော်မလေး ကျောင်းမေတို့ကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့တာ ငါ လုံးဝ မထင်မှတ်တဲ့ သူဌေးသား ဝမ်ကျိုစောင် ဖြစ်နေပါလား"

ယင်းသို့ . . . သူ သဲလွန်စအဖြစ် ကြွင်းကျန်ရစ်ခဲ့ရသော သွား ချောင်း တွေ့ရှိရသဖြင့် လူသတ်တရားခံမှာ သူ လုံးဝဥဿုံ မထင်မှတ် နိုင်သည့် သူဌေးသား ဝမ်ကျိုစောင်မှန်း အံ့သြခံပြင်းစွာ သိရှိလိုက်ရ လေသည်။

ထို . . . သဲလွန်စပိုင်ရှင် တရားခံကို ဖော်ထုတ်ရန်အတွက် ငွေကျိုးဖြူဂေဟာမှ ကျောခိုင်းထွက်လာခဲ့ရလေတော့သည်။

* * *

သူသည် ငွေကျိုးဖြူဂေဟာမှ စာပေတက္ကသိုလ်တည်းခိုရိပ်သာ ဆောင်ဆီသို့ ဦးတည်ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ငွေကျီးဖြူ ရင်ရီချန်တို့ အိမ်သားစု အသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ စာပေတက္ကသိုလ်တည်းခိုရိပ်သာဆောင်ဆီသို့ မရောက်ဖြစ်သည်မှာ ရက်လံ အတော်အတန်ကြာမြင့်သွားရလေသည်။

သို့ရာတွင်... ၎င်း စာပေတက္ကသိုလ်တော်ကြီး၌ သူနှင့် စာပေတက္ကသိုလ်ကျောင်းအတူတက်ဖက် ကျောင်းသားများ ရှိနေလေသည်။

ဒါကြောင့်မို့... သူ စာပေတက္ကသိုလ်တည်းခိုရိပ်သာဆောင်တွင် အရိပ်အယောင်ပင် ရှာဖွေမတွေ့ရှိရတော့သော သူဌေးသား ဝမ်ကျိုစောင်ကို သူ့ရောင်းရင်း စာပေကျောင်းသားများကို စုံစမ်းမေးမြန်းကြည့်မိလိုက်လေသည်။

ထိုအခါ သူ သတင်းတစ်ခု ရရှိလိုက်သည်မှာ သူဌေးသား ဝမ်ကျိုစောင်တစ်ယောက် လောင်းကစားကြီးတစ်ခုတွင် ငွေကြေးမြောက်များစွာ အနိုင်ရရှိ၍ မြို့အရှေ့ဘက်ရပ်ကွက် ခန့်ညားတည်ဝါသော ပုလဲနှင်းဆီစံအိမ်တော်ကြီးကို ဝယ်ယူနေထိုင်ကြောင်း၊ စာပေတက္ကသိုလ်သို့ ဆက်မတက်တော့ကြောင်း သတင်းများပင် ဖြစ်လေသည်။

ထို အတိအကျ သတင်းရရှိခဲ့ပြီမို့ ကျောင်းတွင် ဒုက္ခလှလှကြီးပေးခဲ့ရုံမကဘဲ ငွေကျီးဖြူဂေဟာ ရောက်တော့လည်း ချောက်ချခုက္ခပေးခဲ့သော သူဌေးသား ဝမ်ကျိုစောင်ကို တုန့်ပြန်ကလဲ့စားချေရန်အတွက် ပုလဲနှင်းဆီ စံအိမ်တော်ကြီးရှိရာ အရှေ့မြောက်ဘက် ရပ်ကွက်ဆီသို့ ဦးတည် ထွက်လာခဲ့လေသည်။

သူ အရှေ့မြောက်ဘက်ရပ်ကွက် ရောက်တော့ ညနေစောင်းအချိန်သို့ တိုင်သွားရချေပြီ။

သူ သတင်းရရှိသည့်အတိုင်းပင် ပုလဲနှင်းဆီ စံအိမ်တော်ကြီးမှာ အလွန်ခန့်ညားထည်ဝါလျက်ရှိကြောင်း ခြံတံခါးပေါက်ရှေ့ကနေ လှမ်းမြင်တွေ့လိုက်ရလေသည်။



"အင်း... သူဌေးသား ဝမ်ကျိုစောင်ဟာ အစ်မငွေကျီးဖြူရင်ရီချန်ကို လုပ်ကြံသတ်ဖြတ်ခဲ့ပြီး စိန်ရတနာသေတ္တာကို ယူသွားတယ်၊ ပြီးတော့ အဲဒီ စိန်ရွှေရတနာတွေကို ခြေရာခံမလိုက်နိုင်အောင် ကစားဝိုင်းက ငွေကြေး အမြောက်အမြား အနိုင်ရတယ် ကြေငြာအကြောင်းပြပြီး ပုလဲနှင်းဆီ စံအိမ်တော်ကြီးကို ဝယ်လိုက်တယ်၊ ဒီကောင် အိမ်ဖော်မလေးကျောင်းမေကို အယုံသွင်းပြီး အချစ်ကိုလိမ်ညာယူခဲ့တယ်၊ ခြေတော်တင် ဖျက်ဆီးခဲ့တယ်၊ ပြီးတော့ ကျောင်းမေ အကူအညီနဲ့ ငွေကျီးဖြူ ရင်ရီချန်ကို လုပ်ကြံပြီး စိန်ရတနာပစ္စည်းတွေကို ရယူသွားတယ်၊ ဒီလောက် ဘဝရင်းပြီး ကူညီခဲ့ကြတဲ့ ကျောင်းမေနဲ့ ခြံစောင့်ကြီးတွေကို မျက်နှာမထောက်ပဲ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်သွားတယ်၊ ဟင်း... ဟင်း သူ ကံဆိုးသွားတာက သူ့ဆီက သဲလွန်စအဖြစ် သွားကျိုးတစ်ချောင်း ကျကျန်ခဲ့တာကို သတိမမူမိဘဲနဲ့ အခုတော့ မြေလျှိုးမိုးပျံသွားနိုင်ဦးမလား"

ယင်းသို့ သူ ပုဏ္ဏားခေါင်ရောင်အောက်ဝယ် လက်ရာမြောက် ပန်းချီကားချပ်ကြီးတစ်ချပ်ကိုရှုမြင်ရသလို ခန့်ညားထည်ဝါစွာ ရှိနေရသော ပုလဲနှင်းဆီဂေဟာအား ငေးစိုက်ကြည့်ရင်း သူ့စိတ်ထဲက ကြုံးဝါးပြောဆို နေမိလိုက်လေသည်။

ပြီးလျှင် သူ ဆိတ်ငြိမ်နေရသော ကျယ်ဝန်းသည့် ပုလဲနှင်းဆီခြံဝန်းထဲသို့ အသံမြှင့် ခေါ်လိုက်မိလေသည်။

"အိမ်ရှင်တို့... အိမ်ရှင်တို့"

စူးရှမာထန်နေရသော သူ့ခေါ်သံကြီးက ပုလဲနှင်းဆီ ခြံဝန်းကျယ်ကြီးတစ်ခုလုံးကို ဖြန့်ကျက် လွှမ်းခြုံသွားရလေသည်။

သိပ်မကြာပါချေ... ခြံတံခါးပေါက်ဆီသို့ ငွေရောင်ဆံပင်နှင့်

www.burmeseclassic.com

ခန့်ညားထည်ဝါသော ရွှေဝါရောင်ပိုးထည်ဝတ်စုံကို ဝတ်ဆင်မြန်းထားရသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး ရောက်လာတော့သည်။

ထိုပုဂ္ဂိုလ်ကြီး၏ ဝတ်စားဆင်ယင်မှုကို ကြည့်ချင်းအားဖြင့် ဂုဏ်သရေရှိ လူကြီးတစ်ဦးဖြစ်ကြောင်း ဗလကြီး ပေါင်ရင်ကျူ၏စိတ်ထဲက ကောက်ချက်ချမိရလေသည်။

ထိုစဉ် အသက် (၆၀)ကျော်ခန့်ရှိပုံရသော ရွှေဝါရောင်ပိုးထည် ဝတ်စုံဝတ် ပုဂ္ဂိုလ်ကြီးက မျက်နှာစိမ်းဖြစ်တည်နေရသော ဗလကြီး ပေါင်ရင်ကျူထံ မျက်မှောင်ကြုတ်ကြည့်ရင်း...

"မောင်ရင် ဘာကိစ္စရှိလို့လဲ"

ရှူးစမ်းဟန်ဖြင့် မေးမြန်းလာတော့ ဗလကြီး ပေါင်ရင်ကျူက သူဌေးသား၏ အမျိုးအနွယ်ထဲက ပုဂ္ဂိုလ်ကြီး ထင်မှတ်ယူဆမိကာ တုန့်ပြန်မေးလိုက်သည်မှာ...

"ဒီစံအိမ်တော်က သူဌေးသား ဝမ်ကျိစောင်နေအိမ် ဟုတ်ပါသလား"

ထိုအမေးကြောင့် ရွှေဝါရောင်ပိုးထည်ဝတ်စုံဝတ်ပုဂ္ဂိုလ်ကြီးက လေးစားဖွယ်ရာ ပြုံးလိုက်သည်။

"ဟင်း... ဟင်း အရင်ကတော့ သူဌေးသား ဝမ်ကျိစောင်ရဲ့ စံအိမ်တော် ဟုတ်ခဲ့ပါတယ်၊ အဲ.. အခုတော့ သူ ဒီ ပုလဲနှင်းဆီ အိမ်တော်ကြီးကို ဦးလေးတို့ထံ ပြန်ရောင်းချသွားတာ နှစ်လကျော် ကျော်ပဲ ရှိဦးမယ်၊ ဘာကိစ္စများ ရှိလို့လဲ"

"ဪ ဘာကိစ္စမှတော့ မရှိပါဘူး။ သူနဲ့ ကျွန်တော်က စာပေ တက္ကသိုလ်တက်ဖက် ကျောင်းသူငယ်ချင်းတွေပါ"

"ဪ... မောင်ရင် သူ့ဆီလာလည်တာထင်ရဲ့"

"ဟုတ်ပါတယ် ဦးလေး၊ ဒါနဲ့ ဦးလေး သူ နောက်ပြောင်းသွား



တဲ့အိမ်ကို ပြောခဲ့ပါသလား"

"ဒါတော့ ဦးလေးတို့ကို ပြောမသွားပါဘူး။ တစ်ခုတော့ ပြောသွားတဲ့စကားတစ်ခွန်းကတော့ ဒီပုလဲနှင်းဆီ စံအိမ်တော်ကြီး ရောင်းချတဲ့ငွေနဲ့ သူ စီးပွားရေးတစ်ခုကို အကြီးအကျယ် ထူထောင်မယ်လို့ ပြောတာပဲ"

"ကျေးဇူးပါပဲ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"အေး... အေး"

☼ ☼ ☼

www.burmeseclassic.com

## အခန်း (၁၆)

# လူသတ်သမားနောက် ခြေရာကောက်

လုံးဝ ပညာပါစွာ ခြေရာပျောက် ကောင်းသွားရသော သူဌေးသားဝမ်ကျိုစောင်၏ လုပ်ရပ်ကို သိရှိလိုက်ရသည့် ဗလကြီး ပေါင်ရင်ကျူတစ်ယောက် သက်ပြင်းသောကကြီးတစ်ချက် ချလိုက်ရလေသည်။ ဥပဒေအကျိုးဆောင် နတ်မျက်စိ ကျူပါးခုံး၏စံအိမ်ကို ထွက်လာခဲ့လေသည်။

သူ နတ်မျက်စိ ကျူပါးခုံ စံအိမ်တော်ရောက်တော့ အထောက်တော် တိမ်လွှာဓား ဟွာယုံဖိန်နှင့် ဆုံတွေ့မိရလေသည်။

သည်တွင်... ဗလကြီး ပေါင်ရင်ကျူသည် သူ စုံစမ်းသိရှိခဲ့ရသော သူဌေးသား ဝမ်ကျိုစောင် အခြေအနေနှင့် ငွေကျိုးဖြူဂေဟာ အတွင်းက သဲလွန်စအဖြစ် ရရှိခဲ့သည့် သူဌေးသားဝမ်ကျိုစောင်၏ အပေါ်သွားတစ်ချောင်းတို့ကို ဥပဒေအကျိုးဆောင် နတ်မျက်စိ ကျူပါးခုံးထံ ထုတ်ဖော်ပြောကြား ပေးအပ်လိုက်လေသည်။

ထိုအခါ... နတ်မျက်စိ ကျူပါးခုံးသည် ဗလကြီး ပေါင်ရင်ကျူ ပေးအပ်လာသော သွားတစ်ချောင်းကို စူးစိုက်ကြည့်ရင်း...



"ဒီအတိုင်းဆို ငွေကျိုးဖြူအိမ်သားစုကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့တဲ့လူဟာ သူဌေးသားဝမ်ကျိုစောင်ဆိုတာ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ သိရှိကြရပြီ၊ ခက်တာက ဒီကောင်ဟာ ပညာတတ်ပီပီ ခြေရာလည်းပျောက် ရေလည်းနောက်သွားတော့၊ ငါတို့ သူ့နောက်ကို ခြေရာဖြန့်ပြီး လိုက်လံစုံစမ်း ထောက်လှမ်းရတော့ မလွယ်ဖြစ်နေပြီ"

သည်တော့ ... ဗလကြီး ပေါင်ရင်ကျူက တက်ကြွစိတ်ဖြင့်...

"အကျိုးဆောင်ကြီး ကျွန်တော်လည်း စာပေတက္ကသိုလ် ကျောင်း မတက်နိုင်သေးတော့ အချိန်အားလပ်နေပါတယ်၊ ဒီတော့ ခြေရာဖျောက်ကောင်းတဲ့ သူဌေးသား ဝမ်ကျိုစောင်နောက်ကို ခြေရာခံ လိုက်လံစုံစမ်းပါ့မယ်"

"အိမ်း ... ကောင်းတယ်၊ တစ်ဖက်ကလည်း တိမ်လွှာဓားက သူဌေးသားသတင်းကို လိုက်လံစုံစမ်းမယ်၊ သူဟာ လက်ထဲမှာ ငွေပေါ များနေတော့ သူပြောခဲ့သလို လုပ်ငန်းကြီးတစ်ခုတော့ ကြီးကြီးကျယ်ကျယ် ထူထောင်လုပ်ကိုင်နေမှာတော့ သေချာလောက်ပါတယ်"

"ဟုတ်ပါတယ် အကျိုးဆောင်ကြီး"

သည်နောက် ... သူတို့သုံးယောက် စကားပြော ခဏပြတ်တောက်သွားရသဖြင့် ညှိခန်းတစ်ခုလုံး ဆိတ်ငြိမ်သွားရလေသည်။

ထိုအတောအတွင်းဝယ် သူတို့သုံးယောက်စလုံး လက်ဖက်ရည် ကြမ်းခွက်ကိုယ်စီကိုင်လျက် လက်ဖက်ရည် ငြိမ်သက်စွာ သောက်သုံး နေကြလေသည်။

ထိုစဉ် ... နတ်မျက်စိ ကျူပါးခုံးသည် တစ်စုံတစ်ခုဆီသို့ အတွေးပျံ့လွင့်နေမိရသော ဗလကြီး ပေါင်ရင်ကျူထံ အကြည့်စူးစိုက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကာ...

"ဗလကြီး ... ရန်သူ့နောက်ကို ခြေရာခံလိုက်တာတော့ ဟုတ်ပါပြီ၊ ကိုယ်ခံပညာ ဘာတတ်မြောက်ထားသလဲ"

စူးစမ်းတာန်ဖြင့် မေးလာတော့ ဗလကြီး ပေါင်ရင်ကျူမှာ သက်ပြင်းတစ်ချက် မသိမသာ ချလိုက်ပြီးမှ...

"အကျိုးတော်ဆောင်ကြီး ကျွန်တော် နပန်းပညာလောက်ပဲ တတ်ပါတယ်"

"ဟာ... ဒီလောက်နဲ့ မဖြစ်သေးဘူး၊ ဒီတော့ မင်း ရန်သူ့နောက် မလိုက်ခင် ငါ့လ ခြောက်လလောက် ဟောဒီ တိမ်လွှာအားသီမှာ နိုင်းပညာသင်ယူလိုက်ဦး"

"ဟုတ်ကဲ့ပါ အကျိုးတော်ဆောင်ကြီး"

သို့နှင့်... ဗလကြီး ပေါင်ရင်ကျူတစ်ယောက် တိမ်လွှာအား ဟူယုံဖိန်၏ သိုင်းတပည့်ဘဝ ရောက်ရှိလာခဲ့လေသည်။

ထိုအခါကျမှ... ဗလကြီး ပေါင်ရင်ကျူသည် တိမ်လွှာအား ဟူယုံဖိန်သည် လူမျိုးလူလွတ်တစ်ယောက်ဖြစ်ပြီး သူ့ထံတွင် ချစ်ကြင်စရာကောင်းသော ချစ်သူတစ်ဦးရှိကြောင်း သိရှိခဲ့ရလေသည်။

ထို တိမ်လွှာအား၏ချစ်သူမှာ နာမည်ကျော်စစ်သူကြီးတစ်ဦး၏ သမီးဖြစ်ကြောင်း ထပ်မံ သိရှိလိုက်ရလေသည်။

သူမ နာမည်က 'ဖူနိုစင်' ပင်ဖြစ်လေသည်။

အပြစ်ကင်းစင်အောင် လှသလောက် စိတ်သဘောထား ဖြူစင်သည့် ဖူနိုစင်သည် မကြာခဏဆိုသလို မြို့အနောက်တံ ရပ်ကွက်နေ တိမ်လွှာအား ဟူယုံဖိန်နေအိမ်သို့ လာတွေ့ဆုံလေ့ရှိသည်။

ထိုအခါ... တိမ်လွှာအားဟူယုံဖိန်ထံ၌ တပည့်ခံရာဝ သိုင်းပညာသင်ကြားနေရသော ဗလကြီး ပေါင်ရင်ကျူနှင့် မကြာခဏ တွေ့ဆုံ



ခင်မင်ရင်းနှီးသွားရလေသည်။

ဖူနိုစင်ကလည်း ရိုးသားဖြူစင်သည့် ဗလကြီး ပေါင်ရင်ကျူကို မောင်နှမအရင်းတစ်ယောက်ပမာ ခင်မင်သွားရလေသည်။

ထိုအခါ ချစ်ကံခေလွန်းရသော ဗလကြီး ပေါင်ရင်ကျူက ချစ်သူနှစ်ဦးဖြစ်ကြသည့် တိမ်လွှာအား ဟူယုံဖိန်နှင့် ဖူနိုစင်တို့ကို သူ ခုတုံးလုပ်ခံခဲ့ရသော အချစ်နှင့် ဆုံးရှုံးကြေကွဲခဲ့ရသော အချစ်တို့ အကြောင်းများကို ရင်နှင့်တသစွာ ဖွင့်ဟဖော်ပြောပြလိုက်လေသည်။

သည်တော့... ချစ်သူမောင်နှံနှစ်ဦးတို့သည် အချစ်အဘွက် နစ်နာဆုံးရှုံးခဲ့ရသော ကြေကွဲခံပြင်းခဲ့ရသော ဗလကြီး ပေါင်ရင်ကျူ အတွက် စိတ်မကောင်းခြင်း ဖြစ်ကြရမိတော့သည်။

ထိုစဉ်... ဖူနိုစင်က ဗလကြီး ပေါင်ရင်ကျူ၏ နာကြည်းမုန်းတီး စိတ်ကို သဘောပေါက်မိစွာဖြင့်...

"မောင်... ဒါကြောင့် သူဌေးသား ဝမ်ကျိစောင်ကို အရမ်း နာကြည်းမုန်းတီးနေမိရတာကိုး"

ပြောတော့ နာကြည်းကြေကွဲရိပ် တလှိုက်လှိုက်ဖြစ်တည် ခံစားနေရသော ဗလကြီး ပေါင်ရင်ကျူက ခေါင်းတစ်ချက် ညိတ်မိလိုက်ကာ...

"ဟုတ်ပါတယ်၊ ဒီလို အောက်တန်းကျ ကျောက်ကျစ်ယုတ်မာတဲ့သူမျိုး ဒီ လူ့လောကကြီးမှာ ဆက်လက် အသက်ရှင် ရပ်တည်နေသရွေ့ သူ့ စနက်ကြောင့် အမျိုးသမီးလေးတွေ ပန်းကောင်းအညွန့်ကျိုး ပျက်စီးကြရတော့မယ်၊ အမြီးကျက်ကျက် ခေါင်းကျက်ကျက် ရှေ့နိုက်ကစားတတ်တဲ့ အကျင့်ဆိုးရှိတဲ့လူဆိုတော့ ငွေတွင်းရှိတဲ့ ငွေရှင်ကြေးရှင် လူတန်းစားအတွက်လည်း ဒုက္ခအဖုံဖုံ ပေးလာဦးမှာပဲ၊ ဒါကြောင့် သူ့ကို ရှာဖွေဖော်ထုတ်ပြီး အစ်မငွေကျိုးဖြူအတွက်

www.burmeseclassic.com

www.burmeseclassic.com



သွေးကြွေးကလဲ့စား ပေးဆပ်နေချင်တာ”

ထိုသို့ ဗလကြီး ပေါင်ရင်ကျူးက လူသတ်သမား သူဌေးသား ဝမ်ကျိုစောင်အပေါ် ခံယူထားသည့် နာကြည်းမုန်းတီးစိတ်ကို ထုတ်ဖော်ပြောဆိုလာလေသည်။

သည်တွင် … ဉပဓိရုပ် ယောကျ်ားပီသလွန်းသော တိမ်လွှာစားဟူယုံဖိန်က …

“ဗလကြီး … ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်နိုင်ပါဘူး။ သူ့ကို မကြာခင် ခြေရာခံမိကြမှာပါ”

“ဟုတ်ကဲ့”

သည်နောက် သူတို့စကားဝိုင်း တစ်ခဏ တိတ်ဆိတ်ငြိမ်သက်သွားရလေတော့သည်။

* * *

သိုင်းပညာ တတ်မြောက်ခဲ့ပြီဖြစ်သော ဗလကြီး ပေါင်ရင်ကျူးသည် လူသတ်သမား သူဌေးသား ဝမ်ကျိုစောင်သတင်းကို စုံစမ်းရန်အတွက် မြင်းညိုကြီးတစ်ကောင် ဆိုင်းနှင်ပြီး ခရီးရှည် ထွက်လာခဲ့ရာ တရုတ်ပြည်အရှေ့ပိုင်းဒေသ အနောက်မြောက်ဘက်တွင် တည်ရှိသော အံဟွေးပြည်နယ်သို့ ရောက်ရှိလာခဲ့လေသည်။

ညနေစောင်းရောက်တော့ 'ယန်စီ"မြစ် အရှေ့ဘက်လမ်းဆုံးတွင် 'နမ်ကင်း'မြို့ကြီးသို့ ပေါက်ရောက်သော လမ်းမကြီးဆုံးတစ်နေရာတွင် တည်ရှိနေသည့် 'ထုံလင်မြို့'သို့ ရောက်ရှိလာခဲ့လေသည်။

အချိန်မရှိတော့ပြီဖြစ်သဖြင့် သူ ထုံလင်မြို့လည်ရှိ တည်းခိုခန်းတစ်ခုတွင် ငှားယမ်းနေထိုင်လိုက်သည်။

ပြောရမည်ဆိုလျှင် … ထုံလင်မြို့ အနီးတဝိုက်တွင် တွင်းထွက်ပစ္စည်းများ ထွက်ရှိရာ အဘိုးထိုက်တန်သော နေရာများ



ဖြစ်ကြသဖြင့် ငွေကြေးအရင်းအနှီး မြောက်မြားစွာ ထုတ်နိုင်သူများ ထိုနေရာသို့ လာရောက်ပြီး လူအင်အားများစွာနှင့် တွင်းထွက်ရတနာများ တူးဖော်ရှာဖွေလေ့ရှိကြလေသည်။

သို့မို့ကြောင့်လည်း … ငွေရင်းမြောက်မြားစွာ ပိုက်မိသွားရသော သူဌေးသား ဝမ်ကျိုစောင်တစ်ယောက်လည်း အကျိုးပေးလျှင် ရက်မကြာခင်ပင် အဘိုးအနဂ္ဃထိုက်တန်သည့် တွင်းထွက်ရတနာများ တူးဖော်ရရှိပြီး နေ့ချင်းညချင်းပင် သူဌေးကြီးဘဝသို့ ရောက်ရှိသွားနိုင်သော လုပ်ငန်းသို့ လာရောက်လှုပ်ကိုင်လိမ့်မည်ဟု ထင်မြင်၍ ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် ထုံလင်မြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်လေသည်။

ဗလကြီး ပေါင်ရင်ကျူးသည် ထုံလင်မြို့ ရောက်ရှိလာသည်မှာ ရုပ်ဖျက်ကာ ရတနာကုန်သည်တစ်ဦးဟန်ဆောင်လာ[illegible] ဖြစ်လေသည်။

ဒါကြောင့်မို့ သူ့ခေါင်းထက်ဝယ် အဘိုးထိုက်တန်သော သားရေအုပ်ထုတ်ကြီးတစ်လုံးကို ဆောင်းထားပြီး ငွေရောင် ပိုးထည်ကို ဝတ်ဆင်ထားလေသည်။

ပြီး … သူ့ကိုယ်ပေါ်မှာလည်း ဉပဒေအကျိုးဆောင် နတ်မျက်စိကျူပါးခုံး ထုတ်ပေးလိုက်သော လက်ဝတ်ရတနာအချို့ကို ဆင်မြန်းထားလေသည်။

သို့ဖြစ်၍ … ဗလကြီးမှာ အသွင်တစ်မျိုးပြောင်းလျက် တကယ့်ရတနာကုန်သည်ကြီးသဏ္ဍာန် ပေါက်နေရတော့သည်။

သူ တည်းခိုဆောင်အောက်ထပ်တွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်သို့ ညနေစာ စားသောက်ရန်အတွက် သက်ဆင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။ စားသောက်ဆိုင် ကျပြီမို့ စားသောက်ဆိုင်တွင် လူသူ ရှည်ကားကြဲလျက် စီညံစေသိနေကြရသည်ကို ဗလကြီး ပေါင်ရင်ကျူ ကြုံတွေ့လိုက်ရလေသည်။

ပြီး... သူ ဆိုင်တောင့်အကျဉ်းနေရာတွင် လူလွတ်နေရသော စားပွဲနုံတစ်ခုဆီသို့ ဦးတည်ရောက်ရှိသွားလေသည်။ သူ စားပွဲနုံ တစ်ခုတွင် ဝင်ရောက်ထိုင်လိုက်သည်နှင့် အပြုံးရိပ်ကို ဆောင်ထား သော စားပွဲထိုးလူရွယ် ချဉ်းကပ်ရောက်ရှိလာလေသည်။

သည့်တွင်... ထိုစားပွဲထိုးလူရွယ်က သားနားတောက်လက် နေရသော ဗလကြီး ပေါင်ရင်ကျူကို ဦးတစ်ချက် ညွတ်လိုက်ပြီး မှ...

"အမိန့်ရှိပါ သခင်လေး"

ရိုကျိုးစွာဖြင့် လှမ်းမေးလာတော့ ဗလကြီး ပေါင်ရင်ကျူက အမိပ္ပာယ်ပါပါ ပြုံးလိုက်မိရင်း...

"ဪ... ဟော.. ဟော မင်း ဒီလက်ဝတ်ရတနာတွေနဲ့ တောက်ပြောင်နေတဲ့ အဘိုးတန်ဝတ်စုံကြောင့် သခင်လေးလို့ ခေါ်လိုက် တာကို၊ လူမှာအဝတ်၊ တောင်းမှာအကွပ်ဆိုတာ တယ်မှန်ပါလား"

ယင်းဆိုစကားများကို သူ့ရင်ထဲက သဘောကျစွာဖြင့် ရေရွတ် ပြောဆိုမိလိုက်ခြင်း ဖြစ်လေသည်။

ပြီးမှ... သူ့အကြည့် ငံ့လင့်နေမိရသော စားပွဲထိုးလူရွယ်ထံ စူးစိုက်ရောက်ရှိသွားရသည်။

"ဒီနယ်မှာ နာမည်ကျော်နေတဲ့ သီးစုံအရက်အိုးရယ်၊ ပြီးတော့ အမြီးက ဆီပွထိုးပုစွန်ကြော်၊ ဖွလီပြည်ကြက်ကင်တစ်မွဲနဲ့ အရည် သောက်တာတော့ ဆန်ကြာဆံပဲ ယူလာခဲ့"



"မှတ်... မှတ်ရဲပါ"

ဟုဆိုကာ စားပွဲထိုးလူရွယ်မှာ ခေါင်းတဆတ်ဆတ်ညိတ်လိုက် ပြီးနောက် ဗလကြီး ပေါင်ရင်ကျူ၏ စားပွဲဝိုင်းက ကျောခိုင်းထွက်သွား လေသည်။

တအောင့်မျှကြာသောအခါ စားပွဲထိုးလူရွယ်သည် ငွေလင်ပန်း ချပ်ကြီးဖြင့် ဗလကြီး မှာကြားလိုက်သော စားဖွယ်သောက်ဖွယ်များကို သယ်ဆောင်လျက် သူ့စားပွဲဝိုင်းသို့ ရောက်ရှိလာပြီး အစီအရီ ဟည်ခင်းလိုက်တော့သည်။

ပြီးသော်... စားပွဲထိုးလူရွယ်မှာ သူ့ကို ဦးတစ်ချက်ညွတ်လျက် ကျောခိုင်းထွက်ခွာသွားလေသည်။

သည်နောက်... သူ အရက်အိုးကို ပင့်မြှောက်ကာ အရက် ခွက်တစ်ခွက်သို့ မွှေးထုံသင်းကြည်နေရသော သီးစုံအရက်အချို့တို့ကို လောင်းငှဲ့ထည့်လိုက်လေသည်။

ပြောရမည်ဆိုလျှင်... သူ မှာကြားလိုက်ရသော အမြည်းများမှာ သည်း အံ့ဖွယ်ပြည်နယ်တွင် နာမည်ကြီး ဟင်းလျာ(၈)မျိုးထဲက ဖြစ်လေသည်။

ပြီးသော်... သူ အရက်ခွက်ကို မြှောက်၍ သီးစုံအရက် တစ်ကျိုက်ကို မော့သောက်လိုက်လေသည်။

"အား"

သူ ဝမ်းတွင်းသို့ ပါးစပ်၊ လည်ချောင်းတို့မှတဆင့် စီးဝင်သွား သော သီးစုံအရက်မှာ မွှေးကြိုင်ထုံသင်း ချိုပြင်းရှတဖြစ်စွာ ခစား လိုက်ရသည်။

ဒါကြောင့်မို့ သူ အားရကျေနပ်စွာဖြင့် 'အား' ဟု ရေရွတ်မိလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရခြင်းဖြစ်လေသည်။

ပြီး သူ့လက်ထဲက အရက်ခွက်ကို စားပွဲပေါ်သို့ အသာအယာ ချလိုက်ပြီးမှ တူအစုံကို ကောက်ကိုင်ပြီး အမြီးပန်းကန်ထဲက ဆီပူထိုး ပုစွန်ကြော် ကြွပ်ကြွပ်ရွရွတို့ကို လှမ်းယူကာ သူ့ပါးစပ်အတွင်းသို့ ထိုးသွင်း ဝါးစားလိုက်တော့သည်။

ထိုသို့... ဗလကြီး ပေါင်ရင်ကျူတစ်ယောက် စားသောက် ရင်း ခြေရာလည်းပျောက် ရေလည်းနောက် ဖြစ်နေရသော လူသတ် တရားခံ သူဌေးသား ဝမ်ကျိုစောင်ကို မည်သို့ရအောင် ခြေရာခံရမည် ကို အကြံထုတ်တွေးတောစဉ်းစားနေမိရလေသည်။

ထိုအခိုက်မှာပင်... သူ့စားပွဲဝိုင်းနှင့် မလှမ်းမကမ်းရှိ စားပွဲဝိုင်း မှ ပြောဆိုနေကြသော စကားသံများကို မှတ်မထင် ကြားသိရပြီး စိတ်ဝင်တစား ရှိသွားရသည်မှာ...

"အစ်ကိုကြီး... သမီးကိစ္စကို ဘယ်လိုရှင်းမလဲ၊ ရှင့်မှာ အရေး ကြီးတဲ့ကိစ္စကို အကြောင်းပြုပြီး ဒီစားသောက်ဆိုင်မှာပဲ အရက်ကြီး လာသောက်နေတယ်၊ ကျွန်မတို့ သမီးလေး အခြေအနေက လူသိ ရှင်ကြားအဖြစ် ရောက်လာတော့မယ်"

"တောက်... ငါ... ငါတို့ သမီးမိုက်ကိစ္စကို ဘယ်လိုရှင်းနိုင် မလဲ၊ သူဌေးဟုန်ချင်းကို ငါလို ငမွဲတောက အံတုယှဉ်လို့ ရမလဲ"

"အို... ရှင် ယောက်ျား မဟုတ်ဘူးလား။ သူ့ဘာသာ ငွေ ဘယ်လောက် ချမ်းသာချမ်းသာ မတရားမှုကိုတော့ ခေါင်းငုံ့ခံနေလို့ ရမလား"

"တောက်... မင်း ဘာမှမသိဘူး။ သူ့မှာ ငွေရှိတယ်၊ တပည့် တွေ ရှိတယ်၊ ငါ သွားယှဉ်ရင် ငါ ဒုက္ခရောက်သွားရုံပဲရှိမယ်"



"ဒါဆို သမီးကိစ္စ ဒီလိုပဲ ခေါင်းငုံ့ခံလိုက်ရတော့မှာလား"

"အင်း... သမီးတွက်ပဲ အရက်သောက်ရင်း အဖြေထုတ် စဉ်းစားနေရတာပါ မိန်းမရ"

သည်နောက် လင်မယားနှစ်ဦးတို့၏ ပေါက်ကွဲစွာ ပြောဆိုနေကြ သည့်စကားသံများ တခဏ တိတ်ဆိတ်ငြိမ်သက်သွားပါလေတော့ သည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

## ကမ္ဘာကြီးနှင့် မှင်အ

"အင်း ဒီလင်မယားနှစ်ယောက် ပြောဆိုသံတွေ ကြားရတာ သူတို့သမီးလေးကို သူဌေးသားတစ်ယောက်က ခြေတော်တင် ဖျက်ဆီးလိုက်ပုံရတယ်၊ တော်... ကြည့်ရတာ အဲဒီသူဌေးလည်း သူဌေးသား ဝမ်ကျိစောင်လို ကောင်မျိုးနဲ့တူတယ်"

ထိုသို့... ဗလကြီး ပေါင်ရင်ကျိုးသည် မလှမ်းမကမ်းရှိ စားပွဲဝိုင်းတွင် ကြေကွဲခံပြင်းစွာ ပြောဆိုနေကြသော လင်မယားနှစ်ယောက်တို့၏ စကားများကို ကြားမိရပြီး ကောက်ကျစ်ယုတ်မာလွန်းရသည့် သူဌေးသား ဝမ်ကျိစောင်လူမျိုးနှင့် ကြုံတွေ့နေရပြီဟု မချိတင်ကဲ ရေရွတ်မိလိုက်ရလေသည်။

ထိုစဉ်မှာပင်... ဇနီးဖြစ်သူ၏ မကျေမချမ်းဖြစ်စွာ ပြောဆိုလာသောစကားက ဆွဲသည်ပေစီနေရသည့် စကားအသံဗလံများကို ထိုးဖောက်ပြီး စီစီညံညံ ထွက်ပေါ်လာရသည်မှာ...

"ရှင် သမီးအရေးအကြောင်းပြီး ဒီလိုပဲ အရက်သောက်စားနေတာ ရှင့်သမီးကိုက် မဖုံးနိုင်မဖိနိုင် ဘွားဘွားကြီး ပေါ်လာတော့မယ်



ဆိုတာကော ရှင် သတိမူမိရဲ့လား"

ယောက်ျားဖြစ်သူက မဆိုင်းမတွပင် ပြောဆိုလာသည်။

"ငါ သိပ်သတိမူမိတာပေါ့၊ ငါ ဒီကို လူတစ်ယောက်နဲ့ ချိန်းဆိုထားတယ်"

"ဘာလဲ... ရှင်နဲ့ အရက်တူသောက်ဖို့ ချိန်းထားတာလား"

"တော်ကွ်... ငါ စကားကောင်းပြောနေတာ၊ နင် ထော်လော်ကန့်လန့်စကား ပြောမလာနဲ့၊ ငါ့သမီးကိစ္စအတွက် အဲဒီလူကို ဖိတ်ခေါ်ထားတယ်"

"ဘာလဲ... ရဲဘက်အရာရှိထဲကလား"

"မဟုတ်ဘူး၊ ဒုစရိုက်လောကမှာ နာမည်ကြီးနေတဲ့ သိုင်းသမားတစ်ယောက်ပဲ"

"ဘာလဲ.. ရှင် သမီးအတွက် အဲဒီလူကို သူဌေးဟုန်ချင်သွားသတ်ခိုင်း မလို့လား"

"ဟင်း.. ဟင်း.. ဟား.. ဟား၊ သူဌေး သတ်လိုက်တော့ကော နင့်သမီးကိုယ်ဝန်ကိစ္စ ငါတို့ မွဲတွေပေါ် တာဝန် ပိုပိသွားမှာပေါ့၊ ဦးနှောက်သုံးစမ်းပါ မိန်းမရာ"

"ဒါဆို... ရှင့်အကြံက ဘာလဲ"

"ဘာလဲဆိုတော့ အဲဒီလူကို ခြေသားလုံးဖက်တောင်းပန် အကူအညီတောင်းပြီး ငါတို့သမီးကိစ္စအရေး ဖြေရှင်းပေးဖို့ သူ့ကို သူဌေးဟုန်ချင်းကို သွားရောက်ချိန်းချက် ပြောခိုင်းမလို့ပဲ"

"ထားပါတော့၊ အဲဒီလူကကော ရှင့်အခက်အခဲကို ကူညီမယ်လို့ ပြောခဲ့လား"

"မနေ့က ငါနဲ့ လမ်းမှာတွေ့တော့ ဒီညနေ ဆိုင်မှာ စောင့်နေတဲ့၊ သူ ကူညီပေးမယ်၊ မပေးဘူးဆိုတာ အဖြေပေးမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... သူ့နာမည်က ဘယ်လိုခေါ်သလဲ"

"တခွေကြီး ချင်နို"

"ထကယ့် လူဆိုးလူမိုက်ကြီးပဲ"

"မိန်းမ သူ့နာမည် ကြားဖူးတယ်မဟုတ်လား"

"သိပ်ကြားဖူးတာပေါ့ ဆင်ခြေဖုံးရပ်ကွက်ထဲမှာ ဒုစရိုက်သမား နှစ်ဦး သူ့လက်ချက်ကြောင့် မရှုမလှ သေဆုံးသွားတဲ့သတင်း ဟိုးလေး တကျော်ပဲ"

"ဟုတ်တယ်"

"ဟင်... ရှင်ပြောသလို တခွေကြီး ချင်နို ကျွန်မသမီးလေး ကိစ္စ ဝင်ကူညီရင် သိပ်ကောင်းမယ်"

"သူဟာ ဒုစရိုက်သမားတစ်ယောက်ပေမယ့် အဲဒီလို ကောက်ကျစ်ယုတ်မာတဲ့ကိစ္စမျိုးတော့ လက်ခံမှာမဟုတ်ဘူး။ သူ ဝင်ကူညီမှာပါ"

သူတို့လင်မယား အချီအချ စကားကောင်းနေကြစဉ် သူတို့ စားပွဲဝိုင်းဆီသို့ ခမောက်ချွန်ကို ခပ်ငိုက်ငိုက်စောင်းထားသော အရပ် မှုမှု လူတစ်ယောက် ရောက်ရှိလာတော့သည်။

"ခင်များတို့ လင်မယား တခွေကြီး ချင်နို ချိန်းထားလို့ စောင့် နေကြတာ မဟုတ်လား"

ယင်းသို့ ခမောက်ချွန်စောင်း အရပ်ပုလူက သူတို့ထံ မေးမြန်း လာတော့ သူတို့လင်မယား ဟုတ်မှန်ကြောင်း ပြိုင်တူခေါင်းညိတ်မိ လိုက်ကြလေသည်။

"ဟုတ်ပါတယ်... ဟုတ်ပါတယ်"

သည်တွင်... အရပ်ပုလူက ဆက်လက် စကားဆိုလာသည် မှာ...



"ကျုပ်ဟာ တခြားသူ မဟုတ်ပါဘူး၊ တခွေကြီးရဲ့တပည့် မှင်စာတုပုပါ၊ ခင်များတို့ကို အခေါ်လွှတ်လိုက်လို့ လာခေါ်တာပါ၊ လိုက်ခဲ့ကြပါ"

"ကောင်းပါပြီ"

"ဟုတ်ကဲ့ရှင့်"

သည့်နောက်တော့ ဝတ်စားဆင်းရဲမှု နွမ်းပါးလျက်ရှိနေကြ သော လင်မယားနှစ်ယောက်တို့ မှင်စာတုပု၏ ခေါ်ဆောင်ရာနောက် သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားကြလေသည်။

သို့နှင့်... မှင်စာတုပုသည် မျှော်လင့်တကြီးကိုယ်စီဖြင့် လိုက် လာကြသော လတ်လုပ်လက်စား လင်မယားနှစ်ယောက်ဖြစ်ကြသည့် ဝမ်ရှောနှင့် လန်ရှန်တို့ မြို့လည်ရပ်ကွက်စွန်းရှိ ခြံဝန်းကျယ်ကြီးတစ်ခု သို့ ရောက်ရှိသွားလေသည်။

၎င်း ခြံဝန်းကျယ်ကြီးမှာ သစ်ပင်ကြီးများနှင့် အုပ်အုပ်ဆိုင်းဆိုင်း ခပ်မှိုင်းမှိုင်းရှိနေရလေသည်။

အစီအရီ နှစ်ပရိစ္ဆေဒက စိုက်ပျိုးခဲ့သော သစ်ပင်ကြီးများကြားက ဖြတ်သန်းသွားရသော ကျောက်ခင်းလမ်းအဆုံးမှာတော့ ဆိတ်ငြိမ် လျက်ရှိသည့် နှစ်ထပ်အဆောက်အအုံကြီးတစ်ခု ရှိသည်။

နှစ်ကြာရှည်စွာ ပြုပြင်မွမ်းမံ စောင့်ရှောက်ခြင်းရှိဟန်မတူသော ၎င်း နှစ်ထပ်အဆောက်အအုံကြီးမှာ ဆေးများ ပျက်ပြယ်လျက် အမိုး အကာအချို့ ပျက်စီးယိုယွင်းလျက် မွဲခြောက် အကျည်းတန်နေလေ သည်။

ထို နှစ်ထပ်အဆောက်အအုံကြီးကို ကြည့်မြင်လိုက်ရသည်နှင့် စိတ်မသန့်စရာ ဖြစ်ကြရမှာ သေချာသည်။

ဟုတ်သည်လေ... ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်း နှစ်ထပ်အဆောက်အအုံကြီးထဲတွင် မငှကောင်းဆိုးဝါးသရဲတစ္ဆေများ ကိန်းအောင်း ပျော်ရွှင်နေကြသည်ဟု မြင်ရသူတိုင်း ထင်မှတ်စရာပင်။

မည်သို့ဆိုစေ... ။

မှင်စာတုပ ခေါ်ဆောင်မှုကြောင့် သားသမီးဇောအတုန်ဖြင့် ဖနီးမောင်နှံ ဝမ်ရှောနှင့် လန်ရှန်တို့ ငှင်းနှစ်ထပ် အဆောက်အအုံထဲသို့ ရောက်ရှိလာကြလေသည်။

ညှော်ခန်းရှိ စားပွဲရှည်တစ်လုံးထိပ်တွင် စွန်မျက်လုံးတစ်စုံဖြင့် နှာခေါင်းချွန်ချွန် ပိန်ပိန်ရှည်ရှည် လူတစ်ယောက် ထိုင်နေသည်ကို သူတို့ လင်မယား မြင်တွေ့လိုက်ရသည်။

သူတို့လင်မယားနှစ်ယောက် ထိုင်အကဲခတ်ကြည့်ရှုနေသူ၏ ဆန့်ကျင်ဘက် စားပွဲရှည်ထိပ်ဘက်တွင် ရင်သောင်တန်း ရပ်လိုက်ကြလေသည်။

ထိုစဉ်... စွန်မျက်နှာရှုပ်ပေါက်နေရသော စွန်ဘီလူးလူချိုက ဝမ်ရှောတို့လင်မယားထံ အကြည့်စူးစိုက်ရောက်ပြီး...

"ခင်များတို့... သူဌေးဟုန်ချင်းကို သွားရောက် အကြပ်ကိုင်တောင်းဆိုဖို့ တစ္ဆေကြီး ချင်ခိုကို အကူအညီတောင်းခံဖို့ စားသောက်ဆိုင်မှာ စောင့်နေကြတယ် မဟုတ်လား"

စစ်ဆေးလာတော့ သူတို့လင်မယားနှစ်ယောက် ဝန်ခံကြသည့်အလား ပြိုင်တူခေါင်းညိတ်မိလိုက်ကြလေသည်။ သည့်တွင်... စွန်ဘီလူးလူချိုက ရုတ်တရက် ခြောက်ခြောက်ကပ်ကပ် ရယ်မောလိုက်ပြီး...

"ဟား... တား... ဟား။ ဝမ်ရှော ဖားတုလို့ ခရုခုန်ရင် ဘာဖြစ်မလဲ၊ အိုင်ပျက်ရုံပဲ ရှိတော့မှာပေါ့၊ အခု ခင်ဗျားတို့ကို ဒီလို



ဘာကြောင့် တစ္ဆေကြီး ချင်ခိုနဲ့ သူ့တပည့် မှင်စာပုတုတို့ ခေါ်ရသလဲ သိသလား"

မျက်စိမျက်နှာ ကိုယ်စီပျက်ယွင်းနေကြသော ခင်ပွန်း ဝမ်ရှောနှင့် ဇနီးလန်ရှန်တို့ တုန့်ပြန်မဖြေနိုင်ကြအောင်ဝင် တုန်လှုပ်ချောက်ချားနေမိကြရလေသည်။

ထိုစဉ်... စွန်ဘီလူး လူချိုက ဆက်လက်၍ စကားပြောဆိုလာသည်မှာ...

"အေး... ခင်ဗျားတို့ မသိရင် ကျုပ်ပဲ ဖြေပြပါ့မယ်၊ သူဌေးဟုန်ချင်းက ငွေထုပ်နဲ့ ပြန့်ပေါက်ပြီးဆိုင်းလိုက်တဲ့အတွက် ခင်ဗျားတို့ ပစ်ခတ်ဖို့ ကြံရွယ်တဲ့ မြှားဦးက ခင်ဗျားတို့ဆီ ဦးပြန်လှည့်လာတာပဲ"

"ဟီး... ဟီး... ဟား... ဟား"

"ဟင်"

"ဟာ"

အခြေအနေ မလှတော့မှန်း အလိုလို ရိပ်စားမိလိုက်ကြသော ခင်ပွန်း ဝမ်ရှောနှင့် ဇနီးလန်ရှန်တို့ နှုတ်အသီးသီးက အံ့သြမှုအာမေဍိတ်များ ပြိုင်တူ ထွက်ပေါ်လာရလေတော့သည်။

* * *

"ဖြောင်း... ဖြောင်း"

ထိုအခိုက် စွန်ဘီလူး လူချိုသည် လက်ခုပ်လက်ဝါး နှစ်ချက်ဆက်တိုက်တီးခတ်လိုက်လေသည်။

လက်ခုပ်သံ ဆုံးသွားတော့ အိမ်အတွင်းပိုင်းက ဆောင်ဝေရှည်ကြီးတစ်လက်ကို ကိုင်ဆောင်လျက် ဆံပင်ရှည်ကြီး ဖားလျားချလျက် ဝတ်စုံနက်ဖားဖားကြီးကို ဝတ်ဆင်ထားသော မကောင်းဆိုးဝါး ရုပ်မျက်

www.burmeseclassic.com

www.burmeseclassic.com



နာနှင့် ပိန်ပိန်ရှည်ရှည်လူတစ်ယောက် စားပွဲရှည်ကြီးအနားသို့ ရွေ့လျားရောက်ရှိလာလေသည်။

"တရုတ်ကြီး"

ဟု လင်မယားနှစ်ဦးစလုံး အံ့ဩတုန်လှုပ်ကြစွာ မြိုင်တူ အော်ခေါ်မိလိုက်ကြလေသည်။

သည်တွင်... သွေးဆုတ်ဖြူလျော်မျက်နှာနှင့် တရုတ်ကြီးချင်းတို့က ပြူးကျယ်ဝိုင်းစက်နေကြသော မျက်လုံးကိုယ်စီတို့ဖြင့် လှမ်း အကဲခတ်ကြည့်ရှုနေကြသည့် ခင်ပွန်း ဝမ်ရှောနှင့် ဇနီး လန်ရှန်တို့ထံ အေးစိမ့်စွာ တစ်ချက်ပြုံးပြလိုက်ရင်း...

"ဟင်း... ဟင်း၊ ဝမ်ရှော ငါ မင်းရဲ့အခက်အခဲကို ကူညီဖို့ ကြိုးစားတာပဲ၊ ဒါပေမယ့် ရေများရေနိုင်၊ မီးများ မီးနိုင်ဆိုတဲ့စကားအတိုင်း ငါ့ကို ငွေသားနှစ်သိန်းပေးပြီး မင်းတို့ကို ပြန်ရှင်းလင်းခိုင်းလာတော့ ငါ့မှာလည်း အခုတလော လောင်းကစားဝိုင်းတွေမှာ အရှုံးကြီးရှုံးနေရတော့ ငွေတွေ တအားကို လိုနေတယ်၊ ဒါကြောင့် ဒီအခွင့်အရေးမျိုးကို ငါ လက်မခံလို့ မဖြစ်ဘူး၊ ငါ့ကို ခွင့်လွှတ်ကြတော့"

"ဟီး... ဟီး... ဟား... ဟား... ဟား"

ထိုအခါ... ငြိမ်သက်စွာ နားထောင်နေသော သူ့ဖွေးလက်ရုံးတစ်ဆူဖြစ်သည့် စွန်ဘီလူး လူချိုက ရုတ်တရက် သဘောကျစွာ ရယ်မောလိုက်လေသည်။

ထို ရယ်မောသံကြီးက သွေးပျက်စွာ ထိတ်လန့်ကြောက်ရွံ့နေကြသော ခင်ပွန်းဝမ်ရှောနှင့် ဇနီးလန်ရှန်တို့ သေမင်းခေါ်သံကြီးဟု ထင်မှတ်နေမိကြလေသည်။

ထိုစဉ်... အရယ်ရပ်သွားရသော စွန်ဘီလူး လူချိုက ငွေထုပ်ကြီးတစ်ထုတ်ကို စားပွဲရှည်ပေါ်သို့ ဘုန်းခနဲ ပစ်တင်လိုက်ပြီး...



"ဘုန်း"

"ကဲ တရုတ်ကြီးနဲ့ မှင်စာတို့ ကျုပ်မှာ တခြားလုပ်စရာတွေ ရှိသေးတယ်၊ ကိုယ့်တာဝန် ကိုယ်ကျေပွန် လုပ်ဆောင်ကြပြီး ဟောဒီအိတ်ထဲက ငွေနှစ်သိန်းတော့ ယူလိုက်၊ ခင်ဗျားတပည့် မှင်စာအတွက်လည်း ပါတယ်"

ယင်းသို့... သူ့ဖွေးလက်ရုံး စွန်ဘီလူးလူချိုက တရုတ်ကြီးချင်နှိုနှင့် မှင်စာတုပုတို့ကို ဝမ်ရှောတို့ ဇနီးမောင်နှံတို့ကို လုပ်ကြံရှင်းလင်းရန်အတွက် ငွေထုတ်နှင့်ပေါက်ကာ ခိုင်းစေလာလေသည်။

သည်တော့... ငွေ တအားလိုနေကြသော တရုတ်ကြီးချင်နှိုနှင့် မှင်စာတုပုတို့ နာခံကြစွာဖြင့် သွေးပျက်ထိတ်လန့်တုန်လှုပ်ချောက်ချားနေကြသည့် သိုးနှစ်ကောင်ဘဝ ရောက်ရှိနေကြသော ဝမ်ရှောနှင့် ဇနီးလန်ရှန်တို့ထံ ဆောင်ဓားကိုယ်စီ ဖြောင့်ဝင့်ကြကာ ခုန်ပျံ ရောက်ရှိသွားကြလေသည်။

"ယား ဟိုင်း"

"ဗိုး ဗိုး"

"ဝစ် ဝစ် ဝစ် ဝစ်"

"ထန် ထန် ဒုတ် ဒုတ်"

"အီး အား"

"ဟင်"

လုံးဝမထင်စွာပင် သူတို့နှစ်ယောက် အားယူမာန်တင်းသံ မြိုင်တူ အော်ဟစ်ကြရင်း ဆောင်ဓားကိုယ်စီဖြင့် သွေးပျက်မှင်သက်မိနေကြသော ဝမ်ရှောလင်မယားတို့ထံ ခုန်ပျံဝင်ယမ်း တိုက်ခိုက်ကြသော်လည်း ပြတင်းပေါက်က အရှိန်အဟုန်ပြင်းပျစွာဖြင့် ပျံဝင်းတိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လာကြသည့် လက်နက်ပုန်းတို့နှင့် လေထုထဲဝယ် မီးပွင့်များ ပွင့်ထွက်စွာ ဆုံဆည်းမိကြလေသည်။

တိုက်ခိုက်ခုတ်ပိုင်းဖို့သာ ပြင်တူ အာရုံစိုက်နေမိကြသော တစ္ဆေကြီးချင်ခိုနှင့် မှင်စာတုပုတို့ တရစပ် တိုက်ခိုက်လာသည့် အဆိပ်လက်နက်ပုန်းတို့ကို လုံခြုံစွာ မခုခံ မကာကွယ်နိုင်ပါချေ။

သို့မို့ကြောင့်... အလစ်ချောင်း ဝင်ရောက်ပစ်ခွင်းတိုက်ခိုက်လာသော အဆိပ်လက်နက်ပုန်း နှစ်ခုတို့က သူတို့၏ လည်မျိုအသီးသီးဆီသို့ မိမိရရ စိုက်ဝင်သွားရလေသည်။

သို့ဖြစ်၍... တစ္ဆေကြီးချင်ခိုနှင့် မှင်စာတုပုတို့ သေမင်းခေါ်သံတို့နှင့်အတူ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ကြသည့်နှယ် တဘုန်းဘုန်း ကျရောက်သွားရလေသည်။

သူတို့ မုဆိုးဘဝမှ မဖျော်လင့်ဘဲ သားကောင်ဘဝသို့ ကံကြမ္မာဖန်တီးမှုကြောင့် ရောက်ရှိသွားကြပြီး မြင့်မားသော အဆိပ်လက်နက်ပုန်းဒဏ်ကြောင့် အကြောကိုယ်စီ တွန့်ကြကာ ဘဝဇာတ်သိမ်းမလှဖြစ်သွားကြရလေသည်။

မထင်မှတ်စွာ... တစ္ဆေကြီးချင်ခိုတို့၏ အခြေအနေဆိုးကို လှမ်းမြင်တွေ့လိုက်ရသော သူဌေး၏ လက်ရုံးဖြစ်သည့် စွန်ဘီလူးလူ့ချိုတစ်ယောက် ပါးစပ်အဟောင်းဖြစ်မျှ အလွန်အမင်း အံ့ဩတုန်လှုပ်သွားရလေသည်။

ထိုအတောအတွင်းဝယ် သေလူများဟု ယူဆထားကြသော ဝမ်ရှောနှင့် လန်ရှန်တို့ လင်မယားနှစ်ဦးတို့ မမျှော်လင့်စွာ ဝင်ရောက်ကယ်တင်လာမှုကို ကြုံတွေ့လိုက်ရသဖြင့် ဖော်မပြနိုင်ကြအောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြရလေသည်။



ထိုအခိုက်မှာပင်... ။

"ဟူး"

"ဖပ်"

ပြတင်းပေါက်ကနေ ငွေရောင်လူရိပ်တစ်ရိပ် ခုန်ပျံသန်း၍ အဆောက်အဦအတွင်းသို့ ညင်သာစွာ ကျရောက်လာလေသည်။

ဒါကြောင့်... ဝမ်ရှောတို့လင်မယားသည် ပျံသန်းဝင်ရောက်လာသော ငွေရောင်လူရိပ်ထံ ပြိုင်တူ လှမ်းအတဲခတ် ကြည့်ရှုမိလိုက်ကြလေသည်။

စင်စစ်တော့... ယင်း ငွေရောင်လူရိပ်က တခြားသူ ဟုတ်ရိုးလား...

ရတနာကုန်သည်ယောင် ရုပ်ဖျက်ထားသော ဗလကြီး ပေါင်ရင်ကျူပင် ဖြစ်လေသည်။

ဗလကြီး ပေါင်ရင်ကျူက အံ့ဩမှင်သတ်မိစွာ စိုက်ကြည့်နေကြသော ဝမ်ရှောတို့လင်မယားကို သိရှိနေရသော်လည်း သူတို့လင်မယားက လုံးဝ မသိရှိနိုင်ကြပါချေ။

ပြောရမည်ဆိုလျှင်... ။

ဗလကြီး ပေါင်ရင်ကျူသည် စားသောက်ဆိုင်တွင် ဝမ်ရှောတို့လင်မယား ကြေကွဲခံပြင်းစွာ ပြောဆိုနေကြသော စကားများကို လှမ်းကြားပြီး ဝင်ရောက်ကူညီချင်လို့၍ သူတို့လင်မယားနောက်သို့ ခြေရာခံလိုက်လာခဲ့ခြင်း ဖြစ်လေသည်။

ဒါကြောင့်... ဒါကြောင့်။

ဗလကြီး ပေါင်ရင်ကျူသည် သူဌေးဟုန်ချင်၏ စံအိမ်နန်းချာငုံးနှစ်ထပ် အဆောက်အအုံ အဟောင်းအဆိုဆီသို့ အချိန်မီ ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာရခြင်းကြောင့် ဝမ်ရှောတို့လင်မယားတို့ အသက်နှင့် ခန္ဓာကိုယ် အိုးစားမကွဲခဲ့ရခြင်း ဖြစ်လေသည်။

ထိုအခိုက်... အရေးကိစ္စထဲသို့ ကြားဝင်နှောက်ယှက်လာရသော မျက်နှာစိမ်းဖြစ်သည့် ဗလကြီး ပေါင်ရင်ကျူထံ သူ့ဒွေးဟုန်ချင်၏ လက်ရုံးဖြစ်သော စွန်ဘီလူးလူချီက စွန်တောင်ပံဖြန့်ကာနေသကဲ့သို့ သဏ္ဌာန်ရှိသည့် အသွား(၃)လက်ပါ ဓားမတိုမရှည် နှစ်ယက်တို့ကို မြှောင့်ဝင့်ပြီး ခုန်ပျံတိုက်ခိုက်လာလေသည်။

"ဗိုး ဗိုး"

"ဝှစ် ဝှစ်"

"ထန် ထန်"

သတိအလျှင်းရှိနေရသော ဗလကြီး ပေါင်ရင်ကျူက အထက်စည်းမှ အရှိန်အဟုန်ပြင်းပျစွာဖြင့် အုပ်စည်းတိုက်ခိုက်လာသည့် စွန်ဘီးလူးလူချီ၏ သံခရင်းခွ ဓားနှစ်လက်တို့၏ ခုတ်ချက်များကို သူ့ဆောင်ဓားဖြင့် သွက်လက်လျှင်မြန်စွာ ခုခံ ကာကွယ်လိုက်လေသည်။

လေထုထဲဝယ် ဓားအရိပ်များ ပြင်းထန်စွာ ဆုံတွေ့ကြပြီး ထိနိုက်သံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

ထိုစဉ်... ဗလကြီး ပေါင်ရင်ကျူသည် တိမ်လွှာစားကွက် (၁၈)ကွက်ထဲက သက်တံ့ဖြတ်လျှပ်စီးဓားကွက်ကို အသုံးပြု၍ နောက်ခုန်ဆုတ် ရှောင်လိုက်သော စွန်ဘီလူးလူချီက ညာကန့်လန့်ဖြတ် ဝေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

"ဗိုး ဗို"

"ထန် ကျွီ ကျွီ"

သည်တွင် စွန်ဘီလူးလူချီက သူ့ခန္ဓာကိုယ်ဘယ်ဘက်ခြမ်းကို



ကန့်လန့်ဝေ့ယမ်း ခုတ်ပိုင်းလာသော ဗလကြီး ပေါင်ရင်ကျူ၏ ဓားချက်အား သူ့ဘယ်လက်တွင် ကိုင်ဆောင်ထားသည့် ခရင်းခွဓားသွားဖြင့် ဆီးကြိုခုခံ ထိန်းချုပ်လိုက်လေသည်။

သို့မို့ကြောင့်... ဗလကြီး ပေါင်ရင်ကျူ၏ ဓားဖျားပိုင်းမှာ စွန်ဘီလူးလူချီ၏ ခရင်းခွဓားသွား (၃)လက်ကြားဝယ် ကန့်လန့်ညှပ်ကာ ထိန်းချုပ်ခြင်း ခံလိုက်ရလေသည်။

ထိုစဉ်မှာပင်... စွန်ဘီလူးလူချီသည် ဗလကြီး ပေါင်ရင်ကျူ၏ လစ်ဟာနေရသော ဘယ်ဘက်ခြမ်း ကိုယ်ခါးစောင်းနေရာဆီသို့ သူ့ညာလက်က စွန်ဘီလူးဓားဖြင့် လျှပ်တပြက် ဝေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

"ဗိုး ဗို"

"ဗောင်း"

"ဟူး ဟူး"

"ဘုတ်"

သည်တွင်... သတိရှင်နေမိရသော ဗလကြီး ပေါင်ရင်ကျူသည် သူ့ဘယ်ဘက်ခြမ်း ခါးစောင်းဆီသို့ အရှိန်အဟုန်ပြင်းစွာ ပိုင်းဖြတ်လာသည့် ဓားချက်ကို သူ့ဘယ်ခြေဖဝါးဖြင့် မြှောက်ပင့်ခုခံကာကွယ်လိုက်လေသည်။

ဒါကြောင့်... လေထုထဲဝယ် ဓားရိပ်နှင့် မြေရိပ်တို့ ပြင်းထန်စွာ ဆုံဆည်းမိကြလေသည်။

ထိုအခါ... ဗလကြီး ပေါင်ရင်ကျူသည် နောက်ကျွမ်းဒိုးလေး ပတ်ပစ်၍ ခုန်ရှောင်ထွက်လိုက်လေသည်။

အထက်စည်းက ရရှိသွားပြီဟု ယူဆသွားရသော စွန်ဘီလူး

www.burmeseclassic.com

www.burmeseclassic.com



လူရိုးသည့် သူ့ဘယ်ညာလက်နှစ်ဖက်တို့တွင် ကိုင်ဆောင်ထားကြသော စွန်ဘီလူးမားဖိုမဟောင်နှံဖြင့် လေဝယ် နောက်ကျွမ်းပစ် ပုံခဲ့နေသည့် ဗလကြီး ပေါင်ရင်ကျူထံ ဖြင့်တူ မြောက်ဝင့်ဝေ့ယမ်း တိုက်ခိုက်လိုက်လေသည်။

"ဗိုး ဗိုး"

"ဗို ဗို"

"ဖောင်း ဖောင်း"

✪✪✪

## အခန်း (၁၈)

## စွန်ဘီလူး၏ အရှုံး

"ဟူး"

"ရှစ် ဝှစ်"

"ရှုပ် ရှုပ်"

"အီး အူး"

"အုန်း"

အရှိန်အဟုန် ပြင်းထန်စွာ အုပ်ဆိုင်းကျရောက်လာကြသော စွန်ဘီလူး ဖိုမအားရိုပ်တို့ကို ဗလကြီး ပေါင်ရင်ကျူက လေဝဲကျွမ်း တစ်ပတ် ပစ်လိုက်ရင်းက သူ့ ဘယ်ညာခြေဖဝါးတို့ဖြင့် စုံကန်းခုခံ ကာကွယ်လိုက်လေသည်။

ပြီး ... သူ့ နောက်လေဝဲကျွမ်းတစ်ပတ် လျှင်မြန် ပစ်ခတ်ရင်းက ဟာကွက်ရှိသွားရသော စွန်ဘီလူးလူချို၏ ဘယ်ညာရင်အုံတို့ဆီ အားချက်နှစ်ချက်တို့ဖြင့် ဝေ့ယမ်းတိုက်ခိုက်ကာ ခုန်ထွက်လိုက်လေသည်။

လုံးဝ ခုခံနိုင်စွမ်းမရှိတော့သော စွန်ဘီလူးလူချို၏ ဘယ်ညာ

www.burmeseclassic.com

www.burmeseclassic.com



ရင်အုံတို့တွင် ဇလကြီး ပေါင်ရင်ကျူ၏ ဓားချက် နှစ်ချက်တို့ မိမိရရ ထိမှန်သွားရလေသည်။

သို့ဖြစ်၍ ... စွန်ဘီလူးလူချီထံက စူးရှနာကျင်စွာ ဟစ်အော်ရင်း နောက်ဘက်သို့ ပြုလဲကျသွားရလေသည်။

သူ့ရင်အုံ တစ်ခုလုံး စွေးစွေးနီသော သွေးများ ရွှဲရွှဲသွားရလေသည်။

ကြမ်းပြင်ပေါ် ပက်လက်လန်ကျသွားရသော စွန်ဘီလူးလူချီ တစ်ယောက် သူ၏ ဘယ်ညာလက်ဝါးနှစ်ဖက်တို့က စွန်ဘီလူး ဗိုမခရင်းခွ ဓားနှစ်လက်တို့ပင် မြဲမြဲစွာ ဆုပ်ကိုင်နိုင်ခြင်း မရှိတော့ပါချေ။

ထိုအခိုက် ... ငွေရောင်ဓားရိပ်တစ်ခုက စွန်ဘီလူးလူချီ၏ လည်မျိုဆီသို့ ဝေ့ယမ်းရောက်ရှိလာပြီး တုန့်ခနဲ ရပ်တန့်သွားရလေသည်။

"ကဲ ... စွန်ဘီလူး၊ မင်း လူ့လောကကြီးမှာ အသက်ရှင် နေထိုင်ချင်သေးတယ်ဆိုရင်တော့ ငါ မေးတာကို မြန်မြန်ဖြေ"

ထိုသို့ ဇလကြီး ပေါင်ရင်ကျူသည် ဆောင်ဓားဖျားဖြင့် အရှုံးသမားဘဝ လုံးလုံး ကျရောက်သွားရသော စွန်ဘီလူးလူချီ၏ လည်မျိုဆီသို့ ထိုးစိုက်ချိန်ရင်း ခြိမ်းခြောက်စကား ဆိုလိုက်လေသည်။

သူ့အသက်များကို ရက်စက်ကြမ်းကြုတ်စွာ သတ်လာခဲ့သော ဒုစရိုက်သိုင်းသမားဖြစ်သည့် စွန်ဘီလူးလူချီသည်လည်း သူ့အသက် စွန့်လွှတ်ရမည့် အခြေအနေဆိုးနှင့် ထိပ်တိုက်ကြုံတွေ့လာရသောအခါ သွေးပျက်ထိတ်လန့်သွားရချေပြီကော။

"ကျွန်... ကျွန်တော် ပြောပါ့မယ်"

ရင်အုံမှာ ရရှိခံစားနေရသော ဝေဒနာဆိုးတို့ကိုပင် မေ့လျော့နိုင်စွမ်းရှိပြီး စွန်ဘီလူးလူချီ ခေါင်းအဆတ်ဆတ် ညိတ်လိုက်ရလေသည်။



ထိုအခါ ဇလကြီး ပေါင်ရင်ကျူတစ်ယောက် တစ်ချက် ရယ်သွမ်းသွေးလိုက်ကာ...

"ဟင်း... ဟင်း ဟုတ်ပြီ၊ ခု မင်းကို ကြိုးကိုင်ခိုင်းစေနေတဲ့ သူဌေးဟုန်ချင်းမှာ တခြားနာမည် ရှိသေးလား"

မေးလိုက်တော့ စွန်ဘီလူးလူချီမှာ ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး...

"မ... မရှိပါဘူး"

"ဒီနယ်ခံ လူရင်းတစ်ယောက်ပဲလား"

"မဟုတ်ပါဘူး၊ တခြားနယ်သားတစ်ဦးပါ"

"ကြော်... ဒါနဲ့ အဲဒီလူမှာ အပေါ်သွားတစ်ချောင်း ကျိုးနေတယ် မဟုတ်လား"

"မ... မကျိုးပါဘူး၊ အားလုံးသွားတွေ အစုံအစိပါပဲ"

"ဟင်"

သူ မျှော်လင့်မိသော သူဌေးသား မဟုတ်ကြောင်း သိရှိရ၍ စိတ်ပျက်သယောင်ရှိသွားရလေသည်။

ဟုတ်သည်လေ ... သူ ခြေရာခံလိုက်လံစုံစမ်းနေရသော သူဌေးသား ဝမ်ကျိစောင်မှာ သူ့လက်သီးချက်ကြောင့် အပေါ်သွား တစ်ချောင်း သွင်သွင်ကျိုးနေသည် မဟုတ်ပါလား။

အခုတော့ သူဌေးဟုန်ချင်မှာ သူ ခြေရာခံလိုက်နေမိရသော သူဌေးဝမ်ကျိစောင် မဟုတ်တော့ကြောင်း သိရှိလိုက်ရပြီ မဟုတ်ပါလား။

မည်သို့ဆိုစေ... သူ့ဆရာဖြစ်သော တိမ်လွှာစား၏ ခံယူချက်အတိုင်း မသေမတိမ်း ခံယူထားသည့်မှ မကောင်းသူကိုပယ် ကောင်းသူကို ကယ်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်... အသက်ရှင်သရွေ့ အေးချမ်းစွာနေထိုင်ကြသော လူအများကို ရသည့်ဘက်က အမျိုးမျိုး ဒုက္ခပေးနှိပ်စက်နေသည့် ဒုစရိုက်အညွှန်းရောင်သိုင်းသမား စွန်ဘီလူးလူချီအား ဖယ်ထုတ်ရချေမည်။

"တဲ... ရော့"

"ဝုစ်"

"ဖွပ်"

"အူး... ဟူး... ဟူး"

လည်မျိုသို့ ထိုးဖောက်လိုက်သော ဓားချက်ကြောင့် စွန်ဘီလူးလူချီ၏လည်မျိုက ဒုစရိုက်သွေးညစ်များ တာမံပြိုသည်သို့ လွင့်စင်သွားရလေသည်။

ပြီး စွန်ဘီလူးလူချီတစ်ယောက် အကြောတစ်ချက်ငင်ပြီး တမလွန်ခရီး ထွက်ခွာသွားရလေသည်။

သည်နောက်... ဗလကြီး ပေါင်ရင်ကျူးသည် ကျေးဖူးတင်ရိပ် တဖွားဖွား မေါ်ဝေါ်နေကြရသော ဝမ်ရှော်နှင့် ဖန်းယန်ရှန်တို့ကို ခေါ်၍ ကျက်သရေကောင်းမွဲနေရသော နှစ်ထပ်အဆောက်အအုံက ကျောခိုင်းထွက်လာခဲ့ကြလေသည်။

ထိုအခါ... ဝမ်ရှော်နှင့် ဖန်းယန်ရှန်တို့က ကျေးဇူးရှင် ဗလကြီး ပေါင်ရင်ကျူးကို သူတို့နေအိမ်ရှိရာ ဆင်ခြေဖုံးရပ်ကွက်စွန်းရှိ လူဆင်းရဲရပ်ကွက်သို့ ခေါ်ဆောင်သွားလေသည်။

စည်းကမ်းစနစ်ကျစွာ တည်ဆောက်ခြင်း မရှိဘဲ ရရှိသည့်နေရာများကို လူနေရရုံသာ အိမ်အဖြစ် တည်ဆောက်ထားသည့် တဲပုတ် ပုစုခရုတွေကြား လမ်းကျဉ်းကွေ့ကောက်တို့ကို မသန့်ရှင်းသောလေကို မနှစ်မြို့စွာ ရှူရှိုက်ရင်း ဖြတ်သန်းကျော်လွှား၍ ဗလကြီး



ပေါင်ရင်ကျူးတစ်ယောက် အဆုံးအစွန်းရှိ ယိမ်းယိုင်နေသည့် တဲငယ်တစ်လုံးဆီ ရောက်ရှိလာခဲ့လေသည်။

ထိုအခါကျမှ တဲအိမ်တွင် ကြေကွဲဝမ်းနည်းမှု ကြီးစိုးမင်းမူနေရသော မျက်နှာပိန်ချောင်ချောင်နှင့် အသက် (၁၈)နှစ်အရွယ်ရှိ မိန်းကလေးကို သူ ကြုံတွေ့လိုက်ရသည်။

"အင်း... ဒီမိန်းကလေးထင်တယ်၊ သူဌေးရဲ့ ခြေတော်တင်ခံလိုက်ရတာ၊ တောက်... မရှိဆင်းရဲနှိမ့်ပါးတဲ့သူတွေရဲ့ဘဝကို ငဲ့ကွက်မညှာဘဲ ကိုယ် တဏှာရမ္မက် စည်းစိမ်ခံစားဖို့ တစ်ချက်တည်းကြည့်ပြီး ဖျက်ဆီးပစ်ရက်တယ်"

ယင်းသို့ ဗလကြီး ပေါင်ရင်ကျူး၏ ရင်ထဲက ကြေကွဲခံပြင်းစွာ ရေရွတ်မိလိုက်သည်။

သည်နောက်... ဝမ်ရှော်နှင့် ဖန်းလန်ရှန်က လက်ဖက်ရည်၊ မုန့်ချိုများနှင့် လိုက်လျောစွာ ဧည့်ခံပြီး ဘဝပန်း အခြွေခံလိုက်ရသော ဝမ်မေနှင့် သူ့ကို မိတ်ဆက်ပေးလေသည်။

သည်တွင် စိတ်မကျေမချမ်း ဖြစ်တည်နေရသော ဗလကြီး ပေါင်ရင်ကျူးက ဝမ်းနည်းနာကျည်းမှုံပေါ်နေရသည့် ဝမ်မေကို သူဌေး ဟုန်ချင်းနှင့် ပတ်သက်သော အကြောင်းများအား မေးမြန်းလိုက်လေသည်။

"ဝမ်မေ... နင်ဟာ ရတနာတွင်းပိုင်ရှင်သူဌေး ဟုန်ချင်းနဲ့ တရင်းတနှီး ဆက်ဆံလာတော့ သူ့ရဲ့လျှို့ဝှက်အကြောင်းအချို့ကို ကြားသိခဲ့တာများ ရှိသလား ညီမ"

သည်တွင် ဝမ်မေက ဟောက်ပက်နေရသော မျက်တွင်းက မျက်စံကို ထောင့်တစ်ဖက် ထိုးကပ်၍ တွေးတောစဉ်းစားဟန် ပြုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်းဝယ် သူမဒါ့ခြေဖြကို စောင့်ဆိုင်းရင်းက အသင့်ငွဲပေးထားသော လက်ဖက်ရည်ကြမ်းခွက်အား ပင့်မြှောက်ကာ သူ လက်ဖက်ရည်တစ်ကျိုက်ကို မော့သောက်လိုက်ရလေသည်။

ထိုစဉ် ... တစ်စုံတစ်ခုကို စဉ်းစားရမိဟန်ဖြစ်သွားသော ဝမ်မေက ငုံ့လင့်နေရသည့် ဗလကြီး ပေါင်ရင်ကျူထံ ထုတ်ဖော်ပြောလာသည်မှာ...

"အစ်ကို တစ်ချိန်က သူ့ဌေးဆီကို သူနဲ့ စာပေတက္ကသိုလ်ကျောင်း အတူနေဖက် သူငယ်ချင်းရောက်လာတယ်၊ အဲဒီအချိန်မှာ ညီမ သူဌေးကို ပြုစုနေတဲ့အချိန်ပါ"

"ဟုတ်ပြီ"

ဟုဆိုကာ တက်ကြွစွာဖြင့် ဗလကြီး ပေါင်ရင်ကျူက ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်ရလေသည်။

ဟုတ်သည်လေ... စာပေတက္ကသိုလ်နှင့် ဆက်နွယ်မှုရှိနေရသော သူဌေးဟုန်ချင်းအကြောင်း ကြားသိရပြီး သူ တက်ကြွဝမ်းသာသွားရသည် မဟုတ်ပါလား။

ဆက်လက်၍ ဝမ်မေက စကားပြောဆိုလာသည်မှာ...

"သူ့တက္ကသိုလ်သူငယ်ချင်းက သူဌေးကို ငယ်နာမည်လား၊ ဒါမှမဟုတ် သူ့နာမည်ရင်းလားမသိဘူး၊ နာမည်တစ်ခုကို တရင်းတနှီး ခေါ်ဝေါ်လာတယ်၊ အဲဒီတော့ သူဌေးက ဒီနေရာမှာ ဟုန်ချင်းနာမည်သာ ခေါ်ဖို့ လှမ်းသတိပေးလိုက်တယ်"

"အေး... ဟုတ်ပြီ၊ ဒါဆို အဲဒီ သူဌေးသူငယ်ချင်းက ဘယ်လိုနာမည် ခေါ်လိုက်တာလဲ"

"ဝမ်ကျိုစောင်တဲ့"

"ဟင်"



သူ မျှော်လင့်နေမိရသော ဆန္ဒအတိုင်း ဝမ်မေက သူဌေးသား ဝမ်ကျိုစောင်နာမည် ထုတ်ဖော်ပြောဆိုလာသဖြင့် ဗလကြီး ပေါင်ရင်ကျူ ထခုန်မိမတတ် ဝမ်းသာသွားရလေသည်။

သို့သော်... အတွင်းရေးကိစ္စကို အပြင်သို့ မပေါက်ကြားလိုသဖြင့် သူ့ရင်ထဲမှာပဲ ပျော်လိုက်မိသည်။

ပြီး... ထိုအပျော်ရိပ်များကို သူ ဗဟိန္ဒရင်တွင်း ပေါ်မလာအောင် နိုင်နင်းစွာ ထိန်းချုပ်လိုက်မိရလေသည်။

ခြေရာခံရပြီဖြစ်၍ ဝမ်မေကို သူဌေးဟုန်ချင်း(ဝါ)ဝမ်ကျိုစောင်၏ ရတနာတွင်းစခန်း တည်ရှိရာကို မေးလိုက်လေသည်။

ထိုအခါ... ဝမ်မေက သူဌေးဟုန်ချင်း၏ ရတနာတွင်းတူးစခန်းကို ဂယနဏ ပြောပြလေသည်။

ပြီး... ဗလကြီး ပေါင်ရင်ကျူသည် ဗွန်ဘီလူးလူချီထံက ရရှိလာခဲ့သော ငွေသားတစ်သိန်းကျော်ကို ဝမ်ရှောတို့ မိသားစုအား ရင်းနှီးစားသောက်ဖို့နှင့် မွေးဖွားစရိတ်သဘောမျိုးအဖြစ် ပေးအပ်လိုက်လေသည်။

ကျန်ငွေသား တစ်သိန်းကို ဝမ်မေတစ်ယောက် ကလေးမွေးဖွားချိန်တွင် လာပေးမည်ဟု ဗလကြီး ပေါင်ရင်ကျူ ပြောလိုက်လေသည်။

ထိုအခါ ငွေ အကြပ်အတည်း ဆိုက်ရောက်နေကြသော ဝမ်ရှောဝတို့၏ မိသားစု ဗလကြီး၏ ငွေများ ထောက်ပံ့ကူညီပေးလိုက်မှုကြောင့် အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြရလေသည်။

* * *

သည်နောက်တော့ ဗလကြီး ပေါင်ရင်ကျူသည် ဝမ်ရှောတို့ မိသားစုကို နှုတ်ဆက်စကား ဆိုပြီးနောက် သူ တည်းခိုနေရှိရာ မြို့လည်သို့ ပြန်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ခြေရာပျောက်ကောင်းလွန်းနေရသော သူခိုးသား ဝမ်ကျိုစောင်ကို ခြေရာခံမိလာရ၍ အပျော်ကြီး ပျော်နေမိရသည်။ သူ အပေါ်ထပ် တည်းခိုခန်းဆီသို့ ရောက်သောအခါ ဥပဒေအကျိုးတော်ဆောင် နတ်မျက်စိ ကျူပါးခုံးထံ သူခိုးသားဝမ်ကျိုစောင်သတင်း စုံစမ်းရရှိ သတင်းပေးပို့ရန်အတွက် စာတစ်စောင် ရေးလိုက်လေသည်။

ပြီးလျှင် . . . သူ အသင့် ယူဆောင်လာသော စာပို့ခိုဖြူ၏ ခြေထောက်တစ်ဖက်တွင် စာကို ကျစ်ကျစ်ပါပါလိပ်ပြီး ခိုင်ခန့်စွာ ချည်နှောင်လိုက်လေသည်။

ပြောရမည်ဆိုလျှင် . . . ။

ယင်း စာပို့ခိုဖြူသည် သူ့ကို အရေးအကြောင်းရှိလျှင် အဆက်အသွယ်ပြုနိုင်ရန်အတွက် နတ်မျက်စိကျူပါးခုံးက ပေးအပ်လိုက်ခြင်း ဖြစ်လေသည်။

မှောအခု . . . သူ ခြေရာပျောက်ကောင်းလွန်းနေရသော တရားခံ သူခိုးသားဝမ်ကျိုစောင်သတင်းကို စုံစမ်းရပြီဖြစ်ကြောင်း နတ်မျက်စိကျူပါးခုံးထံ စာပို့ခိုဖြူနှင့် အကြောင်းကြားလိုက်ရခြင်း ဖြစ်လေသည်။

ထိုကိစ္စ ဆောင်ရွက်ပြီးနောက် နွမ်းနယ်ပင်ပန်းမှု ပပျောက်စေရန်အတွက် သူ ရေမိုးချိုးရန်အတွက် အောက်ထပ်သို့ သက်ဆင်းလာခဲ့လေသည်။

သူ ရေမိုးချိုး ဝတ်စုံလဲလှယ်ပြီးနောက် ညနေစာ စားသောက်ရန်အတွက် အောက်ထပ်စားသောက်ဆိုင်သို့ ဆင်းလာခဲ့လေသည်။

သူ ညစာစားသောက်ပြီးနောက် အပေါ်ထပ် လသာဆောင်တွင် ခေတ္တလေညှင်းခံရင်း လက်လွတ်ဆုံးရှုံးခဲ့ရသော ချစ်ခဲ့ရသူများကို အောင်းမေ့သတိရမိနေလေသည်။



ည နာရီမောင်း (၉)ချက်တီးကျော်သောအခါ သူ ညအိပ်စက်အနားယူရန်အတွက် အိပ်ခန်းထဲသို့ ဝင်ခဲ့လေသည်။ နောက်တစ်နေ့ မနက်ခင်းရောက်သောအခါ နံနက်ခင်း အစာပြေစားသောက်ပြီးနောက် ဗလကြီး ပေါင်ရင်ကျူသည် သူခိုးဟုန်ချင်း (ဝါ)ဝမ်ကျိုစောင်၏ ရတနာတွင်းစခန်းရှိရာ တုံလင်မြို့နှင့် (၃)လီခန့် ဝေးကွာသောနေရာသို့ စီးတော်မြင်းကို စိုင်းနှင်လျက် ထွက်ခွာလာခဲ့လေသည်။

ရာသီဥတုမှာ နှင်းမြူဝေသီဆိုင်းလျက် နေမပွင့်နိုင်သဲ အေးအေးစိမ့်စိမ့်လေး ဖြစ်တည်နေသည်။ သို့ဖြင့် . . . သူ တောင်ကုန်းမြင့်ကြီး တစ်ခုကို ကျော်လိုက်သည်နှင့် မြေနိမ့်ချိုင့်ဝှမ်းလွင်ပြင်တွင် အဆောက်အဦးတန်းလျားများ လုံးချင်းတဲအိမ်များ ရပ်ကွက်တစ်ခုပမာ အစီအရီ ဆောက်ထားသည်ကို ဘွားခနဲ မြင်တွေ့လိုက်ရလေသည်။

ထို အဆောက်အဦးများမှာ သစ်လုံးတိုင်များနှင့် ပတ်ပတ်လည် ခတ်ထားသော ခြံစည်းရိုးတန်းတွင် တည်ရှိနေကြလေသည်။ ပြီး ၎င်းခြံစည်းရိုး ပတ်ပတ်လည်တွင် ခြေတံဖြင့် တည်ဆောက်ထားသော ကင်းထဲမြင့်များကို တည်ထောင်ထားလေသည်။

အဝင်အထွက် ခြံဝန်းပေါက်ဝတွင် ကြော်ငြာဆိုင်းဘုတ်ကြီး တစ်ခု မှတ်ဦးအဖြစ် ထောင်ထားလေသည်။

“အင်း . . . ဒီစခန်းဟာ ဝမ်မေ ညွှန်းလိုက်တဲ့ သူခိုးဝမ်ကျိုစောင်ရဲ့ ရတနာတူးစခန်းကြီးနဲ့တူတယ်၊ ငါ သူ့တက္ကသိုလ်ကျောင်းသူငယ်ချင်းအနေနဲ့ ဝင်မေးမှပဲ”

ယင်းသို့ . . . ဗလကြီး ပေါင်ရင်ကျူ ရေရွတ်လိုက်မိပြီးနောက် သူ့မင်းသိုကြီးကို ရတနာတူးစခန်းကြီး၏ ခြံဝင်ပေါက် မှတ်ဦးဆီသို့ ဦးတည်စိုင်းနှင်လိုက်လေသည်။

နိမ့်လျှောသက်ဆင်းသွားသော မြေမာလမ်းမကြီးအဆုံးတွင်

www.burmeseclassic.com

www.burmeseclassic.com



တည်ရှိနေသော ရတနာစခန်းမှန်ဦးဝင်ပေါက်ဆီသို့ ဗလကြီး ပေါင်ရင်ကျူ ရောက်ရှိသွားလေသည်။

ထိုစဉ်... စိုင်နှင်လာသော မြင်းခွာသံကြောင့်ထင့် သူ ခြံပေါက်ဝရောက်တော့ ခြံပေါက်စောင့် လူနှစ်ဦးထွက်လာပြီး သူ့ထံ ရောက်ရှိလာလေသည်။

"ဘာကိစ္စ ရှိပါသလဲခင်ဗျာ"

"သူ့ သားနားတောက်ပြောင်သော ဝတ်စားဆင်ယင်မှုကြောင့်ထင် သန်မာထွားကြိုင်းလျက်ရှိနေရသော ခြံစောင့်ကြီးတစ်ဦးက သူ့ထံ ယဉ်ကျေးစွာ လှမ်းမေးလာလေသည်။

"ငါ... သူဌေးဟုန်ချင်းရဲ့ စာပေတက္ကသိုလ်တက်ဖက် သူငယ်ချင်းတစ်ယောက်ပါ၊ လမ်းကြုံရင်း သူ့ဆီ ခဏဝင်တယ် ဆိုပါတော့"

လီစယ်ပြောလိုက်တော့ ထိုခြံစောင့်လူသန်ကြီးက မဆိုင်းမတွပင် တုန့်ပြန်ဖြေလာသည်မှာ...

"ဟာ... သခင်လေး၊ သူဌေးဟုန်ချင်း မရှိတော့ပါဘူး"

"ဟင်"

မထင်မှတ်သော အဖြေစကား ကြားလိုက်ရမှုကြောင့် သူ့ရင်ထဲ မကျေမနပ်ဖြစ်စွာဖြင့် သူ မျက်မှောင်တစ်ချက် အလိုလို ကြုတ်မိသွားရပြီး 'ဟင်'ဟူသော အာမေဋိတ်တစ်ချက် လွှတ်ခနဲ ရေရွတ်မိလိုက်ရလေသည်။

ပြီးမှ... သူက ခြံစောင့်လူသန်ကြီး၏ အဖြေစကားကို သဘောကျဟန်ဖြင့်...

"ခရီးထွက်သွားလို့လား"

ခြံစောင့်လူသန်ကြီးက ခေါင်း သွင်သွင်ခါးယမ်းလိုက်ကာ...

"မဟုတ်ပါဘူး... သူဌေးဟုန်ချင်းက ဒီ ရတနာတူးစခန်းကို တခြားသူဌေးတစ်ယောက်ဆီ လက်လွှဲရောင်းချသွားပါပြီ"

"ဪ... နောက်ထပ် ယူလိုက်တဲ့ သူဌေးက ဘယ်သူလဲ"

"ဒီမြို့က သူဌေးတက်ယန်ချူပါ"

"ဘာဖြစ်လို့ ကျုပ်သူငယ်ချင်း ဟုန်ချင်းဟာ ဒီရတနာတွင်းကို ရောင်းချသွားရတာလဲ"

"လောင်းကစားဝိုင်းမှာ ငွေတွေ သောက်သောက်လဲ ဆုံးသွားရလို့ သူ့ရတနာတွင်းစခန်းကို ရောင်းချပြီး အကြွေးတွေ ထိုးဆပ်သွားရလို့ပါ"

"ဪ... သူ ဘယ်ကိုသွားမယ် ပြောခဲ့သလဲ"

"ဒါတော့... ကျွန်တော်တို့ကို ပြောပြမသွားတဲ့အတွက် ဘာမှ မသိပါဘူး ခင်ဗျာ"

"အင်း... အခုလို ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်ကို ပြန်ခွင့်ပြုပါဦး"

"ဟုတ်... ဟုတ်"

သူ ပြန်ရန် နှုတ်ဆက်လိုက်တော့ ခြံစောင့် နှစ်ဦးတို့က ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

သည်နောက်... ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုစကားအတိုင်း ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ရတနာတူးစခန်းမှ ကျောခိုင်း ထွက်ခဲ့ရလေသည်။

ခြေရာခံရရှိထားသောလမ်းစ အခုတဖန် ပျောက်ဆုံးသွားရပြန်ချေပြီ။

သို့သော်... သူ တစ်ချက်တွေးတော စဉ်းစားမိလိုက်သည်က သူ ခြေရာခံလိုက်နေကြောင်း သူဌေးသားဝမ်ကျိစောင် သိရှိသွားရပြီး ဝရိယာယ်သုံးကာ သူ့နေရာတွင် မြို့ခံသူဌေး တက်ယန်ချူကို အစား



www.burmeseclassic.com

www.burmeseclassic.com



ထိုး၍ ခြေရာဖျောက်ရိုက်သည်ဟူ၍ပင်။

ဒါကြောင့်. . . သူ ဟုတ်မဟုတ် သိရှိရအောင် ၄င်း ရစာနာ တွင်းစခန်းထဲ ဝင်ရောက်၍ လျှို့ဝှက်စုံစမ်းကြည့်လျှင် ကောင်းမည်ဟု စဉ်းစားမိသည်။

သို့သော်လည်း သေချာသောလုပ်ရပ် မဟုတ်သဖြင့် သူ ကြိုးပမ်းရမနှပ်မှာကိုလည်း စိုးရိမ်မိသည်။ နောက်ဆုံးတော့ သူ ထုံလင် မြို့တွင် ဆက်လက်နေထိုင်ပြီး ခြေရာ ထပ်ဆင့်ပျောက်သွားရသော သူဌေးသားဝမ်ကျိစောင်၏ သတင်းကို ထပ်မံ စုံစမ်းမည်ဟု ဆုံးဖြတ် ချက် ချမိလိုက်လေသည်။

သို့ဖြင့်. . . သူ ထုံလင်မြို့သို့ အကျိုးမဲ့စွာဖြင့် ပြန်ရောက်လာခဲ့ ရလေသည်။

သူ ထုံလင်မြို့လည်ရှိ တည်းခိုခန်းတွင် ရက်ရှည်တည်းခိုနေထိုင် ရင်း သူဌေးသား ဝမ်ကျိစောင်သတင်းကို ခြေရာဖြန့် စုံစမ်းလေသည်။

သူ ရက်များသာ ကုန်ဆုံးသွားသည်။ သူဌေးသား ဝမ်ကျိစောင် ၏ သတင်းကို မရရှိပါချေ။

နောက်ဆုံး သူ စိတ်ပျက်စွာဖြင့် ဆင်ခြေဖုံးရပ်ကွက်အစွန်းရှိ နေထိုင်ကြသော ဝမ်ရှောနေအိမ်သို့ ရောက်ရှိလာလေသည်။

ထိုစဉ်. . . သူ မမျှော်လင့်သော မြင်ကွင်းဆိုးနှင့် ကြုံတွေ့လိုက် ရသဖြင့် ပါးစပ်အဟောင်းသားဖြစ်မျှ အံ့သြတုန်လှုပ်သွားရလေသည်။

အကြောင်းတူမှု. . .

ဝမ်ရှောတို့မိသားစု နေထိုင်သော အိမ်နေရာလေးမှာ မီးလောင် ပြင်ခင်းကြီး ဖြစ်နေသည်ကို သူ ကြုံတွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

"တောက် . . . ငါ တစ်ဖက်ကို အာရုံစူးစိုက်နေမိတုန်း



သူဌေးသား ဝမ်ကျိစောင်ဟာ ဝမ်ရှောမိသားစုကို ကလဲ့စားချေ တိုက်ခိုက်လိုက်ပြီနဲ့ တူတယ်၊ ငါ အိမ်နီးချင်းတွေ စုံစမ်းမေးမြန်းကြည့် လိုက်ဦးမှပဲ"

ထိုသို့. . . သူ ဆုံးဖြတ်ချက်ချပြီးနောက် အိမ်နီးချင်းအချို့တို့ကို မီးလောင်တိုက်သွင်းခံလိုက်ရသော ဝမ်ရှောမိသားစုတို့အကြောင်း စုံစမ်းမေးမြန်းလိုက်ရလေတော့သည်။

✵ ✵ ✵

www.burmeseclassic.com

## အခန်း (၁၉)

# လူဝံကြီးနှင့် သရဲမျက်နှာရှင်သူဌေး

ထိုအခါ အိမ်နီးချင်းများက စိတ်ထိခိုက်လွန်းစွာဖြင့် ဝမ်ရှော မိသားစုအကြောင်းကို ထုတ်ဖော်ပြောဆိုလာကြလေသည်။

"ဝမ်ရှောတို့နေအိမ်ကို ရှေ့အပတ်ငါးရက် ညဉ့်သန်းခေါင်မှာ ရုတ်တရက် မီးစွဲလောင်လာတယ်၊ အဲဒီမီးကတော့ လုပ်ကြံသူတွေရဲ့ ရှို့မီးပါပဲ၊ အိပ်ကောင်းချိန်ကြီး မီး အရှိန်ကောင်းကောင်းနဲ့ တောက်လောင်ကျွမ်းလာတော့ ရပ်ကွက်လူတွေ ဗရုတ်သုတ်ခနဲ့ ဝမ်ရှောတို့ အိမ်မီးကို ငြိမ်းသတ်ကြပါတယ်၊ လူအား ရေအားနိုင်တော့ သူ့တစ်အိမ်ပဲ မီးထဲ ပါသွားရတယ်"

ဗလကြီး ပေါင်ရင်ကျူက ဝမ်းနည်းစိုးရိမ်စွာဖြင့် ပြောပြနေသော ဆံဖြူအဘိုးကြီးကို မေးမြန်းလိုက်သည်က...

"ဒါနဲ့... ဝမ်ရှောမိသားစု ဘာမှ မဖြစ်ကြဘူး မဟုတ်လား"

ထိုအခါ ဆံဖြူအဘိုးကြီး၏ မျက်နှာ ကြေကွဲဝမ်းနည်းရိပ် ရုတ်ချည်း စိုင်းထင်သွားပြီး...

"ဝမ်ရှောတို့ လင်မယား ဘာမှမဖြစ်ပေမယ့် ဝမ်မေလေးက



ခတော့ မီးလောင်ခံရတဲ့ဒဏ်ရာနဲ့ မရှုမလှ သေပွဲဝင်သွားရတယ်"

"ဟာ... ဝမ်မေ ကံ အတော်ဆိုးဝါးပါလား"

"သိပ် ဟုတ်တာပေါ့ကွယ်၊ ဘဝမလှရတဲ့အထဲ ကံကမလှ ထပ်ဆင့်ဖြစ်သွားရတာပေါ့၊ ဒါနဲ့ ဝမ်ရှောတို့ လင်မယား ဘယ်ရောက်နေကြသလဲ"

"သူတို့လင်မယား သမီးဆုံးပါးသွားရတဲ့ ဒီရပ်ကွက်မှာ မနေချင်ကြဘူးနဲ့ တူပါတယ်ကွယ်၊ မြို့အနောက်တောင်ဘက်ရပ်ကွက်ကို ပြောင်းရွှေ့သွားကြတယ်"

"ဟုတ်ကဲ့"

သည်နောက်... သူ ဆင်ခြေဖုံးရပ်ကွက်က ဖဲကြဉ်ပြီး မြို့အနောက်တောင်ဘက်ရပ်ကွက်ဆီသို့ ဦးတည်လျက် မြင်းညိုကြီးကို စိုင်းနှင်လာခဲ့လေသည်။

သူ ရပ်ကွက်လယ်ရောက်တော့ နေမွန်းတည့်နေပြီဖြစ်သဖြင့် နံနက်စာကို ရပ်ကွက်လယ်ရှိ 'ခင်မင်သူ' စားသောက်ဆိုင်တွင် ဝင်ရောက် စားသောက်လိုက်လေသည်။

သူ စားသောက်နေချိန်တွင် သူ့စားပွဲဝိုင်းဆီသို့ မဖိတ်ခေါ်ဘဲ ဝက်ဝံမည်းတစ်ကောင်ပမာ မျက်နှာအမွေး ထူထပ်နေရသော လူကြီးတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူကြီးသည် ခမောက်ချွန်တစ်ခုကို ဆောင်းထားလေသည်။

ဒါကြောင့်... ဗလကြီး ပေါင်ရင်ကျူသည် မျက်နှာစိမ်း ခမောက်ချွန်လူထံ လှမ်းအကဲခတ် စိုက်ကြည့်ရင်း...

"ခင်ဗျား ကျုပ်ဆီရောက်လာတဲ့အကြောင်းက ဘာလဲ"

အကြောင်း တစ်စုံတစ်ရာရှိ၍ ရောက်လာကြောင်း သိလိုက်ရသော ဗလကြီး ပေါင်ရင်ကျူက တဲ့တိုးပင် အမွှေးအမျှင်ထူ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစိမ်းပုဂ္ဂိုလ်ကြီးကို လှမ်းမေးလိုက်ခြင်း ဖြစ်လေသည်။

ထိုအခါ မျက်နှာအမွေးထူ ပုဂ္ဂိုလ်ကြီးက အပြုံးယဲ့ယဲ့ပြုံးလိုက်ရင်း...

"ဟင်း... ဟင်း၊ ခင်ဗျားက စာပေတတ်ပီပီ လူအကဲခတ်တော်ပါတယ်၊ ကျုပ် ခင်ဗျားဆီ ရောက်လာတဲ့အကြောင်းကတော့ ခင်ဗျားတွေ့ချင်တဲ့ ဝမ်ရှောနဲ့ သူ့ဖနီးရောက်နေတဲ့ နေရာ လိုက်ပို့ပေးဖို့ပါ၊ အဲဒါ ခင်ဗျား လိုက်ချင်တဲ့ဆန္ဒ ရှိမရှိ သိချင်တယ်"

မေးတော့ ဗလကြီး ပေါင်ရင်ကျူက ဝက်ကြွစွာဖြင့် ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီး...

"အာ... သိပ်လိုက်တာပေါ့၊ ကျုပ်လည်း စားသောက်ပြီးသွားပါပြီ"

"ဒါဆို... ကျုပ်နောက်လိုက်ခဲ့ပေတော့"

"ကောင်းပြီ"

သို့နှင့်... သွေးထိုးစမ်းလိုက်ခဲ့ရသော ဗလကြီး ပေါင်ရင်ကျူတစ်ယောက် မျက်နှာအမွေးထူပုဂ္ဂိုလ်ကြီး ခေါ်ဆောင်မှုကြောင့် မြို့လည်ရပ်ကွက်စွန်းရှိ ခြံဝန်းကျယ်ကြီးနှင့် နှစ်ထပ်အဆောက်အအုံကြီးဟောင်းသို့ ရောက်ရှိလာခဲ့ရလေသည်။

သည်တွင် ... ထိုနေရာသို့ တစ်ခေါက်ရောက်ခဲ့ဖူးသော ဗလကြီး ပေါင်ရင်ကျူသည် သူ့ ဦးဆောင်ခေါ်လာသော မျက်နှာအမွေးထူပုဂ္ဂိုလ်ကြီးမှာ သူဌေးသားဝမ်ကျိုစောင်၏ ဩစာခံတစ်ဦး ဖြစ်ကြောင်း တွက်ဆမိလိုက်လေသည်။

မည်သို့ဆိုစေ ... သူတစ်ယောက် သူဌေးဝမ်ကျိုစောင်၏ ထောင်ချောက်ထဲသို့ သက်ဆင်းလာခဲ့ပြီဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်နားလည်မိလိုက်ရလေသည်။



တကယ်လည်း သူ တစ်ချိန်က စွန့်ဘီလူး၊ တစ္ဆေကြီးနှင့် မှင်စာတို့ကို သုတ်သင်ရှင်းလင်းခဲ့သော နှစ်ထပ်အဆောက်အအုံ အိမ်ဟောင်းကြီး၏ ဧည့်ခန်းကျယ်ကြီးဆီသို့ ဒုတိယအကြိမ် ရောက်ရှိလာသောအခါတွင်မူ ဧည့်ခန်းအထဲဝယ် လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသည့် သူဌေးသား၏ အဖွဲ့သားများကို ထူထပ်စွာ ကြုံတွေ့လိုက်ရလေသည်။

ပြီး... သူ အပေါ်ထပ်ရှိ ဝါရံတာစင်္ကြံနံလမ်း ပတ်ပတ်လည်ဆီသို့ ခေါင်းမော့ကြည့်မိလိုက်ပြန်တော့...

မြှားကိုယ်စီ အသင့်ကိုင်ဆောင်ထားကြသည့် ရန်သူများ ပတ်ပတ်လည် စောင့်ကြပ်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

"အင်း... ဒီလောက် ရန်သူ့အင်အား အများကြီးကို ငါ ဘယ်လို ရင်ဆိုင်ရမလဲ"

ထိုသို့... ဗလကြီး ပေါင်ရင်ကျူသည် အထက်အောက် အင်အားတောင့်တင်းစွာ ဝိုင်းရံထားလျက်ရှိနေကြသော ရန်သူများကို မည်သို့ ဖြေရှင်းရမလဲဟု တွေးတောစဉ်းစားမိရင်း အတွေးကြပ်ကြပ်ဖြ စ်တည်နေရလေသည်။

ထိုအခိုက်မှာပင်... လူတစ်ယောက်မျှ ထိုင်နေခြင်း မရှိသော စားပွဲရှည်ကြီးထိပ်ရှိ ကျောမှီအမြင့်ထိုင်ခုံတစ်လုံးဆီသို့ မျက်နှာဖုံးတပ် ဝဝဖိုင့်ဖိုင့် လူကြီးတစ်ယောက် ရွေ့လျားရောက်ရှိလာပေလသည်။

ထိုအခါ... ဗလကြီး ပေါင်ရင်ကျူသည် စားပွဲရှည်ထိပ်ရှိ ထိုင်ခုံကြီးဆီသို့ ရောက်ရှိလာရသော မျက်နှာဖုံးတပ် ဝဝဖိုင့်ဖိုင့်လူကြီးကို မမှိတ်မသုန် လှမ်းအကဲခတ် ကြည့်ရှုနေမိသည်။

"အင်း... အရပ်အမောင်းကတော့ သူဌေးသားဝမ်ကျိုစောင် အရပ်ပဲ၊ ဒါပေမယ့် ဝဖိုင့်တာကတော့ လွဲချော်နေတယ်၊ ဒါလည်း

www.burmeseclassic.com

www.burmeseclassic.com



သူ ရုပ်ဖျက်ထားတာဖြစ်နိုင်တာပဲ''

ယင်းသို့ . . ဗလကြီး ပေါင်ရင်ကျူးသည် စားမွဲရှည်ထိပ်ထိုင်ခုံ တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်သော မျက်နှာဖုံးတပ် ဖိုင့်ဖိုင့်လူကြီး အကြောင်းကို သူ ခြေရာခံလိုက်လံနေသည့် သူခွေးသားဝမ်ကျိစောင် ဖြစ်နိုင်မဖြစ်နိုင် သူ့စိတ်တွင်းက ဝေခွဲသုံးသပ်နေမိလေသည်။

ထိုအခိုက်မှာပင် . . . ။

ထိုမျက်နှာဖုံး ဖိုင့်ပုဂ္ဂိုလ်ကြီးက မမိုတ်မသုန် လှမ်းအကဲခတ် ကြည့်ရှုနေမိရသော ဗလကြီး ပေါင်ရင်ကျူးထံ ညင်သာသိမ်မွေ့သံဖြင့် လှမ်းစကားဆိုလာသည်မှာ . . .

''ဗလကြီး . . . ဝမ်ရှောတို့လင်မယားကို လာရှာတာလား''

သိလျက်မေးလာသော အမေးကြောင့် ချင်တင်တင်ဖြစ်စွာဖြင့် ဗလကြီး ပေါင်ရင်ကျူး မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း . . .

''ဟင်း . . . ဟင်း။ ဘာလို့ အပိုစကားတွေ မေးနေတာလဲ၊ ခင်ဗျားဘယ်သူလဲ၊ သွေးကြောင်ပြီး မျက်နှာဖုံး တပ်နေရတာလဲ''

ထိုးနှက်စကား ဆိုလိုက်တော့ မျက်နှာဖုံးရှင်ပုဂ္ဂိုလ်ကြီးက တစ်ချက် ရယ်သွမ်းသွေးလိုက်ပြီး . . .

''ဟင်း . . . ဟင်း၊ ငါ သွေးကြောင် မကြောင်ဘူးဆိုတာ ဗလကြီး မကြာခင် သိစေရမယ်၊ ငါ မျက်နှာဖုံးတပ်ရတာ ငါ့အကြောင်း ရှိလို့၊ ဟောဒီမှာ ငါ့မျက်နှာကို ကြည့်လိုက်စမ်း ဗလကြီး''

ထိုသို့ လှမ်းအမိန့်ပေးလိုက်ရင်း သူ့မျက်နှာပေါ်က မျက်နှာဖုံးကို ဖျပ်ခနဲ ဆွဲချွတ်လိုက်လေသည်။ ထိုအခါ . . . ထိုပုဂ္ဂိုလ်ကြီး၏ ပကတိ မျက်နှာကြီး ဘွားခနဲ ပေါ်ထွက်လာရလေသည်။

''ဟာ''

''ဟီး . . . ဟီး . . . ဟား . . . ဟား . . . ဟား''



လုံးဝဥသုံ မထင်မှတ်စရာပင်။ ထိုပုဂ္ဂိုလ်ကြီး၏ မျက်နှာ တစ်ခြမ်းလုံးမှာ သရဲတစ္ဆေမျက်နှာအလား အနာရွတ်များ ထူထပ် ပျက်စီးနေရလေသည်ကို ဗလကြီး ပေါင်ရင်ကျူး လှမ်းမြင်တွေ့ရပြီး တအံ့တသြဖြစ်ကာ ရေရွတ်မိလိုက်ရလေသည်။

ကျန် မျက်နှာတခြမ်း ပကတိကောင်းနေသဖြင့် သူ့ပင်ကိုယ်ရုပ် မှန်ကိုတော့ ဗလကြီး ပေါင်ရင်ကျူး တွေ့ရှိလိုက်ရလေသည်။

သို့ရာတွင် . . . ထိုပုဂ္ဂိုလ်ကြီးမှာ သူ ခြေရာခံလိုက် စုံစမ်းနေမိ ရသော သူခွေးသားဝမ်ကျိစောင် မဟုတ်ကြောင်းသိလိုက်ရ၍ စိတ်ပျက်သလို ရှိသွားရလေသည်။

မျက်နှာတစ်ခြမ်း ပျက်စီးယိုယွင်းနေရသော ပုဂ္ဂိုလ်ကြီးက ရုတ် တရက် ခြောက်ခြောက်ကပ်ကပ်ကြီး ရယ်မောလိုက်လေသည်။ သူ့ ရယ်မောသံကြီးက သရဲတစ္ဆေကြီးတစ်ကောင် ခြောက်လှန့်ရယ်မောနေ သည်မှာ စိတ်လှုပ်ရှားစွာ စူးစိုက်ကြည့်နေသော ဗလကြီး ပေါင်ရင်ကျူး ထင်မှတ်မိလိုက်သည်။

''ဒီ ရုပ်ဆိုးကြီးဟာလည်း သူခွေးသားဝမ်ကျိစောင်ရဲ့ လက်ထောက်တစ်ဦးပဲလား''

ထိုသို့ . . . သူ့စိတ်ထဲ ရေရွတ်နေမိစဉ် ရုပ်ဆိုးပုဂ္ဂိုလ်ကြီးက အရယ်ရပ်ပြီး စကားဆိုလာသည်မှာ . . .

''ငါ ဘယ်သူလဲဆိုတော့ ဒီမြို့ခံသူခွေး တက်ယန်ချူပဲ''

ထိုအဖြေစကား ကြားမိလိုက်ရသော ဗလကြီး ပေါင်ရင်ကျူးက သူ့ခေါင်းထဲသို့ အသိတစ်ခု ချက်ချင်းပင် ရောက်လာရသည်မှာ . . .

''ဟင် . . . ဒါ . . ဒါဆို ဒီလူဟာ သူခွေးဝမ်ကျိစောင်က ရတနာတူးစခန်းကို ဝယ်ယူလိုက်တဲ့ မြို့ခံ သူခွေးကြီးပဲ''

ဒါကြောင့် . . . ဗလကြီး ပေါင်ရင်ကျူးသည် မြို့ခံသူခွေး

www.burmeseclassic.com

www.burmeseclassic.com



တက်ယန်ချူကို လှမ်းမေးလိုက်သည်က...

"ဒါဆို ခင်ဗျားဟာ သူဌေးဟုန်ချင်းထံက ရတနာတူးစခန်း ဝယ်ယူလိုက်တဲ့လူ မဟုတ်လား"

"ဟား... ဟား။ ကျုပ်စခန်းကို လာရောက်စုံစမ်းမေးမြန်းခဲ့တာလည်း ဗလကြီးပဲ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ ဒါဆို ခင်ဗျား ဒီကိစ္စမှာ ဘာကြောင့် ဝင်ပါရတာလဲ"

"ဟင်း... ဟင်း မပါလို့ မရဘူးလေ၊ ကျုပ်ဟာ မြို့ခံသူဌေး အမည်ခံထားပေမယ့် သူဌေးဟုန်ချင်းရဲ့ သြဇာခံတစ်ယောက်ပဲလေ"

"ဟင်... ခင်... ခင်ဗျား သူဌေးဟုန်ချင်းဆီက ရတနာတွင်းတူးစခန်း ဝယ်ယူခဲ့တာပဲ မဟုတ်လား"

"ကျုပ်... နဂိုအရှိန်အဝါနဲ့ ဒီမြို့တစ်မြို့လုံးက မြို့ခံသူဌေးလို့ အထင်ကြီး ခေါ်ဝေါ်နေကြပေမယ့် ကျုပ် အရင်လောက် ငွေကြေး မချမ်းသာတော့ဘူး"

"ဟင်... ဒါဆို... ခင်... ခင်ဗျား သူဌေးဟုန်ချင်းဆီက ရတနာတွင်းတူးစခန်းကြီး ဝယ်တာမဟုတ်ဘူးပေါ့"

"ဝေလာဝေးပဲ၊ ကျုပ် လောင်းကစားတွေ ရှုံးနိမ့်ခဲ့လို့ သူဌေးဟုန်ချင်းရဲ့ ရတနာတူးဖော် ရှာဖွေရေးလုပ်ငန်းမှာ လက်ကျန်ငွေ အရင်းအနှီးထည့်သွင်း မြှုပ်နှံလုပ်ဆောင်နေရတဲ့သူပဲ"

သူဌေးက သူ့ကိစ္စကြောင့် သူ့ရတနာတွင်း ငါဝယ်လိုက်ပြီဆိုပြီး သတင်းလွှင့်နိုင်းတာပဲ"

"ဟိတ်... ဗလကြီး တွေ့ဆုံချင်တဲ့ ဝမ်ရှောတို့လင်မယားကို ခေါ်ထုတ်ပေးလိုက်စမ်းပါ"

ထိုသို့ မြို့ခံသူဌေးတက်ယန်ချူက အော်ဟစ်အမိန့်ပေးလိုက်



သည်နှင့် လူနှစ်ယောက် အခေါင်းတလားနှစ်ခုကို လက်တွန်းလှည်း တစ်လုံးစီတွန်းလျက် ဗလကြီး ပေါင်ရင်ကျူ၏ ရှေ့ဆီသို့ ဦးတည် ရွေ့လျားလာကြလေတော့သည်။

* * *

သို့ဖြင့်... ဗလကြီး ပေါင်ရင်ကျူ၏ ရှေ့ဆီသို့ လူနှစ်ယောက် ကိုယ်စီ တွန်းလာကြသော ကျွန်းခေါင်းတလားကြီးနှစ်လုံး ရောက်ရှိလာကြလေသည်။

ထိုစဉ်... မြို့ခံသူဌေး တက်ယန်ချူဆီက လှမ်းအမိန့်ပေးလာသည်မှာ...

"ကဲ... မင်းတို့ ဗလကြီးကို ခေါင်းအဖုံး ဖွင့်ပြလိုက်ကြစမ်း"

"ဟုတ်... ဟုတ်"

လှည်းတွန်းလာကြသူနှစ်ဦးတို့ နာခံကြသည့်အလား ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

ပြီး... သူတို့ ကျွန်းခေါင်းအဖုံး နှစ်ခုတို့ကို ပြိုင်တူဖွင့်လိုက်ကြလေသည်။

"ကျွီ ကျွီ"

"ဟင်"

ကျွန်းအခေါင်းဖုံးတို့ ပြိုင်တူဖွင့်ဟသွားကြသည်နှင့် ၎င်း ကျွန်းခေါင်းတစ်လုံးစီထဲဝယ် စိတ်မကောင်းခြင်းဖြစ်စွာ တွေ့မြင်လိုက်ရသည်က ဝမ်ရှောနှင့် ဖနီးလန်ရှန် ရုပ်အလောင်းများပင် ဖြစ်ကြလေသည်။

"အင်း... သမီးကိုလည်း ခြေတော်တင် ဖျက်ဆီးလှုပ်ကြ သတ်ဖြတ်ရုံမကဘူး၊ မိဘနှစ်ပါးစလုံးပါ ရက်ရက်စက်စက် သတ်ပစ်လိုက်ကြပါလား"

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ . . ဗလကြီး ပေါင်ရင်ကျူရင်ထဲက ကြေကွဲခံပြင်းစွာ ရေရွတ်မိလိုက်ရလေသည်။

"ဟီး . . . ဟီး . . . ဟား . . . ဟား ဝမ်ရှောတို့လင်မယား အလှည့်ပြီးတော့ ဗလကြီး အလှည့်ပဲ ကျန်တော့တယ်"

ထိုသို့ မြူခံသူဌေး တက်ယန်ချူက ဗလကြီး ပေါင်ရင်ကျူကို လှမ်း၍ ခြိမ်းခြောက်စကား ဆိုလာလေသည်။

ဒါကြောင့် . . . ဗလကြီး ပေါင်ရင်ကျူမှာ မျက်စိမှင့်၊ နားစွင့်မိရလေသည်။

ထိုအခိုက်မှာပင် . . . အခေါင်းလှည်းတွန်းလာကြသော လူနှစ်ဦးတို့က မှတ်မထင် ဗလကြီး ပေါင်ရင်ကျူထံ ပြိုင်တူ လက်နက်မဲ့ ခုန်ပျံတိုက်ခိုက်လာကြလေသည်။

"ယား . . . ယား"

"ဗို ဗို"

"ဝူး ဝူး"

"ဖောင်း ဖောင်း"

ထိုစဉ် . . ဗလကြီး ပေါင်ရင်ကျူသည် ဘေးဘယ်ညာ ပြိုင်တူ ခုန်ပျံတိုက်ခိုက်လာကြသော လူနှစ်ဦးတို့၏ ခြေကန်ချက်များကို သူ့ဘယ်ညာလက်ဝါးစောင်းတို့ဖြင့် ဝှေ့ယမ်း ခုတ်ဖယ်လိုက်လေသည်။

ဒါကြောင့် . . . လေထုထဲဝယ် လက်ဝါးနိုင် ပြင်းထန်စွာ တွေ့ဆုံသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထိုစဉ်အခါ . . . ဗလကြီး ပေါင်ရင်ကျူသည် အထက်သို့ ခုန်ပျံတက်ရင်း သူ့ဘယ်ညာ ခြေခံတို့ဖြင့် စကြာသဏ္ဍာန် ဝှေ့ယမ်း၍ ရန်သူနှစ်ဦးတို့ကို မွှေနှောက်တိုက်ခိုက်လိုက်လေသည်လေ။

"ဗိုး ဗိုး"



"ခွပ် ခွပ်"

"အီး အား"

"ဘုန်း ဘုန်း"

ဗလကြီး ပေါင်ရင်ကျူ၏ ခြေစကြာတိုက်ကွက် မိမိရရ ထိမှန်သွားကြရသော ရန်သူနှစ်ဦးတို့ စူးရှနာကျင်ညည်းတွားအော်ဟစ်သံတို့နှင့်အတူ ဘေးတစ်ဖက်တစ်ချက်ဆီသို့ ချာလပတ်လည် လွင့်စဉ်ကျရောက်သွားရလေသည်။

ဗလကြီး၏ ပြင်းထန်မြင့်မားသော ကန်ချက်ထိမှန်သွားကြရသော ရန်သူနှစ်တို့ ပြိုင်တူ ဇိဝိန်ချုပ်ငြိမ်းသွားကြရလေသည်။

ထိုအချိန်တွင် အပေါ်ထပ် ပတ်ပတ်လည်စင်္ကြံပေါ်က မြှားသမားများက အထက်သို့ ခုန်ပျံတက်လာသော ဗလကြီး ပေါင်ရင်ကျူထံ မြှားမျှားဖြင့် ဝိုင်းရံပစ်ခတ်လိုက်ကြလေသည်။

"ဗိ ဗိ ဗိ ဗိ"

"ဝုစ် ပုစ် ဗိုး ဗိုး"

"ထန် ထန် ချွမ် ချလန်"

ထိုအခါ . . . ဗလကြီး ပေါင်ရင်ကျူသည် လေထဲမှာပင် တိမ်လွှာဓားကွက်ထဲက စကြာကွန်ချာဓားကွက်ကို အသုံးပြုခုခံကာကွယ်လိုက်လေသည်။

သည့်တွင် . . . အဖက်ဖက် ဝိုင်းအုံပစ်ခွင်းတိုက်ခိုက်ကြသော မြှားချက်များက ကွန်ချာသဖွယ် လွှမ်းခြုံထားရသည်။ ငွေရောင်အလင်းတန်းကြီးကို လုံးဝဖောက်ထွင်း ဝင်ရောက်နိုင်ခြင်း မရှိကြဲ ကြမ်းပြင်အသီးသီးဆီသို့ လွင့်စဉ်ကျရောက်သွားကြလေသည်။

ထိုအခိုက်မှာပင် . . . ဗလကြီး ပေါင်ရင်ကျူသည် လေဝဲကျွမ်းသုံးလေးပတ်ပစ်လိုက်ပြီး စားပွဲရှည်ပေါ်သို့ ရောက်ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဝုစ်"

"ဒုတ် ... ကျွိ .. ကျွိ"

"ဟင်"

စားပွဲရှည်ပေါ်သို့ ကျရောက်သည်နှင့် ဗလကြီး ပေါင်ရင်ကျူး သည် ဆောင်မားရှည်ဖြင့် စားပွဲရှည်ထိပ်ထိုင်ခုံတစ်လုံးတွင် ထိုင်နေသော သရဲမျက်နှာတစ်ခြမ်းနှင့် မြို့ခံသူဌေးတက်ယန်ချူထံ ဝမ်းလျားထိုး ခုန်ပျံ တိုက်ခိုက်လိုက်လေသည်။

သည်တွင် ... သတိရှင်နေဟန်တူသော မြို့ခံသူဌေး တက်ယန်ချူသည် ထိုင်ခုံပေါ်ကနေ နောက်ကျွမ်းပစ်၍ သွက်လက်လျှင်မြန်စွာ ရှောင်တိမ်းလိုက်သည်။

သို့မို့ကြောင့် ... လျှပ်တပြက် တိုက်ခိုက်လိုက်သော ဗလကြီး ပေါင်ရင်ကျူး၏ဓားချက် ပစ်မှတ်နှင့် လွဲချော်သွားရပြီး ကျောမှီအမြင့်ဆီသို့ ထိုးဖောက်ရောက်သွားရလေသည်။

သူ ကျောမှီပျဉ်ချပ်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားသော ဆောင်မားရှည်ကို ပြန်ဆွဲနှုတ်ချိန်လေးအခိုက်တန့်မှာပင် အပေါ်ထပ်ရှိ ပတ်ပတ်လည် စင်္ကြန်ပေါ်က မြားသမားများက စုပြုပစ်ခွင်းလာကြလေသည်။

"ဝီး ဝီး ဝီး ဝီး"

"ဝုစ် ဝုစ် ဝိုး ဝိုး"

"ထန် ထန် ချွင် ချလွင်"

"ဟိုင်း ယား"

"ဝိုး ဝုစ်"

"ထန်"



လူရိုပ် စားပွဲရှည်ပေါ်သို့ ခုန်ပျံရောက်ရှိလာပြီး မိုးစက်မိုးပေါက်ပမာ လွှမ်းခြုံကျရောက်လာသော မြားတံများကို သူ့ဆောင်မားဖြင့် စကြာသဏ္ဌာန် ဝှေ့ယမ်းခုခံ ထုတ်လိုက်လေသည်။

သို့မို့ကြောင့် ... ရန်သူ၏ လုပ်ရပ်ကြောင့် ဓားဆွဲနှုတ်ယူနေရသော ဗလကြီး ပေါင်ရင်ကျူးတစ်ယောက်တို့ကို မြားချက်များ အန္တရာယ်က လွတ်မြောက်သွားရလေသည်။

သူ ... ထိုရန်သူကို လှည့်ကြည့်မိလိုက်တော့ ခမောက်ချွန်ဆောင်း မျက်နှာအမွေးအမျှင်ထူထပ်နေသောသူ ဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။

ဇင်စစ်တော့ ထိုသူက ဗလကြီး ပေါင်ရင်ကျူးကို စားသောက်ဆိုင်ကနေ ငုင်း နှစ်ထပ်အဆောက်အအုံဟောင်းကြီးသို့ ခေါ်ဆောင်လာသည် မဟုတ်ပါလား။

ထိုသို့ သူ တခဏလေး အကြည့်ရောက်သွားစဉ် မျက်နှာအမွေးအမျှင်နှင့်လူက သူ့ဆောင်မားရှည်ဖြင့် အားယူမာန်တင်းသံပြုပြီး ဝှေ့ယမ်းတိုက်ခိုက်လာလေသည်။

ထိုအခါ ... ဗလကြီး ပေါင်ရင်ကျူးသည် ထိုလူ၏ ဓားချက်ကို သူ့ဆောင်မားဖြင့် ခုခံလိုက်ရလေသည်။

ထိုစဉ်မှာပင် ... မျက်နှာ အမွေးအမျှင်ထူသူက လစ်ဟာသွားရသော ဗလကြီး ပေါင်ရင်ကျူး၏ နံညွှန့်ဆီသို့ ညာခြေနှစ်ဆင့်ကန်တိုက်ခိုက်လိုက်လေသည်။

မြန်ဆန်လွန်းရသော တိုက်ချက်ကြောင့် ဗလကြီး ပေါင်ရင်ကျူးတစ်ယောက် ခုခံကာကွယ်ဖို့ပင် အချိန်မရလိုက်တော့ပါချေ။

ဒါကြောင့် ... မျက်နှာအမွေးအမျှင်ထူလူ၏ ညာခြေကန်ချက်နှစ်ချက်တို့က ဗလကြီး ပေါင်ရင်ကျူး၏ နံညွှန့်ဆီသို့ ပြင်းပြင်းထန်ထန်

www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက်ဝင်ရောက်သွားရလေသည်။

သို့ဖြစ်၍ ဗလကြီး ပေါင်ရင်ကျူတစ်ယောက် ညည်းတွား အော်ဟစ်ရင်း အခန်းနံရံဆီသို့ လွင့်စဉ်ကျရောက်သွားရလေသည်။ ထိုစဉ်... ခမောက်ချွန်ဆောင်း မျက်နှာအမွေးအမျှင်ထူသူက ဗလကြီး ပေါင်ရင်ကျူ လွင့်စဉ်ကျရောက်သွားသော နေရာသို့ တပါတည်း ခုန်ပျံ ရောက်ရှိသွားလေသည်။

"ဟူး ဘုတ်"

"ဝို"

"ကဲ... ဗလကြီး မလှုပ်နဲ့၊ ကျုပ်မားဖျားက သည်းခံစိတ် လုံးဝ ရှိမှာမဟုတ်ဘူး"

ထိုသို့ မျက်နှာအမွေးအမျှင်ထူသူက ဆောင်ဓားဖြင့် ဗလကြီး ပေါင်ရင်ကျူ၏ လည်မျိုဆီသို့ ထိုးချိန်လိုက်ပြီး ခြိမ်းခြောက်ပြောဆို လိုက်လေသည်။

လုံးဝ ခုခံနိုင်ခြင်း မရှိတော့သော ဗလကြီး ပေါင်ရင်ကျူ တစ်ယောက် မျက်နှာအမွေးအမျှင်ထူသူ၏ ဖမ်းချုပ်ခြင်းကို ခံလိုက်ရ လေသည်။

"ဟိတ်... လူဝံကြီးယွင် မင်း ဒီကောင်ကို မြေအောက်ခန်းထဲ ထည့်ချုပ်ထားလိုက်စမ်း"

ယင်းသို့... ပြတင်းပေါက်အနား ရောက်ရှိနေရသော သရဲ မျက်နှာနှင့် မြို့ခံသူဌေး တက်ယန်ချူက လူဝံကြီးယွင်ဟု ခေါ်ဆိုကာ မျက်နှာအမွေးအမျှင်ထူသူကို လှမ်းအမိန့်ပေးလိုက်လေသည်။

သည်တော့ လူဝံကြီးယွင်က နာခံစွာဖြင့် ခေါင်းတစ်ချက် ဆတ်ခနဲညိတ်လိုက်ပြီး ဗလကြီး ပေါင်ရင်ကျူကို လက်ထိပ်တုံးခတ်ပြီး မြေအောက်ခန်းသို့ ခေါ်ဆောင်သွားလေသည်။



မြေအောက်ခန်းထဲရောက်တော့ လူဝံကြီးယွင်သည် တိုင်နှစ်တိုင် အလယ်ဝယ် ဗလကြီး ပေါင်ရင်ကျူကို လက်နှစ်ဖက်ဆန့်တန်း ချုပ်နှောင်လိုက်လေသည်။

ထိုအချိန်တွင်... မြေအောက်ခန်းထဲသို့ တပည့်များ ခြံရံလျက် သရဲမျက်နှာနှင့် မြို့ခံသူဌေးတက်ယန်ချူတစ်ယောက် ရောက်ရှိလာ လေသည်။ သူသည် တိုင်နှစ်တိုင်ကြားဝယ် လက်နှစ်ဖက်ဆန့်တန်း ချည်နှောင်ထားသော ဗလကြီး ပေါင်ရင်ကျူဆီသို့ ချဉ်းကပ် ရောက်ရှိ လာလေသည်။

"ဗလကြီး... ငါ့လက်ထဲက လွတ်မြောက်ဖို့ဆိုတာ မင်း အတောင်ပေါက်မှ ရတော့မှာပေါ့၊ ဟင်း... ဟင်း မင်း ဒီငရဲခန်းမှာ အားပါးတရ ဒုက္ခခံစားပြီး တမလွန်ခရီးကို နောင်တကြီးကြီးနဲ့ ကြွပေ တော့ပေါ့၊ ဟား... ဟား... ဟား"

ထိုသို့... တက်ယန်ချူက ဗလကြီး ပေါင်ရင်ကျူကို ပြောဆို ခြိမ်းခြောက် ပြောဆိုလာလေသည်။

"သေခြင်းကို လူတိုင်းရင်ဆိုင်ကြမှာပဲ၊ ဒါကြောင့် ကျုပ် သေမှာ ကို စိုးကြောက်တဲ့လူ မဟုတ်ဘူး"

ယင်းသို့... ဗလကြီး ပေါင်ရင်ကျူက ထိမထင်စွာဖြင့် သူဌေး တက်ယန်ချူကို တုန့်ပြန်ပြောဆိုလိုက်လေသည်။

သည်တွင် သူဌေးတက်ယန်ချူက ပြက်ရယ်ပြုရယ်မောလိုက် ရင်း...

"အေး... သေမှာ စိုးကြောက်တဲ့လူ မဟုတ်ပေမယ့် အခု ငရဲခန်းက လုလုကြီးပေးဆက်မယ်၊ ဝေဒနာဆိုးတွေကိုတော့ မင်း ဗလကောင်းကောင်းနဲ့ ခံကြည့်ဦးပေါ့"

"ရှပ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့်ပင် သူဌေးတက်ယန်ချူသည် ဓားအိမ်ထဲက ဆောင်ဓားကို ရှပ်ခနဲ ဆွဲထုတ်ယူလိုက်သေးလည်း။

ပြီးလျှင်... သူ ဆောင်ဓားများဖြင့် ဗလကြီးအင်္ကျီကို ဖြတ်တောက်ဖယ်ရှင်းလိုက်လေသည်။

ထိုအခါ အင်္ကျီမဲ့သွားရသောကြောင့် ဗလကြီး ပေါင်ရင်းကျူ၏ မှဲ့မောက်ကြီးမားသော ရင်အုံသားကြီး ငွားငွားစွင့်စွင့် ပေါ်ထွက်လာရလေတော့သည်။

☼☼☼

# အခန်း (၂၁)

# တိမ်လွှာဓား၏ ပရိယာယ်

ထိုစဉ်... သူဌေးတက်ယန်ချူသည် ကြောက်မက်ဖွယ်ရာ တစ္ဆေကြီးတစ်ကောင်ပမာ ခြောက်ခြောက်ကပ်ကပ် ရယ်မောလိုက်ရင်း...

"ဟီး... ဟီး... ဟား... ဟား ကျောက်စိုင်ကျောက်ခဲလို မင်းရဲ့ရင်အုံမှဲ့မောက်ကြီးက ငါ့ဓားဖျားအစွမ်း ဘယ်လောက်ခံနိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့ ကဲ"

"ဗျို ဗျို"

"အီး... အူး... အူး"

"ဟား... ဟား... ဟား... ဟီး... ဟီး"

ပြောပြောဆိုဆိုနှင့်ပင် ရက်စက်ကြမ်းကြုတ်လွန်းရသော သူဌေးတက်ယန်ချူသည် ထက်မြနေရသည့် ဆောင်ဓားဖျားဖြင့် ဗလကြီး၏ ရင်အုံမှဲ့မောက်ကြီးကို ကြက်ခြေခတ် လှည့်မွှန်းလိုက်လေသည်။

နာကျင်ကြီးသော ဝေဒနာဆိုးကြောင့် ဗလကြီး ပေါင်ရင်းကျူ နှုတ်ကျသလို တုန်ရင် ညည်းတွားလာရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဗလကြီး၏ ဝင်းဖြူမို့မောက်နေရသော ရင်အုံမို့ပေါ်ဝယ် သွေးစိမ်းနီနီ ကြက်ခြေခတ်ကြီးနှစ်ခု ထင်းခနဲ ပေါ်လာရလေသည်။

ထိုသို့ ဝေဒနာဆိုးကို ခံစားနေရသော ဗလကြီး ပေါင်ရင်ကျူ၏ အခြေအနေအား ကြည့်မြင်ပြီး သူဌေးတက်ယန်ချူတစ်ယောက် သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်လေသည်။

ထိုစဉ်... လူဝံကြီးယွင်က ကြားဝင်၍ တောင်းဆိုစကားဆိုလာသည်မှာ...

"သူဌေးကြီး... ဒီကောင်ကို ကျွန်တော် ဆက်ဆုံးမလိုက်ပါ့မယ်"

ပြောတော့ သူဌေးတက်ယန်ချူက လက်ခံစွာဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်ပြီး...

"အိမ်း... အခု ငါလုပ်ရတာတော့ အတော်ပန်းသွားပြီ"

"ဒါကြောင့်... ကျွန်တော် အလိုက်သိစွာ တောင်းဆိုလိုက်တာပါ"

"အေး... မင်း သိပ်တော်တယ် လူဝံကြီး"

ဟုဆိုကာ သဘောကျဟန်ဖြင့် သူဌေးတက်ယန်ချူက သူ့ဘယ်လက်ဝါးဖြင့် လူဝံကြီးယွင်၏ ညာပခုံးတစ်ဖက်ကို အသာပုတ်လိုက်လေသည်။

ထိုစဉ်... လူဝံကြီးယွင်သည် ရှောင်ဖယ်ထွက်သွားရသော သူဌေးတက်ယန်ချူနေရာ ဝင်ယူလိုက်လေသည်။

ထိုအခါတွင်မူ... လူဝံကြီးယွင်သည် နာကျင်ဝေဒနာကြီးထိမိုတ် ခံစားရရှာသော ဗလကြီး ပေါင်ရင်ကျူနှင့် မျက်နှာချင်းအနေအထားကို ရောက်ရှိသွားရလေသည်။

ထိုစဉ်... လူဝံကြီးယွင်က ဗလကြီး ပေါင်ရင်ကျူကို ခေါက်သင်း



ပြောဆိုရင်း...

"ဗလကြီး မင်း ကျောက်တောင်ကြီးကို ဒူးနဲ့တက်တိုက်နေတာပဲ၊ ကဲကွာ မင်းဘယ်လောက် ခံနိုင်ရည်ရှိတယ်ဆိုတာ ကြည့်ရသေးတာပေါ့"

"ဝို ဝို"

"ဖြောင်း ဖြောင်း"

"အိ အူး"

လူဝံကြီးယွင်၏ ဘယ်ညာလက်ဝါးရိုက်ချက်ကြောင့် ဗလကြီးခေါင်း လေယူရာယိမ်းယိုင်သွားရသည့် ဝါးပင်ထိပ်များကဲ့သို့ ယိမ်းထိုးသွားရလေသည်။

ထိုစဉ်... လူဝံကြီးယွင်သည် နောက်ထပ် လက်ဝါးရိုက်ချက်အားမာန်အပြည့်နှင့် ဗလကြီးကို ဝှေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

"ဝိုး ဝိုး"

"ဖောင်း ဖောင်း"

"အွတ်"

ပြင်းထန်မြင့်မားနေရသော လက်ချက်ကြောင့် ဗလကြီးပေါင်ရင်ကျူတစ်ယောက် ညည်းတွားသံတစ်ချက်ပြုပြီး သတိလစ်မေ့မျောသွားရလေသည်။

ထိုစဉ်... သူဌေးတက်ယန်ချူက ဆေးအဖွဲ့သားတစ်ဦးထံအကြည့်ရွှေ့ပြောင်း ရောက်ရှိသွားရပြီး...

"ဟိတ်... ဒီကောင် သွေးလွန်ပြီး အသေခံလို့ မဖြစ်သေးဘူး ငါတို့ဂိုဏ်းချုပ်ကြီး သူဌေး ခရီးဝေးက ပြန်ရောက်လာတဲ့ထိ ထားရမယ်၊ ဆေးထည့်ပေးလိုက်"

"ဟုတ်ကဲ့... ဂိုဏ်းချုပ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆေးပညာဓာတ်မြောက်ထားသော အဖွဲ့သားက သတိလစ်မေ့မျောနေရသော ဆွေးတဒီးဒီး စိမ့်ထွက်နေရသည့် ကြက်ခြေခတ်ဒဏ်ရာတို့ကို ဆေးထည့်ပတ်တီးစည်းလိုက်လေသည်။

သည်နောက်တော့ သူဌေးတက်ယန်ချူတို့အဖွဲ့ မြေအောက်အကျဉ်းခန်းထဲက အလှိုလှို ထွက်ခွာသွားလေသည်။ ဗလကြီး ပေါင်ရင်ကျူတစ်ယောက် မြေအောက်ငရဲခန်းထဲဝယ် နှိပ်စက်ညှင်းပန်းမှုဒဏ်တို့ ခံလိုက်ရသည်။

ထို နှိပ်စက်ညှင်းပန်းမှုကို လူဝံကြီးယွင်ကပဲ လုပ်ဆောင်လေသည်။

လူဝံကြီးယွင်၏ နှိပ်စက်မှုဒဏ်ကို ဗလကြီး ပေါင်ရင်ကျူတခဏမျှ ခံစားရပြီး သတိလစ်သွားရသဖြင့် နာကျင်မှုဝေဒနာကို တောက်လျှောက်မခံစားရပါချေ။

(၃)ရက်မြောက်နေ့ မနက်ပိုင်းသို့ရောက်သောအခါ သူဌေးတက်ယန်ချူနှင့် ဆံဖြူခါးကုန်းအဘိုးကြီးတစ်ဦး ဗလကြီး ပေါင်ရင်ကျူချုပ်နှောင်ထားရာ မြေအောက်ငရဲခန်းသို့ ရောက်ရှိလာကြသည်။

သူတို့ အခြေအရံမပါဘဲ နှစ်ယောက်တည်းသာ မြေအောက်ခန်းသို့ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

ဗလကြီး ပေါင်ရင်ကျူသည် မျက်နှာစိမ်းဖြစ်နေရသော ဆံပင်ဖြူခါးကုန်း အဘိုးကြီးထံ လှမ်းအကဲခတ်ကြည့်ရှုနေမိသည်။

ထိုစဉ် . . . ဆံပင်ဖြူခါးကုန်းအဘိုးကြီးက သူ့မေးဖျားက မုတ်ဆိတ်မွေးအရှည်ကို အသာအယာ ပွတ်ဆွဲလိုက်ရင်း . . .

"ဟင်း . . . ဟင်း ဗလကြီး၊ မင်းဟာ ကိုယ့်ဘာသာ အေးအေးဆေးဆေးမနေဘဲ အန္တရာယ်ချောက်နက်ကြီးထဲ ခုန်ဆင်းလာတာကိုး"

ပြောတော့ မကျေမချမ်း ဖြစ်တည်စွာဖြင့် ဗလကြီး ပေါင်ရင်ကျူ



က ဆံပင်ဖြူခါးကုန်းအဘိုးကြီးထံ တုန့်ပြန်စကားဆိုလိုက်သည်မှာ . . .

"ကျုပ် အန္တရာယ်တွင်းထဲ ခုန်ဆင်းတာ မဟုတ်ဘူး၊ ကျုပ်ကို ခင်ဗျားတို့ဂိုဏ်းချုပ်ကြီးက အန္တရာယ်တွင်းထဲ ထိုးချခဲ့တာ၊ ခင်ဗျားလည်း သူဌေးဟုန်ချင်းအဖွဲ့ဝင် တစ်ယောက်ပဲ မဟုတ်လား"

ထိုဆိုစကားကြောင့် သူဌေးတက်ယန်ချူ၏မျက်နှာ အလိုလိုပျက်ယွင်းသွားရလေသည်။

သည်တွင် . . . ဆံပင်ဖြူခါးကုန်းအဘိုးကြီးက တစ်ချက်ရယ်သွမ်းသွေးလိုက်ပြီး . . .

"ငါ အဖွဲ့ဝင်တစ်ယောက် မဟုတ်ဘူး၊ မကြာခင် ငါဘယ်သူဆိုတာ မင်းသိရမယ်၊ သိပြီးရင်တော့ တမလွန်ခရီးမှာ မင်း နောင်တကြီးစွာ ရရစ်ပေတော့"

ယင်းဆိုစကားကြောင့် ချက်ဆိုနှာခေါင်းက မီးတောက်မိရသော ဗလကြီး ပေါင်ရင်ကျူက . . .

"ကျုပ် သဘောပေါက်ပြီ ခင်ဗျားဟာ ကျုပ် လိုက်ရှာဖွေနေတဲ့ သူဌေးဟုန်ချင်းအမည်ခံ သူဌေးဝမ်ကျိုစောင် မဟုတ်လား"

ဒဲ့ဒိုး လှမ်းမေးလိုက်တော့ ဆံပင်ဖြူခါးကုန်းအဘိုးကြီးက သက်မဝင်စွာ ပြုံးရယ်လိုက်ပြီး . . .

"ဟင်း . . . ဟင်း ဗလကြီး စာပေတတ်တစ်ယောက် ပီသပါတယ်"

ထိုသို့ ဆံပင်ဖြူခါးကုန်းအဘိုးကြီးက ဗလကြီးကို ချီးကျူးထောပနာပြုစကား ဆိုလိုက်ပြီးနောက် သရဲမျက်နှာတစ်ခြမ်းနှင့် သူဌေးတက်ယန်ချူထံ မျက်နှာ ရွေ့ပြောင်းရောက်ရှိသွားရပြီး . . .

"ကဲ . . . ကျုပ်ဘယ်သူဘယ်ဝါ သိလိုက်တဲ့ အကျဉ်းသားရဲ့ သက်ဆိုးဟာ သက်မရှည်သင့်တော့ဘူး၊ ဒီတော့ ဒီညနေ ညစ်ခံမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့အဖွဲ့သားတွေ အောင်ပွဲခံတဲ့အနေနဲ့ စားတော်ပွဲ ကျင်းပရင်း ဗလကြီးရဲ့ လည်ချောင်းသွေးနဲ့ ခုနစ်စဉ်ကြယ် နတ်ဘီလူးကြီးကို ပူဇော်ပသပွဲ ကျင်းပရမယ်၊ အဲဒါ ခင်ဗျား အမြန်ဆုံး စီရင်ပေတော့”

“ဟုတ်ကဲ့ပါ... ဂိုဏ်းချုပ်ကြီး”

ဟုဆိုကာ နာခံစွာဖြင့် သူဌေးတက်ယန်ချူ ခေါင်းတစ်ချက်ဆတ်ခနဲ ညိတ်လိုက်မိရလေတော့သည်။

* * *

ညနေပိုင်းအချိန်သို့ ရောက်သောအခါ နှစ်ထပ်အဆောက်အအုံကြီး အောက်ထပ်ရှိ ညှော့ခန်းအကျယ်ကြီး၌ စားသောက်ဖွယ်ရာများ အစီအရီ တည်ခင်းထားသော စားပွဲဝိုင်းများ ညှော့ခန်းကျယ်ကြီး တစ်ဝက်ကျော်ခန့် ပြည့်နှက်နေရလေသည်။

ညှော့ခန်းကြီး၏ ရှေ့ထိပ်ပိုင်းတွင် ရွှေဝါရောင်တောက်ပြောင်နေရသော အစွယ်ကြီးနှစ်ခု ငေါငေါထွက်ရှိနေရသည့် ကြောက်မက်ဖွယ်ရာ အဆင်းရှိ ခုနစ်စဉ်ကြယ် နတ်ဘီလူးရုပ်တုကြီး ဝင့်ထည်စွာ ရှိနေသည်။

၎င်း နတ်ဘီလူးရုပ်တုရှေ့ဝယ် အမွှေးတိုင်၊ ဖယောင်းတိုင်နှင့် ပန်းအိုးကြီးများ ပူဇော်ထားလေသည်။ ၎င်း အမွှေးတိုင်ခင်းတန်းရှေ့ ခုံပုရှည်တစ်ခုပေါ်တွင် သစ်သီးဝလံပေါင်းစုံနှင့် ကြက်ကင်၊ ဝက်ကင်တို့ ပသထားလေသည်။

ထို ရှေ့တွင်မှာတော့ ကြေးအင်တုံကြီးနှင့် ငွေရောင်လက်ထနေသော စားမောက်ကြီးတစ်ချောင်း ထားရှိလေသည်။

ကြည့်ရသည်မှာ ၎င်းကြေးအင်တုံကြီးမှာ ခုနစ်စဉ်ကြယ်နတ်ဘီလူးကြီးကို ယစ်ပူဇော်ပသရန်အတွက် ဗလကြီး ပေါင်ရင်ကျူး၏ လည်ချောင်းသွေး ဖောက်ထုတ်ခံရန်ဖြစ်လေသည်။



၎င်း နတ်ဘီလူးရုပ်တုကြီး၏ ဘယ်ဘက်ခြမ်း စားပွဲရှည်ကြီးတွင်လည်း စားဖွယ်သောက်ဖွယ်များ စုံလင်စွာ တည်ခင်းထားလေသည်။

ပြီး... ၎င်းစားပွဲရှည် ပတ်ပတ်လည်တွင်လည်း ထိုင်ခုံများ အစီအရီ ချထားကြလေသည်။

နောက်... နတ်ဘီလူးကြီးရုပ်တု၏ ညာဘက်ခြမ်းတွင် သားရေဗုံဝိုင်းကြီးတစ်ခု ထောင်ထားလေသည်။

၎င်း သားရေဗုံဝိုင်းကြီးရှေ့တွင် အပေါ်အင်္ကျီဗလာကျင်းလျက် ကြွက်သားအမြောင်းအမြောင်း ထကြွကြီးမားလျက်ရှိသော လူသန်ကြီး တစ်ဦး ရိုက်တံ တုတ်ရှည်နှစ်ချောင်းတို့ကို ကိုင်ဆောင်လျက် ရပ်နေ၏။

ထိုစဉ် အခမ်းအနား ပြင်ဆင်ရေးမှူးဖြစ်သော ဒုဂိုဏ်းချုပ် သူဌေးတက်ယန်ချူက အခမ်းအနား စချိန်သင့်ပြီဟု ယူဆကာ သားရေဗုံတီးသမား လူသန်ကြီးကို လှမ်းအမိန့်ပေးလိုက်သည်မှာ...

“ဟိတ်... လူစုဖို့ အချက်ပေးလိုက်စမ်း”

“ဟုတ်ကဲ့ ဂိုဏ်းချုပ်”

ဟု ဆိုကာ လူသန်ကြီးက ခေါင်းဆတ်ခနဲ ညိတ်လိုက်မိလေသည်။ ပြီးလျှင်...

လူသန်ကြီးသည် ရိုက်တံနှစ်ချောင်းတို့ကို မြှောင့်ဝင့်လျက် သားရေဗုံကြီးကို ရိုက်နှက်တီးခတ်လိုက်လေသည်။

“ဒုံး တဒုံး ဒုံး ဒုံး”

ထိုအခါ လူသန်ကြီး၏ စည်းဝါးကျကျ တီးခတ်လိုက်သော ဗုံတီးသံမှာ ဆိတ်ငြိမ်လျက်ရှိသည့် ညှော့ခန်းမတစ်ခုလုံးကို ဖြန့်ကျက်လွှမ်းခြုံသွားရလေသည်။

သိပ်မကြာပါချေ... ညှော့ခန်းမဆောင်ကျယ်ကြီးထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားများ အလျှိုလျှိုဝင်ရောက်လာကြပြီး သူ့အဆင့်နှင့်သူ သီးသန့်ခွဲခြားခင်းထားသည့် စားပွဲဝိုင်းတို့တွင် အသီးသီး ဝင်ရောက်ထိုင်လိုက်ကြလေသည်။

တချို့ အရာရှိပိုင်းများက ခုနစ်စဉ်ကြယ်နတ်ဘီလူးရုပ်တု၏ ဘယ်ဘက်ခြမ်းတွင် ခင်ကျင်းထားသော စားပွဲခုံရှည်ကြီး တစ်ဖက်တစ်ချက်တွင် ဝင်ရောက်နေရာယူထိုင်လိုက်ကြလေသည်။

သို့ရာတွင်...

၎င်း စားပွဲခုံရှည်ကြီး၏ထိပ်ရှိ ကျောမှီထိုင်ခုံတစ်လုံးမှာတော့ မည်သူမျှ ရောက်ရှိလာခြင်း မရှိသေးပါချေ။

"ဒုံး ဒုံး ဒုံး တဒုံး ဒုံး"

"ဟိတ်... ရပ်လိုက်တော့"

"ဟုတ်"

ဒုဂိုဏ်းချုပ် သူဌေးတက်ယန်ချူက ဗုံတီးရပ်ရန် လက်အမိန့်ပေးလိုက်သဖြင့် လူသန်ကြီး ချက်ချင်း တီးခတ်မှုကို ရပ်တန့်လိုက်ရလေသည်။

ထိုစဉ်... ဒုဂိုဏ်းချုပ် သူဌေးတက်ယန်ချူသည် မလှမ်းမကမ်းတွင် ရပ်တည်နေသော အမွေးအမျှင်ထူထပ်သည့် မျက်နှာနှင့် လူဝံကြီးယွမ်းကို လက်အမိန့်ပေးလိုက်လေသည်။

"လူဝံကြီး... ယစ်ပူဇော်ဖို့ ဗလကြီးကို မြေအောက်ခန်းထဲက ခေါ်ထုတ်လာခဲ့၊ လူသုံးယောက်ခေါ်သွားချည်"

"ဟုတ်ကဲ့"

လူဝံကြီးယွမ်သည် နာခံစွာ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး သူ့စိတ်ကြိုက် ဂိုဏ်းသား (၃)ဦးတို့ကို ခေါ်ဆောင်ပြီး မြေအောက်ခန်းသို့ ထွက်ခွာသွားကြလေသည်။



သူတို့ ထွက်သွားချိန်တွင် ဆံပင်ဖြူခါးကုန်းအဘိုးကြီး ဝင်ရောက်လာသဖြင့် ညီလာခံခန်းထဲရှိ စားပွဲအသီးသီးတွင် ထိုင်နေကြသော ဂိုဏ်းသားများ ဝုန်းခနဲ တပြိုင်နက် ထရပ်ကြပြီး ခရီးဦးကြိုပြုလိုက်ကြလေသည်။

ထိုအခါ... ဂိုဏ်းချုပ်ကြီး ဆံပင်ဖြူခါးကုန်းအဘိုးကြီးက အပြုံးရိပ်ဝေစွာဖြင့် သူ့လက်ဝါးနှစ်ဖက်တို့ကို ဝဲယမ်းနိမ့်ချရင်း ဂိုဏ်းသားများအားလုံးတို့ကို ပြန်ထိုင်ခိုင်းလိုက်လေသည်။

ဂိုဏ်းသားအားလုံးတို့ ထိုင်ခုံအသီးသီးဝယ် ပြန်ထိုင်လိုက်ကြလေသည်။

ဂိုဏ်းချုပ်ကြီး ဆံပင်ဖြူခေါင်းကုန်းအဘိုးကြီးသည် စားပွဲရှည်ကြီးထိပ်ရှိ ကျောမှီ အမြင့်ထိုင်ခုံတွင် ဝင်ရောက်ထိုင်လိုက်လေသည်။

တအောင့်မျှကြာသောအခါ လူဝံကြီးယွမ်အဖွဲ့တို့သည် ဗလကြီး ပေါင်ရင်ကျူကို လက်နောက်ပြန်ကြိုးတုပ်နှောင်လျက် ခေါ်ဆောင်လာကြလေသည်။

ထိုအချိန်တွင် ဗလကြီး ပေါင်ရင်ကျူကို ခေါင်းစွပ်နက်တစ်ဆင် ထားပြီး အနက်ရောင်ခြုံလွှာကြီး ခြုံပေးထားလေသည်။

ထိုသို့... လုပ်ဆောင်ရသည်မှာလည်း ခုနစ်စဉ်ကြယ်နတ်ဘီလူးကြီးကို လည်ချောင်းသွေးဖောက်၍ ယစ်ပူဇော်မည့် ပုဂ္ဂိုလ်အား နတ်ဆရာကြီး ညွှန်ကြားထားသော ပြဋ္ဌာန်းအတိုင်း ဝတ်ဆင်ပေးထားရခြင်း ဖြစ်လေသည်။

ထိုစဉ်... လူသန်ကြီး၏ ဗုံတီးသံကြီးက သွေးကြွဖွယ်ရာ တီးချက်များဖြင့် ပြင်းထန်မြန်ဆန်စွာ တီးခတ်လာလေသည်။

"ဒုံး ဒုံး ဒုံး ဒုံး"

သည်နောက်... လူဝံကြီးယွမ်သည် ဗလကြီး ပေါင်ရင်ကျူကို

www.burmeseclassic.com

www.burmeseclassic.com



သွေးဖောက်ယစ်ပူဇော်မည့် ကြေးအင်တုံကြီးရှေ့သို့ ခေါ်ဆောင်လာလေတော့သည်။

* * *

ဂိုဏ်းချုပ်ကြီးသူဌေးဟုန်ချင်းနှင့် ဒုဂိုဏ်းချုပ် သူဌေးတက်ယန်ချူတို့ ကြေးအင်တုံကြီးရှေ့တွင် ဒူးထောက်ထိုင်နေသည့် ယစ်ပူဇော်ခံရမည့် ဗလကြီး ပေါင်ရင်ကျူအနားသို့ ချဉ်းကပ် ရောက်ရှိလာကြလေသည်။

ထိုစဉ်... ဂိုဏ်းချုပ်ကြီး သူဌေးဟုန်ချင်းက ခေါင်းစွပ်စွပ်ထားသော ဗလကြီး ပေါင်ရင်ကျူထံ စကားဆိုလိုက်သည်မှာ...

"ဗလကြီး... မင်း လည်ချောင်းသွေးနဲ့ ငါကိုယ်တိုင် နတ်ဘုရားကြီးကို ယစ်ပူဇော်ရတော့မယ်၊ ဒီတော့ မင်း မသေခင် သိချင်တဲ့ စကားလေးတစ်ခွန်း ငါ ထုတ်ဖော်ဖြေလိုက်ပါ့မယ်"

"အင်း"

"အေး... တကယ်တော့ ငါဟာ မင်းခြေရာခံလိုက်လံနေတဲ့ သူဌေးသားဝမ်ကျိစောင်ပဲ၊ အခု ငါ့ကို အလွယ်နဲ့ ခြေရာခံမလိုက်နိုင်အောင် ရုပ်ပြောင်းလုပ်လို့ လုပ်နေရတာပဲ"

"အင်း"

"ဟား... ဟား ယစ်မပူဇော်ခင် မင်းမျက်နှာလေးတော့ ငါကြည့်လိုက်ပါရစေ"

ထိုသို့... ဂိုဏ်းချုပ်ကြီး သူဌေးသားဝမ်ကျိစောင်သည် ရေရွတ်ပြောဆိုပြီးနောက် ဗလကြီး၏ ခေါင်းထက်က ခေါင်းစွပ်ကို သူ့လက်နှစ်ဖက်တို့ဖြင့် အသာဆွဲချွတ်လိုက်လေသည်။

ထိုအခါတွင်မှ... ဇီးရွက်သဖွယ် မျက်နှာသိမ်ငယ်နေရသော ဗလကြီး ပေါင်ရင်ကျူ၏ မျက်နှာကို သူ မြင်တွေ့ရပြီး သဘောကျစွာ



ရယ်မောမိလိုက်လေသည်။

"ဟား... ဟား ဗလကြီး ဒီတစ်ဘဝတစ်လျှောက်ကတော့ ငါ မင်းကို အနိုင်ယူခဲ့တာချည်းပဲ၊ မကျေနပ်သေးရင် နောက်ဘဝမှာ ဆုံကြချည်သေးတာပေါ့"

ပြောဆိုပြီးနောက် ဂိုဏ်းချုပ်ကြီး သူဌေးသား ဝမ်ကျိစောင်သည် ခေါင်းစွပ်နက်ကြီးကို ဗလကြီး၏ ခေါင်းအား ပြန်စွပ်လိုက်လေသည်။

ပြီးလျှင်... ဂိုဏ်းချုပ်ကြီး သူဌေးသားဝမ်ကျိစောင်သည် ကြေးအင်တုံနားက ငွေရောင်ဓားမောက်ဓားကြီးကို ကောက်ယူလိုက်ရာ...

"ဒို ဒို"

"ဖောင်း ဖောင်း"

"အား"

"ဘုန်း"

"သူဌေး တက်ယန်ချူ မလှုပ်နဲ့"

လုံးဝမထင်မှတ်စွာပင် လူဝံကြီးယွင်သည် ငွေရောင်ဓားဆောင်ဓားကြီးကို ကန်းကောက်သော ဂိုဏ်းချုပ်ကြီးသူဌေးသားဝမ်ကျိစောင်၏ ကျောပြင်ပေါ်သို့ လက်ဝါးနှစ်ချက် ဆက်တိုက် ရိုက်ချလိုက်သည်။

ထိုစဉ်... သူဌေးကြီးယွင်နှင့် အဖော်လိုက်လာသူ (၃)ဦးတို့က အံ့ဩမှင်သက်မိသွားရသော ဒုဂိုဏ်းချုပ်တက်ယန်ချူကို ဆောင်ဓားကိုယ်စီဖြင့် ထိုးချိန်ထားကြလေသည်။

ထိုအခိုက်... လူဝံကြီးယွင်က ဂိုဏ်းချုပ်ကြီးသူဌေးသားဝမ်ကျိစောင်၏ရင်ဝကို သူ့ညာဖနောင့်ဖြင့် ဖိထောက်၍ သူ့ဆောင်ဓား

www.burmeseclassic.com

www.burmeseclassic.com



က ဂိုဏ်းချုပ်ကြီး၏ လည်မျိုကို စော့ထောက်ထားလေသည်။

"ဟိတ်... မင်းတို့ ဒီအခန်းထဲက အပြင်မထွက်ကြနဲ့၊ အပြင်မှာ ရဲမက်အဖွဲ့တွေ အသင့်ဝိုင်းရံထားကြပြီ၊ ငါဟာ လူသတ်တရားခံကို လိုက်ဖမ်းနေတဲ့ နေပြည်တော်က မကောင်းသူဖယ် ကောင်းသူကယ်ဆိုတဲ့ တိမ်လွှာစား ဟူယုံဖိန်ပဲ၊ ဒီဗလကြီး တပိုနိုဖြူနဲ့ အကြောင်းကြားခေါ်လိုက်လို့ ငါ ရုပ်ဖျက်ပြီး မင်းတို့ အဖွဲ့အစည်းအောက်ဝင်ရောက်ပြီး အခုလို ခြေရာဖျောက်ကောင်းတဲ့ လူသတ်တရားခံ ဝမ်ကျိုစောင် ထွက်ပေါ်လာတဲ့အထိ စောင့်ဆိုင်းနေခဲ့ရတာပဲ"

ထို ရှင်းလင်းချက်စကား ကြားလိုက်ရတော့မှ ဗလကြီးပေါင်ရင်ကျူတစ်ယောက် သရုပ်ဆောင်ပီပြင်လွန်းရသော ဆိုင်းသမားတိမ်လွှာစား ဟူယုံဖိန်ကို သူ့ရင်ထဲက တဖွားဖွား ချီးကျူးမိလိုက်လေသည်။

သည်နောက်... ညှော်ခန်းမကြီးထဲရှိ ဂိုဏ်းသားများကို ရဲမက်များ ဝင်ရောက်ဖမ်းဆီးလိုက်ကြလေသည်။

ပြောရမည်ဆိုလျှင်... သူဌေးဝမ်ကျိုစောင် ဂိုဏ်းအဖွဲ့သည် ရတနာတွင်းထွက် ကျောက်မျက်ရတနာ ရောင်းချလုပ်ငန်းကို အကြောင်းပြ၍ မူးယစ်ဆေးဝါးများ မကောင်းမှုလုပ်ငန်းများကို လုပ်ဆောင်နေကြသော ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်လေသည်။

သို့မို့ကြောင့်လည်း အတွင်းကျကျ ဂိုဏ်းသားတစ်ဦးအဖြစ်ဝင်ရောက် စုံစမ်းသိရှိခဲ့ရသော တိမ်လွှာစားနှင့် အဖွဲ့တို့သည် ၎င်းဒုစရိုက်ဂိုဏ်းကြီးကို အမြစ်ပါမကျန် ဖြိုခွင်းလိုက်ခြင်း ဖြစ်လေသည်။

တကယ်တော့ ဉာဏ်ရည်ထက်မြက်သော အထောက်တော် တိမ်လွှာစား ဟူယုံဖိန်သည် ခြေရာဖျောက်ကောင်းလွန်းလှ၍ ရှိနေရသော သူဌေးသား ဝမ်ကျိုစောင် ထွက်ပေါ်လာအောင် ဗလကြီး



ပေါင်ရင်ကျူကို ခုတုံးလုပ်၍ ဖော်ထုတ်လိုက်ခြင်းဖြစ်လေသည်။

အကွက်ကျကျ ကွပ်ကဲပြီးစီမံတတ်သော တိမ်လွှာစား ဟူယုံဖိန်သည် သူ့အဖွဲ့သားများကို ၎င်းဂိုဏ်းသားအဖြစ် ဝင်ရောက်နိုင်အောင် ပိပိရိရိ ဆောင်ရွက်ခဲ့လေသည်။ သို့မို့ကြောင့်လည်း လူဝံကြီး ယွင်အရှေ့ချုံနှင့် ဗလကြီးပေါင်ရင်ကျူကို နှိပ်စက်ရာ၌ ကိုယ့်တပည့် အထိမနာအောင် မေ့ကြောထိုးနှိပ်ကာ သတိမေ့အောင် ကြံဆောင်ခဲ့ခြင်းဖြစ်လေသည်။

သည်နောက် သူတို့အဖွဲ့သည် ဒုစရိုက်တရားခံကြီးများဖြစ်ကြသော သူဌေးသား ဝမ်ကျိုစောင်နှင့် သူဌေးတက်ယန်ချူတို့ကို လိုဟန်နန်းမြို့သို့ အသီးသီး ခေါ်ဆောင်သွားကြလေသည်။

သည်တွင်... ဗလကြီး ပေါင်ရင်ကျူက မျက်နှာသိမ်ငယ်နေရသော သူဌေးသား ဝမ်ကျိုစောင်အား ထိုးနှက်စကား ဆိုလိုက်သည်မှာ...

"ဝမ်ကျိုစောင် လောကကြီးမှာ ကိုယ် အမြဲတန်း အနိုင်ရမယ်မထင်နဲ့ဆိုတာ အခု လက်တွေ့သာဓက သိသွားပြီမဟုတ်လား၊ ရာဇဝတ်ဆိုတာ ပြေးလွတ်ရိုးထုံးစံ မရှိခဲ့ပါဘူး၊ သူတစ်ပါးကို ဒုက္ခရောက်အောင်လုပ်တဲ့သူဟာ သူလည်း တစ်လှည့် ဒုက္ခလှလှကြီး ပြန်ခံရမယ်ဆိုတာ ခင်ဗျား ကောင်းကောင်း သဘောပေါက်လောက်ပြီထင်ပါတယ်"

သူဌေးသား ဝမ်ကျိုစောင်က သက်ပြင်းမောကြီးတစ်ချက် ချလိုက်ပြီးမှ...

"အေး... မင်းပြောတာတွေ ငါ ကောင်းကောင်းသဘောပေါက်ပါတယ်၊ အခု ဆုံးရှုံးသွားရတာလည်း ငါ ကျွန်ကြွေးရှိခဲ့လို့ မင်းနဲ့ ဆက်နွယ်လာတဲ့ အထောက်တော် တိမ်လွှာစားတို့ကို အခွင့်

www.burmeseclassic.com

www.burmeseclassic.com



သေးမိတာပါပဲ''

သို့ဖြင့် တရားရုံး ခုံရုံးအဖွဲ့က တရားခံများဖြစ်ကြသော သူဌေးသား ဝမ်ကျိုစောင်ကို လူသတ်မှုများစွာ ကျူးလွန်ခဲ့သဖြင့် မသေမချင်း သတ်စေရန် ချမှတ်လိုက်လေသည်။ ပြီး… သူဌေး တက်ယန်ချူကိုတော့ အကျဉ်းထောင်တစ်သက် ချမှတ်လိုက်လေ သည်။

တာဝန်တစ်ခု အောင်မြင်စွာ ဆောင်ရွက်ခဲ့သော တိမ်လွှာအား ဟူယုံဖိန်သည် ချစ်သူ မှုနိစင်နှင့် မကြာခင် လက်ထပ်ထိမ်းမြားဖို့ကိစ္စ ကြိုးပမ်းရလေသည်။ အထီးကျန် ဖလကြီး ပေါင်ရင်ကျူတစ်ယောက် က ချစ်ခင်တွယ်တာခဲ့ရသော အစ်မကြီး ငွေကျီးဖြူ ရင်ရီချန်အုတ်ဂူကို သွားရောက်၍ ဂါဝရပြု ပူဇော်လိုက်ရင်း…

''မမရေ… မမတို့အိမ်သားစုကို လုပ်ကြံခဲ့တဲ့ ရန်သူကြီး ဝမ်ကျိုစောင်ကို ကျွန်တော် ဥပဒေဘောင်ထဲအမိပြီး ကလဲ့စားချေခဲ့ပြီး ပါပြီ၊ မမ တမလွန်က ဝမ်းသာနိုင်ပါစေတော့… ဝမ်းမြောက်ပါ စေတော့''

☼ ☼ ☼

ပြီးပါပြီ

www.burmeseclassic.com